ပထမအကြိမ်
ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်
အစည်းအဝေး
ကျင်းပခြင်း

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး

(က) **နဝမပုံမှန်အစည်းအဝေး ပထမနေ့မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(၂) ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅

(၄) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ ၆

(၅) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၆

(၆) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ ၁၁

(၇) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ ၂၃

(၂) "ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် ရှမ်းပြည်နယ်အစိုးရမှ ဖြေကြားထားသော ကျိုင်းတောင်းမြို့နယ်ခွဲ မိုဘိုင်းဖုန်းများ တပ်ဆင်ပေးမည့်ကိစ္စ သိရှိလိုပါသည်"နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄

(ဃ) ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏"ညောင်ရွှေဆိပ်ကမ်းတွင် ''မော်တော်ယာဉ်စက်လေ့ရပ်နားကွင်း''တစ်ခုကို အမှတ်အသားပြု ရွေးချယ်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၆

(င) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ''၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်များအလိုက် ခွင့်ပြုသော အမက၊ အလက၊ အထက ကျောင်းများ ဆောက်လုပ်ခြင်းနှင့် ကျေးလက်လမ်းများဖောက်လုပ်ခြင်း" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၀

(စ) ဦးစိုင်မွန်း(ခ)စိုင်းကျော်ထွန်း၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအားလစာနှင့်ညီမျှသော ခွဲစိုးမြင့်ငွေ (လစာ ၂ ဆ) ပံ့ပိုးပေးရေး ကိစ္စ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၉

(ဆ) ဦးအာဇာဟန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မိုးပြဲကျေးလက်ကျန်းမာရေးဌာနအား ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှသော်လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှဖွဲ့ဖြိုးရေးရန်ပုံငွေဖြင့် သော်လည်းကောင်း အဆောက်အဦးသစ်ချပေး တည်ဆောက်နိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၁

(ဇ) ဦးဇော်ဦး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "နမ္မတူမြို့နယ်တွင် မိုဘိုင်းဖုန်း (CDMA) ဖမ်းယူလွှင့်ထုတ်စက် အသစ်လဲလှယ် တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၄

(စျ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "စစ်ပြေးဒုက္ခသည်အဖြစ် ပြန်လည်ရောက်ရှိ လာသော ဇာတိရွာသားများ တိုးတက်ဖွံ့ဖြိုးမှုအတွက် ထောက်ပံ့ကူညီ ပေးရန် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၅၆

(ဈ) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးရှာမွေလရဲန်၊ လားဟူတိုင်းရင်းသားကိုယ်စားလှယ်၏ "ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံများတွင် လိုအပ်လျက်ရှိသော ဆေးသိုလှောင်ခန်းများ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(ခ) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "တိုးတက်ခေတ်မီသော အစိုးရသစ်လက်ထက်တွင် ဟိုနမ့်ဒေသ၌ တန်ဖိုးနည်းလက်ကိုင်ဖုန်းအသုံးပြုခွင့် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၁

(ဂ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) "ကျိုင်းတောင်းမြို့နယ်ခွဲ စာစစ်ဌာနအား ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာဥပဒေကြမ်းအား ပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း။ ၅၈

(၁၀) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **" ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ နှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ်(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန် "** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ ၆၈

(၁၁) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၇၂

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးပီတာသောင်းစိန်၊ အာခါတိုင်းရင်းသား ကိုယ်စားလှယ်၏ "မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ ဝိန်းဝိုင်းရွာတွင် နေထိုင် လာခဲ့သော ဦးလော်ဆာ၏မြေကွက် ပေါ်ရှိ ကျူးကျော်နေအိမ်များကိစ္စ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၈၈

(ခ) ဦးစိုင်းမွန်း(ခ)စိုင်းကျော်ထွန်း၊ ကွန်ဟိန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပြည်နယ် အစိုးရအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိ လိုပါသည်"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၉၂

(၂) "ရှမ်းပြည်နယ်အတွင်း မော်တော်ယာဉ်မတော်တဆ ဖြစ်ပွားမှုများပြားလာသည့် ကိစ္စ အား ရှမ်းပြည်နယ်အစိုးရ အနေ ဖြင့် မည်ကဲ့သို့စီမံ ဆောင်ရွက် ထားသည်ကို သိလို ပါသည်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၉၇

(၈) ဦးမြတ်စိုး၊ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "ကလောမြို့နယ်အမှတ်(၂၃၃၄) ရပ်ကွက်နှင့် အောင်ပန်းမြို့နယ် အမှတ် (၃၊၄)၊ မိုးကောင်းရပ်ကွက် တို့တွင် နှစ်စဉ်မိုးရာသီရောက်တိုင်း လူနှင့်တိရစ္ဆာန်များ သဘာဝဘေး အန္တရာယ်နှင့် ကြုံတွေ့ရသည့် ကိစ္စ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၁

(၂) "စိမ်းစမ်းရေထွက်များအား မည်ကဲ့သို့ထိန်းသိမ်း စောင့်ရှောက်ပေးမည်၊ ထိန်းသိမ်း စောင့်ရှောက်ပေးရမည့် သစ်တောနယ်မြေဧရိယာ အကျယ်အဝန်းအား မည်ကဲ့သို့ သတ်မှတ်ပေးမည်ကို သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၄

(ဃ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏

(၁) "အငြင်းပွားမှုဖြစ်နေသည့် မြေဧက (၅၀၀၀)ပေါ်၌ ကုမ္ပဏီမှ နှစ်ပေါင်း (၁၉နှစ်ကြာမှ တောင်သူလုပ်ကွက်များပေါ် ပြန်လည်၍ အတင်းအဓမ္မ ဝင်ရောက် ထွန်ယက်သည့်ကိစ္စ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၈

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာ ခြင်း။ ၇၈

(၁၄) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၇၉

(၁၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ရုပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၈၁

(ခ) နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။ ၈၃

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၄

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၅

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၈၇

(၂) "ရွှေလင်းယုန်ကုမ္ပဏီနှင့် တောင်သူအငြင်းပွားမှုတွင် ဤလွှတ်တော်သို့ တင်ပြ မေးမြန်းထားသည်မှာ အချိန်ကာလ အားဖြင့် (၁)နှစ်(၂)လကျော် ကြာမြင့်သော်လည်း အကြောင်း အမျိုးမျိုးပြ အချိန်ဆွဲထားသည့် ကိစ္စ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၉

(၃) "ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး နယ်မြေအဖြစ် သတ်မှတ်ပေးရန် ကိစ္စ တောင်သူလယ်သမားများ အား အကာကွယ်မပေးသည့် အပြင် စစ်မှုထမ်းဟောင်းအဖွဲ့ ဘက်မှ ကာကွယ်ထောက်ခံ ရေးသား အစီရင်ခံခြင်းကိစ္စ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၀

(၄) "မိုးနဲမြို့နယ်အဝင် နမ့်ဟူး ရေထွက်ဧရိယာများကို ပိုင်ရှင် (၄)ဦးသို့ ခွင့်ပြုချထားသည့် ကိစ္စတွင် တောင်သူလယ်သမား များနှင့် သဟဇာတမဖြစ်သော ဦးစီးဌာန/အမှုထမ်းများကို မည်ကဲ့သို့ အရေးယူ ဆောင်ရွက် ပေးမည်ကို သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၁

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ရေချိုင်း လုပ်ငန်းဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၄၀

(၉) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **"ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ်(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန်"** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၄၁

(၁၀) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၁၄၆

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအားလွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း။ ၁၄၇

(၁၂) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၆၈

) **နဝမပုံမှန်အစည်းအဝေး တတိယနေ့မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။ ၁၆၉

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၇၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၇၁

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၁၇၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်ထွန်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "နမ့်ဆန်မြို့နယ်ရှိ ဝန်ထမ်းများအား ဒေသစရိတ်လစာ(၂)ဆ ခံစားခွင့် ပြုပေး နိုင်ရေးကိစ္စသိရှိလိုပါသည်" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၇၄

(၂) "လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကျေးလက်လုပ်ငန်းများကို လုပ်ငန်းအဆင်ပြေ ချောမွေ့စေရေးအတွက် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ၁၈၀

(ဂ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဒေသအဆင့်တရားရုံးနှင့် ခရိုင်အဆင့်ဌာနများ ဖွင့်လှစ်နိုင်ခြင်း ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၂၁

(စ) ဦးအာပြာဟန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "ဖယ်ခုံမြို့နယ်၊ မိုးပြိကျေးရွာအုပ်စုရှိ ကျေးရွာ(၃)ရွာ၊ အိမ်ခြေပေါင်း (၃၂၇)အိမ်အား ထရန်စဖော်မာ ချပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၂၅

(၂) "ဖယ်ခုံမြို့နယ်၊ မိုးပြိကျေးရွာအုပ်စု၊ ခေါင်းမိုင်းကျေးရွာကို မီးပေးရန် အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၂၆

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၂၉

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ၁၃၀

တိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ တိုက်ရိုက်စီမံခွင့် ပြုပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) "ဒေသဦးစီးအဖွဲ့ အလုပ် အမှုဆောင် ကော်မတီများ အတွက် အဆောင်အယောင် ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၈၆

(ခ) ဦးစိုင်းလွင်၊လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "ဟိုမိန်းဒေသအတွက် မိုဘိုင်း တယ်လီဖုန်းလိုင်း တပ်ဆင် ဆောင်ရွက်မှုလုပ်ငန်းကို ဘဏ္ဍာ နှစ်ကုန်ခါနီးသည့် အချိန်တိုင် စတင်ဆောင်ရွက်နိုင်ခြင်း မရှိ သေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ သိရှိလိုပါသည်" နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၁၉၀

(၂) "လင်းခေးမြို့နယ်၊ ဒါးဆိပ်မြစ်ရေ တင် စီမံကိန်းလုပ်ငန်းများအား အောင်မြင်ပြီးစီးအောင်ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် မည့် အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုပါသည်။"နှင့် စပ်လျဉ်း သည့် မေးခွန်း။။ ၁၉၂

(စ) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏

(၁) "မိဘပြည်သူများသည် လျှပ်စစ် ဌာနမှ ဓာတ်အားကို ကုန်ကျ စရိတ် သက်သာစွာနှင့် သုံးစွဲခွင့် ရရှိနိုင်ရန် အစိုးရမှ ကုန်ကျစရိတ် များကို မည်သို့မျှဝေ ပံ့ပိုးပေးမည့် အစီအစဉ်ကိုသိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၁၄

(၂) "ရပ်ကွက်နယ်နိမိတ်များ ဖွဲ့စည်း ရာတွင် မည်ကဲ့သို့သော စံနှုန်း များဖြင့် ဖွဲ့စည်းပြီး၊ မူလရှိရင်းစွဲ ဒေသ၏ ရှမ်းရိုးရာအမည်နာမ များဖြင့် တည်ရှိခဲ့ပြီးဖြစ်သော ရပ်ကွက်များဖြင့် ဖွဲ့စည်ခွင့် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၁၇

(၃) "နားပန်ကျေးရွာအား စယ်ဟိုင်း ကျေးရွာအုပ်စုဝင်အဖြစ်ပြောင်းလဲ သတ်မှတ်ပေးရန် ရှမ်းပြည်နယ် အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက် ပေးနိုင်မည်ကိုသိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂၀

(ဆ) ဦးသောင်းရွှေ၊ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "ရွှေမင်းဖုန်းကျေးရွာအုပ်စု အတွင်း ရွှေသတ္တုတူးဖော်သန့်စင်လုပ်ငန်း များ လုပ်ကိုင်နေသော အာရှကမ္ဘာမြေ စက်မှုနှင့် အကြီးစားသတ္တု တူးဖော်ရေး လုပ်ငန်းကုမ္ပဏီနှင့် စပ်လျဉ်း၍ လုပ်ငန်း အခြေအနေ သိရှိလိုပါသည်" နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၂၂၃

(ဇ) ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏

(၁) "လူမျိုးအားလုံး ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးရေးအဖွဲ့ကြီးကို သင့်တော်မည့်ပုဂ္ဂိုလ်ကြီးများဖြင့် ဖွဲ့စည်းထားရှိရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၃၁

(၂) "ရှမ်းပြည်နယ်အတွင်းရှိ မြို့၏ အမည်များကို အဓိပ္ပာယ်ကွဲလွဲမှု နည်းပါးအောင် မြန်မာဘာသာလို ရေးသားသတ်မှတ်ချက်တွင် ရှမ်းဘာသာဖြင့် အနီးစပ်ဆုံး ဖြစ်အောင် ပြင်ဆင်ရန်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၃၄

(၃) "မြို့ကွက်သစ်များ တိုးချဲ့ ဖော်ထုတ် နေရာချထားမှု" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၀

(ဂ) ဦးစိုးထိုက်၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "မောက်မယ်မြို့နယ်ရှိ ငွေတိုက်ခွဲအား မြို့နယ်ဘဏ်ခွဲအဖြစ် တိုးမြှင့် ချထားပေးနိုင်ရန်နှင့် မည်သည့်အချိန် စတင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါသည်။" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၆

(ဃ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မဲဆန္ဒနယ် အမှတ် (၁)၏ "မိုင်းတုံမြို့နယ်၊ ပုံပါကျင် မြို့နယ်ခွဲမှ (၇)မိုင်ကွာဝေးသော မြန်မာ-ထိုင်း၊ နယ်ခြား မှတ်တိုင်အမှတ်(၁)အား တရားဝင်နယ်စပ် ရောင်းဝယ်ရေးစခန်း ပြန်လည်ဖွင့်ပေးရန် ရှိ/မရှိ"နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၂၀၈

(င) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "တောင်သူများ ညောင်ရွှေမြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက် ရာတွင် ခရီးကွာဝေးခြင်းကြောင့် ရပ်စောက် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ထားရှိပေးနိုင်ခြင်း ရှိ/မရှိ"နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၂၁၁

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြ ထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်း။ ၂၃၆

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၂၃၆

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေ(မူကြမ်း)အား ပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း။ ၂၃၉

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကကွက်လုပ်ငန်း ဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။ ၂၄၈

(၁၂) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၅၉

(၂) ''ရှမ်းပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အိမ်ရာ ပိုင်ဆိုင်မှု မရှိသေးသော ပြည်သူများ၊ ဝန်ထမ်းများ၊ အငြိမ်းစားများ အတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး အရစ်ကျဖြင့် ရောင်းချပေးမည့် အစီအစဉ် ရှိ/မရှိ'' နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၆၈

(ခ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ လွှိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် လွှိုင်ယဲကျေးရွာအုပ်စု နယ်မြေ t w GJ KBZ Power Mining Co.Ltd မှ ကျောက်မီးသွေး ထုတ်လုပ်သယ်ယူ နေမှုအပေါ် ရှမ်းပြည်နယ်ဒေသ၏ ဖွံ့ဖြိုးရေး နှင့် စပ်လျဉ်း၍ သိရှိလို ပါသည်။'' နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၂၇၀

(၁) ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) ''မိုင်းခတ်မြို့ ဝမ်ခုတ်ကျေးရွာ အုပ်စုရှိနောင်လျန်ဆည်တဖက်ရပ် ရောတားတမံအားအမြန်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ'' နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၇၄

(၂) ''မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ် ကျေးရွာအုပ်စု၊နောင်ဖူရွာအနီးရှိ ၂၇၇

ဖိုက်တင်း ဆည်အား မိုးရာသီ အမိ
ပြုပြင် ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့်
စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "လွှတ်တော်ကိုယ်စားလှယ်နှင့် လိုက်ပါလာသူများအား ယခုတည်းခိုခွင့် ရှိသည့် တောင်ကြီးဟိုတယ်တွင် သင့်တင့်သော စျေးနှုန်းဖြင့် တည်းခိုခွင့် ပြုနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၇၈

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၈၄

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၂၈၄

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးကဏ္ဍ လုပ်ငန်း ဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။ ၂၉၀

(ခ) နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၆၀

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၆၁

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၂၆၂

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၂၆၂

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "ရှမ်းမြောက်ဒေသ ပြည်ထောင်စုမော်တော်ယာဉ်လမ်းမကြီးရှိ နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြား ဂုတ်တွင်းနေရာ၌ မကြာခဏ ယာဉ်ကြောများ ပိတ်ဆို့နေသည့်ကိစ္စ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၆၅

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှစ၍ သားသတ်လုပ်ငန်း စျေးပြိုင်လေလံစနစ် ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ဆောင်ရွက်မည့် အစီအစဉ်အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၉၅

(၁၀) ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာ အား လွှတ်တော်သို့ တင်ပြခြင်း။ ၃၀၁

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။ ၃၀၉

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ပြီးဆုံးကြောင်း နှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၃၁၃

- ဆုံးဖြတ်ခြင်း ၃၁၄
- မှတ်တမ်းတင်ခြင်း ၃၁၆
- လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း ၃၁၉
- ဥပဒေထုတ်ပြန်ခြင်း ၃၂၂

ရှမ်းပြည်နယ်
ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉)ရက်
၂၀၁၄ ခုနှစ်၊ မတ်လ (၂၄) ရက်
[တနင်္လာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်း အနားမှူးအဖြစ် ဦးမြင့်အောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးက စတင်ပြီး နောက်ဆုံးကျင်းပခဲ့တဲ့ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ် (၅၀)ဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း (၂၆၄)ခု ဖြစ်ပြီး ကြယ်ပွင့်မပြမေးခွန်း စုစုပေါင်း (၁၄၀) ရှိပါတယ်။ ကိုယ်စားလှယ်ပေါင်း (၁၈)ဦး တင်သွင်းတဲ့ အဆိုပေါင်း (၃၁)ခုအနက် အတည်ပြုခဲ့တဲ့အဆိုဟာ (၁၄)ခု ဖြစ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေများဟာ ဘတ်ဂျက်ဆိုင်ရာ ဥပဒေအပါအဝင် စုစုပေါင်း (၁၃)ခု ရှိကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းတွေ၊ တင်သွင်းတဲ့အဆိုတွေဟာ ပြည်နယ် အစိုးရအဖွဲ့ရဲ့ အုပ်ချုပ်မှု ယန္တရားကို အကြပ်အတည်းတွေ့စေလိုတဲ့ ဆန္ဒနဲ့ ဆောင်ရွက်ခြင်းမဟုတ်ပဲ ပြည်သူတွေရဲ့ ဆန္ဒနဲ့ ပြည်သူတွေရဲ့ လိုလားချက်ကို ဖော်ဆောင်ပေးဖို့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၁)၊ ပုဒ်မခွဲ (က)မှာ အပြန်အလှန် ထိန်းကျောင်းခြင်း၊ (Check & Balance) အပြုသဘော ဆောင်တဲ့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းများ၊ အဆိုများနဲ့ စပ်လျဉ်းပြီး ပြည်နယ်အစိုးရအနေနဲ့ အမြင်ရှင်းစွာနဲ့ လျင်လျင်မြန်မြန် ဆောင်ရွက်ပေးရမှာ ဖြစ်သလို လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းနဲ့ အဆိုတွေဟာ အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း မတင်ပြဘဲ အရောင်ဆိုးထား တာတွေ၊ အပိုပြောတာတွေ၊ ဆန္ဒစောလွန်းတာတွေ၊ ဆန္ဒပြင်းပြ တာတွေ ပါလာပါက အမှန်သို့ မရောက်ရှိဘဲ အမှားသို့ ရောက်ရှိ သွားနိုင်တာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။

အဆိုများတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ဖြစ်ပါတယ်။ တချို့မေးခွန်းနဲ့

D/real(wide) (1

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ကတိသစ္စာမပြုရေးသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးခြင်း။

ဥက္ကဋ္ဌ။ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ် ။

(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုပြီးနောက် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

ဥက္ကဋ္ဌ။ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်စကား အနည်းငယ် ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးကို တက်ရောက်လာ ကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး လိုရာကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပြီး မိမိပြည်နယ်နဲ့ နိုင်ငံတော်အကျိုးအတွက် ဆထက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

အဆိုတွေဟာ ကတိကဝတ် ဖြစ်ပေါ်စေတဲ့အတွက် ဖွဲ့စည်းထားတဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက မှတ်တမ်းတင်ထားရှိပြီး အစိုးရအဖွဲ့နဲ့ တရားလွှတ်တော်တို့ရဲ့ အရေးယူဆောင်ရွက်ချက် များကို ညှိနှိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ခေါက်ရိုးကျိုးနေတဲ့ Top Down ဆိုတဲ့ Centralization ကို ဖြေလျှော့ပြုပြင်ပေးရမှာပဲ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဥပဒေကြမ်း များကို တင်သွင်းဖို့ ရှိပါတယ်။ ဘတ်ဂျက်ဆိုင်ရာ ဥပဒေ၊ စီမံကိန်းဆိုင်ရာဥပဒေ၊ ဝန်ကြီးဌာနဆိုင်ရာ ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းစုစုပေါင်း (၅)ခု တင်သွင်းဖို့ ရှိပါတယ်။ ဝန်ကြီးဌာနဆိုင်ရာ ဥပဒေကြမ်းများကိုတော့ ဒီနဝမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို မယူသေးပဲနဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက အချိန်ယူလေ့လာပြီး နောင်ကျင်းပမဲ့ အစည်းအဝေးမှာ ဆွေးနွေးအတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်နယ်အဖွဲ့အစည်းများကို အတတ်နိုင်ဆုံး ဥပဒေပြုစုဖို့ ကျွန်တော့်အနေနဲ့ ယခင်အစည်းအဝေးမှာလည်းပဲ အကြိမ်ကြိမ် တိုက်တွန်းခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)နှင့် ဇယား(၂)တို့ကို ခွဲခြားတင်ပြရမယ်ဆိုလျှင် ဇယား(၁)ပါ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဥပဒေစုစုပေါင်း (၃၇၈)၊ ဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ဥပဒေစုစုပေါင်း (၄၃)ခု ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေတော်တော်များများ ပြုစုရေးဆွဲပြဋ္ဌာန်း ရဦးမှာပဲဖြစ်ပါတယ်။ ဒါ့အပြင်

D/real(wide) (2

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ ပြဋ္ဌာန်းထားတဲ့ ဇယား (၂)ပါ အချက်များကို လုပ်ပိုင်ခွင့်နဲ့ ထိထိမိမိဖြစ်အောင် ဇယား(၁)ပါ အချက်အချို့ကို ဇယား(၂)၌ ထပ်မံထည့်သွင်းရန် အချက်အလက်များကို ဆက်လက်ရှာဖွေတင်ပြကြရဦးမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပါတီစုံဒီမိုကရေစီ ဆက်လက်ရှင်သန်ခိုင်မာအောင် နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို တိုးတက်ဖော်ဆောင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာတဲ့ပါတီတွေ၊ ပြည်သူများက ဆန္ဒပြုခွေးချယ်ပေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ လွှတ်တော်က အတည်ပြု ခွေးချယ်ပေးလိုက်တဲ့ အစိုးရဟာ ပြည်သူများရဲ့ အကျိုးစီးပွားအတွက် မိမိတို့အပေါ် ကျရောက်လာတဲ့ တာဝန်တွေကို ပိုင်းခြားဆောင်ရွက်ခြင်း၊ မတိမ်းမစောင်းရအောင် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို(၁၂၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော

ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါ စေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ အကြောင်းအမျိုးမျိုးနဲ့ တက်ရောက်နိုင်ခြင်းမရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း(၁၈)ဦးသည် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိတဲ့အတွက် ကင်းလွှတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် တွင် ခွင့်ယူသူ အားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံ အပ်ပါတယ်။

(၁) ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြင့်လွင် (ခ)ဝမ်ကွယ်တာ၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ (၂၄-၃-၂၀၁၄) ကိုလည်းကောင်း၊

(၂) လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန်(ခ)ဘေဆော်ချိန်၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄) ရက်နေ့အထိ ကိုလည်းကောင်း၊

(၃) မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမုန့်၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ (၂၄-၃၂၀၁၄ မှ ၂၈-၃-၂၀၁၄) ရက်နေ့ထိကိုလည်းကောင်း၊

D/real(wide) (3

(၄) မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းလုံ၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၅) ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်ထွန်းလူ၊ နေမကောင်းပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၆) ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဝေရှောက်ရင်၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၇) မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းခမ်းပိုင်း၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၈) ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှဦးခွန်လှသိန်း၊ နတလလုပ်ငန်းကိစ္စဖြင့် နေပြည်တော်သို့ သွားရောက်ဆောင်ရွက် လို၊ပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄) ရက်နေ့ထိကို လည်းကောင်း၊

(၉) မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းစံဖေ၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ (၂၄-၃-၂၀၁၄) ရက်နေ့ကို လည်းကောင်း၊

(၁၀) မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းအောင်ခမ်း၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ (၂၄-၃-၂၀၁၄ မှ ၂၆-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

ကိုယ်စားလှယ်စုစုပေါင်း၏ (၈၇ ဒသမ ၁၄)ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စား လှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၃၆)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ (၃၄)၊ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၅)၊ နည်းဥပဒေခွဲ(၈)အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး ပထမနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြရန် ဖြစ်ပါတယ်။

D/real(wide) (4

၉

(၁၁) ဗိုလ်မှူးသန့်ဇင်ဦး၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၁၂) ဗိုလ်မှူးဝင်းဟန်၊ အရေးကြီးတာဝန်ထမ်းဆောင်နေရပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄) ရက်နေ့ထိကို လည်းကောင်း၊

(၁၃) ဗိုလ်မှူးမင်းထက်၊ စစ်ဘက်ဆိုင်ရာသင်တန်းတက်ရောက်နေသောကြောင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၁၄) ဗိုလ်မှူးသန်းထွန်းဦး၊ အရေးကြီးတာဝန်ထမ်းဆောင်နေရပါသဖြင့် (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄) ရက်နေ့ထိကိုလည်းကောင်း၊

(၁၅) ဗိုလ်ကြီးတေဇာအောင်၊ စစ်ဘက်ဆိုင်ရာသင်တန်းတက်ရောက်နေသောကြောင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၁၆) ဗိုလ်ကြီးစိုးခိုင်၊ အရေးကြီးတာဝန်ထမ်းဆောင်နေရပါသဖြင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄) ရက်နေ့ထိကို လည်းကောင်း၊

(၁၇) ဗိုလ်ကြီးဖြိုးမိုးအောင်၊ စစ်ဘက်ဆိုင်ရာ သင်တန်းတက်ရောက်နေသောကြောင့်၊ (၂၄-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

(၁၈) မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအိုက်ခ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စ၊ (၂၄-၃-၂၀၁၄ မှ ၂၆-၃-၂၀၁၄)ရက်နေ့ထိကို လည်းကောင်း၊

စုစုပေါင်း (၁၈)ဦး ဖြစ်ပါတယ်ခင်ဗျား။

D/real(wide) (5

၁၁

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။ အားလုံးမင်္ဂလာပါ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ နဝမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ပြီးခဲ့တဲ့ (၃၆)လအတွင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄)ရပ်ဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနဲ့ ပဋိပက္ခလိုက ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ ပထမအဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခဲ့တဲ့အတွက် တိုင်းရင်းသားလူမျိုးစုများအကြားမှာ အပြန်အလှန်နားလည်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အခြေအနေကောင်းတွေ ဖြစ်ထွန်းခဲ့ပါတယ်။

ဒုတိယအဆင့် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုတွေမှာ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုးတက်ဖွံ့ဖြိုးမှုရလဒ်ကောင်းများ

ရရှိနေသလို ၂၀၁၂-၂၀၁၃ ခုနှစ်မှာ စီးပွားရေးတိုးတက်မှုနှုန်း ၇. ၃ ရာခိုင်နှုန်း ရရှိခဲ့တဲ့အတွက် မူလခန့်မှန်းတဲ့ ၆. ၇ ရာခိုင်နှုန်းကို ကျော်လွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုအောင်မြင်ဖြစ်ထွန်းရရှိခဲ့တဲ့ စီးပွားရေးတိုးတက်မှု ရလဒ်တွေဟာ နိုင်ငံတော်၊ ပြည်သူနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ ရလဒ်တစ်ခုအဖြစ် တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

တတိယအဆင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲမှုကို ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း (Decentralization)နှင့် ဒေသဆိုင်ရာအစိုးရတွေရဲ့ အုပ်ချုပ်မှု စွမ်းရည်တိုးတက်ရေး ပြည်သူ့ရေးရာစီမံခန့်ခွဲမှု လုပ်ငန်းများ တိုးတက်ရေးအတွက် ဒေသခံပြည်သူများ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်အကောင်အထည်ဖော်နိုင်ရန် စီမံခန့်ခွဲမှု ကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ အဆင့်ဆင့် စီမံဆောင်ရွက်လျက် ရှိပါတယ်။

စတုတ္ထအဆင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုကို စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို အဟန့်အတားဖြစ်စေသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးလျက် ရှိပါတယ်။ ပြုပြင်ပြောင်းလဲမှုတိုင်းမှာ အားလုံးပါဝင်သော အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းထင်သာမြင်သာရှိမှု၊ တာဝန်ယူ၊ တာဝန်ခံမှုများကို တိုးတက်အောင် ဆောင်ရွက်လျက် ရှိပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

လက်ရှိကာလ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုများစတင်ရရှိနေပြီဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ အဆင့်သို့

D/real(wide) (6

ဥက္ကဋ္ဌ။ ယခုကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။ **(သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေငြာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြု ချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကအတည်ပြုပါသည်။)

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ယူပြီး နိုင်ငံတကာက ချမှတ်ထားတဲ့ ထောင်စုနှစ်ရည်မှန်းချက်
ကဲ့သို့သော အစီအစဉ်များကို ဖြည့်ဆည်း ဆောင်ရွက်သွားနိုင်ဖို့
ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ အဓိကကတော့ နိုင်ငံတကာ
အကူအညီ အထောက်အပံ့တွေ ရယူတဲ့အခါမှာ အဓိကနေရာမှာ
ဒေသခံနိုင်ငံတော်က အဓိက ပါဝင်နိုင်ဖို့ လိုတာ ဖြစ်ပါတယ်။
အဲဒီလို မောင်းနှင်တဲ့နေရာမှာ ပြည်ပနိုင်ငံအကူအညီ အထောက်
အပံ့အဖွဲ့တွေက ရယူသွားလျှင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံတွေ
လွဲချော်နိုင်တာဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်ကြီးများ
သတိပြုနိုင်အောင် တင်ပြရခြင်း ဖြစ်ပါတယ်။ ယခုကဲ့သို့
အထောက်အပံ့ဖြစ်စေမဲ့ လုပ်ငန်းများ ကိုလည်း ဦးစားပေး
ဆောင်ရွက်သွားမှာ ဖြစ်သလို ဖွံ့ဖြိုးမှု မိတ်ဖက်များရဲ့ အကူအညီ
အထောက်အပံ့တွေကိုလည်း အထိရောက်ဆုံးအကျိုးရှိစွာ အသုံးချ
ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခု ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က စပြီး
မြန်မာနိုင်ငံအနေနဲ့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ၁ နှစ်
အလှည့်ကျ တာဝန်ယူဆောင်ရွက်နေပြီဖြစ်လို့ အာဆီယံမိသားစုဝင်
ကိစ္စများ အရှေ့အာရှနဲ့ အာရှဒေသဆိုင်ရာ ကိစ္စရပ်များ၊
တစ်ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များကို အာဆီယံဥက္ကဋ္ဌနိုင်ငံအဖြစ်
ဘက်စုံ ထောင့်စုံမှ လေးလေးနက်နက်ပါဝင်ဆောင်ရွက်နေပြီ
ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
များ ခင်ဗျား-

နိုင်ငံတော်အစိုးရအနေနဲ့ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွား
အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်
တိုင်းပြည်ရဲ့ လိုအပ်ချက်တွေအပေါ်မှာ ရေတိုရေရှည် စီမံကိန်းများ
ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

တက်စေရန် များစွာ ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့
(၂၄)လ ကာလအတွင်းမှာ ပြည်သူကို တိုက်ရိုက်အကျိုးပြုမယ့်
ဦးစားပေးကဏ္ဍ (၇)ရပ်ဖြစ်တဲ့ လျှပ်စစ်မီး၊ သောက်သုံးရေ၊
စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊
ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးလုပ်ငန်း၊
ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးလုပ်ငန်းများကို
ဦးစားပေးအစီအစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်
သွားရန်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်စီစဉ်
ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီကနေ့အချိန်အခါမှာ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးရေး
လုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ဘဏ္ဍာငွေ
တစ်ခုတည်းပေါ်မှာသာ မှီခိုအားထားလုပ်ဆောင်တဲ့ အစဉ်အလာ
ကနေ အခြားသော ငွေကြေးဇစ်မြစ်တွေဖြစ်တဲ့ နိုင်ငံတကာ
အကူအညီအထောက်အပံ့၊ ချေးငွေနှင့် ပြည်တွင်းပြည်ပ
ရင်းနှီးမြှုပ်နှံမှု တွေကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက်
ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ အကောင်
အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု အောင်မြင်မှုများကို
ကြည့်ရင် ပြည်တွင်းငြိမ်းချမ်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်
နိုင်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ငြိမ်းခွင့်
ပေးနိုင်ခြင်း၊ ပဋိပက္ခများ တည်ငြိမ်အေးချမ်းလာခြင်းများစတဲ့
တိုးတက်မှုများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှုနှင့် ပေါင်းစည်း
ဆောင်ရွက်မှုကို တည်ဆောက်လာနိုင်ပြီ ဖြစ်ပါတယ်။ ဒါတွေဟာ
ပြည်သူများပါဝင်တဲ့ "ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု"နှင့် နိုင်ငံတကာ
အသိုင်းအဝိုင်းက ပါဝင်ဆောင်ရွက်မှုများ ပြုလာလို့ ဖြစ်ပါတယ်။
ဒါ့အပြင် လူမှုရေးနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖြစ်

D/real(wide) (7

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေတိုရေရှည်စီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံရဲ့ လိုအပ်ချက်၊ နိုင်ငံတကာပတ်ဝန်းကျင် နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေနဲ့ သဟဇာတဖြစ်မယ့် ပြည်သူကို ဗဟိုပြုသောစီမံကိန်းတစ်ရပ် ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီမံကိန်းများရေးဆွဲရာတွင် ကျွန်တော်တို့ ပြည်နယ်အတွင်းမှာ ရှိတဲ့ သဘာဝအရင်းအမြစ်များ၊ ဒီသဘာဝအရင်းအမြစ်များကို နိုင်ငံသားများအတွက် အကျိုးရလဒ်များ အကောင်အထည်ဖော်ပေးနိုင်မဲ့ လူသားအရင်းအမြစ်များ၊ ကုန်ထုတ်နိုင်စွမ်းရှိတဲ့ လုပ်သားများ၊ ငွေကြေးအရင်းအမြစ်နဲ့ နည်းပညာများအပေါ် အခြေခံပြီး မူဝါဒနဲ့ လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရေးဆွဲဆောင်ရွက်မဲ့ စီမံကိန်းတွေဘယ်လောက်ပဲ ပြည့်စုံကောင်းမွန်စေကာမူ အစိုးရတစ်ရပ်ရဲ့ ဦးစီးဦးဆောင်မှု၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တိုင်းပြည်တည်ငြိမ်မှုနှင့် ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်မှု စသည်များ ဟန်ချက်ညီ ပြည့်စုံကောင်းမွန်မှသာ အောင်မြင်နိုင်မှာ ဖြစ်တဲ့အတွက် ဘက်စုံထောင့်စုံမှ စဉ်းစားပြီး ပေါင်းစပ်ဆောင်ရွက်ပေးသွားကြပါလို့ တိုက်တွန်းလိုပါတယ်။

ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအတွက် လတ်တလောလိုအပ်ချက်နဲ့ တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို Sustainable Development အတွက် အပိုင်း(၂)ပိုင်း ခွဲခြားပြီး ရှုမြင်သွားရမှာ ဖြစ်ပါတယ်။ ပြည်နယ်သူ/ပြည်နယ်သားတွေရဲ့ လတ်တလောလိုအပ်ချက်ဟာ အထူးသဖြင့်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုလည်း နှစ်ပေါင်း (၄၀)ကျော်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီလို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်လည်း နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံများရဲ့ နည်းပညာအကူအညီ၊ ဖွံ့ဖြိုးမှု အကူအညီများက များစွာပါဝင်ပံ့ပိုးနိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်မှာ အားရစရာ တိုးတက်ဖြစ်ပေါ်မှုများအနေနဲ့ မြန်မာနိုင်ငံအား အီးယူ သာမက ဥရောပ၊ ဩစတြေးလျနိုင်ငံများက ပိတ်ဆို့မှုများ ရုတ်သိမ်းခြင်း၊ ပို့ကုန်များအပေါ် ကုန်သွယ်ရေးအထူးခံစားခွင့်ပေးခြင်း (GSP)တို့ကိုလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ နယူးယောခ်ကွန်ဗေးရှင်းသို့ မြန်မာနိုင်ငံ ဝင်ရောက်ခွင့်ရရှိခဲ့ပြီး ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက် လာနိုင်ပြီ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံ၏ ဂျီဒီပီကို ၉.၁ ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ အဲဒီလို ရည်မှန်းရာမှာ တိုင်းဒေသကြီး/ပြည်နယ်များတွင် နိုင်ငံဖွံ့ဖြိုးမှုအတွက် အဓိကကျတဲ့ အကူအညီ၊ အထောက်အပံ့များ၊ အတိုးမဲ့ချေးငွေ၊ အတိုးနှုန်းသက်သာသည့် ချေးငွေ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာအကူအညီများကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ကျွန်တော်တို့ မျှော်မှန်းသည့် ဂျီဒီပီ တိုးတက်မှုနှုန်းရရှိရန် စီမံထားခြင်း ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအစီအမံတွေမှာ ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်ဆောင်ရွက်တဲ့ အကူအညီ အထောက်အပံ့တွေကို လိုအပ်တဲ့နေရာကို ရောက်ရှိနိုင်ဖို့ နိုင်ငံတော်က အဓိကမောင်းနှင်တဲ့နေရာမှာ

D/real(wide) (8

ဆင်းရဲနွမ်းပါးသူတွေအနေနဲ့ စားရေး၊ ဝတ်ရေး၊ နေရေး အဆင်ပြေဖို့ရေး၊ မီးနဲ့ သွားလာရေးတွေ အဆင်ပြေဖို့၊ သားသမီးတွေ ပညာသင်ကြားနိုင်ဖို့၊ နေထိုင်မကောင်းဖြစ်တဲ့အခါ ဆေးဝါးကုသနိုင်ဖို့ဆိုတဲ့ အခြေခံ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်အောင် ဦးစားပေးပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်တို့နိုင်ငံရဲ့ အသက်(၁၄)နှစ်မှ (၆၀)နှစ်အတွင်းမှာ အလုပ်လုပ်နိုင်တဲ့ အရေအတွက်ဟာ နိုင်ငံလူဦးရေရဲ့ (၆၀) ရာခိုင်နှုန်းကျော် ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင် ပြည်သူတွေ ဥပဒေဘောင်အတွင်းမှာ အလုပ်လုပ်ချင်အောင်၊ အလုပ်လုပ်နိုင်အောင် အခြေအနေတွေ၊ အခွင့်အလမ်းတွေ ဖန်တီးပေးခြင်းအားဖြင့် ဝင်ငွေရရှိပြီး အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးတွေ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ရေမီးရရှိရေး၊ သွားလာမှုအဆင်ပြေရေးအတွက် ထိုက်သင့်တဲ့ ဘဏ္ဍာငွေတွေ သုံးစွဲပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပြည်နယ်အတွင်းမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံမှာ အခြားနိုင်ငံများထက် သာလွန်တဲ့ အခြေခံကောင်းတွေ၊ အခွင့်အလမ်းတွေ ရှိပါတယ်။ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပါတယ်။ အလုပ်လုပ်နိုင်တဲ့ လုပ်သားတွေ ရှိပါတယ်။ တည်နေရာအနေအထားအရ အချက်အခြာကျပြီး ပတ်ဝန်းကျင် မှာလည်း လူဦးရေများပြားတဲ့ နိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့အတွက် ကြီးမားတဲ့ စျေးကွက်တွေ ရှိနေပါတယ်။

လက်တွေ့အကျိုးခံစားနိုင်အောင် ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့ တက်ညီလက်ညီ လက်တွဲပူးပေါင်းပြီး ဟန်ချက်ညီညီ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုလျော့ပါးရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းအောင်မြင်ရေးအတွက်သာမက တစ်နိုင်ငံလုံး သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး၊ အာဆီယံ ဥက္ကဋ္ဌတာဝန် အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးတို့အတွက်ပါ အရေးကြီးတဲ့နှစ်အဖြစ် သတ်မှတ်ပြီး တိုင်းပြည်ရဲ့ တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်တွေကိုပါ ထိထိရောက်ရောက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အခွံ့နိုင်အကန့်အသတ်နဲ့ တိုင်းပြည်ကို တည်ဆောက်နေကြရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လပေါင်း (၃၆)လ ကျော်မှာ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုတွေဟာ ကျွန်တော်တို့ရဲ့ သမိုင်းမှာ ကျန်ရစ်ခဲ့ကြမှာ ဖြစ်ပါတယ်။ အောင်မြင်တာတွေကို လက်ချိုးရေတွက်ပြနိုင်သလို အခက်အခဲ၊ အတားအဆီးတွေ စိန်ခေါ်မှုတွေလဲ များစွာ ကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

D/real(wide) (9

အချိန်ကန့်သတ်ချက်နဲ့ တိုင်းပြည်ကို တာဝန်ယူဆောင်ရွက်နေကြရတာ ဖြစ်တဲ့အတွက် ကျန်ရှိတဲ့ကာလ (၂၄)လဟာ ပြည်နယ်အတွက် ဒေသအလိုက် ဆောင်ရွက်စရာတွေများစွာရှိနေသော်လည်း ကျန်ရှိတဲ့ (၂၄)လတာ ကာလအတွင်း လုပ်ငန်း (၂)ခုကို စဉ်းစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဦးစားပေးလုပ်ငန်းတစ်ခုကတော့ အချိန်တိုအတွင်းမှာ ပြည်သူတွေ မြန်မြန်ဆန်ဆန် တိုက်ရိုက်အကျိုးခံစားခွင့်ရမဲ့ လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေဟာ စောစောက တင်ပြခဲ့တဲ့ လုပ်ငန်းစဉ် (၇)ဆင့် ဖြစ်ပါတယ်။ ဒီဦးစားပေးလုပ်ငန်းတွေကို ဆောင်ရွက်ရင်းနဲ့ ဒုတိယလုပ်ငန်းဖြစ်တဲ့ တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး Sustainable Development လုပ်ငန်းတွေကိုလည်း အုတ်မြစ်ချဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

တိုင်းရင်းသားအားလုံး အေးချမ်းသာယာစွာနဲ့ စည်းလုံးညီညွတ်စွာအတူ ယှဉ်တွဲနေထိုင်ရေးနှင့် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှုကို ခိုင်မာသည့် အုတ်မြစ်ချသည့်အနေနဲ့ ပင်လုံစိတ်ဓာတ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တစ်ရပ်ကို အစပြုထူထောင်ပေးနိုင်ခဲ့ပြီး ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့နဲ့ မိမိတို့တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့် အချိန်ကာလလည်း ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွေ အောင်မြင်စေဖို့အတွက် အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တပ်မတော်၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်

ကျွန်တော်တို့မှာ အခွင့်အလမ်းကောင်းတွေ ရှိနေသလို လိုအပ်ချက်တွေလည်း ရှိနေပါတယ်။ လိုအပ်ချက်တွေကတော့ ငွေကြေးအရင်းအနှီး မပြည့်စုံမှု၊ နည်းပညာမပြည့်စုံမှု၊ လူသားအရင်းအမြစ် နည်းပါးနေသေးမှုတို့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအပ်ချက်တွေ ရရှိဖို့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာအောင် ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။ ယခုအခါ ပြည်ပရင်းနှီးမြှုပ်နှံမှု ဥပဒေ (Foreign Investment Law)ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ စီးပွားရေးတားဆီးပိတ်ဆို့မှုတွေလည်း အားလုံးနီးပါး ဖယ်ရှားနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပို့ကုန်တွေအပေါ်မှာ အကောက်ခွန်သက်သာခွင့် (G.S.P စနစ်)အခွင့်အရေးလည်း ရရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရရှိခဲ့တဲ့အခွင့်အရေးတွေကို အပြည့်အဝ အသုံးချပြီး ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ ကြိုးပမ်းလုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

တိုင်းဒေသကြီးနဲ့ ပြည်နယ်များ အချို့းကျတိုးတက်မှုသာ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးဟာ အရေးကြီးပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ အနေနဲ့ မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်တဲ့ Local Level Plan များ စနစ်တကျရေးဆွဲပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်က ချမှတ်ပေးလိုက်တဲ့ စီမံကိန်းတွေနဲ့ ဒေသအလိုက်စီမံကိန်းတွေ အကောင်အထည် ပေါ်လာအောင် ရရှိတဲ့ ဘဏ္ဍာငွေနဲ့ ထိထိရောက်ရောက် မှန်မှန်ကန်ကန် အသုံးပြုပြီး ကျန်ရှိနေတဲ့ အစိုးရရဲ့ သက်တမ်းကာလအတွင်းမှာ ပြည်သူတွေ

D/real(wide) (1

လူအဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ သဘောထားကြီးကြီး၊ အမြော်အမြင်ရှိရှိ စိတ်ရှည်သည်းခံခြင်းများနဲ့ တစ်ဦးနဲ့တစ်ဦး လိုအပ်ချက်များကို နားလည်လက်ခံနိုင်ရန် ကြိုးပမ်းခြင်းတို့ဖြင့် အတူလက်တွဲဆောင်ရွက်ကြဖို့လည်း ထပ်လောင်း တိုက်တွန်းလို ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

၁၉-၃-၂၀၁၄ ရက်နေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်တဲ့ ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက မှာကြားခဲ့တဲ့အချက်အလက်အချို့ကို အလျဉ်းသင့်၍ ကျွန်တော့် အနေနဲ့ ကောက်နုတ်တင်ပြလိုပါတယ်။ ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ အမျိုးသားစီမံကိန်းဥပဒေမူကြမ်းကို ပြည်ထောင်စု လွှတ်တော်တွင် ပြင်ဆင်မှုများ ရှိသဖြင့် ပြန်လည်ပြင်ဆင် ရေးဆွဲထားသော ၂၀၁၄ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးခဲ့ပါတယ်။ စီမံကိန်းဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်များ အပြောင်းအလဲရှိခဲ့သော်လည်းပဲ ပြည်ထောင်စုဘဘတ်ဂျက်ရဲ့ လိုငွေမှာ အပြောင်းအလဲတွေအရ သန်းပေါင်း (၂၃၆၄)သန်း တိုးလာခဲ့၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် ရငွေအချို့၊ သုံးငွေအချို့များသည် အနည်းငယ်အပြောင်းအလဲ ရှိခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး Public Financial Management Reform ကို ဆက်လက်ဆောင်ရွက်နေပါတယ်။ ယခင်နှစ် ကိန်းဂဏန်းကို အခြေခံပြီး တစ်နှစ်စာအတွက် လျာထားရေးဆွဲတဲ့ ဘတ်ဂျက်အခြေအနေမှ အစိုးရရဲ့ မူဝါဒကို အခြေခံပြီး နှစ်လတ်ကာလ ဘဏ္ဍာရေးမူဘောင်ချမှတ်ပြီး ရေးဆွဲသည့်

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်နယ်အတွင်းရှိ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ ရှုမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်း ဆောင်ရွက်လျက် ရှိတဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကို ရှုမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ဂ)အရ ရှုမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

ဥက္ကဋ္ဌ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ် လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ

D/real(wide) (1

ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၉)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များမှ ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ လားဟူတိုင်းရင်းသားကိုယ်စားလှယ် ဦးရှာမွေလရဲန်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးရှာမွေလရဲန်၊ လားဟူတိုင်းရင်းသားကိုယ်စားလှယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ နှစ်ဖြာသော သုခနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် လွှတ်တော်မှ လားဟူတိုင်းရင်းသားဝန်ကြီး ဦးရှာမွေလရဲန် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီး ပေါ်ထွန်းလာသော ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အထူးအရေးပါတဲ့ လုပ်ငန်းကဏ္ဍ ဖြစ်ပါတယ်။ နိုင်ငံတော် အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီး ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေများကို တစ်နှစ်ပြီး တစ်နှစ် ပိုမိုခွင့်ပြုပေးလျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ

ဘတ်ဂျက်ပုံစံ ဖြစ်လာစေရန်၊ နိုင်ငံတကာစံနှုန်းမီ ဘတ်ဂျက်ပုံစံ ဖြစ်လာစေရန် ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့၊ ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်အနေနဲ့ ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားလိုပါတယ်။

တတိယအချက်အနေဖြင့် ကောက်နုတ်တင်ပြလိုတာကတော့ အခွန်အကောက်ရငွေအပေါ်တွင် နိုင်ငံတော်အစိုးရ အသုံးစရိတ်များကို ရပ်တည်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ရသင့်ရထိုက်တဲ့ အခွန်အကောက်တွေ တိုးတက်ရရှိရေးဟာ အရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်ကြောင်း အခွန်ထမ်းပြည်သူလူထုတွေ အတွက် ဝန်ထုတ်ဝန်ပိုး မဖြစ်စေဘဲ ပြည်သူလူထုက လိုက်နာဆောင်ရွက်နိုင်တဲ့ ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူစွာ အခွန်ထမ်းဆောင်နိုင်သော အခွန်ဥပဒေတစ်ရပ်ပေါ်ထွန်းရေးကိုလည်း ကျွန်တော်တို့အားလုံး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ကောက်နုတ်တင်ပြ လိုပါတယ်။

လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လက်ရှိ ဥပဒေများနဲ့ ပတ်သက်ပြီး လွတ်လပ်စွာ သဘောထား ကွဲလွဲပိုင်ခွင့်ရှိသော်လည်း ဒီဥပဒေတွေ ပြင်ဆင်ဖို့ ကြိုးပမ်းတဲ့နေရာမှာ လက်ရှိ မူဘောင်ထဲကနေ စည်းကမ်းတကျ ကြိုးပမ်းအားထုတ်ကြရမှာဖြစ်သလို လက်ရှိ ပြဋ္ဌာန်းထားတဲ့ ဥပဒေမူဘောင်များကို ကျွန်တော်တို့ အပါအဝင် နိုင်ငံသားအားလုံးက အလေးထား လေးစားလိုက်နာကြရမှာလဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မိမိတို့ပြင်ဆင်ဖို့ လေးစား လိုက်နာခြင်း ဓလေ့ အမြစ်တွယ်ခိုင်မာရေးအတွက် လက်ရှိပြဋ္ဌာန်း ထားတဲ့ ဥပဒေများကို လေးစား လိုက်နာကြရမှာ ဖြစ်ပါတယ်။ ဒီလိုတရား ဥပဒေစိုးမိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ခြင်းဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသက်ဝင် ရှင်သန်ရေးအတွက် အလွန်အရေးကြီးပါတယ် ဆိုတာ တိုက်တွန်း ပြောကြားလိုပါတယ်။

D/real(wide) (1

လောက်ကိုင်မြို့၌ ၈ ခန်းတွဲ (၂)ထပ် (၁)လုံး၊ စုစုပေါင်းအိမ်ခန်း (၁၆)ခန်း ဆောက်လုပ်ခဲ့ပြီး ဒေသအတွင်းရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား နေထိုင်ခွင့်ပြုပေးထားပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မူဆယ်မြို့၌ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အဦး (၁)လုံး၊ ကျိုင်းတုံမြို့၌ ၆ ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အဦး (၁)လုံး ဆောက်လုပ်လျက် ရှိပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဟိုပုန်း၊ ပင်းတယ၊ ဟိုပန်၊ နမ့်ဆန်မြို့တို့၌လည်း ဝန်ထမ်းအိမ်ရာ အဆောက်အဦး ၄ ခန်းတွဲ (၂)ထပ် (၁)လုံး၊ ၆ ခန်းတွဲ (၂)ထပ် (၁)လုံးစီ ဆောက်လုပ်ပေးလျက် ရှိရာ ဆောက်လုပ်ပြီးစီးပါက ဒေသအတွင်းရှိ နေရေးအခက်အခဲရှိသော အခြေခံပညာကျောင်းအဆင့်ဆင့်ရှိ ပညာရေးဝန်ထမ်းများအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများအား နေထိုင်ခွင့်ပြုပေးနိုင်ပါရန် အိမ်ခန်းနေရာချထားရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဖြင့် စနစ်တကျနေရာချထားပေးသွားမှာ ဖြစ်ပါတယ်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်းရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနေထိုင်ရေးအဆင်ပြေစေရေးအတွက် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်များအား စစ်ဆေးဆောင်ရွက်ပေး နိုင်ရန် နှစ်စဉ်ပြည်နယ်ဘဏ္ဍာငွေထည့်သွင်းတောင်းခံ၍ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းအဆင့်ဆင့်ရှိ ပညာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ သီးခြားဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။ ပြည်နယ်ပညာရေး၊ ညွှန်ကြားရေးမှူးရုံးအနေဖြင့် အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ထမ်းများနေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ

ဥပဓိရုပ်မကာင်းတဲ့ ကျောင်းများပြင်ဆင်မွမ်းမံပေးခြင်း၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ စံကိုက်ဆေးရုံဆေးပေးခန်းများ တည်ဆောက်ပေးခြင်းနှင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ခန့်ထားပေးလျက် ရှိကြောင်း သိရှိရပါတယ်။

နိုင်ငံတော်အပိုင်းက စံကိုက်ဆေးရုံဆေးပေးခန်းများ တည်ဆောက်ပေးခြင်းနှင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးထားသော်လည်း ကျေးလက်မှာ တာဝန်ထမ်းဆောင်နေတဲ့ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် နေထိုင်ရန် ဝန်ထမ်းအိမ်ရာနှင့် ဆေးသိုလှောင်ခန်းများ အထူးလိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ အောက်ပါကြွယ်ပွင့်ပြမေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်-

(၁) အခြေခံပညာကျောင်းအဆင့်ဆင့်ရှိ ဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အကယ်၍ ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။

(၂) ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံများတွင် လိုအပ်လျက်ရှိသော ဆေးသိုလှောင်ခန်းများ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောက်လုပ် ပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

ဆောက်လုပ်ရန် ဌာနမှ ရန်ပုံငွေ ခွဲဝေပေးခြင်းများ မရှိခဲ့ပါ။ ပြည်နယ်၊ ခရိုင်ရုံးများအတွက်သာ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ရန်ပုံငွေချထားပေးခြင်းမျိုး ရှိပါသည်။ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ထမ်းများနေထိုင်ရန် နေအိမ်များကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ရပ်မိရပ်ဖများမှ ရန်ပုံငွေရှာဖွေ၍ ဆောက်လုပ်ပေးပါသည်။ ပညာရေးအသုံးစရိတ်ရန်ပုံငွေတိုးတက်ရရှိလာပါက အခြေခံပညာကျောင်းများတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ရန်ပုံငွေများခွဲဝေချထားပေးလာနိုင်ပါကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးဒုတိယမေးခွန်းဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံများတွင် လိုအပ်လျက်ရှိသော ဆေးသိုလှောင်ခန်းများ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောက်လုပ်ပေးမည် ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများကို ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဘတ်ဂျက်မှ အောက်ပါအတိုင်း ဆောက်လုပ်ပေးလျက် ရှိပါတယ်-

(၁) ကျိုင်းတုံမြို့ ကုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအတွက် ဝန်ထမ်းအိမ်ရာ ၆ ခန်းတွဲ (၂)ထပ် (၂)လုံး

(၂) တာချီလိတ်မြို့ ကုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအတွက် ဝန်ထမ်းအိမ်ရာ ၆ ခန်းတွဲ(၄)ထပ် နှင့် ၄ ခန်းတွဲ(၄)ထပ်

(၃) မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံအတွက် ၆ ခန်းတွဲ ဝန်ထမ်းအိမ်ရာ

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နူတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရှာမွေလရဲန်၏ ပညာရေး/ကျန်းမာရေးဆိုင်ရာ မေးခွန်း(၂)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းတစ်ခုဖြစ်တဲ့ အခြေခံပညာကျောင်းအဆင့်ဆင့်ရှိ ပညာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိမရှိနှင့် အကယ်၍ ဆောက်လုပ် ပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်မှ ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရေးအတွက် ရည်ရွယ်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တောင်ကြီးမြို့၌ ဝန်ထမ်းအိမ်ရာ အဆောက်အဦး ၄ ခန်းတွဲ (၃)ထပ် (၆)လုံး၊ ၆ ခန်းတွဲ (၂)ထပ် (၅)လုံး၊ ၄ ခန်းတွဲ (၄)ထပ် (၂)လုံး၊ ၂ ခန်းတွဲ (၄)ထပ် (၁)လုံး စုစုပေါင်း အိမ်ခန်း (၁၄၂)ခန်း၊ လားရှိုးမြို့၌ ၆ ခန်းတွဲ (၂) ထပ် (၈)လုံး၊ စုစုပေါင်း အိမ်ခန်း (၆၀)ခန်း၊ ကျိုင်းတုံမြို့၌ ၈ ခန်းတွဲ (၂)ထပ် (၈)လုံး၊ ၆ ခန်းတွဲ (၂)ထပ် (၈)လုံး၊ စုစုပေါင်း အိမ်ခန်း (၁၁၈)ခန်း၊ တာချီလိတ်မြို့၌ ၆ ခန်းတွဲ (၂)ထပ် (၄)လုံး၊ စုစုပေါင်းအိမ်ခန်း (၄၈)ခန်း၊ မူဆယ်မြို့၌ လုံးချင်းတိုက် (၄၀)လုံး၊

D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျာ။ ကျန်းမာရွှင်လန်း ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ၍ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မောက်မယ်မြို့နယ်အနောက်ဘက်ခြမ်း တောင်ပေါ်ဒေသနေ မဲဆန္ဒရှင် ပအိုဝ်းတိုင်းရင်းသားများ တန်ဖိုးနည်းလက်ကိုင်ဖုန်း အသုံးပြုခွင့်ရရှိရေးနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။

ဟိုနမ့်ဒေသတွင် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုဖြင့် ဖွဲ့စည်းထားပြီး ပအိုဝ်းတိုင်းရင်းသား အများဆုံးမှီတင်းနေထိုင်ကြပါတယ်။ လူဦးရေ(၁၅၀၀၀)ကျော် ရှိပြီး အထကခွဲ(၁)ကျောင်း၊ ရဲစခန်းနှင့် (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ တည်ရှိပါတယ်။ မောက်မယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်ကြား ပွန်ချောင်း အရှေ့ဘက်ခြမ်း၊ တောင်ပေါ်ဒေသတွင် တည်ရှိပြီး ၄င်းမြို့နယ် (၂)မြို့နယ်၏ ဆက်သွယ်ရေးဧရိယာပြင်ပတွင် ရောက်ရှိနေပါတယ်။ အိုင်ပီစတား ဖုန်း (၂)လုံး တပ်ဆင်ထားပါသော်လည်း အဝင်ဖုန်းသာ ရရှိပြီး အထွက်ဖုန်း ပြန်လည်ခေါ်ဆို၍ မရရှိနိုင်ပါ။ ယခုအခါ နိုင်ငံတကာအဆင့်မီ သုံးစွဲခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ထားပြီ ဖြစ်ပါတယ်။ ကျေးလက်နှင့် မြို့ပြကွာဟချက် နည်းနိုင်သမျှ နည်းအောင် ကြိုးပမ်းဆောင်ရွက်ထားပြီ

(၄) မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံ အတွက် ဆေးစတို ဆောက်လုပ်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ငွေကျပ် သိန်း (၄၀၀)ခွဲဝေ ချထားပြီး ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် ဧပြီလတွင် ဆောက်လုပ်ရန် စီစဉ်လျက် ရှိပါသည်။

(၅) လဲချားမြို့ ပြည်သူ့ဆေးရုံ ဆရာဝန်နေအိမ် ၂ ခန်းတွဲ (၁)ထပ် (၁)လုံး၊ သူနာပြုနေအိမ် ၄ ခန်းတွဲ (၁)ထပ် (၁)လုံး၊ ဝန်ထမ်းနေအိမ် ၆ ခန်းတွဲ (၁)ထပ် (၁)လုံး၊

(၆) လွိုင်လင်မြို့ နာယမ်းကျေးလက် ကျန်းမာရေးဌာနခွဲ၊ ဟွတောက်ကျေးလက် ကျန်းမာရေး ဌာနခွဲ၊ ခေါင်းနွဲ့ကျေးလက် ကျန်းမာရေးဌာန၊ ပါဟုတ်ကျေးလက် ကျန်းမာရေးဌာနခွဲ၊တောင်နောက်ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ကောင်းဆန်းကျေးလက် ကျန်းမာရေးဌာနခွဲ၊ နောင်ပန်ပိန်းကျေးလက် ကျန်းမာရေးဌာနခွဲ၊ နောင်မတ်မီးကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဆနင်းကျေးလက်ကျန်းမာရေးဌာနခွဲ

D/real(wide) (1

ကျေးလက်ကျန်းမာရေးဌာန (၁)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၈)ခုမှာ ရှိတဲ့ ဌာနဆိုင်ရာ ဌာနအဆောက် အဦးနှင့် ဝန်ထမ်းအိမ်ရာ၊

(၇) ကျောက်မဲမြို့ ကုတင်(၁၅၀)ဆံ့ဆေးရုံအတွက် ၂ ခန်းတဲ့ ဆရာဝန်နေအိမ်(၁)လုံး၊ ၄ ခန်းတဲ့ သူနာပြုဆရာမနေအိမ် (၁)လုံး၊ နောင်ရှင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ

(၈) သီပေါမြို့ ပန်မိတ်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ၊

(၉) ကွမ်းလုံမြို့ ကန်မိန်းတိုက်နယ်ဆေးရုံအဆောက်အဦးနှင့် ၂ ခန်းတဲ့ ဆရာဝန် နေအိမ် (၁)လုံး၊ ၄ ခန်းတဲ့ သူနာပြုနေအိမ် (၁)လုံး၊ ၆ ခန်းတဲ့ ဝန်ထမ်းအိမ်ရာ (၁)လုံး

စသည့် ဆေးရုံ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲ(၈)ခုတွင် ဝန်ထမ်းအိမ်ရာများ၊ ခွင့်ပြုရန်ပုံငွေများဖြင့် ဆောက်လုပ်လျက်ရှိပါသည်။ ဆေးရုံများတွင် ဝန်ထမ်းအိမ်ရာများနှင့် ဆေးသိုလှောင်ခန်းများ တိုးချဲ့ဆောက်လုပ် ပေးရန် လိုအပ်သည့်ဆေးရုံများမှ တင်ပြလာပါက ကျန်းမာရေးဦးစီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဟိုနမ့်ဒေသပအိုဝ်းတိုင်းရင်းသားများနှင့် ဝေးလံခေါင်သီဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းပေါင်းစုံတို့၏ ကိုယ်စား အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်-

- တိုးတက်ခေတ်မီသော အစိုးရသစ်လက်ထက်တွင် ဟိုနမ့်ဒေသ၌ တန်ဖိုးနည်းလက်ကိုင်ဖုန်းများ အသုံးချခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်၊ အစီအစဉ် မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး မေးမြန်းထားတဲ့ တိုးတက်ခေတ်မီသော အစိုးရသစ်လက်ထက်တွင် ဟိုနမ့်ဒေသ၌ တန်ဖိုးနည်းလက်ကိုင်ဖုန်းများ အသုံးချခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်၊ အစီအစဉ်

D/real(wide) (1

မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါသည် ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုသည် မြေပုံအမှတ် (93 H /11)တွင် ပါရှိပြီး ဟိုနမ့်ကျေးရွာသည် မောက်မယ်မြို့မှ အနောက်မြောက်ဘက် (၁၃)မိုင်အကွာတွင် တည်ရှိပါသည်။ ရေဒီယို မိုဘိုင်းစခန်းတည်ရှိသည့် မောက်မယ်မြို့နယ်နှင့် ဟိုနမ့်ကျေးရွာအုပ်စုများအကြား ပေ (၄၀၀၀)ခန့်ရှိသောတောင်တန်းများ တည်ရှိလျက် ရှိပါသဖြင့် ဟိုနမ့်ကျေးရွာအုပ်စုတွင် မိုဘိုင်းဖုန်းဆက်သွယ်မှု ရရှိရေးအတွက် အဆိုပါဒေသ၌ သီးခြားရေဒီယိုစခန်း တည်ဆောက်တပ်ဆင်ပေးမှသာလျှင် ဆက်သွယ်မှုကောင်းမွန်စွာ ရရှိမည် ဖြစ်ပါသည်။

(၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ အတည်ပြုပြီးဖြစ်သော ပထမဦးစားပေးစခန်း (၁၀)ခုတွင် မြို့နယ်အဆင့်ဖြစ်သော မောက်မယ်တွင် GSMမိုဘိုင်းစခန်း တည်ဆောက်ပေးသွားမည် ဖြစ်ပါသည်။

ဟိုနမ့်ကျေးရွာအနေဖြင့် (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ ဦးစားပေးစခန်း(၁၀)ခုတွင် မပါရှိသော်လည်း နောင်ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် မိုဘိုင်းဖုန်းစီမံကိန်းများတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ရုံးချုပ်နှင့် ညှိနှိုင်း၍ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိသည်ကို မေးမြန်းလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး မေးမြန်းထားသော ပထမအကြိမ် ရှမ်းပြည်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတတိယနေ့တွင် ရှမ်းပြည်နယ်အစိုးရမှ ဖြေကြားထားသော ကျိုင်းတောင်းမြို့နယ်ခွဲ မိုဘိုင်းဖုန်းများ တပ်ဆင်ပေးမည့်ကိစ္စ သိရှိလိုပါသည် ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျိုင်းတောင်းမြို့နယ်ခွဲ၌ GSM မိုဘိုင်းစခန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ ပထမဦးစားပေးစခန်း (၁၀)ခုတွင် ပါဝင်ပြီး တည်ဆောက်တပ်ဆင်ရေးများ စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ဆောင်ရွက်သည့်နေရာမှာ ဘဏ္ဍာရေးနှစ် ကုန်ခါနီးမှသာ စတင်ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကို ကျော်လွန်ပြီး ၂၀၁၄ ဩဂုတ်လတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာထွန်းအောင်က မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုဆုတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ညောင်ရွှေဆိပ်ကမ်းမြို့မှာ အရေးတကြီး လိုအပ်နေသော "မော်တော်စက်လှေရပ်နားကွင်း" ကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ညောင်ရွှေမြို့နယ်မှာ တည်ရှိတဲ့ အင်းလေးကန်ကြီးဟာ မြန်မာပြည်မှာ ဒုတိယအကြီးဆုံးတောင်ပေါ် ရေကန်တစ်ခုဖြစ်သလို ကမ္ဘာတစ်ဝှမ်းမှာ ထူးခြားဆန်းပြားတဲ့ အင်းလေးကန်ကြီးဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ပြီးကာလမှာ နိုင်ငံတကာမှ ခရီးသည်များ ဝင်လာမစဲ တဖွဲဖွဲလာရောက်နေကြပါပြီ။ ရောက်ရှိလာတဲ့ ကမ္ဘာလှည့်ခရီးသည်များဟာ အင်းလေးကန်ရဲ့ သဘာဝအလှကို ပသာဒအဖြစ် ခံစားမယ်ဆိုရင် ရှုမြင်စရာ အသီးသီးကို စက်လှေစီးပြီး သွားလာမှသာလျှင် ရေမှာပျော်ပြီး လှေကိုလှော်ခတ်သွားလာနေတဲ့ အင်းလေးဒေသရဲ့ ထူးခြား ဆန်းပြားတဲ့ ဓလေ့စရိုက်တွေကို ရင်းရင်းနှီးနှီးလေ့လာနိုင်မှာ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာသုခပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း၊ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ ကျိုင်းတောင်းမြို့နယ်ခွဲ စာစစ်ဌာနအား ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည် ဆိုသည့် မူလမေးခွန်းအစား ကျိုင်းတောင်း မြို့နယ်စာစစ်ဌာနရှိ ပြင်ပဖြေစာစစ်ဌာနကိုသာ ပြန်လည်ဖွင့်လှစ်ခွင့် ပြုနိုင်ခြင်း ရှိ/မရှိ ဆိုလိုရင်း မေးခွန်းကို မေးမြန်းရန် ဖြစ်သော်လည်း အဓိပ္ပာယ်ဝေါဟာရများ ကွဲပြားမှု ရှိနေပါသဖြင့် ကျွန်တော်၏ မေးခွန်း နံပါတ်(၁)အား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ခွင့်ပြုပါတယ်။ ဆက်လက်ပြီး ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျာ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး တတိယနေ့တွင် ဖြေကြားထားသော ရှမ်းပြည်နယ်အစိုးရ၏ ကျိုင်းတောင်းမြို့နယ်ခွဲတွင် GSM မိုဘိုင်းဖုန်းတပ်ဆင်ရေးကိစ္စနှင့် စပ်လျဉ်း၍ မိုးနဲမြို့နယ်၊ ကျိုင်းတောင်း မြို့နယ်ခွဲ တန်ဖိုးနည်း GSM မိုဘိုင်းဖုန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တပ်ဆင်ရန် ဆောင်ရွက်ထား ပါကြောင်း ရှမ်းပြည်နယ်အစိုးရမှ ဖြေကြားထားခဲ့ပါတယ်။ သို့ပါသော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးခါနီး ယခုအချိန်ထိ ကျိုင်းတောင်းမြို့နယ်ခွဲတွင် GSM မိုဘိုင်းဖုန်း နှင့် ပတ်သက်သော မည်သည့်ဆောင်ရွက်ချက်မျှ ဆောင်ရွက်ထားခြင်း မရှိသေးပါသဖြင့်

D/real(wide) (1

ဤကဲ့သို့ အင်းလေးရေပြင်အတွင်းသို့ စက်လှေများဖြင့် လည်ပတ်နိုင်ရေးအတွက် မော်တော်စက်လှေစီးရမဲ့ ရေကြောင်း ခရီးစဉ်ကို ညောင်ရွှေဆိပ်ကမ်းမြို့မှ စတင်ပြီး ခရီးဆက်ရမှာ ဖြစ်ပါတယ်။ ယခုနှစ်များမှ စပြီး ခရီးသည်များ (၁)သိန်းခန့် ဝင်ရောက်မှာ ဖြစ်တဲ့အတွက် စက်လှေအစီး (၂၀၀၀)ကျော်ခန့် လိုအပ်မယ်လို့ ခန့်မှန်းထားပါတယ်။ ထိုကဲ့သို့ စက်လှေများ မရှိမဖြစ် လိုအပ်များပြားလာသည်နှင့်အမျှ ညောင်ရွှေဆိပ်ကမ်းမြို့မှာ မော်တော်စက်လှေများ ရပ်နားရန်အခက်အခဲ တွေ့နေရပါတယ်။ နမ့်ကပ်ချောင်းအတွင်း ဖောင်တော်ပြန်၊ ဖော်တော်ဆိုက်၊ စျေးလှေဆိပ်စသည့် နေရာဆိပ်ကမ်းတစ်လျှောက် စက်လှေများဟာ ချောင်းနှင့် ကန့်လန့်ဖြတ် ဆိုက်ကပ်ထားရပြီး စက်လှေများ မောင်းနှင်သွားလာရန် (၁၀)ပေခန့်သာ ကျန်သည့်အတွက် စက်လှေလမ်းကြောင်း ပိတ်ဆို့မှုများဖြစ်ခြင်း၊ ရေလှိုင်းအရှိန်ကြောင့် စက်လှေအချင်းချင်း ခုန်ကျော်ရိုက်ခတ်မှုများ အထူးသဖြင့် နမ့်ကပ်ချောင်းအတွင်း ရေနည်းသည့် ယခုလို နွေရာသီကာလ မျိုးမှာ စက်လှေများဝင်ထွက်မောင်းနှင်ရန် ခက်ခဲမှုများကြောင့် စက်လှေခရီးသည်များ စိုးရိမ်ကြီးစွာဖြင့် စီးနင်းလိုက်ပါနေရပါတယ်။ နောင်လာမည့်နှစ်များမှာ အင်းလေးဒေသသို့ ပြည်တွင်းပြည်ပ ခရီးသည်များ ပိုမိုအများအပြားဝင်လာမှာ ဖြစ်သလို ခရီးသည်နှင့် လိုက်ဖက်ညီတဲ့ စက်လှေများလဲ တိုးတက်များပြားလာမှာ ဖြစ်ပါတယ်။

အင်းလေးဟိုတယ်ဇုန်တည်ဆောက်ပြီးစီးပါက စက်လှေ အရေအတွက် ပို၍ များပြားလာမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ညောင်ရွှေမြို့ဆိပ်ကမ်းမှာ မော်တော်စက်လှေများကို စနစ်တကျ ထားရှိပြီး နမ့်ကပ်ချောင်းအတွင်း စက်လှေများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးဟာ အထူးအရေးကြီးပါတယ်။ ဤမေးခွန်းကို

ရွေးချယ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်နေရာ မည်သည့်ကာလတွင် လုပ်ဆောင်နိုင်မည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းကို ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးမှ လေးစားစွာ ဖြေကြားအပ်ပါတယ်။

စက်လှေများအား ရပ်နားစခန်းအဖြစ် သီးသန့်မထားရှိသော်လည်း နမ့်ကပ်ချောင်းတစ်လျှောက် စက်လှေအသင်းများမှ မိမိတို့စက်လှေဂိတ်အဖြစ် သတ်မှတ်ပြီး အဆင်ပြေသည့် နေရာများတွင် အောက်ပါအတိုင်း ရပ်နားပြေးဆွဲလျက် ရှိသည်ကို ရှင်းလင်းတင်ပြလိုပါတယ်-

(က) ရေယာဉ်အသင်း ဖောင်တော်ဦးဘုရားနှင့် ညောင်ရွှေဂိတ်စက်လှေများ တိန့်နန်းကျောင်းတံတားအနီး အရှေ့ဖက်ကမ်းကပ်၍ နေရာသတ်မှတ်ပေးထားခြင်း၊

(ခ) ဦးမောင်မောင်ညွှန့် ခရီးသွားလုပ်ငန်း၊ ဦးမိုးလှိုင် ခရီးသွားလုပ်ငန်းစက်လှေများ ဖောင်တော်ပြန် အဆောင်နှင့် ဦးမောင်မောင်ညွှန့် အဆောင် နေရာ အကြား သတ်မှတ်ထားခြင်း၊

(ဂ) ဦးစိုးမြင့်သောင်း ခရီးသွားလုပ်ငန်း၊ ဦးမောင်မောင်ညွှန့် ခရီးသွားလုပ်ငန်း၊ ဦးစံရှား ခရီးသွားလုပ်ငန်းများအား ဖောင်တော်ဆိုက် အဆောင်နေရာနှင့် ဟိုတယ် ခရီးသွားလုပ်ငန်း အဆောက်အဦးကြားတွင် သတ်မှတ်ပေးထားခြင်း၊

D/real(wide) (1

(ဃ) ဖယ်ခုံ၊ စကား၊ စက်လှေလိုင်းများအား တိန့်နှန်း ကျောင်း အနောက်ဘက်အရှေ့ဘက်ကမ်း ဦးသန်းလှိုင်၏ နေရာတွင် ဂိတ်အဖြစ်ထားရှိခြင်း၊

(င) ဟူပင်ခရီးသွားလုပ်ငန်းမှ ဟူပင်ဆန်စက်၏ အနောက်ဘက် နမ့်ကပ်ချောင်းတွင် ဂိတ်အဖြစ် ထားရှိခြင်း၊

(စ) နမ့်ကပ်ချောင်း အနောက်ဘက်ကမ်းတွင် Adl ခရီးသွားလုပ်ငန်း၊ ဗျူးပွိုင့် ခရီးသွားလုပ်ငန်း (ဦးအောင်ကျော်စိုး)ခရီးသွားလုပ်ငန်းတို့မှ မိမိတို့၏ ပိုင်ဆိုင်သည့် ဟိုတယ်ရှေ့တွင် ရပ်နားပြီး ခရီးသည် တင်ဆောင်ခြင်း။

အထက်ပါအစီအစဉ်အတိုင်း ပြေးဆွဲဆောင်ရွက်လျက် ရှိသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်သော်လည်း လုပ်ငန်း ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့လျက် ရှိပါသည်။ ယနေ့တိုင် အခက်အခဲ မရှိသည်ကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စက်လှေများအား ရပ်နားစခန်းအဖြစ် သီးသန့်ထားရှိရေးကိုလည်း အခြေအနေပေးပါက မြေနေရာရွှေ့ချယ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး

ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့်အချိန်မှ ယခုအချိန်တွင် (၆)လတာ ကာလသို့ ရောက်ရှိပြီဖြစ်သော်လည်း စက်လှေ ရပ်နားကွင်းရရှိနိုင်ရေးအတွက် လုပ်ဆောင်နိုင်မှု မရှိသေးကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် ညောင်လွှေဆိပ်ကမ်းမြို့မှာ စက်လှေရပ်နားထားရှိနိုင်မည့် အရေးတကြီးလိုအပ်နေပြီဖြစ်သော မော်တော်စက်လှေ ရပ်နားကွင်းတစ်ခုကို ပြည်နယ်၏ ပံ့ပိုးကူညီမှုဖြင့် ရွေးချယ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိမရှိနှင့် အစီအစဉ် ရှိပါက မည်သည့်နေရာ မည်သည့်ကာလတွင် လုပ်ဆောင်နိုင်မည်စသည် ကို့ကို သိရှိလိုပါသောကြောင့် မော်တော်စက်လှေဆိပ်ကမ်း ရောက်လာသူတိုင်း စိတ်ကြည်လင်စေဖို့ ဤစက်လှေရပ်နားရေးဆိုင်ရာ မေးခွန်းကို မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း တလုံးတဝပြည့်စုံနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ညောင်လွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာထွန်းအောင် မေးမြန်းတဲ့ကိစ္စနဲ့ ပတ်သက်သည့် နောင်လာမည့်နှစ်များတွင် အင်းလေးဒေသသို့ ခရီးသည်ပိုမိုများပြားလာပြီး စက်လှေများလဲ တိုးတက်လာမည်ဖြစ်၍ ညောင်လွှေဆိပ်ကမ်း များတွင် စက်လှေများရပ်နားထားနိုင်မည့် မော်တော်စက်လှေရပ်နားကွင်း တစ်ခုကို အသိအမှတ်ပြု

D/real(wide) (2

တင်ပြလိုပါတယ်။ (၂)ဖာလုံခန့်သာ ရှိတဲ့ လုပ်ငန်းတစ်ခုကို နယ်ခြားမြေခြားဒေသတစ်ခုမှာ ရှိတဲ့ ကုမ္ပဏီတစ်ခုဟာ စက်ယာဉ်ယန္တရားများ သယ်ဆောင်လာပြီး လာရောက်လုပ်ကိုင်ရမဲ့ အနေအထားဟာလည်း အခက်အခဲရှိတယ်လို့ သိရှိနေရ ပါတယ်။ ဒီလိုမြို့နယ်တစ်ခုတည်းမှာ လုပ်ငန်းသေးသေးလေးတစ်ခုကို ခွဲဝေချထားပေးခြင်းဟာလည်း သင့်လျော်မှုမရှိကြောင်း တင်ပြလို ပါတယ်။ အထက်ပါအချက်များအရ လုပ်ငန်းကိုဆောင်ရွက်ဖို့ အခွင့်အမိန့် ရထားတဲ့ ကုမ္ပဏီများအနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်လိုခြင်းမရှိတဲ့အတွင် လမ်းကြိတ်စက်မရှိတဲ့ ဒေသခံတွေထဲက လုပ်ကိုင်သူများကို ကျပ်သိန်း(၁၀၀)ဖြင့် လာရောက်ကမ်းလှမ်းသည်ကိုလည်း သိရှိရပါတယ်။ ဒေသခံများ အနေနဲ့ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက် လိုပါသော်လည်း လမ်းကြိတ်စက်မရှိတဲ့အတွက် ကျွန်တော် မေးခွန်းမေးမြန်းတင်ပြခဲ့ချိန် ကာလအထိ ဒါးဆိပ်-နမ့်တုတ်ကျောက်ချောလမ်း(၂)ဖာလုံဟာ စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးလို့ လုပ်ငန်းမဆောင်ရွက်နိုင်ပဲ ရန်ပုံငွေ ပြန်လည်အပ်နှံရပါက လင်းခေးမြို့နယ်နှင့် ဒေသခံပြည်သူများအတွက် ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နောင်နှစ်တွေမှာလည်း ပညာရေးဆိုင်ရာ ကျောင်း အဆောက်အဦး (၃/၄)ခု ခွင့်ပြုချက် ရရှိထားကြောင်းနှင့် ကျေးလက်ဦးစီးဌာနမှ ခွင့်ပြုချက်ရရှိမည့် ကျေးလက်လမ်းပန်း ဆောင်ရွက်တဲ့အခါ ယခုနှစ်လိုအခက်အခဲများ၊ နစ်နာမှုများ မရှိစေရေးအတွက် ဒေသခံပြည်သူများ၊ ဒေသခံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေး၊ ပြည်သူကို ဗဟိုပြုသော စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းများ ရရှိရေးနှင့် ရရှိသော

ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ၊ ကျွန်တော် လင်းခေး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်အနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ မြို့နယ်အလိုက် ခွင့်ပြုသော အမက၊ အလက၊ အထကကျောင်းများ ဆောက်လုပ်ခြင်း၊ ကျေးလက်လမ်းများဖောက်လုပ်ခြင်းခြင်းနှင့် ပတ်သက်သည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား၊ ယခုလက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ မြို့နယ်များအလိုက် ခွင့်ပြုတဲ့ အမက၊ အလက၊ အထက ကျောင်းများ ဆောက်လုပ်ခြင်းကို လည်းကောင်း၊ ကျေးလက်လမ်း များဖောက်လုပ်ခြင်းကိုလည်းကောင်း ဆောင်ရွက်လျက် ရှိတာကို သိရှိရပါတယ်။ ပညာရေးဆိုင်ရာအဆောက်အဦးများအတွက် လုပ်ငန်းများဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းဆောက်လုပ်ခဲ့သော ကုမ္ပဏီအစုအဖွဲ့များအနေနဲ့ ရှမ်းပြည်နယ်ပညာရေးဦးစီးဌာနမှ ခေါ်ယူတဲ့ တင်ဒါကြော်ငြာများအရ တင်ဒါစနစ်နဲ့ ဆွဲယူရရှိသူများ ဖြစ်ကြောင်းလဲ သိရပါတယ်။ ဥပမာ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာနှစ် အတွက် ပညာရေးကဏ္ဍအနေနဲ့ ကျွန်တော်တို့ လင်းခေးမြို့နယ်မှာ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၃)ခု ရရှိခဲ့ကာ ကျောင်းဆောင်သစ်တင်ဒါအောင်မြင်ခဲ့တဲ့ ကုမ္ပဏီကန်ထရိုက်တာ များက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ခွင့်ပြုချက်ရရှိခဲ့တဲ့ ကျောင်းဆောင်သစ် (၃)ခုအနက် ဆောင်ကျဲအမက၊ နမ့်အွန်အမကကို ဆောင်ရွက်နေတာကို တွေ့ရှိရပေမဲ့ သွားရေးလာရေးခက်ခဲတဲ့ ကုန်းလင်းအမကအတွက် စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်းကိုလည်း တွေ့ရှိရ ပါတယ်။ ဒါ့အပြင် မြို့နယ်အတွင်းမှာ ကျောင်းများအတွက်

D/real(wide) (2

ခွင့်ပြုထားတဲ့ ကျောင်းအိမ်သာများ ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ် ကုန်ခါနီးတိုင်အောင် စတင်ဆောင်ရွက်နိုင်ခြင်း မရှိတာကို သိရှိရပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများဟာ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်အပြင် အခြားခရိုင်များမှ တင်ဒါရရှိသူများဖြစ်တဲ့အတွက်ကြောင့် လင်းခေးမြို့နယ်မှာ ခွင့်ပြုချက် ရရှိတဲ့ လုပ်ငန်းတွေကို ကန်ထရိုက်တာများအနေနဲ့ တင်ပြခြင်း မပြုပဲ ဒေသခံအဆောက်အဦး ဆောက်လုပ်သူ များထံ ထပ်ဆင့်အပ်နှံပြီးတော့ လုပ်ငန်းဆောင်ရွက်နေတာကိုလည်း လေ့လာသိရှိရပါတယ်။ လုပ်ငန်းရှင်များ အနေနဲ့ စီးပွားရေးလုပ်ငန်းအလို့ငှာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သူများ ဖြစ်တဲ့အတွက် ရရှိတဲ့ ခွင့်ပြုငွေများကို ၄င်းတို့ရဲ့ အကျိုးအမြတ်အတွက် ချန်လှပ်ပြီး ဒေသခံလုပ်ငန်းဆောင်ရွက်သူများထံ တဆင့်အပ်နှံ ဆောင်ရွက်ခြင်းဖြစ်တယ်လို့လည်း ယူဆနိုင်စရာ ရှိနေပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုမျိုး ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်တို့က တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်နေတဲ့အတွက် လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီရေး၊ အလေအလွင့် ဆုံးရှုံးမှုနည်းပါးအောင် စိစစ်ကြပ်မတ်ရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များကလည်း ဆောင်ရွက်ရန် အခက်အခဲရှိမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုကို အဟန့်အတားဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ ဥပမာ တစ်ခုအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာနှစ် ကျေးလက် လမ်းတစ်ခုဖြစ်တဲ့ လင်းခေးမြို့နယ်၊ ဒါးဆိပ်-နမ့်တုတ်ရွာ ကျောက်ချောလမ်း (၂)ဖာလုံအတွက် ခွင့်ပြုရန်ပုံငွေ ကျပ် သိန်း (၁၂၀)ခွင့်ပြုထားတာကိုလည်း သိရှိရပါတယ်။ ဒါနဲ့ စပ်လျဉ်းပြီးတစ်ခု

ခွင့်ပြုငွေကို အကျိုးမဲ့ဆုံးရှုံးမှု မဖြစ်စေဘဲ လုပ်ငန်းခွင်ထဲသို့ ထိရောက်စွာ အကျိုးရှိစေရေးအတွက် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်-

(၁) နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ခွင့်ပြုချက်ရရှိလာမည့် လုပ်ငန်းဆောင်ရွက်ရာမှာ ဒေသခံများ၊ မြို့နယ်ရှိ လုပ်ငန်းရှင်များ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်ပါက ကုမ္ပဏီများ၊ ကန်ထရိုက်တာများကိုမပေးပဲ ဒေသခံအလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးတဲ့အနေနဲ့ ဒေသခံလုပ်ငန်းရှင်များကို ဦးစားပေးဆောင်ရွက်ခွင့် ပြုပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်အား သိရှိလိုပါတယ်။

(၂) လုပ်ငန်းလို အပ်ချက် အရ ဒေသခံများက မဆောင်ရွက်နိုင်ပါမှ တင်ဒါခေါ်ယူခြင်း ဆောင်ရွက်ပေးပါရန်တင်ပြလိုပြီး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုပါတယ်။

(၃) ယခုဘဏ္ဍာနှစ် အတွင်းဆောင်ရွက်ခဲ့တဲ့ အထက်ဖော်ပြပါ လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေးနှင့် ဘဏ္ဍာငွေ အလေအလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

D/real(wide) (2

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လျက် ရှိပါတယ်။ ထိုသို့ တင်ဒါခေါ်ယူ ဆောင်ရွက်ရွေးချယ်ရာတွင် ပြည်ထောင်စုအစိုးရ အဖွဲ့မှ ထုတ်ပြန်သော တင်ဒါခေါ်ယူ ရွေးချယ်ရေးဆိုင်ရာ အချက်အလက်များကို အခြေခံ၍ ရွေးချယ်ပြီး ဒေသခံဖြစ်သော ကုမ္ပဏီများအား ဦးစားပေးရွေးချယ်ခြင်းများ ဆောင်ရွက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တင်ဒါအောင် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက် ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအား တင်ဒါအောင်မြင်သောကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုလုပ်ငန်း အပ်နှံဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အချက်များ ထည့်သွင်း ချုပ်ဆိုပါသည်-

(က) လုပ်ငန်းသတ်မှတ်ခြင်းအား စာချုပ်ချုပ်ဆိုသည့် နေ့မှ (၃၁-၃-၂၀၁၄)ရက်နေ့အထိ တည်ဆောက် ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းနှင့် ပတ်သက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ သတ်မှတ်ထားသော စံချိန် စံညွှန်းများနှင့် တွက်ချက်ထားသော ခန့်မှန်းခြေ စာရင်းများအား တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေးကော်မတီမှ အတည်ပြုပြီး လုပ်ငန်းများ အတိုင်း ဖြစ်ရမည်၊

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်၏ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်များအလိုက် ခွင့်ပြုသော အမက၊ အလက၊ အထက ကျောင်းများ ဆောက်လုပ်ခြင်းနှင့် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးကဏ္ဍနှင့် ပတ်သက်သည့်မေးခွန်းကို ကျွန်တော်အစိုးရအဖွဲ့ဝင် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ (၆၉၈၆.၂)သန်းဖြင့် ကျောင်းပေါင်း (၂၈၉)ကျောင်း ဆောက်လုပ်လျက် ရှိပါတယ်။ (၀၄၀၂)ပြင်ဆင်ထိန်းသိမ်းစရိတ် လုပ်ငန်းများကို (၆၈၈၂.၈၅)သန်းဖြင့် ကျောင်းပေါင်း (၂၅၈)ကျောင်းကို ပြင်ဆင်ဆောက်လုပ်လျက် ရှိပါတယ်။ ထို့အပြင် (၀၄၀၉) အခြားခေါင်းစဉ်အောက်မှ ရေလောင်းအိမ်သာကိုလည်း ခွင့်ပြုရန်ပုံငွေ (၄၁၇၈)သန်းဖြင့် ကျောင်းပေါင်း (၁၁၃၂)ကျောင်း အတွက် ရန်ပုံငွေချထားပေးခဲ့ပြီး လင်းခေးမြို့နယ်တွင် (၀၄၀၉)ခေါင်းစဉ်အောက်မှ ရေလောင်းအိမ်သာများကို ကျောင်း(၂၆)ကျောင်းအတွက် (၁၅)သန်းခွဲဝေပေးခဲ့ရာ ကော်မတီစနစ်ဖြင့် ဆောက်လုပ်လျက် ရှိပါတယ်။ လင်းခေး

D/real(wide) (2

မြို့နယ်တွင် ငွေလုံးငွေရင်း ခေါင်းစဉ်အောက်မှ အောက်ဖော်ပြပါ ကျောင်း(၃)ကျောင်းတွင် ဆောက်လုပ်လျက် ရှိပါတယ်-

(၁) အမက(ဆောင်ကျဲ) (၆၀×၃၀)ပေ အုတ်ညှပ် တစ်ထပ်အသစ်ဆောက်ရန် ခွင့်ပြုရန်ပုံငွေ (၁၄၊ ၄)သန်း

(၂) အမက(နမ့်အွန်) (၆၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် အသစ်ဆောက်ရန် ခွင့်ပြုရန်ပုံငွေ (၁၄၊ ၄)သန်း

(၃) အမက(ကုန်းလင်း) (၆၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် အသစ်ဆောက်ရန် ခွင့်ပြုရန်ပုံငွေ (၁၄၊ ၄)သန်း

စုစုပေါင်း ကျောင်း(၃)ကျောင်းအတွက် ခွင့်ပြုရန်ပုံငွေ (၄၃၊ ၂)သန်းဖြင့် တင်ဒါအောင်မြင်သည့် ဝမ်ပန်ကုမ္ပဏီမှ ဆောက်လုပ်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဦးစိုင်းလွင်၏ မေးခွန်းမှာ ကျေးလက်လမ်းနှင့် ပတ်သက်သောမေးခွန်းပါရှိတဲ့အတွက် ကျေးလက်လမ်း ဖောက်လုပ်ရေးနှင့် ပတ်သက်၍ ဆက်လက်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် မေးမြန်းထားတဲ့ ကျေးလက်လမ်းနှင့် ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။

(၈) သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီစေရေးအတွက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းအပ်နှံသူမှ တာဝန်ပေးအပ်သူ (သို့မဟုတ်) ဌာနအင်ဂျင်နီယာမှ အမြဲစစ်ဆေး နေမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ သတ်မှတ်ထားသော ပုံစံနှင့် မကိုက်ညီသော ပစ္စည်းများ အသုံးပြုမှုတွေ့ရှိလျှင် အသစ်ပြန်လည် ပြုလုပ်စေခြင်း၊ ပစ္စည်းလဲလှယ်စေခြင်းတို့ကို ညွှန်ကြားပါက လုပ်ငန်းလက်ခံသူမှ မိမိစရိတ်ဖြင့် လိုက်နာ ဆောင်ရွက်ရမည်၊

(ဃ) ကျေးလက်ဒေသတည်ဆောက်ရေးလုပ်ငန်းများအား ပြီးစီး၍ အလုပ်အပ်နှံပြီး (၅)နှစ်အတွင်း ပျက်စီးပါက လုပ်ငန်းလက်ခံသူမှ မိမိစရိတ်ဖြင့် ပြုပြင်ပေးရမည်။

(င) လုပ်ငန်းပြီးစီးရန် သတ်မှတ်ကာလ (၃၁-၃-၂၀၁၄) ရက်နေ့တွင် လုပ်ငန်းပြီးစီးမှု မရှိပါက ဆက်လက်ဆောင်ရွက်ရန် ကာလတစ်ခုသတ်မှတ်၍ ဒဏ်ကြေးငွေအဖြစ် လုပ်ငန်းလက်ခံသူမှ ဆောင်ရွက်ခွင့်ရသော လုပ်ငန်းတန်ဖိုးအလိုက် သတ်မှတ်ထားသော ဒဏ်ကြေးတပ်ရိုက်ပြီး ခံရမည်။

လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လင်းခေးမြို့နယ် ဒါးဆိပ်-နမ့်တုတ်ကျေးလက် ကျောက်ချောလမ်း (၂)ဖာလုံ ခင်းခြင်းလုပ်ငန်းအား ခမ်းရွှေဝါထွန်းကုမ္ပဏီမှ တင်ဒါဆွဲဝယ် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးတို့အတွက် ပြည်နယ်၊ ခရိုင်၊

D/real(wide) (2

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် တင်ဒါစိစစ်ရွေးချယ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တင်ဒါစိစစ်ရွေးချယ်ရေး ဆိုင်ရာ အချက်များပေါ်တွင် လိုက်နာဆောင်ရွက်ရွေးချယ်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမွန်း(ခ) စိုင်းကျော်ထွန်းက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမွန်း(ခ) စိုင်းကျော်ထွန်း၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းရင်း ကျွန်တော်ကတော့ ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ လစာနှင့် ညီမျှတဲ့ ခြီးမြှင့်ငွေ (၂)ဆပုံပိုးရေးကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကွန်ဟိန်းမြို့နယ်ဟာ တောင်ကြီးမြို့နဲ့ မိုင်ပေါင်း (၁၄၀)ကွာဝေးပါတယ်။ ပြည်ထောင်စုလမ်းမပေါ်မှာ ရှိနေတဲ့ အတွက် တခြားမြို့နယ်တွေလို လစာ (၂)ဆ ရရှိခြင်း မရှိပါ။ သို့ပါသော်လည်း ကျွန်တော်တို့ မြို့နယ်တွင် အခြေခံစားကုန်ဈေးနှုန်းမှာ အခြားမြို့နယ်များနှင့် အတူတူပဲ ဖြစ်ပါတယ်။ ဒါကြောင့်

ရှမ်းပြည်နယ်အတွင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော မြို့နယ်/မြို့နယ်ခွဲများအဖြစ် မိုးနဲ၊ မိုင်းရယ်၊ နမ္မတူ၊ နမ့်ဆန်မြို့နယ်တို့နှင့် အင်တော၊ မန်ဟီးရိုး၊ တာမိုးညဲ၊ မိုင်းလုံ၊ မိုင်းငေါ၊ ကျိုင်းလပ်မြို့နယ်ခွဲတို့အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သို့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသအဖြစ် ထပ်မံ၍ သဘောထားပေးပို့ထားပြီး ဖြစ်ပါသည်။

ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ရာတွင် လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေး၊ လူမှုရေးနှင့် ရေ/လျှပ်စစ်မီးစသည့် အခက်အခဲများအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိရာ ကွန်ဟိန်းမြို့နယ်သည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိနေပါသဖြင့် လူမှုရေးခက်ခဲသော မြို့နယ်အဖြစ် သတ်မှတ်ပေးရန် တင်ပြထားသည့် စာရင်းတွင် မပါရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရမှ ခွင့်ပြုသည့် အခါမှသာလျှင် ဘတ်ဂျက်ရရှိ၍ ဒေသစရိတ်လစာ(၂)ဆ ခံစားခွင့်ရရှိမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအာပြာဟန်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအာပြာဟန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာရှိသော နံနက်ခင်းပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအာပြာဟန်ဖြစ်ပါတယ်။

D/real(wide) (2

ဌာနဆိုင်ရာဝန်ထမ်းမိသားစုများဟာ အခြားမြို့နယ်တွေလိုပဲ ဝယ်ယူစားသုံးရတဲ့အတွက် အခက်အခဲတွေ့ကြုံနေရပါတယ်။ ကွန်ဟိန်း မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း များ လစာနှင့်ညီမျှတဲ့ ခြီးမြှင့်ငွေ (၂)ဆ ပံ့ပိုးရေးကိစ္စနှင့် ပတ်သက်ပြီး ပြည်နယ်အစိုးရ အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းမေးမြန်းထားတဲ့ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား လစာနှင့် ညီမျှသော ခြီးမြှင့်ငွေ(၂)ဆ ပံ့ပိုးရေးကိစ္စအား ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုပေးခြင်း ရှိ/မရှိနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၁၃)အရ မြို့နယ် (၂၁)မြို့နယ်နှင့် မြို့နယ်ခွဲ (၁၃) ခုတို့အား ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးလက်ကျန်းမာရေးဌာနသည် ၁၉၆၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့၍ စတင်ဖွင့်လှစ်စဉ်က အဆောက်အဦ မရှိပါသဖြင့် မိုးပြဲဈေးကုန်းရပ်ကွက်၊ ဦးဘိုကုန်း၏ တန်းလျားတွင် လက်ထောက်ကျန်းမာရေးမှူး ဦးဧလငြိမ်းက ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် မိုးပြဲကွက်သစ်ရပ်ကွက်၊ ရေလှောင်ကန်လမ်းဘေးတွင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦး(၁)လုံးနှင့် ဝန်ထမ်းအိမ်ရာ (၃)လုံးကို ဆောက်လုပ်ပေးခဲ့ပါသည်။ ၁၉၇၈ ခုနှစ် ဆည်မြောင်းဦးစီးဌာနမှ လက်ျာတူးမြောင်း၊ တူးမြောင်းစီမံကိန်းကြောင့် ဈေးကုန်းရပ်ကွက်၊ လက်ရှိနေရာသို့ ဆည်မြောင်းဦးစီးဌာနဝန်ထမ်းအကူအညီဖြင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦးကို ရွှေ့ပြောင်းခဲ့ရပါသည်။ ရွှေ့ပြောင်းရသော ဒဏ်ကြောင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦးသည် (၄၇)နှစ် ကြာလာသည်နှင့်အမျှ ယိုးယွင်းပျက်စီး၍ ဥပဓိရုပ်မကောင်းသော အန္တရာယ်ရှိသော အဆောက်အဦး ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှသော် လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်သော်လည်းကောင်း အဆောက်အဦးသစ် ချပေးတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ချပေး တည်ဆောက်နိုင်ပါက မည်သည့်အချိန်ကာလတွင် ဆောက်လုပ် ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

D/real(wide) (2

ဒေါက်တာမျိုးထွန်း။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာပြာဟန်၏ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးလက်ကျန်းမာရေးဌာနအား ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှ လည်းကောင်း၊ ပြည်နယ်အစိုးရမှ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်သော်လည်းကောင်း၊ အဆောက်အဦးသစ်ချပေး တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည် ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ မိုးပြဲကျေးလက် ကျန်းမာရေးဌာနကို (၂၅-၇-၂၀၀၂)ရက်နေ့၌ တိုက်နယ်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မိုးပြဲတိုက်နယ် ဆေးရုံဝင်းအတွင်းတွင် ယခင်မိုးပြဲကျေးလက်ကျန်းမာရေးဌာန အဆောက်အဦ (အဟောင်း)ကို အသုံးပြုလျက်ရှိပါသည်။ အဆိုပါ အဆောက်အဦးအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဖယ်ခုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အင်ဂျင်နီယာတွက်ချက်မှုနှင့်အတူ တင်ပြနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဖယ်ခုံမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှုးမှ အင်ဂျင်နီယာတွက်ချက်မှုနှင့်အတူ တင်ပြလာပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ခွင့် ရရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ ဆက်လက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဦးက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဦး မေးမြန်းထားသော နမ္မတူမြို့နယ်တွင် ၂၀၁၃ ခုနှစ်မှ စတင်၍ လက်ကိုင်ဖုန်းများကို မန်တုံမြို့နယ်၊ မန်ပတ်ကျေးရွာ တာဝါတိုင်မှတဆင့် ဖမ်းယူသုံးစွဲလျက်ရှိရာ လိုင်းမကြာခဏကျခြင်း၊ လိုင်းပျောက်နေခြင်းတို့ကို မကြာခဏကြုံတွေ့နေရသဖြင့် သုံးစွဲသော ပြည်သူလူထုများ အဆင်မပြေမှုများ ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ မိုဘိုင်းဖုန်း (CDMA) ဖမ်းယူလွှင့်ထုတ်စက်အသစ် လဲလှယ်ပေးရန် အစီအစဉ် ရှိ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုကြောင်းနှင့် တန်ဖိုးနည်း GSM ဖုန်းများကိုလည်း မည်သည့်အချိန်တွင် မည်မျှချပေးမည်ဆိုသည်ကို သိရှိလိုပါသည် ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မန်တုံမြို့နယ်၊ မန်ပတ်ကျေးရွာ တာဝါတိုင်မှတဆင့် နမ္မတူမြို့သို့ အသုံးပြုလျက်ရှိသော CDMA -450 တယ်လီဖုန်းလိုင်းများသည် မန်ပတ်ကျေးရွာ CDMA -450 စခန်းတွင် Sector များ ချို့ယွင်းလျက် ရှိပါသဖြင့် ပြုပြင်မှုများ ဆောင်ရွက်ပေးနိုင်ပါရန် ဆက်သွယ်ရေး (ရုံးချုပ်)သို့ (၂၆-၂-၂၀၁၄)ရက်နေ့တွင် တင်ပြထားရှိပြီး ရုံးချုပ်မှလည်း အမြန်ဆုံးစစ်ဆေးပြုပြင်မှုများ ဆောင်ရွက်လျက် ရှိပါတယ်။

D/real(wide) (2

ဒါ့အပြင် နမ္မတူမြို့တွင် CDMA -450ထက် ပိုမိုခေတ်မီသော GSM တန်ဖိုးနည်း မိုဘိုင်း တယ်လီဖုန်းများ အသုံးပြုနိုင်ရန်အတွက် GSM BTS စခန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်တပ်ဆင်လျက် ရှိပါကြောင်းနှင့် GSM BTS စခန်းကို မေလတွင် အပြီးတည်ဆောက်နိုင်ရေး၊ ဩဂုတ်လတွင် စက်တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းနှင့် စခန်းတည်ဆောက်ပြီးစီးချိန်တွင် တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို ခွဲဝေချထားပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် (၁)မှ ဦးစိုင်းမိုးကြည်ဖြစ်ပါတယ်။ လွန်ခဲ့သော (၁၂)နှစ်ခန့်က မိုင်းပန်မြို့နယ်တွင် တပ်မတော်လုံခြုံရေး အစီအစဉ်ကြောင့် ရွာပေါင်း (၆၃)ရွာ ပြောင်းရွှေ့ပေးခဲ့ရပါတယ်။ ယခုအခါ မိုင်းပန်မြို့နယ်တွင် ငြိမ်းချမ်းရေး ရောင်နှိဉ်းသန်းလာပြီ ဖြစ်ပါသဖြင့် မိမိနေရပ်ဇာတိဖြစ်သော မိုင်းပန်မြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စုမှ နမ့်တောင်းကျေးရွာအုပ်စု၊ စုစုပေါင်း အိမ်ထောင်စု (၁၈)စု၊ ကျား (၅၃)ဦး၊ မ (၆၃)ဦး ပြန်လည်နေထိုင်လျက် ရှိပါတယ်။ ၄င်းအပြင် တောင်ကိုင်းအုပ်စု၊ တောင်ကိုင်းကျေးရွာ ဇာတိသားဖြစ်ကြသော အိမ်ထောင်စု (၁၆)စု၊ ကျား (၁၁)ဦး၊ မ(၅၈)ဦး၊ စုစုပေါင်း

ဦးဇော်ဦး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဦးဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်မေးမယ့်မေးခွန်းကတော့ မိုဘိုင်းဖုန်းများနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ္မတူမြို့နယ်တွင် ငှားရမ်းခ ကျပ်(၅)သိန်းနှုန်းဖြင့် CDME 450 MHz အား ခွဲဝေချထားပေးခဲ့ပါတယ်။ မူလခွဲဝေချထားပေးစဉ်အခါက လက်ကိုင်ဖုန်းများသုံးစွဲ၍ မရခဲ့ပါသဖြင့် အထိုင်ဖုန်း များတွင်ထည့်၍ လားရှိုးတိုင်မှတဆင့် သုံးစွဲခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ်မှ စ၍ လက်ကိုင်ဖုန်းများကို သုံးစွဲ၍ရခဲ့ပါတယ်။ သို့ရာတွင် ၂၀၁၃ ခုနှစ်မှ စ၍ မန်တုံမြို့နယ်၊ မန်ပတ်ကျေးရွာ တာဝါတိုင်မှတဆင့် ဖမ်းယူသုံးစွဲလျက်ရှိရာ လိုင်းမကြာခဏကျခြင်း၊ စက်ပျက်ခြင်းတို့ကြောင့် နေ့စဉ်လိုလို သုံးစွဲသော ပြည်သူလူထုများက အဆင်မပြေမှုများ ကြုံတွေ့နေရပါတယ်။

တန်ဖိုးနည်းဖုန်းများကို အမြို့မြို့အနယ်နယ်အရပ်ရပ်တွင် ချထားပေးနေသော်လည်း နမ္မတူမြို့နယ်တွင် တစ်ကြိမ်တစ်ခါမျှ ခွဲတမ်း မရရှိခဲ့ပါ။ ဝန်ထမ်းများနှင့် ပြည်သူများကလည်း တန်ဖိုးနည်းဖုန်းများ ရရှိရေးကို လိုလားလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ မိုဘိုင်းဖုန်း (CDMA) ဖမ်းယူလွှင့်ထုတ်စက်အသစ် လဲလှယ် တပ်ဆင်ပေးရန် အစီအစဉ် ရှိ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုကြောင်းနှင့် တန်ဖိုးနည်း GSM ဖုန်းများကိုလည်း မည်သည့်အချိန်တွင် မည်မျှချပေးမည်ဆိုသည်ကို သိရှိလိုကြောင်း တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

D/real(wide) (2

အိမ်ထောင်စု (၄၃)စု၊ ကျား (၁၃၈)ဦး၊ မ(၁၁၉)ဦး စုစုပေါင်း (၂၅၇)ဦးအား တစ်ဦးချင်းသော်လည်းကောင်း၊ တစ်အိမ်ထောင်ချင်းသော်လည်းကောင်း၊ တိုးတက်ဖွံ့ဖြိုးရန်အတွက် ပြည်နယ်အစိုးရမှ ပစ္စည်း သို့မဟုတ် ငွေကြေးများ ထောက်ပံ့ပေးရန် ရှိ/မရှိ၊ သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်၏ စစ်ဘေးဒုက္ခသည်အဖြစ် ပြန်လည်ရောက်ရှိလာသော ဇာတိရွာသားများ တိုးတက်ဖွံ့ဖြိုးမှုအတွက် ထောက်ပံ့ကူညီပေးရန် ရှိ မရှိ သိရှိလိုပါသည် ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ပယ်ဖျက်ထားသော မိုင်းပန်မြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ နမ့်တောင်းကျေးရွာသည် မိုင်းပန်မြို့ အရှေ့တောင်ဘက်အရပ် (၁၉)မိုင်အကွာတွင် တည်ရှိပြီး ကွင်းဆင်းစစ်ဆေးရာတွင် မိုးကာတဲ (၂)လုံးဖြင့် ယာယီဆောက်လုပ်နေထိုင်သော အိမ်ထောင်စု (၇)စုတွင် ကျား(၉)ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၁၁)ဦး ရှိပါသည်။ တောင်ကိုင်း(မ)ရွာသည် မိုင်းပန်မြို့နှင့် (၆)မိုင်၊ (၇)ဖာလုံအကွာတွင် တည်ရှိပြီး ကွင်းဆင်းစစ်ဆေးရာတွင် မိုးကာယာယီတဲ(၆)တဲဖြင့် အိမ်ထောင်စု (၁၀)စု၊ ကျား(၁၁)ဦး၊ မ(၆)ဦး စုစုပေါင်း (၁၇)ဦး နေထိုင်လျက် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယင်းအိမ်ထောင်စုများတွင် မိုင်းပန်မြို့နယ်အတွင်းရှိ မူလနေထိုင်သူများနှင့် နယ်စပ်ဒေသမှ ဝင်ရောက်နေထိုင်သူများ ပါဝင်ပါသည်။

ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဥပဒေကြမ်းကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမောင်မောင်၊ ရှမ်းပြည်နယ်ဥပဒေချုပ်။ မဂ်လာပါခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို တက်ရောက်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်အပါအဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထား၍ တက်ရောက် ကြသော ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။ ဤဥပဒေမှာ အခန်း(၇)ခန်း ပါရှိပြီး ပုဒ်မပေါင်း (၂၂)ခုပါရှိပါတယ်။ ဤဥပဒေ၏ ထူးခြားချက်မှာ အချက်(၂)ချက် ရှိပါတယ်။ ပထမအချက်မှာ စီမံခန့်ခွဲပေးသည့် ဝန်ကြီးဌာနမပါဝင်ပါ။ ဒုတိယအချက်မှာ တားမြစ်ချက်၊ ပြစ်ဒဏ်၊ ပြစ်မှုပိုင်းဆိုင်ရာ မပါဝင်ပါ။

ဥပဒေတွင် အခန်း(၁)မှာ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များ၊ အခန်း(၄) ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်ခြင်းဆိုင်ရာ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ အခန်း(၅) ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်နိုင်ရေးအတွက် စိစစ်ထောက်ခံတင်ပြခြင်း၊ အခန်း(၆)

D/real(wide) (2

ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအတွက် ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် အခန်း(၇) အထွေထွေအပိုင်းပဲဖြစ်ပါတယ်။

ဆုချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းမှာ အဓိကအဓိပ္ပာယ် ဖော်ပြရန်လိုတဲ့ အချက်(၂)ချက် ရှိပါတယ်။ ၂(ငါ)မှ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ၂(စ)မှ ဂုဏ်ထူးဆောင်ဆုပစ္စည်း တို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါတယ်။

ပုဒ်မ ၃ တွင် ရည်ရွယ်ချက် (၃)ရပ် ဖြင့် တင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို ပြဋ္ဌာန်းထားပါတယ်။ ဤဥပဒေတွင် ဆုချီးမြှင့်မည့် ကဏ္ဍများကို ခွဲခြားသတ်မှတ်ထားပါတယ်။ စီမံခန့်ခွဲရေးဆိုင်ရာ ကဏ္ဍ၊ လုံခြုံရေးနှင့် တရားဥပဒေဆိုင်ရာကဏ္ဍ၊ စီးပွားရေးဆိုင်ရာ ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကဏ္ဍ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကဏ္ဍ၊ လူမှုရေးဆိုင်ရာကဏ္ဍတို့ ဖြစ်ပါတယ်။

လူမှုရေးဆိုင်ရာကဏ္ဍမှာ ကျယ်ပြန့်ပါတယ်။ (၁၀)ခန်း စုစည်းတင်ပြထားပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘဏ္ဍာရေး၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ သုခုမအနုပညာ၊ အတတ်ပညာ၊ လက်မှုပညာနှင့် အားကစားကဏ္ဍတွေကို လူမှုရေးကဏ္ဍမှာ ထည့်သွင်းဖော်ပြထားပါတယ်။

သုတေသနဆိုင်ရာကဏ္ဍမှာ ကဏ္ဍ(၇)ခုကို ဆုပေးရန် သတ်မှတ်ချက်များ တင်ပြထားပါတယ်။ ၄င်းကဏ္ဍများမှာ မည်သို့သော အရည်အချင်းနှင့် ပြည့်စုံရမည်ဆိုသည်ကို ပုဒ်မ (၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀)တို့မှာ အသီးသီးပြဋ္ဌာန်းထားပါတယ်။ ဂုဏ်ထူးဆောင်လက်မှတ်များကို ကဏ္ဍ(၇)ခုအပြင် အခြားကဏ္ဍတွင် ဆုပေးရန်လိုအပ်လျှင်လည်း ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အရည်အချင်းများသတ်မှတ်ပြီး ပေးနိုင်သည်ဟု ပုဒ်မ ၁၁ တွင် တင်ပြထားပါတယ်။

အိမ်ထောင်ဦးစီးတစ်ဦးတည်းမှ လာရောက်၍ အလုပ်အကိုင်အတွက် မူလရွာဟောင်း လယ်ယာမြေများ ရှင်းလင်းခြင်း၊ နေထိုင်ရန်အတွက် ခြံများ ရှင်းလင်းနေဆဲဖြစ်ပြီး လောလောဆယ် အိမ်အခိုင်အမာ ဆောက်လုပ်ခြင်း၊ မိသားစုဝင်များ အပြည့်အဝ ရောက်ရှိ လာခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။

အိမ်ရာများ ဆောက်လုပ်ပြီး မိသားစုဝင်များ အတည်တကျ လာရောက်နေထိုင်ပါက ၄င်းပယ်ဖျက်ထားသော တောင်ကိုင်း ကျေးရွာအုပ်စုရှိ နမ့်တောင်းကျေးရွာနှင့် တောင်ကိုင်း(မ)ရွာပျက် များအား ပြည်ထဲရေးအမည်ပေါက်ရရှိရန် အမှုတွဲ တည်ဆောက် ဆောင်ရွက်သွားမည် ဖြစ်ပြီး ၄င်းကျေးရွာ၏ လူမှုရေး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းပြီး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့

D/real(wide) (3

ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ အဆင့်သတ်မှတ်ရာတွင် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယ အဆင့်ဆိုပြီး သတ်မှတ်ပါတယ်။ ဒီတစ်နှစ်တွင် ပထမအဆင့် မဟုတ်ပဲ ဒုတိယအဆင့် ပေးလျှင်လဲ ရပါတယ်။ အဆင့်(၃)ခုလုံးကို တစ်ပြိုင်တည်းပေးလျှင်လဲ ရပါတယ်။ ပုဒ်မ ၁၂ မှာ ပြဋ္ဌာန်းထား ပါတယ်။

ပုဒ်မ ၁၃ တွင် (၁)ကြိမ် ရရှိပြီးသူကို၊ နောက်တစ်ကြိမ်လည်း စွမ်းဆောင်ရည်ပေါ်မူတည်ပြီး ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ၄င်းကိစ္စများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများ ထည့်သွင်းပြဋ္ဌာန်း ထားခြင်း မရှိသော်လည်း ဂုဏ်ထူးဆောင်ဆုတံဆိပ်ဆိုင်ရာများ စိစစ်ရေးကော်မတီကို ပုဒ်မ ၁၄ မှာ ဖွဲ့စည်းထားပါတယ်။ ပြည်နယ် လူမှုရေး ဝန်ကြီးက ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်များက အဖွဲ့ဝင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက အတွင်းရေးမှူးဆိုပြီး ဖွဲ့စည်းထားပါတယ်။ စိစစ်ရေးကော်မတီရဲ့ လုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်ချက်များကို ပုဒ်မ (၁၅)မှာ ပြဋ္ဌာန်းထားပါတယ်။ ၁၅ (က)မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရက ချီးမြှင့်အပ်နှင်းသော ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှု မရှိစေဘဲဟု ပြဋ္ဌာန်းထားတဲ့အတွက် ၁၉၇၈ ခုနှစ်မှာ နိုင်ငံတော်ကောင်စီက ဂုဏ်ထူးဆောင် တံဆိပ် ဆိုင်ရာ ညွှန်ကြားချက်များ ရှိပါတယ်။

ပညာရပ်ဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များနှင့် ချီးမြှင့်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၀၁ ခုနှစ်မှာ ပြဋ္ဌာန်းထား ပါတယ်။ ဤပြဋ္ဌာန်းချက်များကို ကျော်လွန်ခြင်းမရှိစေပဲ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးမှ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပါတယ်။ အစိုးရအဖွဲ့မှ ပြည်နယ်ဥပဒေချုပ်ထံ စိစစ်ရန် ထပ်ဆင့်တင်ပြပါတယ်။ ပြည်နယ်ဥပဒေချုပ်မှ ထပ်မံစိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပါတယ်။ ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ပြီး ပြည်နယ် လွှတ်တော်သို့ တင်သွင်းပါတယ်။ ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာတွင် လုပ်ငန်း(၂)ခု ဆောင်ရွက်ပါတယ်။ ပထမလုပ်ငန်းမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ ပေးပို့ပါတယ်။ ဒုတိယလုပ်ငန်းမှာ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဥပဒေကြမ်း ကို လေ့လာစိစစ်ဆွေးနွေးရန် ပေးပို့ပါတယ်။ ကော်မတီ၏ စိစစ်တွေ့ရှိချက်များကို လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးပြီးမှ ပြည်နယ်လွှတ်တော်မှ ဥပဒေအဖြစ်ပြဋ္ဌာန်းပါတယ်။

ထိုသို့ပြဋ္ဌာန်းရာတွင် လိုအပ်ချက် (၃)ချက် တွေ့ရှိရ ပါတယ်။

(၁) သက်ဆိုင်ရာဥပဒေကို စီမံခန့်ခွဲသည့် ဌာန အနေဖြင့် ညှိနှိုင်းဆောင်ရွက်မှု အားနည်းနေခြင်း၊

(၂) တင်သွင်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးအကြံပြုရန် လိုအပ်ခြင်း၊

(၃) ပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းသည့် ဥပဒေများနှင့် စပ်လျဉ်းပြီး ဌာနဆိုင်ရာများ ပြည်သူများ လိုက်နာ ကျင့်သုံးလာစေရေး ပညာပေးခြင်း။

ဥပဒေများကို ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးပါက ဖြန့်ဝေခြင်း၊ ရောင်းချခြင်းများ ပြုလုပ်ရန်လိုအပ်ကြောင်း အဓိကအစိတ်အပိုင်း အနေဖြင့် တင်ပြလိုပါတယ်။ ဥပဒေများကို လေ့လာရာတွင်

D/real(wide) (3

ထို့သို့ဆောင်ရွက်တဲ့အခါ စိစစ်ပြီး အစိုးရအဖွဲ့သို့ မိမိ၏ သဘောထားမှတ်ချက် နှင့်အတူ အမှုတွဲ တစ်ခုချင်းစီအလိုက် ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ပုဒ်မ ၁၅ (ခ)မှာ အစိုးရဝန်ထမ်းများနှင့် တပ်မတော်သားများအတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ (ဂ)မှာ ပြင်ပပုဂ္ဂိုလ်များအတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

ထောက်ခံတင်ပြခြင်းတွင် နောက်ဆက်တွဲပုံစံ (၁၂၂၃) ခု ပြဋ္ဌာန်းထားပါတယ်။ အစိုးရဝန်ထမ်းများအတွက် သက်ဆိုင်ရာ ကြီးကြပ်သူအရာရှိအဆင့်ဆင့်က သတ်မှတ်ပုံစံ (၁)တွင် အကျိုးအကြောင်းပြည့်စုံစွာ စိစစ်ဖော်ပြလျက် ထောက်ခံတင်ပြရ ပါတယ်။ တပ်မတော်သားများအတွက် ပုံစံ (၂)သတ်မှတ်ထား ပါတယ်။ ပြင်ပပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် ပုံစံ(၃)ကို သတ်မှတ်ပေးထားပါတယ်။

ဆုချီးမြှင့်ပေးခြင်းများအတွက် ဘဏ္ဍာငွေများကို အစိုးရအဖွဲ့က သတ်မှတ်သည့်အတိုင်း ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် ပုဒ်မ ၁၈ တွင် ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၉ တွင် အဖွဲ့အစည်းများ ပုဂ္ဂိုလ်များက ငွေနှင့် ဆုပစ္စည်းများ လှူဒါန်းလိုပါက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိစစ်ရေးကော်မတီက လက်ခံပြီး စီမံခန့်ခွဲနိုင်ကြောင်း ပြဋ္ဌာန်းထား ပါတယ်။

ပုဒ်မ ၂၀ တွင် ဆုချီးမြှင့်နိုင်ရန် အချိန်ကာလနှင့် ချီးမြှင့်ရမည့် နေ့ရက်ကို လိုအပ်သလို သတ်မှတ်နိုင်ရန် ပြဋ္ဌာန်းထားပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား (၃)နှစ်အတွေ့အကြုံအရ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး တင်ပြလိုပါတယ်။ ဥပဒေကြမ်းရေးဆွဲသည့် သက်ဆိုင်ရာ ပြည်နယ်ဦးစီးဌာနမှ

ပြည်ထောင်စုလွှတ်တော်ကပင် အဆင့်ဆင့်စိစစ်ပြီး ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သော်လည်း လိုအပ်ချက်များ ဖြစ်ပေါ်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ဒါကြောင့် လွှတ်တော်က ပြဋ္ဌာန်းရာတွင် အဆင့်ဆင့် စစ်ဆေးပေးရန်နှင့် အဆင့်ဆင့် စစ်ဆေးသည့်အတွက် အမှားအယွင်းနည်းပြီး အကောင်အထည်ဖော်ရာတွင် ပြည့်ပြည့်စုံစုံဖြစ်သည်ကို ဥပမာဖြင့် တင်ပြလိုပါတယ်။ ပုံစံအားဖြင့် အကြောင်းအရာပိုင်း လိုအပ်ချက်ဖြစ်ပါတယ်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို (၂၄-၂-၂၀၁၂)ခုနှစ်က ပြဋ္ဌာန်းခဲ့ပါတယ်။ ပြဋ္ဌာန်းပြီး တစ်လကျော်ကျော်မှာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပြဋ္ဌာန်းပါတယ်။ အဓမ္မ စေခိုင်းခြင်းဆိုင်ရာပြဋ္ဌာန်းချက် (**Force Labour**)မပါဝင် ခဲ့ခြင်းကြောင်း ဖြစ်ပါတယ်။ (**Force Labour**)ဟာ ၁၉၉၀ ခုနှစ်မှာ အဓမ္မစေခိုင်းခြင်းကို အသံတွေဆူပွက်နေတဲ့ ကာလ ဖြစ်ပါတယ်။ ဒီကာလမှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ (**Village Act**) **Act**ကို ပြင်ဆင်ဖို့ ဝန်ကြီးဌာနက ပြင်ပါတယ်။ (**Act**) ဆိုသည်မှာ အထူးဥပဒေဖြစ်သည့်အတွက် ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် လွှမ်းမိုးခြင်း မပြုနိုင်ပါ။ (**Act**)ဆိုသော စကားသည် ၁၉၆၂ ခုနှစ် ရှေ့ပိုင်းကာလတွင် သုံးပါတယ်။ ၁၉၆၅ ခုနှစ် နောက်ပိုင်းတွင် ဥပဒေဆိုပြီး သုံးပါတယ်။

နောက်တစ်ချက်မှာ ရေးထုံးမှားတဲ့ အပိုင်းဖြစ်ပါတယ်။ (၂-၁၁-၂၀၁၂)ရက်နေ့က ပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ပြည်ထောင်စုဥပဒေအမှတ် ၂၁/၂၀၁၂ ဖြစ်ပါတယ်။ ပုဒ်မ ၅၆ ကို ရည်ညွှန်းပြီး တင်ပြလိုပါတယ်။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

D/real(wide) (3

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ဤဥပဒေအတည်ပြုသောနေ့မှ ရက်ပေါင်း (၉၀)အတွင်း ထုတ်ပြန်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

တင်ပြလိုသည်မှာ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ရက်ပေါင်း(၉၀)အတွင်းထုတ်ပြန်သည်မှာ မှန်သော်လည်း အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များမှာ လတ်တလော ဖြစ်ပေါ်လာသည့်ကိစ္စများကို ဆောင်ရွက်ရသည်ဖြစ်၍ ရက်ပေါင်း (၉၀) ကျော်လွန်ပြီးမှ ပြဋ္ဌာန်းပါက ဤဥပဒေနှင့် အကျုံးမဝင်တော့သည့် သဘောသက်ရောက်သွားပါတယ်။ ဝန်ကြီးဌာနနှင့် ကော်မရှင်သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဆိုလျှင် ပြည့်စုံပါပြီ။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဥပဒေကို သိရှိနားလည်ခြင်းနှင့် ဥပဒေကို လေးစားလိုက်နာခြင်းကို တင်ပြလိုပါတယ်။ အသိပညာ၊ အသိဉာဏ်နှင့် အသိတရားဆိုသည်မှာ ပထမရယူဖို့ ဖြစ်ပါတယ်။ အနှစ်သာရဆိုတာ ရယူထားတဲ့ အသိပညာ၊ အသိဉာဏ်နှင့် အသိတရားကို ပြန်လည်အသုံးချခြင်း ဖြစ်ပါတယ်။ နားလည်ပြီးမလိုက်နာလျှင် အသိတရားမဟုတ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉)ရက် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၄) ရက် [တနင်္လာနေ့] နေ့လည်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လည်ပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

D/real(wide) (3

ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီ အဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်း ဖွဲ့စည်းပုံအသစ် (မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန် ” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင်က အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ယခုကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီ အဖွဲ့ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဖွဲ့စည်းပုံအသစ် (မူကြမ်း)ကို အဆိုပြုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး ကျင်းပမဲ့ အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် ရှိပါက ဆွေးနွေးမည့်အချက်များကို လွှတ်တော်ရုံးသို့ (၃၀-၄-၂၀၁၄)ရက်နေ့ အရောက် ပေးပို့ကြဖို့ အသိပေး ပြောကြားအပ်ပါတယ်။ ယခု နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ မိနစ် (၃၀)ခန့် ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျာ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁၃၃၀)အချိန်တွင် ပြန်လည်စတင်မှာဖြစ်ပါတယ်ခင်ဗျာ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ (၃၀-၉-၂၀၁၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၃)ဖြင့် လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ဌာနနှင့် အမျိုးသားလွှတ်တော်ဌာနတို့ကို ရုပ်သိမ်းပြီး ပြည်သူ့လွှတ်တော်ရုံးဖွဲ့စည်းပုံကို အရာထမ်း (၄၀၆)ဦး၊ အမှုထမ်း (၁၂၃၅)ဦး၊ စုစုပေါင်း (၁၆၄၁)ဦးဖြင့် လည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံးဖွဲ့စည်းပုံကို အရာထမ်း (၂၇၃)ဦး၊ အမှုထမ်း (၇၈၀)ဦး၊ စုစုပေါင်း (၁၀၅၃)ဦးဖြင့် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ တဖန်လွှတ်တော်ရုံး၏ (၂၇-၁-၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂/၂၀၁၄)ဖြင့် ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှု ကိစ္စအဝဝကို ဆောင်ရွက်လျက်ရှိပြီး လက်ရှိလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံကို ရုပ်သိမ်းပြီး ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံကို အရာထမ်း (၁၂၁)ဦး၊ အမှုထမ်း (၄၆၉)ဦး၊ စုစုပေါင်း (၅၉၀)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ (၆-၈-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇၉ တွင် လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်း အပြန်အလှန်ထိန်းကျောင်းကူညီ ဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းတည်ထောင်ရမည်ဟု ဖော်ပြထား ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်က ရုံးအကြီးအမှူးအဖြစ် ဆောင်ရွက်လျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံး

(၆)	ဒုဦးစီးမှူး	၈ ဦး
(၇)	ဌာနခွဲစာရေးကြီး	၈ ဦး
(၈)	အကြီးတန်းစာရေး	၁၆ ဦး
(၉)	အငယ်တန်းစာရေး	၃၂ ဦး
(၁၀)	ယာဉ်မောင်း	၂၀ ဦး
(၁၁)	ရုံးအကူ/စာပို့	၆ ဦး
(၁၂)	သန့်ရှင်းရေး	၃ ဦး
(၁၃)	ရုံးစောင့်	၃ ဦး
(၁၄)	ဥယျာဉ်မှူး	၂ ဦး
	အမှုထမ်းစုစုပေါင်း	၉၈ ဦး
	အရာထမ်း+အမှုထမ်း	၁၁၄ ဦး

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းမှုကို မူသဘောအရ (၁၁၄)ဦး အတည်ပြုပြီး လုပ်ငန်းလိုအပ်ချက်အရ (၁၁၄)ဦး ဖွဲ့စည်းပုံအတွင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံအသစ် (မူကြမ်း)ကို အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံဆွေးနွေးမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

D/real(wide) (3

ဦးစိုင်းဘဦး၊ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်ကတော့ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦးဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်တင်သွင်းသွားတဲ့ "ရှမ်းပြည်နယ် လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံအသစ် (မူကြမ်း)"အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးမြင့်စိုးနိုင် တင်သွင်းသွားသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ရုံး

D/real(wide) (3

ဝန်ထမ်းဖွဲ့စည်းပုံ အသစ်ကို မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၏ သဘောတူညီချက်ရယူကာ နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ရန် ညှိနှိုင်းထားကြောင်း သိရှိရပါတယ်။ (၁၂-၁၁-၂၀၁၃) ရက်နေ့တွင် ပြုလုပ်တဲ့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU)အစည်းအဝေး (၄/၂၀၁၃)၏ ဆုံးဖြတ်ချက် အပိုဒ်(က)နှင့် (ဃ)တို့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံကို အရာထမ်း (၁၆)ဦး၊ အမှုထမ်း(၉၈)ဦး၊ စုစုပေါင်း (၁၁၄)ဦးကို အခြေခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အောက်ပါ ရာခိုင်နှုန်းအဖွဲ့ဖွဲ့စည်းရာ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံ အခြေပြဇယားတွင် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ရန် ညှိနှိုင်းခဲ့ကြပါတယ်-

- စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ တိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်တို့တွင် (၁၁၄)ဦး၏ ၁၀၀%ဖြစ်သော ၁၁၄ ဦး
- ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် ပြည်နယ်တို့နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၁၁၄)ဦး၏ ၇၅% ဖြစ်သော ၈၅ ဦး

အသီးသီးဖြစ်ကြပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဖွဲ့စည်းပုံအသစ်(မူကြမ်း)မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁)	ဒုတိယညွှန်ကြားရေးမှူးချုပ်	၁ ဦး
(၂)	ညွှန်ကြားရေးမှူး	၁ ဦး
(၃)	ဒုတိယညွှန်ကြားရေးမှူး	၂ ဦး
(၄)	လက်ထောက်ညွှန်ကြားရေးမှူး	၄ ဦး
(၅)	ဦးစီးအရာရှိ	၈ ဦး
	အရာထမ်းစုစုပေါင်း	၁၆ ဦး

ဥပဒေ(မူကြမ်း)ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တင်သွင်းခြင်း ဖြစ်ပါတယ်။

အခန်း(၁) အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ပါဝင်သော ပုဒ်မများ၊ ရှင်းလင်းချက်များသည် ပုဒ်မ ၂၁ ခုတွင် ပါဝင်သည့် အချက်များဖြစ်ပြီး အဓိပ္ပာယ်ရှင်းလင်းချက်ကို ကြည့်ခြင်းအားဖြင့် ရှင်းလင်းစွာ မြင်ရမှာ ဖြစ်ပါတယ်။ အခန်း(၁)တွင် ပုဒ်မ ၃ ခု၊ ပုဒ်မခွဲ (၉)ခုပါဝင်ပါတယ်။

အခန်း(၂) ဦးတည်ချက်တွင် ပုဒ်မ ၁ ခု၊ ပုဒ်မခွဲ (၇)ခု ပါဝင်ပါတယ်။

အခန်း(၃) စီမံကိန်းလျာထားချက် ပုဒ်မ-၆ တွင် ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခန်း(၄) ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်တွင်

ပုဒ်မ-၇ လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၂)ရပ်နှင့် ရည်မှန်းချက် (၈)ခု၊ လုပ်ငန်းစဉ် (၆)ခု၊

ပုဒ်မ-၈ သားငါးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၃)ရပ်၊ ရည်မှန်းချက် (၁)ခု၊ လုပ်ငန်းစဉ် (၄)ခု၊

ပုဒ်မ-၉ သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၂)ခု၊ လုပ်ငန်းစဉ် (၅)ခု

ဝန်ထမ်း ဖွဲ့စည်းပုံအသစ် (မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန်”အဆို ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

၄င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။ **(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဦးမြင့်စိုးနိုင်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင် တင်သွင်းတဲ့ အဆိုကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ် အနေဖြင့် အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယဧည့်ခန်းကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍

D/real(wide) (3

ပုဒ်မ-၁၀	စွမ်းအင်ကဏ္ဍအနေနှင့် ရည်မှန်းထားခြင်း မရှိပါ။
ပုဒ်မ-၁၁	သတ္တုနှင့် တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၂)ရပ်၊ ရည်မှန်းချက် (၃)ခု၊ လုပ်ငန်းစဉ် (၃)ခု၊
ပုဒ်မ-၁၂	စက်မှုလက်မှုနှင့်စပ်လျဉ်း၍ မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၂)ခု၊ လုပ်ငန်းစဉ် (၅)ခု
ပုဒ်မ-၁၃	လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၃)ရပ်၊ ရည်မှန်းချက် (၁)ခု၊ လုပ်ငန်းစဉ် (၂)ခု၊
ပုဒ်မ-၁၄	ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ(၂)ရပ်၊ ရည်မှန်းချက် (၃)ခု၊ လုပ်ငန်းစဉ် (၃)ခု
ပုဒ်မ-၁၅	ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၃)ရပ်၊ ရည်မှန်းချက် (၂)ခု၊ လုပ်ငန်းစဉ် (၃)ခု
ပုဒ်မ-၁၆	ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၂)ခု၊ လုပ်ငန်းစဉ် (၅)ခု
ပုဒ်မ-၁၇	ဌေးရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၁)ရပ်၊ ရည်မှန်းချက် (၁)ခု၊ လုပ်ငန်းစဉ် (၂)ခု
ပုဒ်မ-၁၈	လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၁၀)ရပ်၊ ရည်မှန်းချက် (၁)ခု

သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျာ။ ယနေ့ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ရှမ်းပြည်နယ်လွှတ်တော် ပထမအကြိမ် နဝမပုံမှန်အစည်းအဝေးကို တက်ရောက် လာကြပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွှန့် ဖြစ်ပါတယ်။ ယနေ့ ရှမ်းပြည်နယ်လွှတ်တော်သို့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)ကို ရှင်းလင်းတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အဆိုပါဥပဒေ(မူကြမ်း)မှာ အခန်း(၅)ခန်းပါဝင်ပြီး ပုဒ်မ (၂၁)ခု၊ စာမျက်နှာ (၁၇)ပါဝင်ပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ အချိန်ကို တန်ဖိုးထားလေးစားသောအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ အချိန်တိုအတွင်း သိရှိနိုင်ရန်အတွက် အရေးကြီးသော အခန်း၊ ပုဒ်မများကိုသာ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပြီး ကျန်ရှိသော ပုဒ်မများကို ဥပဒေ(မူကြမ်း)စာအုပ်များ ဖြန့်ဝေပြီး ဖြစ်သည့်အတွက် ဆက်လက်လေ့လာပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်နိုင်ပါရန် တင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)တွင် ပုဒ်မ-၁ကို ဦးစွာ တင်ပြသွားမှာဖြစ်ပါတယ်။ ပုဒ်မ-၁ တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့် ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း

D/real(wide) (3

ပုဒ်မ-၁၉	ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၃)ရပ်၊ ရည်မှန်းချက် (၁)ခု၊
ပုဒ်မ-၂၀	ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ (၂)ရပ်၊ ရည်မှန်းချက် (၁)ချက် အသီးသီးပါဝင်ပါတယ်။

ထိုသို့တွက်ချက်ရာတွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်ဆိုပြီး တွက်ချက်ရပါတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အသိပေးအပ်ပါတယ်။

အခန်း(၅) အထွေထွေတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်သည် ဆိုပြီး ပုဒ်မ-၂၁ ကို တင်ပြထားခြင်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအား အလျဉ်းသင့်တုန်း တင်ပြလိုသည်မှာ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနသည် ဒေသတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကိန်းဂဏာန်းအချက်အလက် များနှင့် အကြောင်းအရာများကို စုစည်းပြီး အထက်အဆင့်ဆင့်သို့ တင်ပြပေးရတဲ့ ဌာနပဲ ဖြစ်ပါတယ်။ အမှန်တကယ်စီမံကိန်းရေးဆွဲရာတွင် အဓိက တာဝန်ရှိသူများသည် လွှတ်တော်ကိုယ်စားလှယ်များသာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မိမိတို့ဒေသ၏ ပြည်သူဗဟိုပြု စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲရာတွင် ပြည်သူတွေနှင့် ထိတွေ့မှုရှိတဲ့ တစ်နည်းအားဖြင့် ပြည်သူတွေရဲ့ဆန္ဒကို အနီးကပ်သိရှိသူတွေကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများပဲ

ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ပြည်နယ်လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းဆိုင်ရာ အစီရင်ခံစာအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြ ပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်နေတဲ့ မြန်မာတနိုင်ငံလုံးမှာရှိတဲ့ လမ်းမိုင်ပါင်း (၂၄၀၀၀) ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းတွင် မိုင်ပေါင်း (၆၀၀၀)ပါဝင်နေပြီး (၂၇) ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက် ခဲ့တဲ့ လမ်းတံတားများ စာရင်းချုပ်ကို လွှတ်တော်ကိုယ်စားလှယ်များ အားလုံး အသီးသီးသိရှိနိုင်ရန် ရရှိတဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက် ခဲ့သည်များကို CD ခွေဖြင့် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ် အတွင်းမှာ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းတံတားများ၊

D/real(wide) (3

ရှမ်းပြည်နယ်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်းတံတားများဆိုင်ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာငွေ ရရှိထားမှုနှင့် ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

တောင်ကြီးခရိုင်အတွင်းမှာ (၃၂၅၉)စင်း၊ လွိုင်လင်ခရိုင်အတွင်းမှာ (၂၀၇၂)စင်း၊ လင်းခေးရိုင်အတွင်းမှာ (၆၉၄)စင်း၊ စုစုပေါင်း (၆၀၂၅)စင်း ရှိကြောင်း တင်ပြအပ်ပါတယ်။ တောင်ကြီးဒေသတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကတ္တရာသုံးစွဲမှုမှာ ပြည်ထောင်စုမှ (၂၇၂၉)တန်ဖြစ်ပြီး ပြည်နယ်အနေဖြင့် (၅၉၆၄)တန် စုစုပေါင်း (၈၆၉၃)တန် သုံးစွဲခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ရရှိမှု စာရင်းချုပ်မှာ ပြည်ထောင်စုစီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့ လမ်းတံတားအတွက် ကျပ်သန်းပေါင်း (၃၉၄၅၊ ၀၃၅)သန်း၊ ပြည်နယ်အတွက် ကျပ်သန်းပေါင်း (၃၀၃၅၄၊ ၇၃၂)ရရှိပြီး စုစုပေါင်း ကျပ်သန်းပေါင်း (၄၅၉၄၈၊ ၂၄၇)သန်း ဖြစ်ပါတယ်။

လားရှိုးဒေသတွင် ပြည်ထောင်စုနှင့် ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့် ရှိသောလမ်းမှာ (၆၉)လမ်း ရှိပါတယ်။ ကျောက်မဲခရိုင်တွင် တံတား (၂၆၃၄)စင်း၊ လားရှိုးခရိုင်တွင် (၁၅၃၃)စင်း၊ မူဆယ်ခရိုင်တွင် (၁၅၃၂)စင်း၊ ကွမ်းလုံခရိုင်တွင် (၃၃၆)စင်း၊ လောက်ကိုင်ခရိုင်တွင် (၁၂၁)စင်း၊ ဟိုပန်ခရိုင်တွင် (၁၂၇)စင်း စုစုပေါင်း လားရှိုးဒေသတွင် (၆၂၈၃)စင်း ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ကတ္တရာသုံးစွဲမှုအနေနဲ့ ပြည်ထောင်စုမှ (၁၂၁၀)တန်၊ ပြည်နယ်မှ (၂၀၉၄)တန် စုစုပေါင်း (၃၃၀၄)တန် သုံးစွဲခဲ့ပါတယ်။ ပြည်ထောင်စုအနေဖြင့် ရန်ပုံငွေ (၉၀၅၁၂၊ ၇၅၂)သန်း ရရှိပါတယ်။ လားရှိုးဒေသတစ်ခုလုံး အတွက် ရန်ပုံငွေ ကျပ်သန်းပေါင်း (၁၇၉၇၆၊ ၈၂၁)သန်း ရရှိပါတယ်။

ကျိုင်းတုံဒေသရှိ တျိုင်းတုံခရိုင်တွင် တံတား (၈၂၉)စင်း၊ မိုင်းဖြတ်ခရိုင်တွင် (၃၂၉)စင်း၊ တာချီလိတ်ခရိုင်တွင် (၁၄၈)စင်း၊ မိုင်းဆတ်ခရိုင်တွင် (၃၈၀)စင်း၊ လေယာဉ်ကွင်းအထူးအဖွဲ့မှ

D/real(wide) (4

ဖြစ်တယ်လို့ ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ အစိုးရသစ်လက်ထက်မှာ ယခင်ရေးဆွဲခဲ့တဲ့စီမံကိန်းများကို Top Down စနစ်ဖြင့် ရေးဆွဲထားခြင်းမျိုးမဟုတ်ပဲ ပြည်သူတွေလိုလားတဲ့ ဆန္ဒနှင့်အညီ Bottom Up စနစ်ကို ပြောင်းလဲကျင့်သုံးလာပြီ ဖြစ်ပါတယ်။ မိမိဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိကိုယ်တိုင် အောက်ခြေပြည်သူများနှင့် ထိတွေ့ပြီး ပြည်သူများရဲ့ ဆန္ဒကို ထင်သာမြင်သာရှိလာအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် လွှတ်တော်ကိုယ်စားလှယ် များက ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးမှသာ ပြည်သူတွေရဲ့ အမှန်တကယ် အကျိုးရှိမဲ့ ရလဒ်ကောင်းများ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်မှာ ရှိတဲ့ စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်၊ မတ်လ (၂၆)ရက်နေ့မှာ ဆွေးနွေးပါမယ်။

ဆောင်ရွက်သည့် တံတား (၄၈၆)စင်း၊ စုစုပေါင်း ကျိုင်းတုံဒေသတွင် တံတား (၂၁၇၂)စင်း ရှိပါတယ်။ ကတ္တရာသုံးစွဲမှုအနေဖြင့် ပြည်ထောင်စုမှ ရရှိတဲ့ ရန်ပုံငွေဖြင့် (၃၃၈)တန် သုံးစွဲပြီး ပြည်နယ်မှ (၁၄၈၂)တန် စုစုပေါင်း (၁၈၂၀)တန် သုံးစွဲခဲ့ပါတယ်။ ကျိုင်းတုံဒေသသည် တောင်ကြီးနှင့် လားရှိုးဒေသတို့ထက် ကတ္တရာသုံးစွဲမှုနည်းပါးရခြင်းမှာ မြေလမ်းများကို ပြုပြင်ရာတွင် ကတ္တရာ ချက်ချင်းအသုံးပြု၍ မရသောကြောင့် ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်တွင် ကျိုင်းတုံဒေသ၌ ရန်ပုံငွေရရှိမှုမှာ ပြည်ထောင်စုမှ ကျပ်သန်းပေါင်း(၁၅၇၅. ၄၇)သန်း၊ ပြည်နယ်အနေနဲ့ ကျပ်သန်းပေါင်း (၁၉၇၆၈. ၂၅၈)သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း (၂၆၂၀၈. ၈၀၄)သန်း ရရှိပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈ (ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်သောလုပ်ငန်းကို ရှမ်းပြည်နယ်လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ အင်္ဂါနေ့

ရှမ်းပြည်နယ် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက် ၂၀၁၄ ခုနှစ်၊ မတ်လ(၂၅)ရက် (အင်္ဂါနေ့)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးမြင့်အောင်၊ အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

D/real(wide) (4

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ် သို့ ကြွရောက်နေရာ ယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၂) ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၆ ဒသမ ၄၃)ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က) နှင့်ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၄)၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (4

ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ) အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော် လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့အတွက်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးစိုင်းညွန့်ဝင်း၊မိုင်းဖြတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ

ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ၊ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူပါသည်)

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားမှာဖြစ်ပါတယ်။

D/real(wide) (4

ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို ယခုလွှတ်တော် ကိုယ်စားလှယ် (၆)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ တာဝန်ရှိ ပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ အာခါတိုင်းရင်းသား ကိုယ်စားလှယ်ဦးပီတာသောင်းစိန်က မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးပီတာသောင်းစိန်၊ အာခါတိုင်းရင်းသားကိုယ်စားလှယ်။ အားလုံးမင်္ဂလာပါခင်ဗျား၊ လေးစားအပ်တဲ့ ရှမ်းပြည်နယ် ဒုတိယဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး လိုအင်ဆန္ဒ တလုံးတဝကြီး ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အာခါတိုင်းရင်းသားကိုယ်စားလှယ် ဦးပီတာသောင်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ မြေစာရင်းဌာန ဝန်ထမ်းအချို့ရဲ့ မရိုးသားမှုကြောင့် ကျေးလက်တောရွာနေစာမတက်၊ လူရည်မလည်သော၊ တောင်သူတစ်ဦးလုပ်ကိုင်နေတဲ့ အလျားပေ (၆၀၀)၊ အနံပေ (၄၀၀)ရှိတဲ့ ခြံ၊ မြေကွက်ပေါ်သို့ နေအိမ်တဲ (၁၀)အိမ်နဲ့ ဆောက်လုပ်ရန် ပြင်ဆင်နေတဲ့အိမ်၊ စုစုပေါင်း အိမ် (၁၂) အိမ်၊ ကျူးကျော်ဝင်ရောက် ဆောက်လုပ်နေထိုင်ခြင်းနဲ့ ပတ်သက်ပြီး ယင်းအိမ်များကို ဖယ်ရှားပေးနိုင်ပါရန် မည်သို့စီမံဆောင်ရွက်မည်ကို မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌခင်ဗျား၊ ဦးလော်ဆာတို့ မိသားစုဟာ (၁၉၉၄)ခုနှစ်ကတည်းက စပြီး ယနေ့တိုင် မိုင်းဆတ်မြို့၊ ဝိန်းဝိုင်းရွာမှာ နေထိုင်လာခဲ့ ပါတယ်။ (၁၉၉၁) ခုနှစ်၊ မတ်လမှာ နေအိမ်ခြံဝင်းနှင့် တစ်ဆက်တစ်ဆက်တည်း ရှိတဲ့ ခြံမြေကွက် ဦးပိုင် အမည်ပေါက်ဖို့အတွက်

ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အကြောင်းအမျိုးမျိုးနဲ့ မတက်ရောက် နိုင်သည့်၊ တက်ရောက်နိုင်ခြင်းမရှိသည့်၊ ပြည်နယ်လွှတ်တော်ကိုယ်စာလှယ် စုစုပေါင်း (၃)ဦးသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိသည့်အတွက် ကင်းလွတ်ခွင့်ပြုနိုင်ပေးပါရန် လျှောက်ထား တင်ပြလာမှုအပေါ် တွင် ခွင့်ယူသူအားလုံးရဲ့ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်

(၁) ဦးစိုင်းလုံးဆိုင်၊ ကျိုင်းတုံ(၁)၊ နေပြည်တော် အစည်းအဝေးသို့ တက်ရောက်နေပါသဖြင့် ခွင့် (၂)ရက်၊

(၂) ဒေါက်တာမျိုးထွန်း၊ ကွမ်းလုံ(၁)၊ နေပြည်တော် အစည်းအဝေးသို့ တက်ရောက်နေပါသဖြင့် ခွင့် (၁)ရက်၊

(၃) ဒေါ်အေးချိုစိန်၊ ဖယ်ခုံ(၁)၊ ကျန်းမာရေးအခြေအနေ မကောင်းပါသဖြင့် အစည်းအဝေး ပြီးဆုံးသည်အထိ၊

စုစုပေါင်း (၃)ဦး ရှိပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက် များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။ (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်)

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်

D/real(wide) (4

မြေစာရင်းပုံစံ (၁၀၅) လျှောက်ထားခဲ့တဲ့ အခါမှာ မိုင်းဆတ်မြို့နယ်၊ မြေစာရင်းရုံးမှ ဦးမောင်သိန်းနှင့် မြေတိုင်းစာရေး ဦးစောတင့်လွင်တို့နှစ်ဦးလာရောက်ပြီး မြေကွက်ကိုတိုင်းတာပေးခဲ့ပါတယ်။ တိုင်းတာတဲ့နေ့မှာပဲ ဦးလော်ဆာနှင့် အိမ်နီးချင်းကပ်လည်းဖြစ်တဲ့ ခြံခြင်းကပ်ရပ်လည်းဖြစ်တဲ့ ခြံမြေကွက်ကိုလည်းတိုင်းတာခဲ့ပါတယ်။ ဦးအားဖာရဲ့ ခြံမြေကွက်ကိုတော့ (၁၄-၃-၁၉၉၁) နေ့စွဲနဲ့ ဦးအားဖာမြေပေါက် မြေစာရင်းပုံစံ(၁၀၅)၊ ထုတ်ပေးခဲ့ပါတယ်။

ဦးလော်ဆာရဲ့ မြေစာရင်းပုံစံအမည်ပေါက် (၁၀၅) ကို ယနေ့ထိထုတ်မပေးခဲ့ပါ။ အကြိမ်ကြိမ် သွားရောက်တောင်းခံခဲ့သော်လည်းပဲ ထုတ်မပေးပဲ မိုင်းဆတ်မြေစာရင်းဌာနမှ ဌာနတွင် ဦးလော်ဆာ ခြံမြေကွက်ဖြစ်ကြောင်း လက်ခံမြေပုံထားရှိပြီးလည်းဖြစ်ကြောင်း လုပ်ကိုင်မြအတိုင်းသာ ဆက်လက် စိုက်ပျိုးလုပ်ကိုင်သွားဖို့အတွက် ပြောကြားတဲ့အတွက် ဦးလော်ဆာတို့ မိသားစုဟာ ၄င်းခြံမြေကွက် ပေါ်မှာပဲ စပါး၊ ကြံ၊ မြေပဲ၊ ပြောင်းဖူး စတဲ့သီးနှံများကို စိုက်ပျိုးလာခဲ့ပါတယ်။ ခြံမြေကွက်ပတ်လည်ကိုလည်းပဲ မြောင်းတူးထားပြီးဖြစ်ပါတယ်။ ဝါးရုံပင်များလည်း စိုက်ထားပြီးဖြစ်ပါတယ်။ ယနေ့ထိ ဝါးရုံပင် (၄၉)ပင်လည်း တည်ရှိနေမြဲပဲဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ဇွန်လမှာ ဦးလော်ဆာ စိုက်ပျိုးထားတဲ့ပြောင်းဖူးပင်များကို ခုတ်ထွင်ရှင်းလင်းပြီး ကျူးကျော်အိမ်များဝင်ရောက်ဆောက်လုပ် နေထိုင်ခဲ့ပါတယ်။ ဦးလော်ဆာက သွားရောက်ပြီးမှ ဟန့်တားကန့်ကွက်ပါတယ်။ ကျူးကျော်ဝင်ရောက် နေထိုင်သူများကိုလည်း ဖယ်ထုတ်ခိုင်းရာ အိမ်မြေကွက်ကို မိုင်းဆတ်မြို့နယ်၊ မြေစာရင်းဌာနမှ ဝန်ထမ်း ဦးအောင်ခမ်းဆိုသူထံမှ ဝယ်ယူပြီး လာနေထိုင်ခြင်းဖြစ်ကြောင်း ပြောပါတယ်။ သက်ဆိုင်ရာများ သို့တိုင်ကြားခြင်း၊ မိုင်းဆတ်မြို့နယ်

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အာခါတိုင်းရင်းသား ကိုယ်စားလှယ် ဦးပီတာသောင်းစိန်ရဲ့ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ ဝိန်းဝိုင်ရွာတွင် နေထိုင်လျက်ရှိသော ဦးလော်ဆာ၏မြေပေါ်ရှိ ကျူးကျော် နေအိမ်များ ကိစ္စနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ ဦးလော်ဆာ နေထိုင်လာခဲ့သော မိုင်းဆတ်မြို့နယ်၊ ဝိန်းဝိုင်ရွာ မြေနေရာအား ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ခုနှစ်တွင် သီရိမင်္ဂလာ၊ တစ်ဦးချင်းရပ်ကွက် ချပေးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လန(၃၉) ခွင့်ပြုမိန့် လျှောက်ထားခဲ့ရာ ရှမ်းပြည်နယ်အစားချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၊ ၂၁-၇-၂၀၀၀ ရက်စွဲပါစာအမှတ်၊ ၅/၁၈-၃၁/ဦး ၆ (၉၆၆)ဖြင့် လန ၃၉ ခွင့်ပြုမိန့် ချထားပြီးဖြစ်ကြောင်း၊ မြေသိမ်းယူစဉ်က ဦးလော်ဆာနှင့် အခြားမြေပိုင်ရှင်များ၏ မြေများပါရှိသည်ကို ဦးလော်ဆာကိုယ်တိုင် သိရှိခဲ့ကြောင်း စိစစ်တွေ့ရှိ ရပါတယ်။

၂၀၁၃ ခုနှစ်တွင် တောင်ပေါ်ကျေးရွာများမှ လားဟူ၊ အာခါလူမျိုးများ လာရောက်ခုတ်ထွင် ရှင်းလင်း နေထိုင်ခဲ့ပြီး သီရိမင်္ဂလာတစ်ဦးချင်းရပ်ကွက်အတွင်း ဦးလော်ဆာ၏ မြေနေရာသည် ကျူးကျော်အိမ် (၁၂)လုံး၊ အခြားမြေနေရာ၌ ကျူးကျော်သူ (၁၅)ဦး၊ သီရိမင်္ဂလာ ရပ်ကွက်အပြင်၌ ကျူးကျော်သူ (၁၁)ဦး၊ စုစုပေါင်း (၃၆)ဦး ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဦးလော်ဆာမြေဟာ သီရိမင်္ဂလာ တစ်ဦးချင်းရပ်ကွက်သစ်ချပေးရာမှာ ပါဝင်ခဲ့ပြီး

D/real(wide) (4

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ထံသို့သွားရောက်တင်ပြ ညှိနှိုင်းပေးရန်၊ ဖြေရှင်းပေးရန်၊ တိုင်ကြားခြင်း စသည်များဖြင့် အချိန်ကြန့်ကြာလာခဲ့ပါတယ်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာတော့ ကျူးကျော်တဲအိမ် (၁၀)အိမ်နဲ့ မြေပြုပြင်ပြီး၊ မြေပြုပြင်နေတဲ့ အိမ်(၂)အိမ်၊ ထပ်ပြီး တိုးလာတဲ့ တရားဝင်လာပြီးမှ လုပ်ကိုင်နေကြောင်း တွေ့ရှိ ပါတယ်။ လွှတ်တော်သို့ ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်း နဲ့အတူ အိမ်(၁၀)အိမ် နဲ့ မြေကွက်တစ်ကွက် ပြင်ဆင်နေပုံများကို ဓါတ်ပုံနှင့်တကွ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့် အနေနဲ့ (က) ဦးလော်ဆာခြံမြေကွက်ပေါ်သို့ ဆောက်လုပ်ထားတဲ့ အိမ်များကိုဖယ်ရှားပေးနိုင်ရန် မည်သို့စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုပါတယ်။ အကယ်၍ ဖယ်ရှားပေးနိုင်ခြင်း မရှိပါက မည်ကဲ့သို့၊ မည်သည့်အတွက် ကြောင့်ဖယ်ရှားပေးနိုင်ခြင်း မရှိကြောင်း သိရှိလိုပါတယ်။

(၂)အချက် ကတော့ အဆိုပါခြံမြေကွက်ကို ဦးလော်ဆာဦးပိုင် အမည်ပေါက်မြေစာရင်းပုံစံ (၁၀၅) ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ အကယ်၍မြေစာရင်းပုံစံ (၁၀၅) ထုတ်ပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်ကြောင်းသိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ယင်းတစ်ဦးချင်းရပ်ကွက်တွင် ကျူးကျော်နေထိုင်သူ (၃၆)ဦး ခန့်ကတစ်ဖွဲ့၊ မူလမြေပိုင်ရှင် (၃၄)ဦး ခန့်ကတစ်ဖွဲ့၊ ရပ်ကွက်သစ် ချထားစဉ် မြေပေးမိန့်ရရှိထားသူကတစ်ဖွဲ့၊ စုစုပေါင်း (၃)ဦး (၃)ဖလှယ်နေရာကိစ္စများ ရှုပ်ထွေးလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ (၃)ဦး (၃)ဖလှယ် နစ်နာမှုမရှိစေရေး အတွက် ကျူးကျော်သူများနှင့် မူလမြေပိုင်ရှင်များအား ဝိန်းနေကျေးရွာဘေးတွင် ကျေးရွာတိုးချဲ့ ကွက်သစ်ချထားမှုအား မြေအစားထိုးပေးခြင်းနှင့် သီရိမင်္ဂလာ တိုးချဲ့ကွက်သစ် မြေပေးမိန့်ရရှိထားသူများအား (၆)လအတွင်း ခြံစည်းရိုးကာရံခြင်း၊ (၉)လအတွင်း အိမ်ဆောက်လုပ်စေခြင်းများအား သတင်းစာမှ ကြေညာဆောင်ရွက်သွားစေပါမည်။

သီရိမင်္ဂလာ မြေကွက်သစ်ချထား ပေးစဉ်က မြေကွက်ရရှိထားသူများအား မြေပေးမိန့်ထုတ်ပေး ထားခြင်းကြောင့် ဦးလော်ဆာ အမည်ပေါက် မြေစာရင်းပုံစံ (၁၀၅)ထုတ်ပေးရန် အခက်အခဲရှိပါကြောင်းနှင့် မြေစာရင်းပုံစံ (၁၀၅)ရယူလိုပါက ကာယကံရှင်မှ သတ်မှတ်စာရွက်စာတမ်းများဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမွန်း က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမွန်း၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဧည့်သည် တော်ကြီးများ အားလုံးမင်္ဂလာပါလို့ ဦးစွာပဏာမ နူတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်

D/real(wide) (4

အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်နယ်အစိုးရအနေနဲ့မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုပါသည် ဆိုသည့် စပ်လျဉ်းသည့် မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား အားလုံးသိကြတဲ့အတိုင်းပါပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ အရင်တုန်းက ဆိုရင် သာယာလှပတဲ့ သဘာဝတောတောင်တွေနဲ့ စိမ်းလန်းစိုပြည်တဲ့ ပြည်နယ်တစ်ခုဆိုတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ အခုကျတော့ ကျွန်တော်တို့ ပြည်နယ်ရဲ့သာယာ လှပမှုလေးတွေဟာ သစ်တွေရဲ့မဆင်မခြင် စည်းမဲ့ကမ်းမဲ့ ထုတ်ယူမှု၊ မြေအောက်သယံဇာတသတ္တုတွေ စည်းမဲ့ကမ်းမဲ့ ထုတ်ယူမှု၊ သဘာဝတောတောင် စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်တော်တို့ အဲ့ဒီတောမီးမဆင်မခြင် ရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာတွေ ခုထက်ထိ ကျွန်တော်တို့ရှမ်းပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒါကြောင့် ရာသီဥတုက နွေရာသီဆိုရင် တော်တော်ပူပြင်းပါတယ်။ နောက် ဆောင်းရာသီဆိုရင်လည်း သိသိသာသာ အအေးလိုင်းဖြတ်တာ ဖြစ်ခဲ့ပါတယ်။ ယခု မတ်လတွင် ခရမ်းလွန်ရောင်ခြည်ကျရောက်နေပါပြီ။ ဒါတွေဟာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ဖြစ်ပေါ်နေတဲ့ အကျိုးသက်ရောက်မှုဆိုတာ သိသာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့သာယာလှပတဲ့ သဘာဝ စိုပြည်စိမ်းလန်းရေးအတွက် ပြည်နယ်အစိုးရအနေနဲ့ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုပါတယ် ဆိုတဲ့ မေးခွန်းကိုမေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်း သဘာဝတော ထိခိုက်ပျက်စီးမှုနှင့် အဖိုးတန်သစ်မျိုးများ ပျက်စီးပြုန်းတီးမှုမရှိစေရန်အတွက် တရားမဝင် သစ်ထုတ်လုပ်သယ်ယူမှု များအား အရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တရားဝင်သစ်မျိုးစုံ တန်ပေါင်း (၈၂၃၇၃) တန်ဖမ်းဆီးရမိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင် ကျွန်း၊ သစ်မာနဲ့ အခြားသစ်များ တန်ပေါင်း (၁၀၈၂၈) တန် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း သစ်တောများ ပျက်စီးပြုန်းတီးနေသော နေရာများတွင် သစ်တောဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ကျွန်း၊ ထင်းရှူး စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ကျေးရွာသုံး ထင်းစိုက်ခင်း၊ ရေပေရေလဲစိုက်ခင်း စုစုပေါင်း ဧကပေါင်း (၂၅၁၁၈၃) ဧက တည်ထောင်စိုက်ပျိုးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များသို့လည်း ကျွန်း၊ သစ်မာ၊ နှစ်ရှည်သီးနှံမျိုးစုံ စိုက်ခင်းများ တည်ထောင်စိုက်ပျိုးခွင့်ပြုခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ဧကပေါင်း (၄၀၁၆၇) ဧက တည်ထောင်စိုက်ပျိုး ခဲ့ပြီးဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုတရေးအတွက် ဒေသခံပြည်သူများ ပါဝင်သည့် ဒေသခံပြည်သူများပါဝင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကိုလည်း ကြိုးပိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်းနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေနေရာများတွင် တည်ထောင်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ဧကပေါင်း (၆၄၇၆၁)ဧက တည်ထောင်ခဲ့ပြီး ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများအား တိုးချဲ့၍တည်ထောင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

D/real(wide) (4

သဘာဝသစ်တောများ ပျက်စီးပြုန်းတီးမှုကို ကာကွယ်ရန်နဲ့ ကျေးလက်နေပြည်သူများ ထင်းလောင်စာနဲ့ လယ်ယာသုံး ပစ္စည်းများ ရရှိရန်အတွက် တစ်အိမ်ထောင်လျှင် ကျွန်း(၃)ပင်၊ သစ်မာ(၂၀)ပင်နဲ့ တစ်ရွာလျှင် သစ်မာစိုက်ခင်း (၁)ဧက စိုက်ပျိုးခြင်းအား စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် မိုးရာသီတွင် ရှမ်းပြည်နယ်အတွင်း အိမ်ထောင်စု (၅၁၆၄၂)စု အတွက် ကျွန်းပင်ပေါင်း (၁၅၄၉၂၇) ပင်၊ အိမ်ထောင်စု (၆၇၃၉)စု အတွက် သစ်မာမျိုးစုံ (၁၃၄၇၈၀)ပင်နဲ့ ကျေးရွာ(၉၆) ရွာ အတွက် ကျေးရွာပိုင်ထင်းစိုက်ခင်း (၉၆)ဧကအား သစ်တောဦးစီးဌာန အစီအစဉ် ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်စု (၁)စုလျှင် ကျေးရွာပိုင်ထင်းစိုက်ခင်း (၁)ဧက တည်ထောင်သွားမည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် လူထုဖြန့်ပျိုးပင်များ နှစ်စဉ်ဖြန့်ဝေစိုက်ပျိုးလျက်ရှိရာ ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပျိုးပင်ပေါင်း (၂၉၆၊ ၅) သိန်းအား ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များနဲ့ ပြည်သူလူထုသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ၂၀၁၄ ခုနှစ် မိုးရာသီတွင် ပျိုးပင်(၁၁)သိန်း ဖြန့်ဝေသွားရန် ပျိုးထောင် ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေဖြင့် နှစ်ရှည်သီးပင် စားပင်နဲ့ သစ်တောသစ်ပင်များ ၂၀၁၂ ခုနှစ် မိုးရာသီမှ စတင် ဖြန့်ဝေခဲ့ရာ ၂၀၁၃ ခုနှစ် မိုးရာသီထိ (၇၊ ၆)သိန်းပင် ဖြန့်ဝေစိုက်ပျိုးနိုင်ခဲ့ပြီး (၂၀၁၄)ခုနှစ်မိုးရာသီတွင် နှစ်ရှည်သီးပင်စားပင်နှင့် သစ်တောသစ်ပင် (၆၊ ၅)သိန်းပင် ဖြန့်ဝေစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပက်သက်၍ ပြည်သူများအသိမြင်နိုးကြားပြီး ဗဟုသုက ရရှိစေရန်အတွက်

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။ အားလုံး မင်္ဂလာပါ။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်း၊ မေးမြန်းတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည် ဆိုတဲ့မေးခွန်းနဲ့ ပတ်သတ်ပြီးတော့ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်သည် ဧရိယာစတုရန်းမိုင် (၆၁၅၁၀) မိုင် ကျယ်ဝန်းပြီး၊ ပြည်နယ်ဧရိယာ၏ (၅၁၊ ၈%)မှာ သစ်တောများ ဖုံးလွှမ်းလျက်ရှိပါတယ်။ ရှမ်းပြည်နယ်သည် သံလွင်မြစ်၊ ဒုဋ္ဌဝတီမြစ်နှင့် ရွှေလီမြစ် စတဲ့ အဓိကမြစ်ချောင်းများရဲ့ မြစ်ဖျားခံရာနဲ့ ရေဝင်ရေလဲ ဧရိယာတွင် ပါဝင်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနများနဲ့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများရေရှည် တည်တံ့ရေးအတွက် ဥပဒေနှင့် အညီ ထိရောက်စွာ ကာကွယ်ရန် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေ စုစုပေါင်း (၁၂၇)ခု၊ ဧရိယာစတုရန်းမိုင် (၁၃၃၅၊ ၇၁)ဖွဲ့စည်းထားပြီး ဖြစ်သည့်အပြင် ဆက်လက်၍လည်း ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုကောင်းမွန်တဲ့ ဧရိယာများတွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်နိုင်ရန်

D/real(wide) (4

ပညာပေးဟောပြောပွဲများ လစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း (၅၄၄) ကြိမ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တရားမဝင်သစ်များ ဖမ်းဆီးခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒေသခံပြည်သူများသို့ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းမွန်းက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမွန်း၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း ယာဉ်မတော်တဆ ဖြစ်ပွားမှုများပြားလာသည့်ကိစ္စအား ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုပါသည်ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာဆိုရင် မန္တလေးတိုင်းပြီးရင် ရှမ်းပြည်နယ်က ယာဉ်မတော်တဆမှု အများဆုံးပြည်နယ်တစ်ခုလို့ သိရှိရပါတယ်။ ဒါတောင်မှ ကျွန်တော်တို့ တောမြို့ မြို့နယ်လေးတွေမှာ ဖြစ်ပျက်ခဲ့တဲ့ အမှုလေးတွေရဲ့ အချက်အလက်တွေ မပါသေးဘူးလို့ ထင်မြင်မိ ပါတယ်။ ခုဆိုရင် မော်တော်ယာဉ်တွေ၊

ယာဉ်မတော်တဆဖြစ်ပွားမှု များပြားလာသည့် ကိစ္စအား ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုပါသည်ဆိုသည့် မေးခွန်းနှင့် ပတ်သတ်လို့ ကျွန်တော်အစိုးရအဖွဲ့ဝင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် အတွင်းမှာ မတော်တဆ ယာဉ်တိုက်ခိုက်မှုများ အနေဖြင့် ၂၀၁၂ ခုနှစ်အတွင်းမှာ (၁၁၀၆) မှုဖြစ်ပွားခဲ့ပြီးတော့ တရားခံ ကျား(၁၂၁၉)ဦး၊ မ(၄၅)ဦး၊ စုစုပေါင်း တရားခံ (၁၂၆၄)ဦး ဖြစ်ပြီးတော့၊ သေဆုံးသူအနေနဲ့ ကျား(၃၂၅)ဦး၊ မ(၆၅)ဦး၊ စုစုပေါင်း သေဆုံးသူ (၃၉၀)ဦး၊ ဒဏ်ရာရရှိသူ ကျား(၁၂၈၈)ဦး၊ မ(၃၀၈)ဦး၊ စုစုပေါင်း ဒဏ်ရာရှိသူ (၁၅၉၆)ဦး ဖြစ်ပါတယ်။ ၂၀၁၃ ခုအနေဖြင့် ယာဉ်တိုက်မှုအနေဖြင့် အမှုပေါင်း (၁၁၄၀)မှု ဖြစ်ပွားခဲ့ပြီး၊ တရားခံ ကျား(၁၁၉၃)ဦး၊ မ(၄၀)ဦး၊ စုစုပေါင်း တရားခံ (၁၂၃၃)ဦး ဖြစ်ပြီးတော့၊ သေဆုံးသူအနေနဲ့ ကျား(၃၃၆)ဦး၊ မ(၇၈)ဦး၊ စုစုပေါင်း သေဆုံးသူ (၄၁၄)ဦး၊ ဒဏ်ရာရရှိသူ ကျား(၁၄၁၃)ဦး၊ မ(၅၄၇)ဦး၊ စုစုပေါင်း (၁၉၆၀)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ မတ်လအထိ ယာဉ်မတော်တဆမှုများ အနေဖြင့် (၁၈၈)မှုဖြစ်ပွားခဲ့ပြီးတော့ တရားခံ ကျား(၁၉၅)ဦး၊ မ(၄)ဦး၊ စုစုပေါင်း တရားခံ(၁၉၉)ဦး ဖြစ်ပြီးတော့၊ သေဆုံးသူ ကျား(၆၅)ဦး၊ မ(၁၆)ဦး၊ စုစုပေါင်း သေဆုံးသူ (၈၁)ဦး၊ ဒဏ်ရာရရှိသူ ကျား(၂၂၀)ဦး၊ မ(၈၀)ဦး၊ စုစုပေါင်း ဒဏ်ရာရရှိသူ (၃၀၀)ဦး ရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်၊ နယ်မြေအတွင်းမှာ အရေးယူဆောင်ရွက်ခဲ့တဲ့ ယာဉ်တိုက်မှုများအနေနှင့် ပတ်သက်ပြီးတော့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့တဲ့ နေရာ၊ အချိန်၊ ကျူးလွန်သူ တရားခံ(ကျား/မ) အရေအတွက်၊ ကျူးလွန်သူနှင့် ကျူးလွန်ခံ ရသူတို့၏ သေဆုံး/ဒဏ်ရာရရှိမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှု၊ ဆေးကုသစရိတ်နှင့်

D/real(wide) (4

သဂြိုလ်စရိတ်များ အပါအဝင် ဆုံးရှုံးပျက်စီးမှုတန်ဖိုးများ တွက်ချက်မှု၊ ဖြစ်ပွားရသည့် အကြောင်းအရင်း၊ ယာဉ်အမျိုးအစားနှင့် အသက်အရွယ် အလိုက်ကျူးလွန်သူ/ကျူးလွန်ခံရသူတို့အား သက်ဆိုင်ရာ ရဲစခန်း/မြို့နယ်/ခရိုင်များအလိုက် အရေးယူ ဆောင်ရွက်မှု စာရင်းဇယားများ ပြုစုကာ မှုခင်းဖြစ်ပွားမှု နေရာများတွင် သတိပေးဆိုင်းဘုတ်များ၊ သင်္ကေတများ ထားရှိကာ ယာဉ်တိုက်မှု/ယာဉ်တိမ်းမှောက်မှု လျော့နည်းစေရေး လေ့လာသုံးသပ် ဆောင်ရွက်လျက် ရှိပါတယ်။

ယာဉ်တိုက်မှုများ လျော့နည်းပျောက်စေရေး အတွက် ဆောင်ရွက်ရာမှာ ရှမ်းပြည်နယ် အတွင်းမီးပွိုင့် (၂၉)ခု၊ စီစီတီဗွီ ကင်မရာ(၂၃၅)ခု၊ အချက်ပြမီးဝါ(၂၃)ခု တို့ကိုလည်း ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားတဲ့ နေရာများ တွင် တပ်ဆင်ထားရှိပြီး ဖြစ်တဲ့အပြင် မြို့ပြင်နေရာများမှာလည်းပဲ သတိပေး ဆိုင်းဘုတ်များ၊ သင်္ကေတ အမှတ်အသားများ ထပ်မံတိုးချဲ့စိုက်ထူသွားရန် ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ယာဉ်တိုက်မှုလျော့နည်း ကျဆင်းရေးတွင် နှစ်အလိုက်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားသော မြို့နယ်/ကျေးလက်အသီးသီးသို့ မြို့နယ် ရဲတပ်ဖွဲ့မှူးများ ကိုယ်တိုင် တိုက်ရိုက် ကြပ်မတ်လျက် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များမှ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးပညာပေး ဟောပြောမှုများကို ဆောင်ရွက်ပြီး၊ ဖြစ်ပွားမှုများအပေါ် မူတည်၍ အရေးယူသည့် ပုဒ်မ၊ ကျခံရသည့် ပြစ်ဒဏ်တို့ကို ချပြရှင်းလင်း ဆောင်ရွက်လျက် ရှိပါကြောင်းနဲ့ လွတ်တော်ကိုယ် စားလှယ်များ အနေဖြင့် လည်းပဲ မြို့နယ်များမှာ ရှိတဲ့ကော်မတီများနှင့် လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးများမှာ ဒေသအလိုက်ထိန်းသိမ်း ကြပ်မတ်သင့်သော ကိစ္စရပ်များကို

ဆိုင်ကယ်တွေ တရားဝင်ရော၊ တရားမဝင်ရော ကျွန်တော်တို့ ပြည်နယ်မှာ တော်တော်များများ ရောက်ရှိနေပြီလို့သိရှိရပါတယ်။

ယာဉ်တွေများလာတာနဲ့ အလျောက် လမ်းတွေဟာလည်း အရင်ကနဲ့စာရင် ကောင်းလာတယ်ဆိုပေမယ့် ယာဉ်တွေရဲ့ တိုးပွားနှုန်းနဲ့ လမ်းနဲ့က အများကြီးလိုပါသေးတယ်လို့ ထင်မြင်မိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှု စတဲ့အပိုင်းတွေ အားနည်းနေသေးတယ်လို့ ထင်မြင်ယူဆမိပါတယ်။ အသက်မပြည့်သေးတဲ့ယာဉ်မောင်းတွေ လိုင်စင်မရှိသေးတဲ့ ယာဉ်မောင်းတွေ ကျွန်တော်တို့ ပြည်နယ်မှာအများကြီး ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ ဆိုရင် ဆိုင်ကယ်စီးနေတဲ့ အသက်(၁၂၊ ၁၃) ကလေးတွေလည်း အများကြီးတွေ့ရပါတယ်။ ဒါပေမယ့် စည်းနဲ့ ကမ်းနဲ့ စီးဖို့၊ နောက်ပြီးတော့ ကျွန်တော်ပညာပေးတဲ့အပိုင်းတွေမှာ အများကြီး လိုအပ်နေသေး တယ်လို့ထင်မြင်ယူဆ မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်နယ်၊ ရှမ်းပြည်နယ် ယာဉ်မတော်တဆမှု ကျဆင်းရေးအတွက် ပြည်နယ်အစိုးရအနေနဲ့ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးပဲ မင်္ဂလာပါ။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဒုတိယဥက္ကဋ္ဌနှင့် တက္ကလွတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုင်းမွန်းရဲ့ ရှမ်းပြည်နယ်အတွင်း

D/real(wide) (5

ဆွေးနွေးဆုံးဖြတ်နိုင်ပါကြောင်း ပြန်လည် ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြတ်စိုးက ပထမမေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြတ်စိုး၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်တဲ့ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုးပဲဖြစ်ပါတယ်။ ယခုမေးမြန်းမယ့် ပထမမေးခွန်းကတော့ သဘာဝဘေးအန္တရာယ်လျော့ပါးရေးကိစ္စပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ကလောမြို့နယ်မှာ ကလောမြို့အမှတ်(၂)၊ (၃)၊ (၄) ရပ်ကွက်နဲ့ အောင်ပန်းမြို့အမှတ်(၃)၊ (၄)၊ မိုးကောင်းရပ်ကွက်တို့မှာ နှစ်စဉ်မိုးရာသီ ရောက်တိုင်း မိုးအဆက်မပြတ်ရွာသွန်းတဲ့အချိန် တွေမှာ လူနေအိမ်များသို့ ရေများဝင်ရောက်၍ လူနှင့်တိရိစ္ဆာန်များ သဘာဝဘေးအန္တရယ် ကြုံတွေ့နေရကြောင်းကို ကျွန်တော်ကိုယ်တိုင် ကြယ်ပွင့်မပြမေးခွန်းဖြင့် မေးမြန်းခဲ့ဖူးပါတယ်။ ၎င်းမေးခွန်းအားလည်း စည်ပင်သာယာရေးဝန်ကြီးမှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို ပြန်လည်ဖြေကြားခဲ့ပါတယ်။ သို့သော်စည်ပင်သာယာဘတ်ဂျက်နဲ့ နှစ်အလိုက် ထည့်သွင်းဆောင်ရွက်မည့် အစီအစဉ်အား သိရှိရပါသော်လည်း လုပ်ငန်းပြီးမြောက်စေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေရှိ/မရှိ၊ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်

ကလောမြို့၏ တောင်ဘက် တောင်လားလွင်ပြင်တစ်ကျောမှ စီးဆင်းလာသော တောင်လားချောင်းသည် ကလောချောင်းအဖြစ် ရပ်ကွက် (၂၊ ၃၊ ၄၊ နှင့် ၁၁) တို့အားဖြတ်သန်းစီးဆင်းပြီး အင်းလေးကန်အတွင်းသို့စီးဝင် ပါသည်။ ကလောချောင်းစတင်စီးဆင်းရာ လမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ဆင်တောင်၊ မြင်းလန့်တောင်၊ မြင်းမထိတောင်၊ မိုင်းလုံးတောင်စသည့်တောင်ကုန်းများ ဝန်းရံနေမှုကြောင့် မိုးသည်းထန်စွာရွာသွန်းသည့်အခါ ကလောချောင်းအတွင်းသို့ စီးဝင်လျက်ရှိရာ မိုးဆက်တိုက်ရွာသွန်းမှုနှင့် မိုးရေချိန်များသောရက်တို့ တိုက်ဆိုင်ချိန်တွင် ချောင်းအတွင်းနှုံးပို့ချမှုကြောင့် တိမ်ကောလာမှု၊ ချောင်းဝဲ/ယာ ပတ်ဝန်းကျင်တွင် ချုန်ယ်များပေါက်ရောက်မှု၊ ချောင်းအတိမ်အနက် မညီညာမှုတို့ကြောင့် ရပ်ကွက် (၂၊ ၃၊ ၄) တို့တွင် ရေကြီးရေလျှံ မှုများဖြစ်ပေါ်လေ့ရှိပါသည်။

၂၀၁၁ ခုနှစ်၊ မေလတွင် ရပ်ကွက်များတွင် ရေကြီးနစ်မြုပ်မှုကြုံတင်ကာကွယ်တားဆီးသည့်အနေနဲ့ ကလောမြို့အထွက်ရွှေနားတွင်းကွေ့ မိုင်တိုင်အမှတ်(၇၃/၁)တွင် ကျောက်ဆောင်မိုင်းခွဲရှင်းလင်းခြင်း၊ မြေတူးစက်ဖြင့် ရေချောင်းဖြောင့် တူးဖော်ခြင်း၊ မြို့တွင်းချောင်းတစ်လျှောက်အား ရပ်ကွက်၊ တပ်အကူအညီများဖြင့် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ် မိုးတွင်းကာလတွင် ရပ်ကွက်များအနေဖြင့် ရေနှစ်မြုပ်မှုအား ကာကွယ်တားဆီးနိုင်ခဲ့ပါသည်။ ယခုအခါ ကလောချောင်းရေစီးရေလာကောင်းမွန်စေရေး၊ ရေရှည်ကာကွယ်တားဆီးနိုင်ရေးအတွက် ချောင်းနယ်နိမိတ်သတ်မှတ်နိုင်ရေး မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ အပါအဝင် ဌာနဆိုင်ရာများပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးအဖွဲ့ဖွဲ့စည်း၍

D/real(wide) (5

ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်တစ်လုံးတစ်ဝ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခု ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုးမှ မေးမြန်းထားတဲ့အကြောင်းအရာကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။

ကလောမြို့နယ်အမှတ်(၂၊ ၃၊ ၄)ရပ်ကွက်နဲ့ အောင်ပန်းမြို့နယ်အမှတ် (၃၊ ၄)၊ မိုးကောင်း ရပ်ကွက်တို့တွင် နှစ်စဉ်မိုးရာသီရောက်တိုင်း မိုးအဆက်မပြတ် ရွာသွန်းသည့်အချိန်တွင် လူနေအိမ်များ အတွင်းသို့ ရေများဝင်ရောက်၍ လူနှင့်တိရိစ္ဆာန်များ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရသည့် ကိစ္စနှင့် စပ်လျဉ်း၍ စည်ပင်ဘတ်ဂျက်ဖြင့် နှစ်အလိုက် ထည့်သွင်းဆောင်ရွက်မည့် အစီအစဉ်အား သိရှိရပါသော်လည်း လုပ်ငန်းအမြန် ပြီးမြောက်စေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကလောချောင်းနယ်နိမိတ် သတ်မှတ်ကာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် မိုးရာသီတွင် ရပ်ကွက်များ ရေကြီးနှစ်မြုပ်မှု မရှိစေရေးအတွက် လတ်တလော စီစဉ်ဆောင်ရွက်သည့်အနေဖြင့် မြို့အထွက်အင်းပြင်ကျေးရွာအနီး ယခင် Tool Gate ဟောင်းနေရာမှ ရွှေနားတွင်းကွေ့အထိ ကလောမြို့နယ်အတွက် ထောက်ပံ့ငွေကျပ်သိန်း (၃၀၀) အနက်မှ သိန်း (၈၀) ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြတ်စိုးက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမြတ်စိုး၊ ကလောမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)။
ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ သဘာဝစိမ့်စမ်းရေများလျော့ပါးရခြင်းကိစ္စကို ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်တို့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်အရ ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများ၊ ဖြစ်ပေါ်လျက်ရှိတာကို သိရှိကြပြီးဖြစ်ပါတယ်။ ဤပြောင်းလဲမှုဖြစ်စဉ်ကြောင့် သဘာဝစိမ့်စမ်းရေများဟာလည်း ထွက်ရှိမှုလျော့ကျလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ခုလိုပြောင်းလဲမှုဖြစ်စဉ်တဖြည်းဖြည်းခြင်း ပြောင်းလဲလာ ရခြင်းမှာ သဘာဝတောတောင်သစ်ပင်များကို စည်းကမ်းမဲ့စွာ ခုတ်ယူခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ရန်လိုအပ်ခြင်းတို့ ရှိတယ်လို့ တွေ့ရပါတယ်။

ဤဖြစ်စဉ်ကြောင့် မြို့ရွာများရဲ့ရေပေး လုပ်ငန်းများမှာ အခဲ့ဒါကိုကြည့်ရင် နှစ်စဉ်နွေရာသီတိုင်းမှာ ရေရှားပါးမှု ပြဿနာနဲ့

D/real(wide) (5

ကြုံတွေ့လာရတာတွေ့ရပါတယ်။ ဒါကြောင့် သဘာဝစီမံစမ်းရေထွက်များရှိ တောတောင်သစ်ပင်များအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်လာပြီဖြစ်ပါတယ်။ ဤသို့ ထိန်းသိမ်းစောင့်ရှောက်ရန် အချက်တစ်ခုမှာ သတ္တုတူးဖော်ခွင့်ပေးတဲ့ နယ်မြေသက်မှတ်ပေးခြင်း၊ သစ်များ ထုတ်ယူခွင့်ပြုခြင်းများအား ၄င်းရေထွက် နယ်နိမိတ်များအနီးတွင် ခွင့်ပြုပေးရန်မသင့်ကြောင်း ကိုလည်း တွေ့ရှိရတာဖြစ်ပါတယ်။ သို့ပါ၍ ၄င်းစီမံးစမ်းရေထွက်များအား မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ပေးမည်၊ ထိန်းသိမ်းစောင့်ရှောက်ပေးရမည့် သစ်တောနယ်မြေ ဧရိယာအကျယ်အဝန်းအား မည်ကဲ့သို့ သတ်မှတ်ပေးမည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး ရဲ့မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သတ်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်းက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဦးမြတ်စိုးကမေးမြန်းတဲ့မေးခွန်းထဲမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများ၊ ဖြစ်ပေါ်လျက်ရှိရာ

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ပထမ(၅)နှစ် စီမံချက်ရေးစွဲ၍ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ UNDP နှင့်ပူးပေါင်း၍ ၂၀၁၂ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး စီမံကိန်းအား ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ရဲ့ ရေဝေရေလဲဒေသတွင် နေထိုင်သည့် ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝတိုးတက်လာစေရန်အတွက် ၂၀၁၃ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စီမံကိန်းရေးစွဲ၍ ICIMOD တို့နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါတယ်။

စိမ့်စမ်းရေထွက်များနဲ့ ဆည်မြောင်းကန်ချောင်းများရဲ့ ရေဝေရေလဲ ဧရိယာများတွင် ထိရောက်စွာ ထိန်းသိမ်းနိုင်ရန်အတွက် ရေဝေရေလဲ ဧရိယာများတွင် ဇုန်နယ်မြေများသတ်မှတ်၍ ထိန်းသိမ်းလျက်ရှိရာ ရှမ်းပြည်နယ်တောင်ကြီးတွင် ရေဝေရေလဲထိန်းသိမ်းရေးဇုန် (၁၄၄၂၈၁)ဧက၊ ရှမ်းပြည်နယ် လားရှိုးတွင် (၂၅၆၂၆၄) ဧက၊ ရှမ်းပြည်နယ် ကျိုင်းတုံတွင် (၂၂၃၆၄၆) ဧက၊ စုစုပေါင်း ရေဝေရေလဲထိန်းသိမ်းရေးဇုန် (၁၉၂၂၇၂၂) ဧကဖွဲ့စည်းသတ်မှတ် ကာကွယ်ထိန်းသိမ်းလျက်ရှိပါတယ်။

အပိုဒ်(၅) ရေဝေရေလဲ ထိန်းသိမ်းရေးဇုန်အတွင်း သတ္တုတူးဖော်ခြင်း၊ ကျူးကျော်တောင်ယာများ ခုတ်ခြင်း၊ တားမြစ်ထိန်းသိမ်းလျက်ရှိပြီး သစ်တောများပျက်စီးပြုန်းတီးနေသည့် နေရာများတွင် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဧကပေါင်း (၈၆၆၆၃) ဧက စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ ရေထွက်များနဲ့ ဆည်မြောင်းကန်ချောင်းများရဲ့ ရေဝေရေလဲ

D/real(wide) (5

ဧရိယာများတွင် ရေဝေရေလဲ ထိန်းသိမ်းရေး ဇုန်များ သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမောင်ကြီးက မေးခွန်း (၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း၊ ကျွန်တော်ကတော့ မိုးနဲ၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။

ကျွန်တော့်ရဲ့မေးခွန်း အမှတ်စဉ်(၁)က အငြင်းပွားမှုဖြစ်နေသည့် မြေဧရိယာဧက(၅၀၀၀) ပေါ်၌ ကုမ္ပဏီမှ နှစ်ပေါင်း(၁၉)နှစ်ကြာမှ တောင်သူလုပ်ကွက်များအပေါ် ပြန်လည်၍ အတင်းအဓမ္မဝင်ရောက် ထွန်ယက်သည့်ကိစ္စနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒေသခံတောင်သူလယ်သမားများဟာ လက်ရှိတည်ဆဲ မြေယာဥပဒေများနှင့်အညီ တရားဝင်မြေယာ လုပ်ပိုင်ခွင့် ရရှိရေးအတွက် တရားဝင်လျှောက်ထားဆဲဖြစ်ပြီး ရှမ်းပြည်နယ်လွှတ်တော်သို့လည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းအဆို တင်ပြထားပြီးဖြစ်ပါတယ်။ ဆင်းရဲသား တောင်သူလယ်သမားများအား သက်ညှာသနားသောအားဖြင့် ရွှေလင်းယုန်ကုမ္ပဏီအား ဆိုင်းငံ့တားမြစ်ပေးပါရန် လွှတ်တော် ကိုယ်စားလှယ်ထံသို့ ဓါတ်ပုံအထောက်အထားနှင့်တကွ တင်ပြလာပါတယ်။ သို့ပါ၍

သဘာဝစိမ့်စမ်းရေထွက်များရှိတောတောင်၊ သစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာပါသဖြင့် စိမ့်စမ်းရေထွက်များအား မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ပေးမည်၊ ထိန်းသိမ်းစောင့်ရှောက် ပေးရမယ့် သစ်တောနယ်မြေ ဧရိယာအကျယ်အဝန်းအား မည်ကဲ့သို့သတ်မှတ်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သတ်ပြီးတော့ ကျွန်တော်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

သဘာဝစိမ့်စမ်းရေထွက်များနဲ့ ဆည်မြောင်းကန်ချောင်းများ ရေရှည်တည်တံ့စေရန်အတွက် ရေဦးရေဖျား ဧရိယာနှင့် ရေဝေရေလဲ ဧရိယာများတွင် သစ်တောဖုံးလွှမ်းပေါက်ရောက်မှု ကောင်းမွန်ရန် လိုအပ်လှပါတယ်။ သို့မှသာ မြေပြိုတိုက်စား၍ နုန်းအနည်များပို့ချခြင်း၊ ရေထွက်များခန်းခြောက်ခြင်းမှ ထိန်းသိမ်းကာကွယ် နိုင်မည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် တည်ဆောက်ပြီး ဆည်ရေလှောင်တမံ (၃၀)ခုနဲ့ သဘာဝရေထွက် (၁၉၈) ခုရှိပြီး ရှမ်းပြည်နယ်ရဲ့အမွေအနှစ်၊ အာဆီယံ အမွေအနှစ်ဖြစ်တဲ့ အင်းလေးကန်တို့အား ရေရှည်တည်တံ့စေရန် အတွက်ရေဝေရေလဲ ဧရိယာများတွင် သစ်တောစိုက်ခင်းနဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၊ သဘာဝတောများအား ထိန်းသိမ်းခြင်း၊ ရေဦးရေဖျားနှင့် ရေဝေရေလဲ ဧရိယာများတွင် ကျူးကျော်တောင်ယာ ခုတ်ခြင်းများအား တားမြစ်ခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ရေဝေရေလဲ ဧရိယာများတွင် သစ်တောသစ်ပင်များတည်ရှိခြင်းဖြင့် ဆည်မြောင်းကန်ချောင်းနဲ့ ရေထွက်များ ရေရှည်တည်တံ့စေနိုင်သည်ကို ပြည်သူများသိရှိစေရန်အတွက် ပညာပေးဟောပြောလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း သဘာဝရေကန်ကြီးဖြစ်တဲ့ အင်းလေးကန်ရေရှည်တည်တံ့ စေရန်အတွက် သစ်တောဦးစီးဌာနမှ

D/real(wide) (5

အငြင်းပွားမှုဖြစ်နေတဲ့ မြေဧရိယာ (၅၀၀၀) ဧကပေါ်၌ (၁၉)နှစ်ကြာမှ တောင်သူလုပ်ကွက်များအပေါ် ပြန်လည်အတင်းအဓမ္မ ထွန်ယက်နေသည့် ကိစ္စမှာရှမ်းပြည်နယ်အစိုးရမှ ဆိုင်းငံ့တားမြစ်ပေးပါရန်ကိစ္စကို မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။

အမှတ်(၂) မေးခွန်းအနေနဲ့ ဂရန်စည်းကမ်းပျက်ယွင်းပြီး ဖြစ်သော ရွှေလင်းယုန် ကုမ္ပဏီသည် တောင်သူ အငြင်းပွားမှု၌ ဤလွှတ်တော်သို့ တင်ပြမေးမြန်းထားသည်မှာ အချိန်ကာလ အားဖြင့် ၁နှစ်၊ ၂လကျော် ကြာမြင့်သော်လည်း၊ အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲထားသည့်ကိစ္စဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲထားသည်ကိစ္စဆိုရာမှာ သက်ဆိုင်ရာခရိုင်၊ မြေစာရင်း ဦးစီးဌာနရဲ့ ထောက်ခံချက်အရ ရှမ်းပြည်နယ် အတွင်း လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများဟာ၊ ကုမ္ပဏီများအနက် ရွှေလင်းယုန် ကုမ္ပဏီသည် ၈၀ ရာခိုင်နှုန်းကျော်မျှ အကောင်အထည် ဖော်ခဲ့ပြီး ဖြစ်ကြောင်း ဆိုတဲ့တင်ပြချက်ကို သက်ဆိုင်ရာသို့သာ တင်ပြထားကြောင်း သိရှိရပါတယ်။ သို့သော်လည်း ပထမအကြိမ်၊ တတိယအစည်းအဝေးမှာ တောင်သူများရဲ့ စိုက်ခင်းများကို အသွင်ယူ ဓါတ်ပုံရိုက်ကူးပြီးမှ ကုမ္ပဏီစိုက်ခင်းသဖွယ် အထက်ဆိုင်ရာ ဌာနအဆင့်ဆင့်သို့ လိမ်လည်ပြီး တင်ပြအစီရင်ခံထားကြောင်း ကျွန်တော်မေးခွန်းတင်ပြထားပြီး ဖြစ်ပါတယ်။

ထိုနည်းတူ သက်ဆိုင်ရာအောက်ခြေ အဖွဲ့အစည်း ဌာနများရဲ့ ထွက်ဆိုစုံစမ်းစစ်ဆေးမှုများသည် တိုးတက်မှုမရှိပဲ အချိန်ကာလ ၁နှစ်၊ ၂လကျော် ကြာမြင့်သော်လည်း အဆိုပါ မြေဧရိယာအတွင်း လုပ်ထုံးလုပ်နည်းနှင့် အညီ မြေယာပုံစံ(၁) လျှောက်ထားတဲ့ တောင်သူဦးကြီးများ တစ်ဦးတစ်ယောက်မျှ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး နယ်မြေအဖြစ်သတ်မှတ်ပေးရန်ကိစ္စ တောင်သူလယ်သမားများအား အကာအကွယ်မပေးသည့်အပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဘက်မှ ကာကွယ်ထောက်ခံ ရေးသားအစီရင်ခံနေသည့် ကိစ္စအပေါ်မှာ ရှမ်းပြည်နယ်အစိုးရကမည်သို့ ဆက်လက်ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။

ကျွန်တော်၏ မေးခွန်းအမှတ်(၄) အနေနဲ့ မိုးနဲမြို့နယ်အဝင် နမ့်ဟူးရေထွက်ဧရိယာများကို ပိုင်ရှင်(၄)ဦး သို့ခွင့်ပြုချထားသည့် ကိစ္စတွင် တောင်သူလယ်သမားများနှင့် သဟဇာတမဖြစ်သော ဦးစီးဌာန အမှုထမ်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်ကို လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အဝင်၊ နမ့်ဟူးရေထွက်ဧရိယာ (၁၄.၃၅)ဧကအားပိုင်ရှင်(၄)ဦးသို့ခွင့်ပြု ချထားပေးတဲ့ကိစ္စမှာ အရင်ခေတ်အစိုးရက ရယက၊ မယက၊ မြို့နယ်မြေစာရင်း အောက်ခြေအဆင့်များ၌ အချင်းချင်း အကြံပြုချက်၊ သုံးသပ်ချက်များ၊ ရယူပြီးတော့ခွင့်ပြုထားခြင်းသာ ဖြစ်ပါတယ်။ ဒီနမ့်ဟူးရေထွက်ဧရိယာမှာ အကယ်၍ လပ်မြေဟု သတ်မှတ်ပါက ဒေသခံဖြစ်/မဖြစ် ဒေသခံဖြစ်ခဲ့သော်ငြား အမှန်တကယ်စိုက်ပျိုးတဲ့ဆင်းရဲချို့တဲ့သော တောင်သူ လယ်သမားများ ဖြစ်/မဖြစ်၊ ဒေသခံဆင်းရဲချို့တဲ့သော တောင်သူများဖြစ်ပါက စပ်ဆက်အဝန်းအဝိုင်း ဧရိယာမှ တောင်သူလယ်သမားများရဲ့ ထောက်ခံချက် ရယူထားခြင်း ရှိ/မရှိ တောင်သူလယ်သမားများရဲ့ ထောက်ခံချက် အပြည့်အစုံရရှိထားပါက ဤနေရာသည် ရေဦးရေဖျား၊ ရေဝေရေလဲ ဧရိယာဖြစ်တဲ့ အတွက် စိုက်ပျိုးရန်သော်လည်းကောင်း၊ လူနေထိုင်ရန်သော်လည်းကောင်း၊ ခွင့်ပြုမည်ဆိုပါက ဆိုးကျိုး၊ ကောင်းကျိုးများ ကောက်ခံသော စစ်တမ်းများ ရှိ/မရှိ၊ အကယ်၍ အထက်ပါတင်ပြချက်များ ပြည့်စုံလုံလောက်မှု ရှိပါက ချထား၊

D/real(wide) (5

မြေသိမ်း မြေလွှဲပြုထားသည့် ကိစ္စတွင် သက်ဆိုင်ရာ ခရိုင်ကော်မတီရဲ့ အစည်းအဝေး မှတ်တမ်းခွင့်ပြုချက်များ၊ သက်ဆိုင်ရာပြည်နယ်/တိုင်း၊ ပဝတ အစည်းအဝေးမှတ်တမ်း၊ ဆုံးဖြတ်ချက်များ ရှိ/မရှိ၊ စိစစ် နည်းပေးမှသာလျှင် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ပိုင်ရှင်(၄)ဦးကို ခွင့်ပြုချထားပေးရမှာ ဖြစ်ပါတယ်။ အကယ်၍ တင်ပြပါ အချက်အလက်များ ပြည့်စုံလုံလောက်မှုမရှိပါက တောင်သူလယ်သမားဧကပေါင်း (၃၀၀) ကျော်နှစ်နာမည့် အဆိုပါ နမ့်ဟူးရေထွက်ဧရိယာ ပိုင်ရှင်(၄)ဦး ခွင့်ပြုချထားသည့် ကိစ္စကို ခွင့်ပြုချထားပေးသည့် မြေစာရင်းပုံစံ (၁၀၅)အား ပြန်လည်ရုပ်သိမ်းရန် လိုအပ်လျက်ရှိပါသဖြင့် မိုးနဲမြို့အဝင် နမ့်ဟူးရေထွက်ဧရိယာ များကို ပိုင်ရှင်(၄)ဦးသို့ ခွင့်ပြုချထားသည့် ကိစ္စတွင် တောင်သူလယ်သမားနှင့် သဟဇာတ မဖြစ်သော ဦးစီးဌာနမှ အမှုထမ်းများကို မည်ကဲ့သို့အရေးယူ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်း ဖြစ်ပါသည်။ သို့သော် အရင် ရယက ခေတ်တွင် ထင်မြင်ချက်ပေး၍ ဦးပိုင်(၄)ဦးသို့ ပေးခဲ့သော ဥက္ကဋ္ဌသည် လက်ရှိရပ်ကျေးအုပ်ချုပ်ရေးမှူး ဖြစ်နေပါတယ်။ အကယ်၍များ အဆိုပါ ရပ်ကျေးအုပ်ချုပ်ရေးမှူးကို လုပ်ပိုင်ခွင့် အပြည့်အဝ အပ်နှင်းပေးအပ်မည် ဆိုပါက အဆင်းဘီးကို ချောဆီထည့်ပေးလိုက်သကဲ့သို့သော်လည်းကောင်း၊ သူခိုးကို ဓားရိုးကမ်း သကဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသခံ တောင်သူလယ်သမားများအနေဖြင့် ဒုက္ခများမည်သာ ဖြစ်ပါကြောင်း မေးမြန်း၍နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

လုပ်ပိုင်ခွင့် လက်မှတ်မရရှိသေးပါသဖြင့် ရွှေလင်းယုန်ကုမ္ပဏီ အငြင်းပွားမှုတွင် ဤလွှတ်တော်သို့တင်ပြ မေးမြန်းထားသည်မှာ အချိန်ကာလအားဖြင့် ၁နှစ်၊ ၂လမျှ ကြာမြင့်သော်လည်း အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲထားသည်ကို မည်ကဲ့သို့ဆောင်ရွက်ပါမည်နည်းကို သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနယ်မြေအဖြစ် သတ်မှတ်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအား အကာအကွယ်မပေးသည့်အပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဘက်မှ ကာကွယ် ထောက်ခံရေးသား အစီရင်ခံခြင်း ကိစ္စနဲ့စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ် အဋ္ဌမပုံမှန် အစည်းအဝေးမှာပဲ မေးခွန်းတစ်ခုအနေနဲ့ ကျွန်တော်ဆက်စပ်ပြီးတော့ တင်ပြထားပြီး ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ စပ်လျဉ်း၍ အဆိုပါအခင်းဖြစ်နေရာဧရိယာသည် စိုက်ပျိုးနိုင်ခြင်းမရှိသော အောက်ခံ ကျွံကျောက်မြေယာ၊ လပ်မြေ ကျူရိုင်းတောမြေယာအမျိုးအစား ဖြစ်ပါတယ်။ အောက်ခြေဌာန ဝန်ထမ်းများက စပါးနှင့်ပြောင်း ဧက(၂၀)ကျော် စိုက်ပျိုးထားကြောင်း ပြန်လည်အစီရင်ခံထားသည်ကို သိရှိရပါတယ်။ သို့သော်လည်း သက်ဆိုင်ရာ မြို့နယ်အထောက်အကူပြု ကော်မတီ၏ အသေးစိတ် ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ မည်သည့်စပါး၊ ပြောင်းမှ စိုက်ပျိုးထားခြင်းမရှိပဲ အထက်ဌာနဆိုင်ရာကို လိမ်လည်ပြီးတော့ အစီရင်ခံထားခြင်းသာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

သို့ပါ၍ ၄င်းမြေ အဆိုပါအခင်းဖြစ် ဧရိယာ၌ တောင်သူလယ်သမားများသို့ အငှားစာချုပ်ဖြင့် ပြန်လည်စိုက်ပျိုးစေခဲ့ကြောင်း စိစစ်တွေ့ရှိ အစီရင်ခံထားသော်လည်း တကယ်မြေပြင်အနေအထား အရတောင်သူလယ်သမားများက ဒေသခံဖြစ်သော်ငြားလည်း သိမ်းဆည်းထားသည့် အဖွဲ့အစည်းထံမှာ ပြန်လည်ပြီးတော့ သီးစားငှား စိုက်ပျိုးနေရတာကို တွေ့ရှိရပါတယ်။ သို့ပါ၍

D/real(wide) (5

မြေစာရင်းဦးစီးဌာနရုံးတွင် ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပြီး ဖြစ်ကြောင်းနဲ့ ဒေါ်ရီချမ်း(ခ)ဒေါ်စမ်းစမ်း ၏ရွှေလင်းယုန် ကုမ္ပဏီမှ ဝင်ရောက်ထွန်ယက်မှု ရပ်တန့်ထားပြီး ဆက်လက်ထွန်ယက်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရွှေလင်းယုန် ကုမ္ပဏီနှင့် တောင်သူအငြင်းပွားမှုတွင် ဤလွှတ်တော်သို့ တင်ပြမေးမြန်းထားသည်မှာ အချိန်ကာလအားဖြင့် ၁နှစ်၊ ၂လကျော်ကြာမြင့် သော်လည်း အကြောင်းအမျိုးမျိုးပြ၍ အချိန်ဆွဲထားသည့် ကိစ္စနှင့်စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒေါ်ရီချမ်း(ခ)ဒေါ်စမ်းစမ်း ရွှေလင်းယုန် ကုမ္ပဏီမှ မြေလွတ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ရရှိထားသော မြေဧရိယာ(၅၀၀၀) ဧကတွင်(၃၃၆၀) ဧကကို ဖော်ထုတ်စိုက်ပျိုးထားပြီး ဖြစ်သော်လည်း ဒေါ်ရီချမ်း(ခ) ဒေါ်စမ်းစမ်း အနေဖြင့် စိုက်ပျိုးခြင်းမဟုတ်ပဲ ဒေသခံတောင်သူများ အနေဖြင့်သာ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ဒေါ်ရီချမ်း(ခ) ဒေါ်စမ်းစမ်း အနေဖြင့် ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ဒေါ်ရီချမ်း(ခ)ဒေါ်စမ်းစမ်း ရွှေလင်းယုန် ကုမ္ပဏီမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ရရှိထားသော မြေဧရိယာ(၅၀၀၀)ဧက အနက်၊ မြေဧက(၁၆၄၀)သည် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၂(ဂ) အရ အကျူးဝင်သည့် ဧရိယာအတွင်းပါဝင်ကြောင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဆိုင်ရာ ၃ လပတ်အစီရင်ခံစာများဖြင့်သာ တင်ပြထားပါတယ်။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာတွင် အဆိုပါမြေဧက (၅၀၀၀)အတွင်းရှိ စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများ စာရင်း မထပ်/မကျန်ရှိစေရေးအတွက်

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းမောင်ကြီး မေးသွားတဲ့မေးခွန်း (၄)ခုကို ပြန်လည် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ အငြင်းပွားမှုဖြစ်နေသည့် မြေဧရိယာ (၅၀၀၀)ဧကပေါ်၌ ကုမ္ပဏီမှ နှစ်ပေါင်း(၁၉)နှစ်ကြာမှ တောင်သူလုပ်ကွက်များအပေါ် ပြန်လည်၍ အတင်းအဓမ္မ ဝင်ရောက်ထွန်ယက်သည့် ကိစ္စနှင့် ပတ်သတ်ပြီး အရင်ဖြေကြားမှာဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်ကွက်၊ ဝန်ကြီးလမ်းနေ ဒေါ်ရီချမ်း(ခ)ဒေါ်စမ်းစမ်းသည် မိုးနဲမြို့နယ်၊ မိုက်ဟိုင်းကျေးရွာအုပ်စု အတွင်းရှိ ကွင်း(၅)ကွင်းမှ မြေဧရိယာ(၅၀၀၀)ဧကအား မြေလွတ်မြေလပ်နှင်မြေရိုင်းလုပ်ပိုင်ခွင့် ပြုရန် လျှောက်လာမှုအပေါ် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့၏ ၁၄-၂-၁၉၉၅ ရက်စွဲပါအမိန့်စာအမှတ်၊ ၈၈၄၄/မယ(ဖ) (၁၁)၉၅ ပါစာဖြင့် မြေလွတ်မြေလပ် လုပ်ပိုင်ခွင့်ပြုရရှိပါသည်။

၄င်းခွင့်ပြုအမိန့်စာ၏ နောက်ကျောဘက်တွင် ခွင့်ပြုသည့် ပထမနှစ် ၁၀ ရာခိုင်နှုန်း (၅၀၀)ဧက၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင် ၃၀ ရာခိုင်နှုန်း (၁၅၀၀) ဧကစီဖြင့် လေးနှစ်အပြီး ဖော်ထုတ်စိုက်ပျိုးရန် သတ်မှတ်ချက်ဖော်ပြပါရှိပါသည်။ မြို့နယ်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ ဒေါ်ရီချမ်း(ခ) ဒေါ်စမ်းစမ်း ၏ ၁၉၉၅ ခုနှစ် မြေလွတ်မြေလပ် လုပ်ပိုင်ခွင့် (၅၀၀၀)ဧကမရမီ ကတည်းက ဒေသခံတောင်သူများမှ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ အဆိုပါမြေနေရာအား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တင်ပြချက်အရ

D/real(wide) (5

မြို့ပေါ်(၄)ရပ်ကွက်နှင့် မိုက်ဟိုင်းကျေးရွာအုပ်စု၊ နားခံကျေးရွာအုပ်စု၊ နမ့်မော်ဆွန့် ကျေးရွာအုပ်စု၊ ကွန်နားကျေးရွာအုပ်စု၊ ဝမ်နားကျေးရွာအုပ်စုများ အတွင်းရှိ တောင်သူလယ်သမား (၅၄၅)ဦးတို့၏ စိုက်ကေများ တောင်သူတစ်ဦးချင်း၏ မြေစိုက်ပျိုးမှု အခြေအနေများကို ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များနှင့် ပူးပေါင်းကွင်းဆင်းဆောင်ရွက်ခြင်း၊ ဒေါ်ရီချမ်း၏ရွှေလင်းယုန် ကုမ္ပဏီမှ အမှန်စိုက်ပျိုးဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများကို ကွင်းဆင်းစိစစ်၍ လိုအပ်သည်များကို ပြည့်စုံစွာစိစစ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး စိစစ်တွေ့ရှိချက် အစီရင်ခံစာအား မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့မှ ခရိုင်စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြစေခဲ့ပြီးဖြစ်ပါတယ်။

ခရိုင်စီမံခန့်ခွဲမှုအဖွဲ့မှ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြအစီရင်ခံစာအပေါ် လေ့လာသုံးသပ်၍ မူလ မြေလွတ်၊ မြေရိုင်းချထားစဉ် စည်းကမ်းချက်နဲ့အညီ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသော ရွှေလင်းယုန် ကုမ္ပဏီအား ချထားဧကများကို ပြန်လည်သုံးသပ်၍ ခွင့်မပြုသင့်ကြောင်း ဆုံးဖြတ်ရန်နှင့် တောင်သူများ ယခင် စိုက်ပျိုးသည့်မြေများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တောင်သူများလုပ်ပိုင်ခွင့်ချထားနိုင်ရေး ဆက်လက်ဆောင်ရွက် ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မလိုဩဇာသုံး၍ ကုမ္ပဏီဘက်မှ ရပ်တည်ဆောင်ရွက်ခြင်းမဟုတ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ မေးခွန်းနံပါတ်(၃) ဖြစ်တဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနယ်မြေအဖြစ် သတ်မှတ်ပေးရန်ကိစ္စ တောင်သူလယ်သမားများအား အကာအကွယ်မပေးသည့်အပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဘက်မှ ကာကွယ် ထောက်ခံရေးသား အစီရင်ခံခြင်းကိစ္စနှင့် ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ နမ့်ခန်ကျေးရွာ အုပ်စု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနယ်မြေ

ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေ (၃၃၆၀)ဧက စိုက်ပျိုးခဲ့ကြောင်း ဖော်ပြထားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန၏ တင်ပြချက်အရ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေ (၂၅၅၅) ဧကစိုက်ပျိုးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အထက်ဖော်ပြချက်အရ စိုက်ပျိုးမြေဧကကွဲလွဲမှုရှိနေသည်ကို စိစစ်တွေ့ရှိသော်လည်း ယင်းမြေတွင်မူလကပင် တောင်သူများ ဝင်ရောက်စိုက်ပျိုးမှု ရှိသည်ကို တွေ့ရပါတယ်။ ထို့အပြင် အဆိုပါမြေ ဧရိယာအတွင်းရှိ မိုက်ဟိုင်းကျေးရွာအုပ်စု၊ မယ်ဇလီမြိုင်ကျေးရွာသည် ၁၉၇၀ ခုနှစ်မတိုင်ခင်ကတည်းက တည်ရှိခဲ့ပြီး မယ်ဇလီမြိုင် အ. မ. က ကျောင်းသည် ၁၉၇၁-၁၉၇၂ ခုနှစ်က စတင်တည်ထောင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

အဆိုပါမြေနေရာအား ဒေါ်ရီချမ်း(ခ)ဒေါ်စမ်းစမ်းသည် လုပ်ငန်း စီမံချက်အရ ပထမနှစ် ၁၉၉၅ ခုနှစ်တွင် (၅၀၀) ဧက၊ ဒုတိယနှစ် ၁၉၉၆ ခုနှစ်တွင် (၁၅၀၀)ဧက၊ တတိယနှစ် ၁၉၉၇ ခုနှစ်တွင် (၁၅၀၀)ဧက၊ စတုတ္ထနှစ် ၁၉၉၈ ခုနှစ်တွင် (၁၅၀၀)ဧက နှစ်စဉ်သီးနှံပင်များ စိုက်ပျိုးဆောင်ရွက် သွားပါမည်ဟု ဖော်ပြထားသော်လည်း ယနေ့ကာလအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိပဲ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လနှင့် ဖေဖော်ဝါရီလ အတွင်းတွင် တောင်သူများ၏ စိုက်ပျိုးထားသည့်မြေပေါ်တွင် (၁၀)ဧကခန့် ထွန်ယက်မှုအပေါ် မယ်ဇလီမြိုင်ကျေးရွာ၊ တောင်သူများအနေဖြင့် မိုးနဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့သဖြင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးမှ ကွင်းဆင်း ညှိနှိုင်း ဖြေရှင်းပေးရန် အကြောင်းကြားခဲ့မှုအပေါ် မြို့နယ်မြေစာရင်း ဦးစီးဌာနမှ ရွှေလင်းယုန် ကုမ္ပဏီသို့ အသိပေးတားမြစ်ပြီး ဖြစ်ကြောင်းနဲ့ ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ပါကြောင်းကို ဒေါ်ရီချမ်း(ခ)ဒေါ်စမ်းစမ်းအား မြို့နယ်

D/real(wide) (5

သတ်မှတ်ပေးရန် တင်ပြသည့်မြေနေရာသည် ၁၉၆၈ ခုနှစ်မတိုင်မီ ရှေးယခင်က ဦးစိုင်းချယ်၊ လုံးကျန်၊ လုံးပန့်၊ ပါဇင်၊ လုံးထွန်း၊ နိုင်းမောက် ဆိုသူတို့မှ ဥယျာဉ်ခြံမြေ အဖြစ်သော်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် အလင်းဝင်ကာကွယ်ရေး တပ်ဖွဲ့စခန်းမျူးဗိုလ်တုပ်မှ တစ်နှစ်ခန့် တပ်စခန်းအဖြစ်လည်းကောင်း၊ ထို့နောက် ဦးပန်သ၊ လုံးမွန်း၊ လုံးကျော် ဆိုသူတို့မှ မိုးကောင်းသောမြေအဖြစ် (၃)နှစ်ခန့် စပါးစိုက်ပျိုးခဲ့သော်လည်း မအောင်မြင်သဖြင့် ကွဲ၊ နွားစားကျက်မြေအဖြစ် အသုံးပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထိုမြေမှာ မိုးနဲ့မြို့နယ်၊ နမ့်ခန်ကျေးရွာ၏အနောက်ဘက်၊ မိုးနဲ-နမ့်စန်ကားလမ်း၊ ရထားလမ်းကြားမှာ တည်ရှိပါတယ်။ ၂၀၀၁ ခုနှစ်မှစ၍ စစ်မှုထမ်းဟောင်းအဖွဲ့မှားသို့ (၂၀. ၆၆) ဧကနှင့် ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့မှားထံသို့ (၂. ၅၀)ဧက၊ စုစုပေါင်း (၂၃. ၁၆)ဧကအား စိုက်ပျိုးနိုင်ရေးအတွက် အာဏာပိုင်များက ချထားသည်ဆိုသော်လည်း တရားဝင်ခွင့်ပြုချထားသော စာရွက်စာတမ်းများ မတွေ့ရပါ။ နမ့်ခန်ကျေးရွာ၊ အမျိုးသမီးရေးရာအနေဖြင့် ချထားခံရိန်မှစ၍ ယနေ့အထိ စိုက်ပျိုးခြင်းမရှိပဲ စစ်မှုထမ်းဟောင်း အဖွဲ့မှ (၂၀. ၆၆)ဧကအား ၂၀၀၈ ခုနှစ်တွင် စပါး(၆. ၂)ဧက၊ အထွက်နှုန်း(၄၂. ၂၅)တင်း၊ ၂၀၀၉ ခုနှစ်တွင် စပါး(၆. ၁၂)ဧက၊ အထွက်နှုန်း(၄၅. ၇၅)တင်း၊ ၂၀၁၁ ခုနှစ်တွင် အစေ့ထုတ်ပြောင်း(၁၅. ၅၀)ဧက၊ အထွက်နှုန်း (၃၀. ၆၂)တင်း၊ ၂၀၁၂ ခုနှစ်တွင် အစေ့ထုတ်ပြောင်း (၁၅. ၅)ဧက၊ အထွက်နှုန်း (၃၂. ၄၅)တင်းတို့အား ဒေသခံတောင်သူတို့နှင့် အကျိုးတူစိုက်ပျိုးခဲ့ကြောင်း မိုးနဲမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏၁-၃-၂၀၁၄ ရက်စွဲပါ စာအမှတ် ၅/၄၁-၃ (၀၃၄၁) /ဦး ၆ (အထဉ) ပါစာဖြင့် တင်ပြချက်အရ စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ် တွင်စိုက်ပျိုးခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

မိုးနဲအဝင်၊ ကမ်းနောက်ကျေးရွာ မြောက်ဘက်ထိပ်၊ မိုးနဲ-နမ့်စန်ကားလမ်း၏ အရှေ့ဘက်တွင်ကပ်လျက် တည်ရှိပါတယ်။ မြေစာရင်းမှတ်တမ်းများတွင် ၁(က)၊ ၁(ခ) အရ ထူထောင်ထားသော ကွင်းမဟုတ်၍ မြေအမျိုးအစား တိကျစွာမှတ်တမ်းမရှိပါ။ ၁၉၉၁ ခုနှစ်မတိုင်မီအထိ ဆီဆုန်ရွာ ဟူသောအမည်ဖြင့် နေအိမ်များရှိခဲ့ကြောင်း၊ ရေဝပ်မြေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မိုးနဲမြို့နယ်အဝင်၊ နမ့်ဟူးရေထွက်ဧရိယာများကို ဦးအားချန်၊ ဦးအောင်ခိုင်၊ ဒေါ်တင်တင်ဝင်းနှင့် ဦးအောင်မြတ်စိုး တို့အား စိုက်ပျိုးရန်အတွက် ၂၀၀၄ ခုနှစ်မတိုင် ခင်က ခွင့်ပြုချထားပေးခဲ့ပါတယ်။

၄င်းရေထွက်နေရာအား စိစစ်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ၊ နမ့်မော်ကျေးရွာ အုပ်ချုပ်ရေးမှူးများပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးနဲမြို့၏ ၂၂-၁၂-၂၀၁၃ ရက်စွဲပါ စာအမှတ် ၅/၄၁-၄/ဦး-၆(၁၈၃၁) ဖြင့် ဖွဲ့စည်းတာဝန်ပေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ၊ ၄င်းအဖွဲ့၏သုံးသပ်တင်ပြချက်မှာ လယ်ယာစိုက်ပျိုးမြေအကွက်သည် အဆိုပါရေထွက်ပေါက်အား “အဓိကမဟုတ်ပါ” ရာသီအချိန်မီ စိုက်ပျိုးရေရရှိသည့်အခါ ပျိုးသက်ရက်အသင့်ရရှိရန် ကြိုတင် ပျိုးထောင်ရေးအတွက် အားထားအသုံးပြုခဲ့ကြကြောင်း၊ တောင်သူများတင်ပြရာတွင်လည်း ရေထွက်ပေါက် ပိတ်ဆို့ခြင်းမရှိစေရေး၊ စိုက်ပျိုးသူထိခိုက်မှု မရှိစေရေးအတွက် ရေထွက်နေရာ ဧရိယာ သတ်မှတ် ထိန်းသိမ်းရန် လိုအပ်ကြောင်း တင်ပြချက်အရ ရေထွက်ပေါက်ကို ဗဟိုပြုပြီးပေ(၅၀)ခန့် ခြံခတ်သတ်မှတ်ထားရှိပါက အဆင်ပြေ လုံလောက်မည်ဟု မြို့နယ်စစ်ဆေးရေးအဖွဲ့က

D/real(wide) (5

သုံးသပ်စေခဲ့ခြင်းဖြစ်ပါတယ်။

ထပ်မံ၍ မြို့နယ် စီမံခန့်ခွဲရေး ကော်မတီမှ ၁၈-၂-၂၀၁၄ ရက်စွဲပါစာအမှတ် ၅/၄၁-၃(၂၇၃)/ဦး-၆ ပါစာဖြင့် အဆိုပါ ပိုင်ရှင်(၄)ဦးသည် ယနေ့ထိ အဆောက်အဦး ဆောက်လုပ်ခြင်း မရှိသေးပါသဖြင့် အဆိုပါရေထွက်ဧရိယာတွင် စိုက်ပျိုးမြေမှ တစ်ပါး အခြားနည်းလမ်း အသုံးမပြုစေရေးနှင့် ရေထွက်ပေါက်(၃) နေရာ၏ ရေထွက်တစ်ခုခြင်းအား ဗဟိုပြု၍ ပတ်လည်ပေ(၁၀၀) အတွင်း ကျူးကျော်ဝင်ရောက် စိုက်ပျိုးမှုမရှိစေရေးအတွက် ၄င်း(၄)ဦးအား အသိပေးအကြောင်း ကြားထားပြီးဖြစ်ပါတယ်။ မြို့နယ်ကွင်းဆင်း စိစစ်ရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ စိစစ်တင်ပြသည့် အစီရင်ခံစာတွင် အောက်ဖော်ပြပါ အချက်များ အကြံပြုတင်ပြထားပါတယ်-

(က) ရေထွက်ဧရိယာပတ်ဝန်းကျင် (ကားလမ်းမ)နှင့် ရေထွက်ဧရိယာကြားတွင် စိုက်ပျိုးမြေ အသုံးပြုခြင်းမှတပါး အဆောက်အဦး ဆောက်လုပ်ခြင်း၊ လူနေထိုင်ခြင်း မပြုရန်။

(ခ) နမ့်ဟူးရေထွက်ဧရိယာအတွင်းရှိ ရေထွက်ပေါက် တစ်ခုချင်းစီကို ဗဟိုပြု၍ ပေ(၁၀၀)ပတ်လည် အတွင်း မည်သူမျှဝင်ရောက်စိုက်ပျိုးခြင်း မရှိစေရေး အတွက် ခြံစည်းရိုးကာရံ ထိန်းသိမ်းရန် ဖြစ်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်မှ စိုးရိမ်သဖြင့် တင်ပြထားသည့် အတိုင်း အခြားနည်းအသုံးပြုရန် စစ်ဆေးရေးအဖွဲ့ အနေဖြင့် သုံးသပ်တင်ပြထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရေထွက်နေရာနှင့် ပတ်သတ်၍ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး အနေဖြင့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာစု အုပ်ချုပ်ရေးဥပဒေနှင့်

စစ်မှုထမ်းဟောင်းအဖွဲ့သို့ ချထားပေးရာတွင်လည်း ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ချထားခဲ့ခြင်းမဟုတ်ပဲ ၂၀၀၉ ခုနှစ်က မြေစာရင်းပုံစံ (၁၀၅) ရေးဆွဲပေးထားခြင်းသာ ရှိကြောင်း တွေ့ရပါတယ်။

ထိုမြေသည် ၂၀၀၉ ခုနှစ်ရှေ့ပိုင်းတွင် မြေလွတ်၊ မြေရိုင်း အမျိုးအစားဖြစ်ပြီး ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် ယာမြေစာရင်းဝင် မြေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မြေစာရင်းဦးစီးဌာနမှ တင်ပြသည့် အထောက်အထားများအရ အဆိုပါမြေနေရာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနယ်မြေအဖြစ် သတ်မှတ်မည် ဆိုပါက မည်သည့်ကိစ္စအတွက် အသုံးပြုမည်ကို တိကျစွာဖော်ပြ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်လျှောက်ထား ဆောင်ရွက်ရမည်ဖြစ်ပြီး စစ်မှုထမ်းဟောင်း အဖွဲ့က ယခုစိုက်ပျိုးနိုင်သည့် မြေယာကို လျှောက်ထားလိုပါက လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ယခုကိစ္စသည် တောင်သူလယ်သမားများက တင်ပြသည်ဆိုသော်လည်း တောင်သူများ လက်ရှိသုံးစွဲ အသုံးပြုနေသော မြေမဟုတ်ကြောင်းနှင့် မြေပြင်အခြေအနေ စစ်ဆေးတွေ့ရှိမှုကို တင်ပြခြင်းသည် စစ်မှုထမ်းဟောင်းဘက်မှ ကာကွယ်ထောက်ခံ ရေးသားခြင်း မဟုတ်ကြောင်း ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီး မေးခွန်းအမှတ်(၄) နဲ့ပတ်သတ်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။ မိုးနဲမြို့နယ်အဝင်၊ နမ့်ဟူးရေထွက်ဧရိယာများကို ပိုင်ရှင်(၄)ဦးသို့ ခွင့်ပြုချထားသည့် ကိစ္စတွင် တောင်သူလယ်သမားများနှင့် သဟဇာတ မဖြစ်သော ဦးစီးဌာနအမှုထမ်းများကို မည်ကဲ့သို့ အရေးယူ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ နမ့်မူးရေထွက်ဟာ၊ မိုးနဲမြို့နယ်၊ နမ့်မော်စွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၉) ဘီတွင်ပါဝင်ပြီး ဧရိယာ(၁၄.၃၅)ဧကရှိပါတယ်။

D/real(wide) (6

ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၃(ခ) အရ ထိန်းသိမ်း ဆောင်ရွက်သွားစေမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့ရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ ဒေသအဆင့်တရားရုံးနဲ့ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွား မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၅၆) အရ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၁)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ(၅)ခု ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ(၁၁)၊ ပုဒ်မခွဲ(က) တွင်နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခတ်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့်

သို့သော်ဌာနဆိုင်ရာ ကိစ္စရပ်တော်တော်များများသည် ဒေသဦးစီးအဖွဲ့၏ စီမံဆောင်ရွက်ပိုင်ခွင့်မရှိပဲ ကျောက်မဲခရိုင်ကိုသာ တင်ပြအတည်ပြုခွင့် အဆုံးအဖြတ် ရယူရသည့် သာဓကများစွာ ရှိပါတယ်။ ဆိုလိုတာက ဒေသဦးစီးအဖွဲ့နဲ့ ခရိုင်အဆင့်တို့၏ လုပ်ငန်းသည် ပီပြင်မှုမရှိပဲ ရောထွေးယှက်တင်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ အဆုံးဖြတ်တစ်ခုခုကို ရယူလိုတဲ့အခါ ဌာနဆိုင်ရာများအနေနဲ့ ဘယ်သူ့ကို တင်ပြရမှန်းမသိသလို ဖြစ်နေရပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကို ခရိုင်အဆင့်အဖြစ် သတ်မှတ်ပေးမယ်ဆိုရင် ဝန်ထမ်းရေးရာနဲ့ ပတ်သတ်တဲ့ ကိစ္စတော်တော်များများဟာ လုပ်ငန်းအဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကို ခရိုင်အဆင့် သတ်မှတ်ပေးနိုင်မှု ရှိ/မရှိနှင့် ဒေသအဆင့် တရားရုံးများ ဖွင့်လှစ်ပေးနိုင်မှု ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ရှိပါက မည်သည့်အချိန် မည်ကဲ့သို့ ဆောင်ရွက်ပေးပါမယ်၊ မရှိပါက အဘယ်ကြောင့် မသတ်မှတ်ပေးနိုင်မည်။ သတ်မှတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို ဆက်လက်တင်ပြပေးနိုင်ခြင်း စီစဉ်ဆောင်ရွက်မှု ရှိ/မရှိ သိလိုရှု၍ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်သော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးနှင့် တကွ လွှတ်တော်ကိုယ်စားများခင်ဗျား။ နမ်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့

D/real(wide) (6

အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည် ဟူ၍ လည်းကောင်း၊ ပုဒ်မ(၁၁)၊ ပုဒ်မခွဲ (ခ)တွင် ထိုသို့ပိုင်းခြား ထားသည့် နိုင်ငံတော်၏အာဏာ(၃)ရပ်ကို ပြည်ထောင်စု တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေ အပ်နှင်းမည်ဟု ပါရှိပါသည်။ ဖွဲ့စည်းပုံဥပဒေပါ ပြဌာန်းချက်အရ ပုဒ်မ(၁၃၆) ဇယား(၃)ပါ ဥပဒေပြုခွင့်(၁၀)မျိုးကို တိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် စီရင်စုများအား၊ ဥပဒေပြုခွင့်အာဏာ ပေးအပ်ထားပြီး ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာကိုလည်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေ ဖွဲ့စည်းထားပြီး၊ အုပ်ချုပ်မှုအာဏာ ခွဲဝေသတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၁၄)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ (က-က)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရားရုံး၊ (ခ-ခ) မြို့နယ်တရားရုံးများရှိသည်ဟု ပြဌာန်းထားပြီး ဖြစ်သော်လည်း၊ ယနေ့ထိကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဆိုတာ ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသက်ဝင်လာတာ အခုဆိုရင် (၃) နှစ်တောင်ရှိပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းထားတဲ့အတိုင်း ဆောင်ရွက်ခြင်း မပြုတာကိုတွေ့ရှိရပါတယ်။ နောက်ပြီးတစ်ချို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေကို ခရိုင်အဖြစ်သတ်မှတ် ပေးထားပြီးဖြစ်သော်လည်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုတော့ ခရိုင်အဆင့်အဖြစ် သတ်မှတ်ပေးထားခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥပဒေပုဒ်မ (၄၅)အရ၊ ဦးစီးအဖွဲ့၏ အလုပ်မှုဆောင်ကော်မတီသည် မိမိနယ်မြေဒေသအတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုနိုင်သည်ဟုပြဌာန်းပါရှိပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဒေသအဆင့်တရားရုံးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ ဖွင့်လှစ် နိုင်ခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့်ဒေသနှင့်အချိန်၊ မရှိပါက အဘယ်ကြောင့် သတ်မှတ်နိုင်ခြင်း မရှိကြောင်း သိရှိလိုပါသည် ဆိုသည့်မေးခွန်းနှင့် ပတ်သတ်၍ ကျွန်တော်ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုရှိရာမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနေဖြင့် '၀'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့မှာ ခရိုင်ရုံးများဖွင့်လှစ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ကျန်ရှိနေတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ခရိုင်များတိုးချဲ့ပြင်ဆင် ဖွဲ့စည်းရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်အရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နမ့်ဆန်ခရိုင်ကို လည်းကောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပင်းတယခရိုင်ကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွင် ဟိုပုံးခရိုင်ကိုလည်းကောင်း ခရိုင်များ တိုးချဲ့ပြင်ဆင် ဖွဲ့စည်းရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ခရိုင်အဆင့်ဖွဲ့စည်းခွင့် ရရှိပါက ခရိုင်ရုံးများဖွင့်လှစ်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန များက ဆက်လက်ဆောက်ရွက်သွားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခရိုင်များဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အခြားခရိုင် အဆင့်ဌာနများ ဖွင့်လှစ်ရေး လုပ်ငန်းဆောင်ရွက်လျက်

D/real(wide) (6

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခပ်ကြီးကြီးပါစေ။ ကောင်းမွန်တဲ့လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်နဲ့ စက်မှုလက်မှုဝန်ကြီး၊ ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်မြေ အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးအာဗြာဟန် ရဲ့ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုရှိ ကျေးရွာ(၃)ရွာ၊ အိမ်ခြေပေါင်း (၃၂၇)အိမ်အား ထရန်စဖော်မာ ချပေးရန် အစီအစဉ်ရှိ/မရှိ၊ ချပေးနိုင်ပါက မည်သည့်အချိန်ကာလတွင် ချပေးမည်ကို သိရှိလိုပါသည် ဆိုသည့်မေးခွန်းကို ကျွန်တော်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုရှိ၊ ကျေးရွာ(၃)ရွာ၊ အိမ်ခြေပေါင်း (၃၂၇)အိမ်အား ထရန်စဖော်မာ ချပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ပတ်သတ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၏ ဘတ်ဂျက်လျာထားချက်များတွင် ပါဝင်ခြင်းမရှိပါ။ မြို့ပေါ် ရပ်ကွက်များအား SI လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ပေးသော်လည်း ကျေးရွာများအနေဖြင့် ဆောင်ရွက်လိုပါက သက်ဆိုင်ရာမီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခြင်းကို ခွင့်ပြုပေးလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်း ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ ခေါင်းမိုင်းကျေးရွာရှိ မီးပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုသည့်မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊

ရှိပါကြောင်းနှင့် ကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအား ခရိုင်အဆင့် ဖွဲ့စည်းပြီးပါက ညွှန်ကြားချက်နှင့်အညီ ခရိုင်ရုံးများဖွင့်လှစ်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအာဗြာဟန်က မေးခွန်းနှစ်ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအာဗြာဟန်၊ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှင့်ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော့်အနေနဲ့ ပထမမေးခွန်း အနေနဲ့ မေးမြန်းရမယ် ဆိုရင် လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျွန်တော်တို့ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုရှိ မြင်လောင်းကျေးရွာ အိမ်ခြေ (၁၂၀)၊ ညောင်ပင်သာကျေးရွာ အိမ်ခြေ (၁၀၅)အိမ်၊ တောပုခူးကျေးရွာ အိမ်ခြေ (၁၀၂)အိမ်ရှိ ကျေးရွာတို့သည် မိုးဗြဲရေလှောင်ကန်ဆည်ကြီး၏ တာဘောင်ထိပ်တွင်တည်ရှိ၍ ၁၉၉၁ ခုနှစ် ဆည်လုံခြုံရေးအရ အိမ်သုံးမီတာကို ပြည်နယ်လျှပ်စစ်ဌာန၏ ခွင့်ပြုချက်ဖြင့် သွယ်တန်းခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ရွာအဝင်၌ မီးမီတာလာရောက်တပ်ဆင်သဖြင့် မီတာခနှစ်ဆင့်ပေးဆောင်ရသော ကျေးလက်နေလယ်ယာ လုပ်ကိုင်စားသောက်သော ပြည်သူများအတွက် ပေးဆောင်ရန် အခက်အခဲ ရှိခဲ့ရပါသည်။ နိုင်ငံတော်အကျိုးကို ကာကွယ်ပေးသော ၎င်းတို့ကျေးရွာ(၃)ရွာ၊

D/real(wide) (6

မိုးဗြဲကျေးရွာအုပ်စု၊ ခေါင်းမိုင်းကျေးရွာကို မီးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သတ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး၏ ဘတ်ဂျတ်လျာထားချက်များတွင် ပါဝင်ခြင်းမရှိပါ။ မြို့ပေါ်ရပ်ကွက်များအား SI လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ပေးသော်လည်း ကျေးရွာများအနေဖြင့် ဆောင်ရွက်လိုပါက သက်ဆိုင်ရာ မီးလင်းရေးကော်မတီများဖွဲ့စည်း၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခြင်းကို ခွင့်ပြုပေးလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ နောက်တစ်ချက်က လျှပ်စစ်ဝန်ကြီးရဲ့ဆောင်ပုဒ်နှင့် အညီ (နေ့အလှကို ပန်းနဲ့ပြ။ ညအလှကို လျှပ်စစ်မီးနဲ့ပြဆိုတဲ့) ဟာတော့ မှန်ပါတယ်။ ဒီတော့ ကျွန်တော် အဲ့ဒီရွာတွေအားလုံးကိုလည်း လိုက်ပြီးတော့မှ လေ့လာစစ်ဆေးပြီးတော့မှ ကျန်တဲ့ဟာလေးတွေ လုပ်ဆောင်၊ ဘယ်ကဏ္ဍကနေ ဘယ်လိုလုပ်ဆောင်ပေးသွားမယ် ဆိုတာ စဉ်းစားပြီးမှ အဖြေရှာသွားမှာ ဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၆)၊ ဆက်ပြီးတော့ မသွားခင်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သတိပြုသင့်တဲ့အချက် ကျွန်တော် အနည်းငယ်တင်ပြ လိုပါတယ်။ ပညာရှိသတိဖြစ်ခဲ့ဆိုသလို၊ သတိမမူ ဂူမမြင်ဆိုတဲ့အတိုင်းပဲ၊ မှေလျှော့မှာကြောက်လို့ သတိပေး ရခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၊ မေးခွန်းမေးမြန်းခြင်း၊ သက်ဆိုင်ရာမှဖြေကြားခြင်း၊ ကိစ္စများမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ ၂၀၁၃ ခုနှစ်မှာ နည်းဥပဒေများ ပါရှိပါတယ်။ မေးမြန်းရမယ့် ကန့်သတ်ချက်၊ စည်းကမ်းချက်တွေ ရှိပါတယ်။ ဒီအတိုင်းပဲ ဆောင်ရွက်၊ မေးမြန်း၊ ဖြေကြားစေချင်ပါတယ်။

အိမ်ခြေပေါင်း (၃၂၇)အိမ်အား ထရန်စဖော်မာ ချပေးရန်အစီအစဉ် ရှိ/မရှိ၊ ချပေးနိုင်ပါက မည်သည့်အချိန်ကာလတွင် ချပေးမည်ကို သိရှိလိုပါသဖြင့် လူထုအသံကိုယ်စားပြု၍ မေးမြန်းရခြင်းဖြစ်ပါသည်။

ဆက်လက်ပြီးတော့မှ ဒုတိယမေးခွန်းအနေနဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ ခေါင်းမိုင်းကျေးရွာသည် ၁၉၆၂ ခုနှစ်မတိုင်မီ မိုးဗြဲဆည်ရေမြုပ်ဧရိယာတွင် တည်ရှိ၍၊ ၁၉၆၂ ခုနှစ် လောပိတရေအားလျှပ်စစ်၏ လိုအပ်ချက်ကြောင့် မိုးဗြဲရေလောင်ကန်ကြီး တည်ဆောက်၍ ရွာကို တောင်ကြီး-လွိုင်ကော် လမ်းမကြီးဘေးတွင် ရွှေ့ပြောင်းနေထိုင်ခဲ့ရပါသည်။ အိမ်ခြေ(၁၀၀) ကျော်ရှိခေါင်းမိုင်းကျေးရွာ အပေါ်တွင် မဟာဓာတ်အားလိုင်း (၃၃)ကေဗွီ ဓာတ်အားလိုင်း ယခုတည်ဆောက်နေသော နေပြည်တော်မဟာဓာတ်အားလိုင်း သစ်များဖြတ်သန်း၍ နှစ်ပေါင်း(၄၀)ကျော် ပုံခုံးပေါ်တွင်ထမ်းခဲ့ရပါသည်။ သို့သော်လည်း ယနေ့ထိ မီးမရရှိသေးပါ။ ရှမ်းပြည်နယ် လက်ရှိဝန်ကြီး၏ ဆောင်ပုဒ်ဖြစ်သော နေ့အလှပန်းဆင်၏ ညအလှမီးဆင်၏ ဆိုသော စကားနှင့်အညီ နှစ်ရှည် လများ မျှော်လင့်စောင့်ဆိုင်းနေသော ခေါင်းမိုင်းကျေးရွာကို မီးပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မျှော်လင့်ချက်ကြီးမားသော ပြည်သူလူထုများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (6

၁၂၉

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၆) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေရသုံး ဆိုင်ရာဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ တင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခွန်သိန်းမောင်၊ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး၊ ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနှင့် ဒီကနေ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းနဲ့ ၂၀၁၄ ခုနှစ်ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁၃၁

ကျပ်သန်းပေါင်း ၁၄၀၃၄၂ ဒဿမ ၁၂၃ သန်းဖြစ်ပါတယ်။ အသုံးစရိတ်အနေနဲ့ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၁၈၅၇၁၅ ဒဿမ ၃၀၃ သန်းနဲ့ ငွေလုံးငွေရင်း အသုံးစရိတ်အဖြစ် ကျပ်သန်းပေါင်း ၁၆၆၇၀၆ ဒဿမ ၀၃၈ သန်းဖြစ်တဲ့အတွက် စုစုပေါင်း အသုံးစရိတ်ဟာ ကျပ်သန်းပေါင်း ၃၅၂၄၂၁ ဒဿမ ၃၄၁ သန်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သာမန်အသုံးစရိတ်မှာ လိုငွေ ကျပ်သန်းပေါင်း ၄၅၃၇၃ ဒဿမ ၁၈၀ သန်း၊ ငွေလုံးငွေရင်း လိုငွေသည် ကျပ်သန်းပေါင်း ၁၆၆၇၀၆ ဒဿမ ၀၃၈ သန်းဖြစ်တဲ့အတွက် စုစုပေါင်း လိုငွေသည် ကျပ်သန်းပေါင်း ၂၁၂၀၇၉ ဒဿမ ၂၁၈ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဒါဟာ ၃၁. ၁၂. ၂၀၁၃ ခုနှစ်မှာ ပြည်နယ်လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက်ရယူပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြင်ဆင်ရေးဆွဲရပါတယ်။ ရှမ်းပြည်နယ်ရဲ့ ဝန်ကြီးများရဲ့ ချီးမြှင့်ငွေကို တိုးမြှင့်တာပါသလို၊ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ ချီးမြှင့်ငွေတိုးမြှင့်တာကို ပြင်ဆင်ရေးဆွဲခြင်း ဖြစ်ပါတယ်။ (၇. ၁. ၂၀၁၄)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် ၁/၂၀၁၄ ၏ဆုံးဖြတ်ချက်အရ သာမန်ရငွေမှာ ကျပ်သန်းပေါင်း ၆၅၀၀၊ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၉၀၁၁. ၄၁၆ သန်းနဲ့၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်သန်း ၁၀၀၀ တိုးမြှင့်လျာထားခဲ့ပါတယ်။ ကျပ်သန်း ၆၅၀၀ သည် ဆင်းရဲနွမ်းပါးမှုလျော့ချရေးနဲ့ ကျေးလက်ဒေသလုပ်ငန်းများ အတွက်ပြည်နယ်အစိုးရအဖွဲ့ရဲ့ သာမန်ရငွေ ကျပ်သန်း ၁၀၀၀နဲ့ ဒေသအာဏာပိုင် ဖြစ်တဲ့ ဒေသအုပ်ချုပ်ရေးမှူးများနဲ့ ပြည်သူ့ကိုယ်စားလှယ်များက

D/real(wide) (6

ဆောင်ရွက်ရသည့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပြည်နယ်အစိုးရအဖွဲ့ရဲ့ သာမန်ရင်းကျပ်သန်း ၅၅၀၀ ဖြစ်ပါတယ်။ နောက်ပြီး မြို့နယ်(၅၅)မြို့နယ်မှာ သိန်း၁၀၀၀ ထောက်ပံ့တဲ့ အစီအစဉ် ဖြစ်တဲ့အတွက် စုစုပေါင်း သန်း ၆၅၀၀ တိုးမြင့်ပြီးတော့ ဖြည့်တင်းရေးဆွဲရခြင်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာစရိတ်အတွက် ဌာနများရဲ့သာမန်အသုံးစရိတ်မှာ တစ်ဦးကို ၂၀၀၀၀ တိုးမြင့်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း ၃၆၀၁ ဒဿမ ၄၁၆ သန်းနဲ့ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ပြည်သူ့ကိုယ်စားလှယ်များက ကြီးကြပ်ဆောင်ရွက်ရတဲ့ နယ်မြေဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရရဲ့သာမန် အသုံးစရိတ် စုစုပေါင်း ကျပ်သန်း ၅၅၀၀ ဖြစ်ပါတယ်။ စုစုပေါင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၁၀၀၁. ၄၁၆ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ဆင်းရဲနွမ်းပါးမှုလျော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း ၁၀၀၀ ဖြစ်ပါတယ်။ မူလက ကျပ်သန်း ၃၀၀၀ သာရရှိတဲ့အခါမှာ ဖြည့်စွက်ပြီးတော့ ကျပ်သန်း ၁၀၀၀ တိုးပေးတဲ့အတွက် ဆက်လက်ထည့်သွင်း ရေးဆွဲရခြင်း ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်ပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများသုံးစွဲရန် ကျပ်သန်း ၅၅၀၀ အား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ သာမန်ရင်းနဲ့ သာမန်အသုံးစရိတ်မှာ ထည့်သွင်းလျာထားပါတယ်။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ပေးအပ်တဲ့ ၄င်းထောက်ပံ့ငွေကို ပြည်ထောင်စုလွှတ်တော်က ချမှတ်ထားပေးတဲ့ မူဘောင်အတွင်း ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျ သုံးစွဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

D/real(wide) (6

ဤနေရာတွင် အပိုင်း(၂)ပိုင်း ဖြစ်ပါတယ်။ တစ်ခုကတော့ ကျွန်တော်တို့ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို တင်ပြခြင်းနဲ့ ဒုတိယအပိုင်းကတော့ ဤဥပဒေကို အတည်ပြုပေးနိုင်ဖို့ ရှမ်းပြည်နယ်လွှတ်တော်ကို တင်သွင်းမှာဖြစ်ပါတယ်။ ဤတင်ပြမှုတွေကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အသေးစိတ် အချက်အလက်များ သိရှိနိုင်ရန်အတွက် ကျွန်တော့်အနေနဲ့ ကြိုတင်ပြီး ဖြန့်ဝေထားပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့် တင်ပြချက်တွေသည် အရေးကြီးသော သိသင့်သိထိုက်သော အပိုင်းများကို ဦးစားပေးပြီးတော့ တင်ပြသွားမှာ ဖြစ်တဲ့အကြောင်း ကြိုတင်ပန်ကြားအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

ပထမပိုင်းအနေနဲ့ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ ဥပဒေပုဒ်မ (၁၉၀)၊ ပုဒ်မခွဲ(ခ) အရ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့ကသာတင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်၏နှစ်စဉ် အရသုံးခန့်မှန်းခြေငွေစာရင်းကို သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့မှ လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းအား ၃၁-၁၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ အောက်ပါအတိုင်း တင်သွင်းပြီး အတည်ပြုချက်ရယူခဲ့ပါတယ်-

ရင်္ဂေအနေဖြင့် သာမန်ရင်္ဂေသည် ဖော်ပြပါအတိုင်းဖြစ်ပြီးတော့ ငွေလုံးငွေရင်းမှာ မရှိပါ။ ထို့ကြောင့် မူလတင်ပြတဲ့ စုစုပေါင်းရင်္ဂေသည်

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွဲ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၉)နဲ့ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့ သတင်းစာတွေ မှာလည်းဖော်ပြထားပေးပြီး ဖြစ်ပါတယ်။ ဒါကို စနစ်တကျ သုံးစွဲရမည့်အကြောင်း တင်ပြအပ်ပါတယ်။

ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့စဉ်က ကျပ်သန်း ၃၀၀၀ သာ လျာထားသော်လည်းပဲ ၁/၂၀၁၄ ဘဏ္ဍာရေး ကော်မရှင်အစည်းအဝေး အတည်ပြုချက်အရ၊ ကျွန်တော်တင်ပြတဲ့ ကျပ်သန်း ၁၀၀၀ တိုးမြင့်ပေးခဲ့တဲ့အတွက် ယခုဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သာမန်ရငွေနဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှာ စုစုပေါင်းကျပ်သန်း ၄၀၀၀ လျာထားပါကြောင်း တင်ပြအပ်ပါတယ်။

လာမည့် ၂၀၁၄-၁၅ ခုနှစ် ပြင်ဆင်ရေးဆွဲပြီး ရသုံးငွေစာရင်း ဖြစ်ပါတယ်။ ၁/၂၀၁၄ နဲ့ ၂/၂၀၁၄ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးရဲ့ အတည်ပြုချက်အရ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းကတော့ ဖော်ပြပါအတိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာန ဦးစီးဌာနရဲ့ရငွေသည် ကျပ်သန်းပေါင်း ၁၂၀၀၀ ဒဿမ ၁၂၉ နဲ့ သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း ၂၂၆၄၈၁. ၁၁၀ သန်းဖြစ်တဲ့ အတွက်ဝန်ကြီး ဌာနနဲ့ ဦးစီးဌာနရဲ့လိုငွေသည် ကျပ်သန်းပေါင်း ၂၁၄၄၈၀ ဒဿမ ၉၇၁ သန်းဖြစ်မှာဖြစ်ပါတယ်။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများရဲ့ရငွေသည် ကျပ်သန်းပေါင်း ၁၂၇၇၄၄ ဒဿမ ၇၄၄ သန်း ဖြစ်ပြီး၊ သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း ၁၂၆၅၉၃ ဒဿမ ၉၇၁ သန်းဖြစ်တဲ့အတွက်

တင်ပြအပ်ပါတယ်။ ၂၁၅ ဒဿမ ၆၈၀ ဘီလီယံ မှာ ဝန်ကြီးဌာန၊ ဦးစီးဌာနများနဲ့ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများရဲ့ လိုငွေကျပ် ၂၁၅၃၃၀ ဒဿမ ၁၉၈ သန်းအား ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ထောက်ပံ့ပေးပြီး၊ စည်ပင်သာယာရေးအဖွဲ့များ၏ လိုငွေ ၃၅၀ ဒဿမ ၄၃၆ သန်းအား ချေးယူငွေအဖြစ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဤလိုငွေသည် လောလောဆယ် ပေါ်ပေါက်လာနေသော်လည်း ဖြည့်စွက်ခွင့်ပြုငွေ လာမယ့် ၆ လတွင် RE ရေးစွဲသည့်အခါ လိုငွေကို လျော့ချသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခင်နှစ်များက ပြည်ထောင်စုမှ ရှမ်းပြည်နယ်ရဲ့လိုငွေကို ဖြည့်ဆည်းပေးတဲ့နေရာမှာ ဦးစီးဌာန၏ လိုငွေကိုသာ ထောက်ပံ့ပေးခဲ့ရာမှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ဦးစီးဌာနများနှင့် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများရဲ့လိုငွေကို ထောက်ပံ့ငွေအဖြစ် ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များရဲ့လိုငွေကိုသာ ချေးငွေအဖြစ်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ ဥပမာ ယခင်တုန်းက (ပဆင) ကနေ လိုငွေတွေဆိုရင် ရုပ်ရှင်လုပ်ငန်းလိုငွေ၊ လျှပ်စစ်လုပ်ငန်းလိုငွေ၊ ဤလိုငွေတွေကို ထောက်ပံ့ပေးသွားမှာ ဖြစ်တဲ့အကြောင်းကို တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်းပေါင်း ၄၁၃၉၆ ဒဿမ ၆၇၉ သန်းမှာ စက်မှုလယ်ယာ ၁၆၅ သန်းပါဝင်မှာဖြစ်ပြီး၊ ကုန်းမြင့်လယ်ယာ ၁၄၁ ဒဿမ ၄၅၀ သန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်များ ဖွံ့ဖြိုးတိုးတက်ရေး ၃၆၁ ဒဿမ ၂၀ သန်း၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်မှာ ကျပ်သန်း ၄၀၀၀၊ ဆည်မြောင်းဦးစီး ဌာနမှာ ကျပ်သန်းပေါင်း ၁၁၅၉. ၇၆ သန်းနဲ့ ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ကျပ်သန်း ၂၂၃၇၄ ဒဿမ ၉၈ သန်း၊ ပြည်နယ်အစိုးရအဖွဲ့နဲ့

D/real(wide) (6

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းများရဲ့ ဆောက်လုပ်ရေးလုပ်ငန်း အတွက် ကျပ်သန်း ၁၄၇၁ ဒဿမ ၃၅၀ သန်း၊ စက်ကိရိယာအတွက် ၅၆ ဒဿမ ၀၇၅ သန်း၊ ပရိဘောဂအတွက် ၂၀၅ ဒဿမ ၈၉၀ သန်း၊ အခြား ၆၉၁ ဒဿမ ၃၇၄ သန်း၊ အသုံးစရိတ်များ ပါဝင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ် လွှတ်တော်သို့ဆက်လက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဤဥပဒေကြမ်းသည် လွှတ်တော် ကိုယ်စားလှယ်များကိုလည်း ပေးဝေထားပြီးဖြစ်ပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့အရသုံးခန့်မှန်းခြေ ငွေစာရင်းကို အခြေခံပြီးတော့ စာရင်းချုပ်အနေနဲ့ ဥပဒေအဖြစ် ပြဋ္ဌာန်းသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၃၊ ပုဒ်မခွဲ(က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှစ်စဉ်ဘဏ္ဍာငွေ အရသုံးဥပဒေကြမ်းကို သတ်မှတ်ထားတဲ့နည်းလမ်းများနဲ့ အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့တင်သွင်းရမှာ ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေကြမ်းမှာ ပါဝင်တဲ့ အစိတ်အပိုင်းများ အနေနဲ့ အပိုင်း(၁)မှာ အမည်နဲ့စတင်အကျိုးသက်ရောက်တဲ့ နေ့ရက်ပါဝင်မှာဖြစ်ပါတယ်။ အပိုင်း(၂)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊

D/real(wide) (6

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းကြီးတွေရဲ့ လိုင်စေဟာ ၉၄၈ ဒဿမ ၂၂၇ သန်းဖြစ်သွားမှာ ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ရဲ့ ရင်္ဂသည် ကျပ်သန်းပေါင်း ၉၀၉၇ ဒဿမ ၂၅၀ သန်း ဖြစ်ပြီးတော့၊ သုံးင်္ဂသည် ကျပ်သန်းပေါင်း ၉၄၄၇ ဒဿမ ၆၈၆ သန်း ဖြစ်တဲ့အတွက် လိုင်္ဂသည် ကျပ်သန်းပေါင်း ၃၅၀ ဒဿမ ၄၃၆ သန်း ဖြစ်ပါတယ်။ လိုင်္ဂပေါ်ပေါက်ရတဲ့ အကြောင်းရင်းကတော့ စည်ပင်သာယာရေးအဖွဲ့ရဲ့ ဝန်ထမ်းလစာတစ်ဦး ၂၀၀၀ ထည့်သွင်းပြန်လည်ပြင်ဆင်ရေးဆွဲတဲ့အခါမှာ လိုင်္ဂဖြစ်ပေါ်ခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထို့ကြောင့် ရင်္ဂသည် ၂၀၁၄-၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာရန်ပုံင်္ဂရင်္ဂသည် ကျပ်သန်းပေါင်း ၁၄၆၈၄၂ ဒဿမ ၁၂၃ သန်းဖြစ်ပြီးတော့၊ သုံးင်္ဂသည် ကျပ်သန်းပေါင်း ၃၆၂၅၂၂ ဒဿမ ၇၅၇ သန်းဖြစ်တဲ့အတွက် လိုင်္ဂသည်ကျပ်သန်းပေါင်း ၂၁၅၆၈၀ ဒဿမ ၆၃၄ သန်းဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါသည် စာရင်းချုပ်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရင်္ဂသည် ၁၆၄ ဒဿမ ၈၄၂ ဘီလီယံဖြစ်ပြီး၊ သုံးင်္ဂသည် ၃၆၂ ဒဿမ ၅၂၂ ဘီလီယံဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်နဲ့ နေပြည်တော်ကောင်စီမှာ ကျွန်တော်တို့ ပြည်နယ်သည် အများဆုံး ရရှိတာဖြစ်ပါတယ်။ နယ်မြေဒေသလည်း ကျယ်ဝန်းပြီး၊ မြို့နယ်လည်း များတဲ့အတွက် ဘတ်ဂျက်မှာ အများဆုံးရရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်မှာ ရှမ်းပြည်နယ်ရဲ့လိုင်္ဂသည် ၂၁၅. ၆၈၀ ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်းအနေနဲ့၊ အသုံးစရိတ်အနေနဲ့၊ ငွေလုံးငွေရင်းသည် ပြည်ထောင်စုကထောက်ပံ့တာဖြစ်တဲ့ အတွက် စုစုပေါင်းရင်္ဂသည် ၁၆၄ ဒဿမ ၈၄၂ ဘီလီယံ ဖြစ်ပြီး၊ အသုံးစရိတ်သည် ၃၆၂ ဒဿမ ၅၂၂ ဘီလီယံဖြစ်တဲ့အတွက် လိုင်္ဂသည် ၂၁၅ ဒဿမ ၆၈၀ ဘီလီယံဖြစ်ကြောင်း

၁၃၉

ရှမ်းပြည်နယ်
ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက်
၂၀၁၄ ခုနှစ်၊ မတ်လ(၂၅)ရက်
(အင်္ဂါနေ့)
(နေ့လည်ပိုင်း)

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့၊ နေ့လည်ပိုင်း အစီအစဉ်အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်ခင်ဗျား။

အခမ်းအနားမှူး။ ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံး ထိုင်နိုင်ပါပြီခင်ဗျား။

၁၃၈

ပြည်နယ်စာရင်းစစ်ချုပ်နဲ့ ပြည်နယ်အဆင့် ဦးစီးဌာနများ၏ ရင်ွေသုံးငွေများ ပါဝင်မှာဖြစ်ပါတယ်။ အပိုင်း(၃)မှာ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များ၏ရင်ွေနဲ့ သုံးငွေများ ပါဝင်မှာဖြစ်ပါတယ်။ အပိုင်း(၄)မှာ စည်ပင်သာယာရေးအဖွဲ့၏ ရင်ွေများနဲ့သုံးငွေများ ဖြစ်ပါတယ်။

အပိုင်း(၁)ကို စတင်ပြီး ဖော်ပြသွားမှာ ဖြစ်ပါတယ်။ အပိုင်း(၁)မှာ အမည်နှင့် စတင် အကျိုး သက်ရောက်သည့် ရက်ဖြစ်ပါတယ်။ ဥပဒေပုဒ်မ(၁)မှာ ပုဒ်မခွဲ(က)နဲ့ (ခ)ပါဝင်မှာ ဖြစ်ပါတယ်။ အပိုင်း(၂)မှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နဲ့ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရင်ွေနဲ့ သုံးငွေများ ဆိုပြီးတော့ဖြစ်ပါတယ်။ ဒီမှာ ပုဒ်မ(၂)၊ ပုဒ်မ(၃)မှာ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) ပါဝင်ပြီး ပုဒ်မ(၄)မှာ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) ပါဝင်ပါတယ်။နောက်တစ်ခု ပုဒ်မ(၅) ပါဝင်မှာ ဖြစ်ပါတယ်။ အပိုင်း(၃) မှာ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များ၏ ရင်ွေနှင့် သုံးငွေများဖြစ်ပါတယ်။ ပုဒ်မ(၆)၊ ပုဒ်မ(၇) မှာ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) ပါဝင်မှာ ဖြစ်ပါတယ်။ ပုဒ်မ(၈)မှာ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) မှာပါဝင်တဲ့ အကြောင်း တင်ပြအပ်ပါတယ်။ အပိုင်း(၄)မှာ စည်ပင်သာယာရေးအဖွဲ့များ၏ ရင်ွေနှင့်သုံးငွေများ ဖြစ်ပါတယ်။ ပုဒ်မ(၉)၊ ပုဒ်မ(၁၀)၊ ပုဒ်မ(၁၀)မှာ ပုဒ်မခွဲ (က၊ခ၊ဂ၊ဃ၊င)နှင့် ပုဒ်မ (၁၁)တို့ ပါဝင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၉၃)၊ ပုဒ်မခွဲ(က) အရ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်နှစ်စဉ်

D/real(wide) (6

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေး နှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းပြီးတော့ ၂၀၁၄ ခုနှစ်၊ မတ်လ၊ ၂၈ ရက်နေ့၊ (သောကြာနေ့) မှာဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါ ဒီကနေ့ ညနေပိုင်းမှာ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၈)။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ ရေချိုငါးလုပ်ငန်း(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ တင်သွင်းပေးဖို့ဖိတ်ခေါ်ပါတယ်။

ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေကြမ်းကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်သွင်းပြီးဖြစ်ပါ၍ ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ နေ့လည်စာသုံးဆောင်ဖို့ ကျွန်ုပ် အစည်းအဝေးကို ၁နာရီနှင့် မိနစ် ၃၀ ရပ်နားပါမယ်။

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား နေ့လည်ပိုင်း အစည်းအဝေးကို ၁း၃၀ အချိန် ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

D/real(wide) (7

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။

မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးသို့တက်ရောက်လာသော လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင်

(က) ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးပြုန်းတီးမှုကို ကာကွယ်တားဆီးစေရန်၊

(ဂ) ရေချိုငါးလုပ်ငန်း ရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ပြည်နယ်ဘဏ္ဍာငွေအတွက် ရသင့် ရထိုက်သော အခွန်အခများ ရရှိစေရန်။

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနဲ့ အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

(စ) ကျေးလက်နေပြည်သူများ၏ ငါးလုပ်ငန်းနှင့် စပ်လျဉ်းသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်။

အတွက် ရေချိုငါးလုပ်ငန်းဥပဒေပြဋ္ဌာန်းရန် လိုအပ်လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တွင် ရေချိုငါးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းနိုင်ရေး အတွက် ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း)ကိုတင်ပြသွားမှာ ဖြစ်ပါတယ်။

ငါးလုပ်ငန်းဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်း ပေးနိုင်ရန်အတွက် တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၃၆)၊ ပုဒ်မခွဲ(က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး ကျင်းပမည့် အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ပါမည်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့် အချက်များကို လွှတ်တော်ရုံးသို့ ၃၀၊ ၄၊ ၂၀၁၄ ရက်နေ့အရောက် ပေးပို့ကြပါရန် အသိပေးပြောကြားပါတယ်။

ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊
မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို
လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ရေးရာကော်မတီကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်

D/real(wide) (7

လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ်(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန်” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။ အဆိုကို ဆွေးနွေးဖို့ အင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ဦးဝင်းမြင့်အား ဖိတ်ခေါ်အပ်ပါသည်။

ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း၊ မေတ္တာပို့သအပ်ပါတယ် ခင်ဗျား။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်၊ နဝမပုံမှန် အစည်းအဝေး၊ ပထမနေ့တွင် ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၏ “ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ရေးရာကော်မတီ အဖွဲ့ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရန်၊ ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ ဝန်ထမ်းဖွဲ့စည်းပုံအသစ် (မူကြမ်း)အား၊ လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းခြင်း” အပေါ် ကျွန်တော် ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်မှ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ် အခြေပြ ဇယားတွင် အရာထမ်း(၁၆)ဦး၊ အမှုထမ်း(၉၈)ဦး၊ စုစုပေါင်း ဝန်ထမ်း(၁၁၄)ဦးတို့ဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် (၃)ဦး လစ်လပ်နေပြီး ယနေ့ရှိလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ

ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)မှာ အခန်း(၁၃)ခန်းနဲ့ ပုဒ်မ(၅၉)ခု၊ ပုဒ်မခွဲ(၉၉)ခု ပါဝင်ပါတယ်။ အခန်း(၁) ကတော့ အမည်စတင်အာဏာတည်ခြင်းနဲ့ အဓိပ္ပါယ်ဖော်ပြချက် ဖြစ်ပါတယ်။ ပုဒ်မ(၂)ခုနဲ့ ပုဒ်မခွဲ(၂၅)ခု ပါဝင်ပါတယ်။ အခန်း(၂)ကတော့ ရည်ရွယ်ချက်များ ဖြစ်ပါတယ်။ ပုဒ်မ(၁)ခုနဲ့ ပုဒ်မခွဲ(၆)ခု ပါဝင်ပါတယ်။ အခန်း(၃)ကတော့ အဌာနဂရန်၊ တင်ဒါ၊ လိုင်စင်၊ ငါးလုပ်ငန်း ဆိုင်ရာလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၁၀)ခုနဲ့ ပုဒ်မခွဲ(၃)ခု ပါဝင်ပါတယ်။ အခန်း(၄)ကတော့ အခွန်အခ ပေးဆောင်ခြင်းများ ဖြစ်ပါတယ်။ ပုဒ်မ(၅)ခုနဲ့ ပုဒ်မခွဲ(၄)ခု ပါပါတယ်။ အခန်း(၅)ကတော့ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူရဲ့ တာဝန်နဲ့ ဆောင်ရွက်နိုင်ခွင့်များ ဖော်ပြထားပါတယ်။ ပုဒ်မ(၂)ခုနဲ့ ပုဒ်မခွဲ(၆)ခု ပါဝင်ပါတယ်။ အခန်း(၆)ကတော့ ဝန်ကြီးရဲ့ လုပ်ပိုင်ခွင့်များ ဖြစ်ပါတယ်။ ပုဒ်မ(၁)ခုနဲ့ ပုဒ်မခွဲ(၄)ခု ပါပါတယ်။ အခန်း(၇)ကတော့ ပြည်နယ်ဦးစီးဌာနမှူးရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များဖြစ်ပါတယ်။ ပုဒ်မ(၅)ခုနဲ့ ပုဒ်မခွဲ(၁၅)ခု ပါပါတယ်။ အခန်း(၈)ကတော့ စစ်ဆေးခြင်းနှင့် အရေးယူခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၁)ခုနဲ့ ပုဒ်မခွဲ(၇)ခု ပါပါတယ်။ အခန်း(၉)ကတော့ အယူခံဝင်ခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၁)ခုနဲ့ ပုဒ်မခွဲ(၉)ခု ပါဝင်ပါတယ်။ အခန်း(၁၀)ကတော့ ပြန်အမ်းငွေ လျှောက်ထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၅)ခုနဲ့ ပုဒ်မခွဲ(၂)ခု ပါပါတယ်။ အခန်း(၁၁)ကတော့ တားမြစ်ချက်များ ဖော်ပြထား ပါတယ်။ ပုဒ်မ(၉)ခုနဲ့ ပုဒ်မခွဲ(၁၂)ခု ပါဝင်ပါတယ်။ အခန်း(၁၂) ကတော့ ပြစ်ဒဏ်များ သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၈)ခုနဲ့ ပုဒ်မခွဲ(၂)ခု ပါဝင်ပါတယ်။ အခန်း(၁၃)ကတော့ အထွေထွေ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ ပုဒ်မ(၈)ခုနဲ့ ပုဒ်မခွဲ(၂)ခု ပါဝင်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၀(က)အရ ရှမ်းပြည်နယ်ရေချို

D/real(wide) (7

မဆိုလိုပါဘူး။ အခြေအနေနဲ့ အချိန်အခါလျောက် ခန့်ထားမှာ ဖြစ်ပါတယ်။ လောလောဆယ် အခြေအနေအရ ကျွန်တော်တို့ ဒီ(မူကြမ်း) ဖွဲ့စည်းပုံကို လွှတ်တော်ရဲ့သဘောဆန္ဒ ခံယူပါ့မယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်း ဖွဲ့စည်းပုံအသစ်(မူကြမ်း)အား၊ လွှတ်တော်မှ အတည်ပြုပေးရန် အဆိုနဲ့ ပတ်သတ်ပြီး လွှတ်တော်မှ သဘောတူပါသလားခင်ဗျား။ (သုံးကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်)

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသေးလားခင်ဗျား။ လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအား လွှတ်တော်သို့ တင်ပြခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

(၁၄၀)ဦးရှိပါသည်။ ရှမ်းပြည်နယ်ရှိလွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ထမ်းအချိုးအစားမှာ ၁၄၀း၁၁၄ (သို့မဟုတ်) ၁ အချိုး ဒဿမ ၈ ရှိနေပါ၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် ဝန်ထမ်း ၁ဦးနှုန်းခန့် ရှိနေပါ၍ ဖွဲ့စည်းပုံအင်အားများသည်ဟု သုံးသပ်မိပါသည်။ အမှုထမ်းအဆင့်ရာထူးတွင် အမှတ်စဉ် (၇)ပါ ယာဉ်မောင်းအဆင့် (၅)ဖွဲ့စည်းပုံ(မူကြမ်း)တွင် (၁၃)ဦးခန့်ရန် လျာထားပါသည်။ လက်ရှိအခြေအနေမှာ လုံးဝခန့်ထားခြင်း မရှိသေး၍ ယာဉ်မောင်းအဆင့်(၅)(၁၃)ဦး လျာထားသည်မှာ များသည်ဟုသုံးသပ်ရပါသည်။ ယနေ့ရှမ်းပြည်နယ်လွှတ်တော်ရှိ ဝန်ထမ်းအင်အားမှာ ခွင့်ပြုချက်(၄၁)ဦး ရှိပြီး၊ ခန့်အပ်ထားသည့် ဝန်ထမ်းမှာ (၂၄)ဦးဖြစ်ကြောင်း သိရှိရပါသည်။ ခန့်အပ်ထားသည့် ဝန်ထမ်း(၂၄)ဦးဖြင့် ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းကိစ္စ အဝဝကို လစ်ဟင်းမှုမရှိအောင် စီမံခန့်ခွဲပေးသည့် လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုဥက္ကဋ္ဌ အမှုထမ်း၊ အရာထမ်းများ၊ အားကြိုးမာန်တက်၊ တာဝန်သိစွာ ဆောင်ရွက်ပေးနိုင်မှုကိုလည်း၊ ကျွန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များမှာ အားလုံး ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ယခုနိုင်ငံတော် အစိုးရတွင် နိုင်ငံခြားချွေးငွေ ဒေါ်လာသန်း ၉၅၀၀ အပြင် ပြည်တွင်းကြွေးကျန် ကျပ် ဘီလီယံ ၁၀၀၀၀ ကျော်ရှိနေကြောင်း သိရှိရပါသည်။

လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းများ ခန့်အပ်ရာတွင် ဖွဲ့စည်းပုံအရ တစ်ပြိုင်တည်း ခန့်အပ်ခြင်းမပြုပဲ လျာထားသည့် ဝန်ထမ်းအင်အား၏ ထက်ဝက်ခန့်ကို သာ အများဆုံးခန့်အပ်ပြီး၊ လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းများကို တဖြည်းဖြည်းချင်း ခန့်အပ်သွားသင့်ပါသည်။ ဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း လက်ရှိ ဝန်ထမ်းများမှ လုပ်သက်ကြီးရင့်သူ အရည်အချင်းရှိသူများကို ဦးစားပေး တစ်ဆင့်မြင့် ရာထူးတိုးမြင့်ပြီးမှ

D/real(wide) (7

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ အားလုံး မဂ်လာပါခင်ဗျား။ လေးစားအပ်သော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို လွှတ်တော်သို့တင်ပြမှာ ဖြစ်ပါတယ်။ မြေအသုံးချမှု အခြေအနေတွင် လက်ရှိစိုက်ပျိုးနိုင်တဲ့မြေ ၃၄၈၉၆၁၈ ဧကဖြစ်ပြီး၊ အသားတင် စိုက်ပျိုးမြေ ၃၀၁၇၆၅၇ ဧကဖြစ်ပါတယ်။ ပြည်နယ်တစ်ခုလုံးရဲ့ ၇ ဒဿမ ၈၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပလပ်ထားတဲ့မြေက ၄၇၁၉၆၁ ဧကဖြစ်ပြီး၊ ပြည်နယ်တစ်ခုလုံးရဲ့ ၁ ဒဿမ ၂၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တော ၇၈၄၆၈၈၇ ဧကဖြစ်ပြီး၊ ပြည်နယ်တစ်ခုလုံးရဲ့ ၂၀ ဒဿမ ၃၈ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တောရိုင်းမြေ ၁၁၇၁၄၅၈၇ ဧကရှိပြီး၊ ပြည်နယ်တစ်ခုလုံးရဲ့ ၃၀ ဒဿမ ၄၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ လယ်မြေရိုင်း ၄၈၄၇၈၇၇ ဧကဖြစ်ပြီး၊ ပြည်နယ်တစ်ခုလုံးရဲ့ ၁၂ ဒဿမ ၅၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။ မြို့ရွာနှင့် အခြားမြေများ ၁၀၆၃၇၆ ဧကရှိပြီး၊ ၂၇ ဒဿမ ၅၃ ရာခိုင်နှုန်း ရှိကြောင်း တင်ပြအပ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာန အဓိကဆောင်ရွက်တဲ့လုပ်ငန်း(၃)ခုမှာ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ တောင်သူလယ်သမားများအားသိပ္ပံနည်းကျ သိမြင်စိုက်ပျိုးစနစ်များ လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်စေရန်အတွက် လေ့ကျင့်ပညာပေးခြင်းနှင့် အဆင်မီ မျိုးကောင်းမျိုးသန့်မျိုးစေ့များအား စဉ်ဆက်မပြတ် ရှာဖွေထုတ်လုပ်ဖြန့်ဖြူးပေးခြင်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခု နွေစပါးစိုက်ရာသီမှာ လေးသွယ်စပ်မျိုး၊ စမ်းသပ် (၅)ဧက

လို အပ်သူများကို တဖြည်းဖြည်း ခန့်ထားရန်ဖြစ်ပါသည်။ အရေအတွက်ထက် အရည်အချင်း ပိုမိုလိုအပ်သော ကာလဖြစ်၍ အရည်အချင်း ပြည့်သောသူများကိုသာ ခန့်အပ်ပေးရန် အကြံပြုပါသည်။ လွှတ်တော်တစ်ရပ်တွင် မှတ်တမ်းမှတ်ရာ ပြည့်စုံမှု၊ ဝန်ထမ်းအင်အားပြည့်စုံမှု၊ ဝန်ထမ်းအရည်အချင်းရှိမှု၊ သစ္စာရှိမှု တို့သည် လွှတ်တော်လုပ်ငန်းအောင်မြင်ရေး၏ အဓိကကျသော အချက်များ ဖြစ်ပါသည်။ ရှမ်းပြည်နယ် လွှတ်တော်သည် ရှမ်းပြည်နယ်၏ဂုဏ်ကျက်သရေနှင့် ကြီးမြတ်မှုတို့၏ အဓိပဓိဦးသွေးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် လွှတ်တော်၏ ဝန်ထမ်းဖွဲ့စည်းပုံမှာ တင့်သင့်မျှတသော်လည်း ယာဉ်မောင်းအဆင့်(၅)၊ (၁၃)ဦး အားသင့်လျော်သလို လျော့ချပြီး၊ ကျန်ရှိသည့် ဖွဲ့စည်းပုံပါအရေအတွက် ဝန်ထမ်းများကို အထက်တွင်ဖော်ပြထားခဲ့သည်အတိုင်း လျာထားအင်အား၏ ထက်ဝက်ခန့်ကို ခန့်အပ်ပြီးမှ တစ်ဆင့်ခြင်း လိုအပ်သလို ခန့်အပ်ထားသင့်ပါကြောင်း လေးစားစွာ အကြံပြုအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၁၀)။ အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရှင်းလင်းခြင်းနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူခြင်း ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုတင်သွင်းသည့် ပြည်နယ်လွှတ်တော်ရုံးဖွဲ့စည်းပုံ (မူကြမ်း)ဟာ ကျွန်တော်တို့တစ်နိုင်ငံလုံးရှိ တိုင်းနဲ့ပြည်နယ်အားလုံးမှာ လျာထားသတ်မှတ်ချက် ဖြစ်ပါတယ်။ ဝန်ထမ်းခန့်တဲ့နေရာမှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပြည့်အဝ ခန့်မယ်လို့လည်း

D/real(wide) (7

ပြောင်းသီးနှံဘက်စုံပိုးမွှား ကာကွယ်ရေး စီမံကိန်းကာလမှာ ၂၀၁၂ ခု မှ ၂၀၁၅ ခုထိ(၃)နှစ်စီမံကိန်းဖြစ်ပြီး၊ ၂၀၁၂ ခုနှစ်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ သံတဲကျေးရွာအုပ်စု၊ သံလုံးကျေးရွာ၌ စတင်ဆောင်ရွက် လျက်ရှိပြီး၊ ယခုနှစ်မှာတော့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ပင်ဖြစ်ရွာမှာ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းရဲ့ လုပ်ငန်းစဉ်များအပြီး၊ ပြောင်းစိုက်တောင်သူများကို သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသိအမြင် ဗဟုသုတရရှိစေပြီး၊ ဓာတုပိုးသတ်ဆေး အန္တရာယ်များ ကင်းဝေးစေရန်နဲ့ သဘာဝမျှခြေ၊ ထိခိုက်မှုမရှိသော ဇီဝနည်း၊ အခြေခံဘက်စုံ သီးနှံကာကွယ်ရေး နည်းစနစ်များကို တောင်သူများ နားလည်လာစေရန်အတွက် လက်တွေ့ပြသ ပညာပေးခြင်း၊ ကပ်ပါးနဂိုဗေးမြူခြင်း အဆင့်များ၊ ကပ်ပါးနဂိုလွတ်ထားသော သရုပ်ပြ ပြောင်းစိုက်ခင်းများ လေ့လာစေခြင်းနဲ့ လက်ခံစပါးသိုလှောင်ပိုး မွေးမြူခြင်း အဆင့်ဆင့်များကို သင်ကြားပို့ချပေး လျက်ရှိပါတယ်။ စျေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးအတွက် ရှမ်းပြည်နယ်မှာ စိုက်ပျိုးဖြစ်ထွန်းတဲ့ ဂျူးမြစ်၊ ပိန်းဥ၊ ဟင်းသီးဟင်းရွက်များ အစရှိတဲ့သီးနှံများကို စံပြကွက်စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းလျက်ရှိတဲ့ ပိန်းနဲ့ ဂျူးမြစ် စိုက်ခင်းများအား နိုင်ငံတကာ ပုဂ္ဂလိများကို ခေါ်ယူပြသခြင်းနဲ့ လာရောက်ကြည့်ရှုကြခြင်းဖြင့် သီးနှံစျေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဒေသဝမ်းစာဖူလုံမှုအခြေအနေကို တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းမှာ ၁၂၄. ၂၅%၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ၁၂၉. ၅၉%၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ၂၀၀. ၉၃% ရှိပြီး၊ ရှမ်းပြည်နယ် တစ်ခုလုံးကတော့ ၁၃၈. ၉၉% ရှိကြောင်းတင်ပြအပ်ပါတယ်။

မျိုးထုတ်နိုင်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ မိုးစပါးစိုက် ရာသီမှာ ရေဆင်းပုလဲသွယ်မျိုး (၃၅)ကော၊ စမ်းသပ်မျိုးထုတ်ပြီး ဒေသအတွင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ နွေစပါးစိုက်ရာသီမှာ (၁၀)ဧက ပျိုးထောင်ဆဲ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ မှာ ပုလဲသွယ်စပ်မျိုး ဧက(၁၀၀) မျိုးထုတ်ဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ရဲ့ မျိုးသန့်စံပြရွာမှ မျိုးစေ့မျာလည်း ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ပင်းတယမြို့နယ်မှာ ရွှေရင်အေး မျိုးကို ဆောင်ရွက်ပေးနိုင်ပါတယ်။ ကလောမြို့နယ်မှာ ရွှေရင်အေးမျိုး၊ မိုးမိတ်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ် မြို့နယ်တို့မှာ ဆင်းဇကရီ(၃) မျိုးစေ့များကို မျိုးသန့်ပွား ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘာစမာတီ မျိုးသန့်ပွားများစပါးများအား တောင်ကြီးခရိုင်(၅)မြို့နယ်၊ လွိုင်လင်ခရိုင်(၁)မြို့နယ်၊ ရှမ်း(အရှေ့)မိုင်းယန်းတို့မှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စုစုပေါင်း စိုက်ဧက ၁၇ ဒဿမ ၃၀ ဧကဖြစ်ပြီး၊ အထွက်နှုန်း ၇၁ ဒဿမ ၇၃ တင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးအတွက် ရှမ်းပြည်နယ်အတွင်းမှာ ဧကပေါင်း (၃၅၀၀)၊ နွေစပါးစိုက်ရာသီမှ ဧကပေါင်း (၅၇၀၀) ဖြန့်ဖြူးခဲ့ပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဌာနပိုင်ခြံများမှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်မှု အခြေအနေ တင်ပြခြင်းဖြစ်ပါတယ်။ နမ့်လတ်ခြံတွင်အစေ့ထုတ်ပြောင်း အမှတ်(၈၆၈) စမ်းသပ်ထုတ်လုပ်ပေးလျက်ရှိပါတယ်။ နမ့်လတ်ခြံ၊ ဟဲဟိုးဗဟိုခြံ၊ ဗန်းရင်ခြံ၊ တီကျစ်ခြံနဲ့ ဗန်းရင်ခြံများမှာ စပ်မျိုးနေကြောကို မျိုးထုတ်ပေးလျက်ရှိပါတယ်။ တောင်သူများအား တောင်စောင်းစိုက်ပျိုးနည်းပညာများ၊ ကွန်ဒို အလိုက် စိုက်ပျိုးနည်းပညာများ နားလည်တက်ကျွမ်း လာစေရန်

D/real(wide) (7

၂၀၁၃-၂၀၁၄ ခုနှစ် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ စုစုပေါင်း သီးနှံအမည်ပေါင်း (၆၀) မှာ စိုက်ပျိုးနိုင်သည့် ဧကပေါင်း ၄၁၈၇၃၇၂ ဧကဖြစ်ပြီး၊ ရိတ်သိမ်းဧက ၃၅၄၅၆၂၃ ဧကဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာမြေထုတ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်း၊ ပထမအဆင့် ဆောင်ရွက်ပြီးစီးမှုကို တင်ပြအပ်ပါတယ်။ ပထမအဆင့်မှာ ရှမ်းပြည်နယ်ချုပ်အနေနဲ့ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၇၇၆) ဖြစ်ပြီး၊ ဧရိယာဧကပေါင်း (၅၄၉၉၂၄)ဧက ဖြစ်ပါတယ်။ လုပ်ပိုင်ခွင့် လက်မှတ်ပုံစံခွန် ထုတ်ပေးပြီးမှုမှာ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၇၄၄)အုပ်စု ဖြစ်ပြီး၊ ဧကပေါင်း (၆၃၅၈၆)ဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၁၀၅ ရာခိုင်နှုန်း၊ ပထမအဆင့်မှာ ဆောင်ရွက်ပေး ပြီးကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနဲ့ မြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်း၊ ဒုတိယအဆင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ ယနေ့ထိ ၅ ရာခိုင်နှုန်းသာ ဆောင်ရွက် ပေးနိုင်သေးကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနဲ့ မြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်း ဒုတိယအဆင့် အစီအစဉ်ဆောင်ရွက်မည့်ပမာဏမှာ ရပ်ကွက်ကျေးရွာ အုပ်စုပေါင်း (၆၆၄)စု၊ ကွင်းအကွက်ပေါင်း (၂၁၃၄)၊ တောင်သူပေါင်း (၁၁၃၉၄၂)ဦးဖြစ်ပြီး၊ ဦးပိုင်ပေါင်း (၁၅၇၂၉၇)၊ ဧရိယာဧကပေါင်း (၅၀၀၂၉၀) ဖြစ်ပါတယ်။ လယ်မြေအခြေအနေအရ လာရောက်ဆက်သွယ်မှ ထုတ်ပေးနိုင်တဲ့ ပမာဏကတော့ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၆၈၅)အုပ်စု၊ ကွင်းအကွက်ပေါင်း (၁၃၀၀) ဖြစ်ပြီး၊ တောင်သူပေါင်း (၂၂၆၁၈၇) ဖြစ်ပါတယ်။ ဦးပိုင်ပေါင်း (၂၈၇၉၂၀)ဖြစ်ပါတယ်။ ဧကပေါင်း (၁၁၃၆၆၉၂)ဧက ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လုံးဝမဆောင်ရွက်နိုင်သေးတဲ့

အတွက် စိုက်ပျိုးရေးဝန်ထမ်းများနဲ့အတူ ခရိုင်၊ မြို့နယ်အလိုက် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ပေးလျက် ရှိပါတယ်။ တင်ပြပါကာလအတွင်း ရှမ်းပြည်နယ် ချုပ်အနေနဲ့ အကြိမ်ပေါင်း(၃၈၂၀)ကြိမ်၊ ဝန်ထမ်းပေါင်း(၂၄၁၁)ဦးနဲ့ တောင်သူပေါင်း (၁၇၀၁၄၈)ဦး ဆွေးနွေးပညာပေး နိုင်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဆောင်းသီးနှံ တောင်သူပညာပေး ဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ အကြိမ်ပေါင်း(၁၄၆၄)ဖြစ်ပြီး၊ ဝန်ထမ်းပေါင်း(၁၇၃၉)ဦးနဲ့ တောင်သူပေါင်း(၇၂၂၅၁)ဦး ဆွေးနွေးပွဲ ပြုလုပ်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ သုတေသန စမ်းသပ်ပွဲများ ဆောင်ရွက်နိုင်မှု အခြေအနေမှာ ကလော၊ ကျောက်မဲ၊ မိုင်းယန်းတို့တွင် ယာစပါး၊ ရပ်စောက်၊ ကျောက်မဲ၊ နောင်ချိုတို့တွင် အစေ့ထုတ်ပြောင်း၊ ကလော၊ ပင်းတယတွင် ပဲပုပ်ကို စမ်းသပ်နိုင်ခဲ့ပါတယ်။

မြေဆီလွှာထိန်းသိမ်းရေးအတွက် တောင်စောင်း စိုက်ပျိုးနည်းလုပ်ငန်းများ ပညာပေးဆောင်ရွက်ခဲ့ပါတယ်။ မြေအသုံးချမှု ဆိုင်ရာပညာပေးသင်တန်းမှာ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများဖြစ်တဲ့ ကွန်ဒို ကန်သင်းကန့်ခြင်းနဲ့ တောင်စောင်းများမှာ လှေကားထစ်စိုက်ခင်းများပြုလုပ်ခြင်း၊ ဓာတ်မြေဩဇာများအား အကျိုးရှိစွာသုံးစွဲခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်နည်းဘာသာရပ်အား သင်ကြားပို့ချပေးပြီး မြေဆွေးပြုလုပ်နည်းအား လက်တွေ့ပြသ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မီးထောင်ချောက်များ၊ အဝါရောင်၊ အပြာရောင် ရှိတဲ့အရောင် တောက်ပတဲ့ ပန်းပွင့်အပင်များ စိုက်ခင်းပတ်လည်မှာ စိုက်ပျိုးခြင်းနဲ့ အင်းဆက်ပိုးမွှားများအား ဆွဲဆောင်နိုင်သော ဟော်မုန်း ထောင်ချောက်များ အသုံးပြုပြီး ပိုးမွှားကာကွယ်နိမ့်နှင်းနည်းများကို လက်တွေ့ ပြသပညာပေးဆောင်ရွက်လျက် ရှိပါတယ်။

D/real(wide) (7

ဖြစ်ပါတယ်။ မူဆယ်ခရိုင်က(၂)မှု ဖြစ်ပါတယ်။ ကျောက်မဲခရိုင်က (၁၄)မှု ဖြစ်ပါတယ်။ ကျိုင်းတုံခရိုင်က(၃)မှု ဖြစ်ပါတယ်။ မိုင်းဆတ်ခရိုင်က(၆)မှု ဖြစ်ပါတယ်။ တာချီလိတ် ခရိုင်က(၅)မှု ဖြစ်ပါတယ်။ မိုင်းဖြတ်ခရိုင်က(၂)မှု ဖြစ်ပါတယ်။ အားလုံးပေါင်း (၇၄)မှု ဖြစ်ပါတယ်။ ဖြေရှင်းပြီးတာက(၅၇)မှု၊ သက်ဆိုင်သူသို့ ပြန်ပေးပြီးတာက(၇)မှု၊ ဖြေရှင်းရန်ကျန်တာက (၁၇)မှု ဖြစ်ပါတယ်။ ယနေ့ထိ အားလုံးဖြေရှင်းထားပြီးလည်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ထပ်မံပေးပို့လာတဲ့ တိုင်ကြားစာများအပေါ် ဝန်ကြီးဌာနအလိုက် ဖြေရှင်းဆောင်ရွက်မှု အခြေအနေမှာ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေရှင်းဆောင်ရွက်ပေးရန်(၅)မှု ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနက(၁၂)မှု ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရက(၃၂၈)မှု ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက (၁၀)မှု ဖြစ်ပါတယ်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက(၂)မှုဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနက(၁)မှု ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက (၁)မှု ဖြစ်ပါတယ်။ စီးပွားကူးသန်း ဝန်ကြီးဌာနက(၁)မှု ဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာနက(၁)မှု ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက(၂)မှု ဖြစ်ပါတယ်။ စုစုပေါင်း(၃၆၃)မှု ဖြစ်ပါတယ်။ ဖြေရှင်းရန်(၃၅၀)မှု ကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဆည်မြောင်းဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို တင်ပြမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဆည်ကန်များ အခြေအနေကို တင်ပြမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားတဲ့ ဆည် (၄၀)ခုရှိပြီး၊ ရေပေးဝေနိုင်တဲ့ ဧက (၅၈၂၄၁)ဧက ဖြစ်ပါတယ်။ ကျေးရွာဆည်က(၁၁၄)ခုရှိပြီး၊ ရေပေးဝေနိုင်တဲ့ ဧက(၄၂၉၉၈)က

ပမာဏကတော့ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၆၈၆)ဖြစ်ပြီး၊ ကွင်းအကွက်ပေါင်း (၇၂၆)ဖြစ်ပါတယ်။ တောင်သူပေါင်း (၁၇၉၈၄၂)ဦးဖြစ်ပြီး၊ ဦးပိုင်ပေါင်း (၂၅၃၄၇၇)ဖြစ်ပါတယ်။ ဧကအားဖြင့် (၁၀၅၅၁၁)ဧကဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြေလွတ်မြေလပ်နဲ့ မြေရိုင်းများ လုပ်ပိုင်ခွင့်ရ ကုမ္ပဏီအဖွဲ့အစည်း လုပ်ငန်းရှင်များရဲ့ မြေယာဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်နိုင်မှုအခြေအနေမှာ ဦးရေပေါင်း (၇၁၇)ဦးဖြစ်ပြီး၊ ဧကပေါင်း (၃၂၁၁၂၉)ဧကဖြစ်ပါတယ်။ ယနေ့ထိ ဖော်ထုတ်စိုက်ပျိုးပြီးစီးမှု (၁၂၇၈၁၇)ဧကဖြစ်ပြီး၊ စိုက်ပျိုးပြီးဧက (၁၁၄၇၀၈)ဧက ဖြစ်ပါတယ်။ ဖော်ထုတ်ရန်ကျန်တဲ့ ဧက (၁၉၃၃၁၂) ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဗဟိုကခွင့်ပြုတဲ့ မွေးမြူရေးလုပ်ငန်းတွင် ရှမ်းပြည်နယ်ချုပ်အနေနဲ့ ခွင့်ပြုဦးရေ(၁၅)ဦးဖြစ်ပြီး၊ ဧကပေါင်း (၂၉၃၃)ဧက ဖြစ်ပါတယ်။ မွေးမြူရေးဖော်ထုတ်ပြီးသည့် ဧကပေါင်းကတော့ (၂၈၅၂) ဖြစ်ပြီး၊ လက်ရှိမွေးမြူရေး အသုံးပြုပြီး ဧကပေါင်း (၂၈၅၂) ဖြစ်ပါတယ်။ ဖော်ထုတ်ရန်ကျန်ဧက (၈၁)ဖြစ်ပါတယ်။ ယခင်အာဏာပိုင်က ကြိုတင်ခွင့်ပြုတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာ ရှမ်းပြည်နယ် ချုပ်အနေနဲ့ ဦးရေပေါင်း(၆၆)ဦးဖြစ်ပြီး၊ ဧကပေါင်း (၁၁၃၃၉၃)ဧက ဖြစ်ပါတယ်။ ဖော်ထုတ်စိုက်ပျိုးပြီးဧက (၁၂၈၈၉) သာရှိပြီး၊ စိုက်ပျိုးပြီးတာကတော့ (၆၅၇၉)ဧကရှိပါတယ်။ ဖော်ထုတ်ရန်ကျန်ဧကမှာ (၁၀၀၅၀၄) ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီမှ စုံစမ်းရေးကော်မရှင်ရဲ့ အစီအရင်ခံစာ အပေါ် ဖြေရှင်းဆောင်ရွက်မှု အခြေအနေကို ဝန်ကြီးဌာနအလိုက် ဖြေရှင်းဆောင်ရွက်တဲ့ အခြေအနေမှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖြေရှင်းဆောင်ရွက်ပေးရမှုပေါင်း (၃)မှု ဖြစ်ပါတယ်။ တစ်စိတ်တစ်ဒေသစွန့်လွှတ်ခြင်းက

D/real(wide) (7

ဖြစ်ပါတယ်။ နတလ ဆည်(၇)ခု ရှိပါတယ်။ ရေပေးဝေနိုင်တဲ့ ဧကပေါင်း(၃၁၇၆)ဧက ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးဆည်က(၁၄၀)ခု ရှိပါတယ်။ ရေပေးဝေနိုင်တဲ့ ဧကပေါင်း (၃၃၉၄၆)ဧက ဖြစ်ပါတယ်။ ပုဂ္ဂလိကဆည် (၃၉၃)ခု ရှိပြီး၊ ရေပေးဝေနိုင်တဲ့ ဧက(၈၉၉၁၁) ဧကဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာ စုစုပေါင်းဆည် အကြီး၊အသေး အားလုံး(၆၉၄)ခုရှိပြီး၊ ရေပေးဝေနိုင်တဲ့ ဧက(၂၂၈၂၇၂)ဧက ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားတဲ့ ရှမ်းပြည်နယ် တောင်ပိုင်းမှာ ဆည်(၂၃)ခုရှိပါတယ်။ လယ်ယာ စိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ကနေ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကို လွှဲပြောင်းပေးတာ (၁၉)ခုဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး ဌာနက ထိန်းသိမ်းထားသော ဆည်(၄)ခုရှိပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးဒေသမှာတော့ ဆည်မြောင်း ဦးစီးဌာနကနေ ထိန်းသိမ်းထားတဲ့ဆည်(၁၁)ခုထဲမှာ အားလုံးရှမ်းပြည်နယ်အစိုးရ အဖွဲ့ကို လွှဲပေးပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံဒေသမှာ ဆည်မြောင်းဦးစီးဌာန ထိန်းသိမ်းထားတဲ့ ဆည်(၆)ခုရှိပြီး၊ (၆)ခုလုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်က ဆက်လက် ထိန်းသိမ်းထားတဲ့ ဆည်မှာ (ဇော်ဂျီ) ရေလှောင်တမံ၊ နမ့်တဘက်ချောင်း ရေလှောင်တမံ၊ နမ့်ပေါင်တင်း ရေလွှဲဆည်၊ နမ့်ကွတ် ရေလွှဲဆည် ဖြစ်ပါတယ်။ ဤသည်မှာ ဧက(၅၀၀၀) အထက်ဆည်များ ဖြစ်တဲ့အတွက် ပြည်ထောင်စု ဝန်ကြီးဌာနက ဆက်လက်ထိန်းသိမ်းထားတဲ့ ဆည်စာရင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(၁)မှု၊ အားလုံး စွန့်လွှတ်တာ (၂)မှုဖြစ်ပါတယ်။ အားလုံး ဖြေရှင်းဆောင်ရွက် ပေးပြီးတဲ့အပြင်၊ တစ်မှုမှာ သက်ဆိုင်ရာတောင်သူ များကို ပေးအပ်ပြီး၊ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)ပါ ထုတ်ပေးပြီးဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေရှင်း ဆောင်ရွက်ပေးရမှု ပေါင်းက (၄၅)မှုဖြစ်ပါတယ်။ အကြောင်းအရင်း ခိုင်မာသဖြင့် မစွန့်လွှတ်သည်မှာ (၁၅)မှု၊ အားလုံးစွန့်လွှတ်ပေးတာ (၂၇)မှု၊ တိုင်စာတူ(၂)မှု၊ ပေါင်း(၄၄)မှု၊ ဖြေရှင်းရန်ကျန်(၁)မှု၊ (၆)မှုကတော့ တောင်သူများကို ယာယီလုပ်ကိုင်ခွင့်ပြုဖို့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေရှင်း ဆောင်ရွက်သည့် အမှုပေါင်းက (၁၈)မှုဖြစ်ပြီး၊ အကြောင်းရင်း ခိုင်မာလို့ မစွန့်လွှတ်နိုင်တာ(၃)မှု၊ တစ်စိတ်တစ်ဒေသ စွန့်လွှတ်တာ (၁)မှု၊ အားလုံးစွန့်လွှတ်တာ (၁)မှု၊ တိုင်စာတူတာ (၁)မှု၊ အားလုံးပေါင်း (၆)မှု၊ ဖြေရှင်းရန် ကျန် (၁၂)မှုဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေရှင်းဆောင်ရွက်ပေးရန် အမှုပေါင်း (၅)မှု၊ အကြောင်းရင်း ခိုင်မာလို့ မစွန့်လွှတ်တာ(၁)မှု၊ အားလုံးစုစုပေါင်း စွန့်လွှတ်တာ(၁)မှု၊ ပေါင်း(၂)မှု ဖြစ်ပြီး၊ ဖြေရှင်းရန်ကျန်(၃)မှုဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနက ဖြေရှင်းပေးရမှာ(၂)မှုဖြစ်ပါတယ်။ အကြောင်းရင်းခိုင်မာလို့ မစွန့်လွှတ်တာ(၂)မှု၊ အားလုံးဖြေရှင်းပေးပြီး ဖြစ်ပါတယ်။ သိပ္ပံနှဲ့နည်းပညာဝန်ကြီးဌာနက ဖြေရှင်းရန်(၁)မှုဖြစ်ပြီး၊ ဖြေရှင်းရန်ကျန်ပါတယ်။ ဤအစီရင်ခံစာမှာ ဖေဖော်ဝါရီလကုန်က အစီရင်ခံစာဖြစ်ပြီး၊ ယနေ့ထိအားလုံးဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ခရိုင်အလိုက်ဖြေရှင်းဆောင်ရွက်မှုကို တင်ပြအပ်ပါတယ်။ တောင်ကြီးခရိုင်က (၂၄)မှုဖြစ်ပြီး၊ ဖြေရှင်းပြီးတာ (၁၃)မှု၊ ဖြေရှင်းရန်ကျန်တာ(၃)မှု၊ လွှဲပြောင်းခရိုင်က(၁)မှု၊ လားရှိုးခရိုင်က (၁၇)မှု

D/real(wide) (7

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာငွေအဖြစ်ဆောင်ရွက်တဲ့ ငွေလုံးငွေရင်းလုပ်ငန်းတွေဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ(၁)ခုဖြစ်ပါတယ်။ ခွင့်ပြုငွေက သိန်းပေါင်း (၂၆၇၈)ဖြစ်ပါတယ်။ မိုးနဲမြို့နယ်မှ နမ့်တောင်းဆည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုမှာ ၈၅% ပြီးစီးနေပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမှာ မရှိပါ။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ(၄)ခု ရှိပါတယ်။ ခွင့်ပြုငွေက ကျပ်သိန်းပေါင်း (၁၁၂၈) ဖြစ်ပါတယ်။ မိုင်းလွယ်ဆည်ပါပါတယ်။ မိုင်းဆတ်က လုပ်ငန်း(၃)ခုပါပါတယ်။ ရေပေးမြောင်း၊ ရေတံခါးတည်ဆောက်ခြင်းနှင့် ပြန်လည်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းတစ်ခုပါပါတယ်။

၂၀၁၃-၂၀၁၄ ခုရှမ်းပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာငွေဖြင့် သာမန်အသုံးစရိတ်နဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ(၃၀)ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးက(၁၁)ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံဒေသက(၉)ခုဖြစ်ပါတယ်။ အားလုံးပေါင်း(၅၀)ခု ဖြစ်ပြီး၊ ရန်ပုံငွေ လျာထားချက်က သိန်းပေါင်း(၅၁၂၅ ဒဿမ ၁၅၀) ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုကလည်း ကျပ်သိန်းပေါင်း(၅၂၁၅ ဒဿမ ၁၅) ဖြစ်ပြီး၊ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မဲ့လုပ်ငန်း၊ ငွေလုံးငွေရင်းလုပ်ငန်းများကို တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းမှာ(၃၈)ခု၊ လျာထားတဲ့ ရန်ပုံငွေက သိန်းပေါင်း(၂၄၄၀၅)သိန်း ဖြစ်ပါတယ်။ လားရှိုးဒေသမှာ (၅)ခုဖြစ်ပါတယ်။ လျာထားတဲ့ငွေက ကျပ်သိန်းပေါင်း (၃၆၂၇၅ ဒဿမ ၃) ဖြစ်ပါတယ်။

ဆက်လက်ပြီး စက်မှုလယ်ယာဦးစီးဌာန လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေတင်ပြမှာဖြစ်ပါတယ်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် အဓိကလုပ်ငန်း(၆)ခု ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ထွန်ယက်ရေးလုပ်ငန်း၊ လယ်ပြုပြင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာလုပ်ငန်း၊ တောင်သူပညာပေးခြင်းလုပ်ငန်း၊ After sales service လုပ်ငန်း၊ စက်မှုလယ်ယာစနစ်တကျဖော်ထုတ်ခြင်းလုပ်ငန်းနဲ့ ရိတ်သိမ်းခြေလှေ့ခြင်းလုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ မှာ ထွန်ယက်ရေးပေးနိုင်တဲ့ ဧကပေါင်း (၃၄၉၀၃)ဧက ရှိပါတယ်။ လယ်ယာသုံးစက်ကိရိယာများဖြန့်ဖြူးပေးနိုင်မှု အခြေအနေမှာ၊ ၂၀၁၃-၂၀၁၄ မှာ ထွန်စက်ကြီး (၁၁)စီး၊ လက်တွန်းထွန်စက် (၉၈၅)စီး၊ စပါးခြေလှေ့စက်(၁၉)စီး ဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူတဲ့ (၃)နှစ်တာ ကာလအတွင်းမှာ စုစုပေါင်းထွန်စက်အစီးက (၁၇)စီး၊ လက်တွန်းထွန်စက် (၂၂၂၇)စီး၊ စပါးခြေလှေ့စက် (၆၉)စီး ရောင်းချပေး နိုင်ကြောင်း တင်ပြအပ်ပါတယ်။ တောင်သူပညာပေးသင်တန်း ဆောင်ရွက်နိုင်မှု အခြေအနေ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုမှာ မြို့နယ်(၅)မြို့နယ်၊ ကျေးရွာပေါင်း(၈)ရွာ၊ အကြိမ်ပေါင်း(၈)ကြိမ်၊ တောင်သူပေါင်း (၂၅၄)ဦးကို ထွန်စက်မောင်းသင်တန်း ပို့ချပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ စက်ကိရိယာ(၃၃၃)စီး ကွင်းဆင်းပြုပြင်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စက်မှုလယ်ယာစနစ်ကျ ဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရှမ်းပြည်နယ်မှာ ဧက(၁၀၀)ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဟိုးပုန်းမြို့နယ်မှာ(၅၀)ဧက၊ ညောင်ရွှေမြို့နယ်မှာ(၅၀)ဧက၊ စံနမူနာပြ ဖော်ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်မှာ စက်မှုလယ်ယာ စနစ်ကျ လယ်ကွက်

D/real(wide) (7

ဖော်ထုတ်ဖို့က ဧက(၃၀၀)ရည်မှန်းထားပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းမှာ (၂၀၀)၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ (၁၀၀) ဆောင်ရွက်ဖို့ ရွေးချယ်ထားကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ဒေသအသီးသီးမှ စက်မှုလယ်ယာစနစ်ကျ ကွက်များ ဖော်ထုတ်လိုပါက အောက်ဖော်ပြပါအချက်များနဲ့ ကိုက်ညီတဲ့ ဒေသများကို ရွေးချယ်ပြီး၊ နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာနများသို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်-

(က) ဧက(၅၀)ထက်မနည်း၊ တစ်ကွင်းတစ်ဆက်တည်းရှိ သီးနှံစိုက်ပျိုးနိုင်သည့် ဆည်ရေသောက်ဒေသ ဖြစ်ခြင်း၊

(ခ) မြေအနိမ့်အမြင့်(၁. ၅)ပေ ထက်ပို ၍ ကွာခြားမှု မရှိခြင်း၊

(ဂ) တောင်သူများမှာ စက်မှုလယ်ယာစနစ် ကျင့်သုံး လိုမှုရှိပြီး၊ လိုအပ်မည့် လယ်ယာသုံး စက်ကိရိယာ များ ဝယ်ယူသုံးစွဲနိုင်မည့် ဒေသဖြစ်ခြင်း။

ဆက်လက်ပြီး ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်း ဆောင်ရွက်နိုင်မှု အခြေအနေဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်းရုံးက (လားရှိး၊ ကျိုင်းတုံ၊ တောင်ကြီး) စီမံကိန်းရုံး(၃)ရုံး ရှိပါတယ်။ တောင်ပေါ်ဒေသ တိုင်းရင်းသားများရဲ့ လယ်ယာထုတ်ကုန်သီးနှံများ ဖွံ့ဖြိုးတိုးတက် လာစေရန်နဲ့ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုစနစ် ပပျောက်၍ စနစ်တကျစိုက်ပျိုး အသက်မွေးဝမ်းကြောင်း ပြုလာစေရန် ရည်ရွယ်ပြီး နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများဆောင်ရွက် ပေးလျက် ရှိပါတယ်။ ဒီနေ့အထိ ဖော်ထုတ်ပြီးတဲ့ဧကပေါင်း (၁၅၀၈)ဧက ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးမှု အခြေအနေဖြစ်ပါတယ်။

ကျိုင်းတုံဒေသမှာ(၉)ခု ဖြစ်ပါတယ်။ လျာထားတဲ့ ရန်ပုံငွေပေါင်း သိန်းပေါင်း (၅၃၀၇ ဒဿမ ၃) ဖြစ်ပါတယ်။ ဤလုပ်ငန်းတွေဟာ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်နဲ့ ခရီးစဉ်လမ်းညွှန်ချက်နဲ့ လွှတ်တော် ကတိကဝတ် လုပ်ငန်းများအပြင်၊ လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းများ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ စုစုပေါင်း(၅၂)ခုဖြစ်ပြီး၊ လျာထားတဲ့ရန်ပုံငွေ၊ တင်ပြတောင်းခံထားတဲ့ ရန်ပုံငွေက ကျန်သိန်းပေါင်း (၁၁၅၉၈၇ ဒဿမ ၆)သိန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ခု သာမန်အသုံးစရိတ်ဖြင့် ဆောင်ရွက်မှု လုပ်ငန်းများ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း မှာ(၆၅)ခုရှိပြီး၊ လျာထားတဲ့ရန်ပုံငွေက ကျပ်သိန်းပေါင်း (၁၆၀၆)သိန်းနဲ့ လားရှိုးဒေသမှာ (၅၈)ခုဖြစ်ပြီး၊ လျာထားတဲ့ ရန်ပုံငွေက ကျပ်သိန်းပေါင်း (၂၃၆၆၅) ဖြစ်ပါတယ်။ ကျိုင်းတုံဒေသ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ လုပ်ငန်း(၄၆)ခု ဖြစ်ပြီး၊ လျာထားတဲ့ ရန်ပုံငွေက ကျပ်သိန်းပေါင်း (၈၃၇၉ ဒဿမ ၈)ဖြစ်ပါတယ်။ ဤလုပ်ငန်းသည်လည်း အရေးကြီး ပုဂ္ဂိုလ် ခရီးစဉ်၊ လမ်းညွှန်ချက်နဲ့ လွှတ်တော်ကတိကဝတ်အရ ဆောင်ရွက်ပေးရတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ လဲချားမြို့နယ်၊ နမ့်တောင်းရေလွှဲဆည်လုပ်ငန်းဆောင်ရွက်မှု၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေဆည် ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်မှု၊ တောင်ကြီး မြို့နယ်၊ သမိုင်းကုန်းရိုးထိန်းတမံ ပြန်လည်ပြုပြင်ဆောင်ရွက်မှု၊ မုန်းတိမ်းတမံအဝင်လမ်း တံတားပြုပြင် ဆောင်ရွက်မှု၊ ကျီးဖြူကန် ရေပိုလွှဲတံတား ပြုပြင်ဆောက်လုပ်ခြင်းများကို တင်ပြအပ်ပါတယ်။

မျိုးကောင်းမျိုးသန့်အတွက် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်မှု အခြေအနေမှာ ၂၀၁၃-၂၀၁၄ ခုနှစ် လျာထားတဲ့ ဧက(၃၉၀၆၄) ဖြစ်ပြီး၊ အမှန်စိုက်ပျိုးနိုင်တာ (၄၀၄၉၁)ဧက ဖြစ်ပါတယ်။

D/real(wide) (8

ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဧက(၂၀၀)ထဲမှာ (၁၈၅)ဧက ဖော်ထုတ်ပေးပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ဧက(၂၀၀)ထဲမှာ (၁၂၀)ဖော်ထုတ်ပေးပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဧက(၂၀၀)ထဲမှာ(၁၈၀) ဆောင်ရွက်ပေးပြီးကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးပေးမှု အခြေအနေတင်ပြမှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ရှမ်းပြည်နယ်ဘဏ်ခွဲ တောင်ကြီးမှ ကိုင်တွယ်ဆောင်ရွက်သည့် မြို့နယ်ဘဏ်ခွဲ (၆)ခုနဲ့ တွဲဘက် ရှမ်းပြည်နယ် ဘဏ်ခွဲလားရှိုး ကိုင်တွယ်ဆောင်ရွက်သည့် မြို့နယ်ဘဏ်ခွဲ(၅)ခု စုစုပေါင်း ရှမ်းပြည်နယ်မှာ ဘဏ်ခွဲ(၁၁)ခု ရှိပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ငွေထုတ်ချေးပေးနိုင်သည့် အခြေအနေ ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၂ ခုနှစ်မှာ ထုတ်ချေးပေးနိုင်မှု အခြေအနေမှာ ငွေကျပ်သန်းပေါင်း (၄၈၇၄ ဒဿမ ၆) ဖြစ်ပြီး၊ ၂၀၁၂-၂၀၁၃ မှာတော့ ကျပ်သန်းပေါင်း (၈၇၅၅ ဒဿမ ၂၉) ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ မှာ ကျပ်သန်းပေါင်း (၁၇၄၀၅ ဒဿမ ၉၆)သန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ မှာ ဆောင်းသီးနှံအတွက် ကျပ်သန်းပေါင်း (၆၃၈ ဒဿမ ၈၈) ဖြစ်ပြီး၊ ကြံစိုက်တောင်သူများအတွက် ကျပ်သန်းပေါင်း (၂၃၄၇)ထုတ်ချေးပေး နိုင်ကြောင်း တင်ပြအပ်ပါတယ်။

လက်ဘက်ထုတ်လုပ်မှု စရိတ်ချေးငွေအတွက် ၂၀၁၃-၂၀၁၄ မှာ ကျပ်သန်းပေါင်း (၇၁၃ ဒဿမ ၃)သန်း ထုတ်ချေးပေးနိုင်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာ ကုန်ထုတ်လုပ်မှု တိုးတက်ရေး ရန်ပုံငွေ ရရှိသုံးစွဲမှု အခြေအနေ တင်ပြခြင်းဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်

သားငါးထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအခြေအနေပေါ်မူတည်ပြီး အောက်ပါမြေပြင်အလိုက် အားပေးကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်-

(က) ကျေးလက်နေပြည်သူများ၏ တစ်ပိုင်တစ်နိုင် မွေးမြူရေး။

(ခ) ပေါင်းစည်းလယ်ယာစနစ်ဖြင့် တွဲဖက်ဆောင်ရွက်သည့် မွေးမြူရေး။

(ဂ) တစ်ရွာထွက်ကုန် တစ်မျိုးအပြင် ရွာလုံးကျွတ်တူညီသော မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု လုပ်ငန်းများ။

(ဃ) မြို့နယ်အဆင့်၊ ကျေးရွာအဆင့်တို့တွင် စီးပွားဖြစ် မွေးမြူရေးနဲ့ သားငါးထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်ခြင်း၊

ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူသူအစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှု ဖြစ်ပါတယ်။ မွေးမြူရေးအစုအဖွဲ့များအတွက် မတည် ခိုးမြှင့်ငွေ ထုတ်ပေးနိုင်မှုအခြေအနေ ဖြစ်ပါတယ်။ ယနေ့ထိစုစုပေါင်း ချေးငွေရရှိမှုမှာ ကျပ်သိန်းပေါင်း (၁၁၁၉၀)ဖြစ်ပါတယ်။ ပေါင်းစည်းလယ်ယာဆောင်ရွက်ထားရှိမှု ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ အကြီးစားလုပ်ကိုင်နိုင်သည်မှာ (၄)ခုသာရှိပါတယ်။ နို့စားနွား မွေးမြူထုတ်လုပ်မှု တိုးတက်ရေး လုပ်ငန်း ဆောင်ရွက်မှုမှာ ရှမ်းပြည်နယ်တောင်ပိုင်းမှာ တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နောင်ချို၊ ကျောက်မဲ၊ မူဆယ်မှာ ရှိပါတယ်။ မေထုန်မဲ့သားဆက်လုပ်ငန်း တစ်နှစ်လုံးလျာထားချက်မှာ (၃၅၀)ကောင်ဖြစ်ပြီး၊ ဆောင်ရွက်ပေးနိုင်မှုကတော့ (၂၆၃)ကောင်၊ လက်ရှိပေါက်ဖွားမှု ကတော့ (၃၇)ကောင်ရှိပါတယ်။

D/real(wide) (8

လယ်ယာကုန် ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် လယ်ယာမြေအား အခြားနည်း သုံးစွဲခွင့်ရရှိရေး လျှောက်ထားသူ များက မြေအသုံးပြုခွင့် ရရှိသော အမျိုးအစားပေါ် မူတည်ပြီး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ရန်ပုံငွေများ ထည့်ဝင်ပေးလျက်ရှိပါတယ်။ နေအိမ်ဆောက်လုပ်ခွင့်ဖြစ်ပါက (၁) စတုရန်းပေမှာ (၂၀၀)ကျပ်နှုန်း၊ အခြားလုပ်ငန်းဖြစ်ပါက (၁)စတုရန်းပေ မှာ (၁၀၀)ကျပ်နှုန်းနဲ့ မြေလွတ်မြေလပ်နဲ့ မြေရိုင်းများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ပိုင်ခွင့် ဖြစ်ပါက (၁)ဧကလျှင် (၁၀၀၀၀)ကျပ်နှုန်း ဖြစ်ပါတယ်။ ၎င်းရန်ပုံငွေ များကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းအမှတ် (CF ၀၀၁၅၁)နှင့် ဖွင့်လှစ်ပြီး အပ်နှံထားရှိပါတယ်။ ၂၈၊ ၂၊ ၂၀၁၄ ရက်နေ့အထိ ရရှိငွေပေါင်းမှာ ကျပ်သိန်းပေါင်း (၁၄၂၇၁)သိန်းနဲ့ (၈၀၀၀)ဖြစ်ပါတယ်။ ရရှိထားသည့် ငွေတွေထဲမှာပဲ ကျေးရွာထိန်းသိမ်းရေးဆည်များ ပြုပြင်ခြင်း၊ ရေကြီးရေလျှံ ကာကွယ်ရေး လုပ်ငန်းများ ပြုလုပ်ခြင်း၊ ရေကြီးနှစ်မြုပ်၍ ဆုံးရှုံး သွားသော တောင်သူများအား အရေးပေါ် ထောက်ပံ့ငွေ ထုတ်ပေးခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ လျင်မြန်စွာကူးပြောင်းနိုင်ရန် ပညာပေးခြင်း၊ စက်ယန္တရားများ ဝယ်ယူပြီး စျေးနှုန်းသက်သာစွာဖြင့် ရိတ်သိမ်းခြွေလှေ့ မြေပြုပြင် ပညာပေးခြင်း၊ စိမ့်စမ်းရေထွက် လုပ်ငန်းများ ဆောင်ရွက် ပေးခြင်းများ အတွက် ၂၈၊ ၂၊ ၂၀၁၄ ရက်နေ့အထိ သုံးစွဲငွေမှာ ကျပ်သိန်းပေါင်း (၁၁၈၅)သိန်း နဲ့ (၉၅၉၁၈)ကျပ်ဖြစ်ပြီး ၂၈၊ ၂၊ ၂၀၁၄ ရက်နေ့အထိ ဘဏ်လက်ကျန် ငွေမှာ ကျပ်သိန်းပေါင်း (၁၃၈၅) သိန်းနဲ့ (၁၀၂၈၂)ကျပ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာန၊ ပျားလုပ်ငန်းဦးစီးဌာန ရဲ့ လုပ်ငန်းဆောင်ရွက် နိုင်မှုများကို အကျဉ်းချုံးတင်ပြမှာ ဖြစ်ပါတယ်။ မွေးမြူရေးနှင့်

ရှမ်းရိုးမမွေးမြူရေးဇုန်ရဲ့ မွေးမြူထုတ်လုပ်မှုအခြေအနေ ဖြစ်ပါတယ်။ မွေးမြူသူဦးရေပေါင်း (၅၆)ဦးရှိပြီး၊ ကြက်ခြံ အရေအတွက် (၁၂၀)ရှိပါတယ်။ တစ်ရက်ထုတ်လုပ်တဲ့ ကြက်ဥ အလုံးရေပေါင်းက (၁၉၀၃၂၀)ခန့် ရှိပါတယ်။

ဆက်လက်ပြီး ငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်း ဆောင်ရွက် မှုကို တင်ပြမှာ ဖြစ်ပါတယ်။ တောင်ကြီးဒေသမှာ အစုအဖွဲ့ဖွဲ့နိုင်တာ (၁၅)ဖွဲ့၊ အဖွဲ့ဝင်ဦးရေ(၅၇၉)ဦး၊ ကျိုင်းတုံဒေသအစုအဖွဲ့က(၁)ဖွဲ့၊ အဖွဲ့ဝင်ဦးရေ(၁၀)ဦး၊ လားရှိုးဒေသအစုအဖွဲ့(၄)ဖွဲ့၊ အဖွဲ့ဝင်ဦးရေ (၃၃)ဦးရှိပြီး အစုအဖွဲ့ပေါင်း(၂၀)ဖွဲ့နဲ့ အဖွဲ့ဝင်ဦးရေ (၆၂၂)ဦး ရှိပါတယ်။ စုစုပေါင်း မတည်ချေးပေးတဲ့ငွေက (၁၄)သာ ချေးပေးနိုင် သေးကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျော့ချနိုင်ရေးဆောင်ရွက်မှု ချေးငွေထုတ်ပေးမှုဖြစ်ပါတယ်။ သမဝါယမ အသင်းများ ဖွဲ့စည်းပြီး ဆောင်ရွက်မှု ဖြစ်ပါတယ်။ မိုးဇြံရေလျှောင်ကန် ငါးကုန်ထုတ် သမအသင်းက အသင်းသား ဦးရေက (၂၁၀)ဦး၊ ရှမ်းပြည်နယ်အသင်းစုထုတ် မတည်ချေးငွေက သိန်း(၆၀)ဖြစ်ပါတယ်။ အမှတ်စဉ်(၂)က ထင်းရူးကောငါးကုန်ထုတ် သမဝါယမအသင်း၊ အသင်းသားဦးရေ (၇၀)ဦး ဖြစ်ပါတယ်။ အသင်းမှာ မတည်ချေးငွေက(၂၅)သိန်းဖြစ်ပါတယ်။ လွယ်ပန်းဇုံ ငါးကုန်ထုတ် သမဝါယမအသင်း လီမိတက်တွင် အသင်းသား ဦးရေက (၁၀၀)ဦး၊ ထုတ်ချေး ရင်းနှီးမတည်ငွေက (၅၀)သိန်း ဖြစ်ပါတယ်။ ဟိုသွေး ငါးကုန်ထုတ်လုပ်မှု သမဝါယမအသင်း လီမိတက်က အသင်းသားဦးရေ(၅၀)ဦး၊ မတည်ထုတ်ချေးငွေက သိန်း(၄၀)ဖြစ်ပါတယ်။ ငါးမျိုးစိုက်ထုတ်မှုအခြေအနေမှာ ဆည်တာတမံများမှာ ကောင်ရေပေါင်း (၃၀၈၀၀၀)ဖြစ်ပါတယ်။ ခရိုင်အင်းများအတွင်း စိုက်ထည့်နိုင်တဲ့ ကောင်ရေက(၅၅၂၇၀၀) ဖြစ်ပါတယ်။ သဘာဝရေပြင်များ စိုက်ထည့်ကောင်ရေကတော့

D/real(wide) (8

(၂၂၀၅၀၀)ဖြစ်ပါတယ်။ စပါးခင်းများမှာ စိုက်ထည့်တဲ့ ကောင်ရေက (၁၂၇၅၀၀)ဖြစ်ပါတယ်။စုစုပေါင်းသိန်း(၃၀၉၃၂၀၀) ငါးမျိုးစိုက်ထည့် နိုင်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပျားလုပ်ငန်းဆောင်ရွက်မှုကိုတင်ပြမှာ ဖြစ်ပါတယ်။ ပျားလုပ်ငန်းဌာန၊ ရှမ်းပြည်နယ် မြို့နယ်အလိုက် အဖွဲ့ဝင်ဖွဲ့စည်းမှုအခြေအနေ ဖြစ်ပါတယ်။ တောင်ကြီးမှာ (၂၀၀)၊ ကလောမှာ(၂၀၀)၊ ရပ်စောက်မှာ(၂၀၀)၊ လားရှိုးမှာ(၂၀၀)စီ၊ စုစုပေါင်း(၈၀၀) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ပုဂ္ဂလိကအနေနဲ့ ပျားမွေးမြူသူဦးရေ(၇၅)ဦး ရှိပြီး၊ ပျားအုံအရေအတွက် ပေါင်းက (၆၀၀၀)ခန့်ရှိပါတယ်။ နှစ်စဉ်ပျားရည်ထွက်ရှိမှု တန်ချိန်(၁၈၀)ကျော် ပါတယ်။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းယာထားချက်အပေါ် ဆောင်ရွက်နိုင်မှု အခြေအနေဌာနနဲ့ ပုဂ္ဂလိကပေါင်းပြီး တင်ပြအပ် ပါတယ်။ ဒေသခံသစ်ခေါင်းပျားများ ၂၀၁၄-၂၀၁၄ ဘဏ္ဍာရေးနှစ် ဆောင်ရွက်နိုင်မှု အခြေအနေကို တင်ပြအပ်ပါတယ်။ အောင်ပန်း၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ အခြေခံပျားမွေးမြူရေး၊ (၄)ပတ်သင်တန်း ပို့ချခဲ့ပါတယ်။ တောင်ကြီးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ကျောင်းသူ ကျောင်းသားများ၊ ပျားမွေးမြူရေးလုပ်ငန်း ကွင်းဆင်းလေ့လာ ခဲ့ပါတယ်။

ဆက်လက်ပြီးကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနလုပ်ငန်း ဆောင်ရွက်မှုကိုတင်ပြမှာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာ ရေးနှစ်မှာ ကျေးလက်လမ်းများ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေကိုတင်ပြအပ်ပါတယ်။ ကတ္တရာလမ်း(၅၇)မိုင်နဲ့ (၁)ဖာလုံဖြစ်ပါတယ်။ ကျောက်လမ်း (၁၂၇)မိုင်နဲ့ (၅ ဒဿမ ၂၃)ဖာလုံ ဖြစ်ပါတယ်။ မြေလမ်းက(၂၈၂)မိုင်နဲ့(၂)ဖာလုံ ဖြစ်ပါတယ်။ အားလုံးပေါင်း(၄၆၇)မိုင်နဲ့(၀ ဒဿမ ၂၃)ဖာလုံ ဖြစ်ပါတယ်။ လျာထားတဲ့ငွေကျပ်သန်းပေါင်းက (၁၂၇၃၈ ဒဿမ

ဒဿမ ၀၉၂)ဖြစ်ပါတယ်။ Solarက (၃၀၇၀) ဖြစ်ပါတယ်။ လျာထားတဲ့ ငွေကျပ်သန်းပေါင်း(၅၇၃ ဒဿမ ၇၆၈) ဖြစ်ပါတယ်။ စုစုပေါင်း မီးလင်းရေးလျာထားငွေ ကျပ်သန်းပေါင်း (၈၆၀. ၈၆) ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးမှု ရေအားလျှပ်စစ်မှာ (၃၁)ခု ပြီးပြီ ဖြစ်ပါတယ်။ Solar မှာကတော့ (၁၈၄၃)ခု တပ်ဆင်ပေးပြီး၊ လျာထားတဲ့ငွေကျပ် သန်းပေါင်း(၃၄၄ ဒဿမ ၂၆)သုံးစွဲပြီး ဖြစ်ပါတယ်။ ပြီးစီးမှုရာခိုင်နှုန်းက ၆၀ ဖြစ်ပါတယ်။

ကျေးလက်အိမ်ရာလုပ်ငန်းမှာ စုစုပေါင်း(၁၂၀)ဖြစ်ပြီး၊ လျာထားတဲ့ငွေပေါင်း ကျပ်သန်းပေါင်း (၁၄၀. ၄၉၂)ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးမှု (၇၄)ခုဖြစ်ပြီး၊ သုံးစွဲပြီးငွေ (၈၄. ၂၉၆) ဖြစ်ပါတယ်။ လုပ်ငန်း ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက် ယင်လုံအိမ်သာလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ ယင်လုံအိမ်သာ လျာထားအရေအတွက်မှာ (၅၀၀) ဖြစ်ပါတယ်။ လျာထားတဲ့ငွေက ကျပ်သန်းပေါင်း (၇၄ ဒဿမ ၂၂)ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးမှု အခြေအနေ (၃၂၀) ဖြစ်ပါတယ်။ သုံးစွဲပြီးငွေ ကျပ်သန်းပေါင်း(၄၄ ဒဿမ ၅၃၂) ဖြစ်ပါတယ်။ ပြီးစီးမှုရာခိုင်နှုန်းက (၆၀)ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မည့် ရေပေးရေးလုပ်ငန်း များဖြစ်ပါတယ်။ ကျေးရွာပေါင်း(၂၇)ရွာ ဖြစ်ပါတယ်။ တွင်းတိမ် (၁၀)ခု၊ တွင်းနက် (၄)ခု၊ လက်တူးတွင်း (၁၅)ခု၊ ရေကန် (၃၅)ခု၊ စိမ့်စမ်းရေထွက်လုပ်ငန်း (၄၈၂)ခုနှင့် အခြားလုပ်ငန်း (၂၃)ခုဖြစ်ပါတယ်။ စုစုပေါင်း(၅၇၂)ခုဖြစ်ပါတယ်။ လျာထားတဲ့ငွေကျပ်သန်းပေါင်း (၁၀၇၆၉ ဒဿမ ၉၉) ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။

D/real(wide) (8

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ မတ်လ၊ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

၃၆၇၇) ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကတော့ ကတ္တရာလမ်း(၃၄)မိုင်၊ (၂ ဒဿမ ၂)ဖာလုံဖြစ်ပါတယ်။ ကျောက်လမ်း (၇၆)မိုင်၊ (၃ ဒဿမ ၈၆)ဖာလုံ ဖြစ်ပါတယ်။ မြေလမ်း(၁၆၉)မိုင်၊ (၂ ဒဿမ ၈)ဖာလုံ ဖြစ်ပါတယ်။ စုစုပေါင်း(၂၈၀) မိုင်၊ (၀ ဒဿမ ၈၆)ဖာလုံဆောင်ရွက်ပြီး၊ သုံးစွဲပြီးငွေပေါင်း ကျပ်သန်းပေါင်း (၇၆၄၃ ဒဿမ ၀၂၀၆၅)ဖြစ်ပါတယ်။ လုပ်ငန်း အနေနဲ့ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်၊ ကျေးလက်တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေ တင်ပြမှာ ဖြစ်ပါတယ်။ စုစုပေါင်း ရှမ်းပြည်နယ်မှာ ကွန်ကရစ်တံတားက (၃၂၂)ပေ ဖြစ်ပါတယ်။ သစ်သားတံတား(၅၁၆၁)ပေ၊ ရေပြွန်တံတား (၃၆၅၁)ပေ၊ စုစုပေါင်း (၉၁၃၄)ပေဖြစ်ပြီး၊ ခွင့်ပြုငွေ ကျပ်သန်းပေါင်း (၂၈၄၂ ဒဿမ ၁၂၆)သန်း ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးမှုမှာ ကွန်ကရစ်တံတားပေအရှည် (၁၉၄)ပေ၊ သစ်သားတံတား(၃၀၉၆)ပေ၊ ရေပြွန်တံတား(၂၁၉၁)ပေ၊ စုစုပေါင်း(၅၄၈၁)ပေ၊ ဆောင်ရွက်ပေးပြီး၊ ခွင့်ပြုငွေကျပ်သန်းပေါင်း (၁၇၀၅ ဒဿမ ၂၇၅၆)သန်း သုံးစွဲပြီး ဖြစ်ပါတယ်။ လုပ်ငန်းအားလုံး ၆၀ ရာခိုင်နှုန်း ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်အတွင်းဆောင်ရွက်လျက်ရှိတဲ့ ရေပေးရေးလုပ်ငန်းများ ဖြစ်ပါတယ်။ ကျေးရွာပေါင်း(၁၉၈)ရွာ၊ ရေတွင်းတိမ် (၁၇)ခု၊ ရေတွင်းနက် (၃)တွင်း၊ လက်တူးတွင်း (၁၅)တွင်း၊ မြေသားရေကန်(၂၆)ခု၊ စိမ့်စမ်းရေတွင်းလုပ်ငန်း (၁၃၁)၊ လုပ်ငန်းစုစုပေါင်း (၁၉၈)ခု ဖြစ်ပြီး ခွင့်ပြုငွေ ကျပ်သန်းပေါင်း (၁၈၆၆ ဒဿမ ၉၂)သန်း ဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ အရေအတွက်ပေါင်း(၄၈)ခု ရှိပြီး၊ ရေအားလျှပ်စစ်ဖြစ်ပါတယ်။ လျာထားတဲ့ ငွေကျပ်သန်းပေါင်းက (၂၈၇

D/real(wide) (8

ရှမ်းပြည်နယ်
ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး တတိယနေ့မွတ်တမ်း
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်
၂၀၁၄ ခုနှစ်၊ မတ်လ(၂၆)ရက်
(ဗုဒ္ဓဟူးနေ့)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမျူးအဖြစ် ဦးမြင့်အောင်၊ အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက် ပါသည်။

အခမ်းအနားမှူး။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဦးစိုင်းညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။
အားလုံးမင်္ဂလာပါ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

D/real(wide) (8

၁၇၂

အားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အကြောင်းအမျိုးမျိုးနဲ့ တက်ရောက်နိုင်ခြင်းမရှိတဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးကို လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ်တွင် ခွင့်ယူသူရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်။ ဦးစိုင်းကံ၊ မိုင်းရှူးမဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခွင့်ပန်ကြားရန် ရှိပါသေးလား ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။ (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်)

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတတိယနေ့ကို တက်ရောက်ခွင့် ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ယနေ့ခွင့် ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ

D/real(wide) (8

၁၇၀

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်စုစုပေါင်းရဲ့ (၈၆ ဒဿမ ၄၃) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၄)၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရအစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။

၂၀၁၂ခု၊ အောက်တိုဘာလ၊ ၁၂ ရက် ရက်စွဲပါစာအမှတ် (စစဌ၀)/၁ ထောက်၂၂၆(အစည်းအဝေး)/အစရ/ရှမ်း စာအရ

(က) ပလောင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်။

(ခ) လွိုင်လင်ခရိုင်၊ မိုင်းရူးမြို့နယ်၊ မိုင်းနောင်မြို့နယ်ခွဲ၊ မိုင်းဆန်မြို့နယ်ခွဲ။

(ဂ) ကျောက်မဲခရိုင်၊ မိုးမိတ်မြို့နယ်။

(ဃ) မိုင်းဆတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်

စုစုပေါင်း မြို့နယ်၊ မြို့နယ်ခွဲ(၆)ခုကို ရှမ်းပြည်နယ်အတွင်းရှိ ဝေးလံပြီး သွားလာရခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြို့နယ်များမှ ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ပြုရန် အကျိုးအကြောင်း ဖော်ပြချက်နဲ့တကွ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၊ ဦးခွန်သိန်းမောင်၏ လက်မှတ်ဖြင့် နေပြည်တော် ပြည်ထောင်စု အစိုးရရုံးသို့ ထောက်ခံတင်ပြထားတာကို တွေ့ရှိရပါတယ်။ ၄င်းမြို့နယ်ခွဲ(၆)ခုအနက် နမ့်ဆန်မြို့နယ်ကို ချန်လှပ်ပြီး ကျန်မြို့နယ်များဖြစ်တဲ့ မိုင်းရူးမြို့နယ်၊ မိုင်းနောင်မြို့နယ်ခွဲ၊ မိုင်းစံမြို့နယ်ခွဲ၊ မိုးမိတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ် တို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဒေသစရိတ်ခံစားခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။ ၎င်းကိစ္စနဲ့ပက်သက်ပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်ကလည်း ၂၉-၇-၂၀၁၃ ရက်နေ့မှာပြုလုပ်တဲ့ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ပါတယ်။ ၎င်းမေးမြန်းချက်ကို ၁၆-၈ -၂၀၁၃ ရက်စွဲပါစာအမှတ် ပထရ/ရအဖ(၇၁၃)/ဦးထောက် ၁ စာအရ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို လက်မှတ်ဖြင့် အောက်ပါအတိုင်း ပြန်လည် ဖြေကြားခဲ့ပါသည်-

(၈)၊ နည်းဥပဒေခွဲငယ် (၂)အရ၊ ယခုလွှတ်တော် ကိုယ်စားလှယ်များရဲ့ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့ တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်ကအတည်ပြုပါသည်)

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ တာဝန်ရှိ ပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

D/real(wide) (8

ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများရှိ ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ပြုနိုင်ရေး အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သဖြင့် ၂၀၁၂ခုနှစ် စက်တင်ဘာအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော မြို့နယ်၊မြို့နယ်ခွဲ(၈၇)ခုအပြင် လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသော ဒေသများ ထပ်မံကျန်ရှိခြင်းရှိ/မရှိကို စိစစ်တင်ပြစေခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ စုစုပေါင်းဒေသ (၂၂)ခုကို ဝေးလံခေါင်သီသောဒေသအဖြစ် ထပ်မံသတ်မှတ်သင့်ကြောင်း တင်ပြလာခဲ့သော်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နမ့်ဆန်မြို့နယ်ကို ဝေးလံခေါင်သီသောဒေသအဖြစ် ထပ်မံဖြည့်သွင်းသတ်မှတ်ပေးရန် တင်ပြခဲ့ခြင်း မရှိပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၅၈)တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရသည် ပုဒ်မခွဲ(ခ)အရ မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်ဟု ပြဋ္ဌာန်းပါရှိပါသည်။ သို့ပါ၍ နမ့်ဆန်မြို့နယ်အား လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီသောဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်ဟူ၍ ပြန်လည်ဖြေကြား ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်မှ ၎င်းစာကို ရည်ညွှန်းပြီး ၂၉-၈-၂၀၁၃ ရက်စွဲပါစာအမှတ် ပလထောက် ၃၉/၂၀၁၃ စာဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်လွှတ်တော်သို့

D/real(wide) (8

ပထမဦးစွာ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ပထမမေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် လွှတ်တော် နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်၊ ဝန်ထမ်းများအတွက် ဝန်ထမ်းစရိတ်၊ လစာ(၂)ဆရရှိခြင်း၊ ရှိ/မရှိဆိုတဲ့ မေးခွန်းကို ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ၂၅ရက်နေ့မှ အောက်တိုဘာလ၊ ၂၈ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ကျွန်တော် ဦးအောင်ထွဏ်းက နမ့်ဆန်မြို့နယ်မှာ ရှိတဲ့ ဝန်ထမ်းများအတွက် ဒေသကြီး၊ လစာ(၂)ဆ ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ သိလိုပါသည် ဆိုတဲ့မေးခွန်း(၁)ခု မေးမြန်းခဲ့ဖူးပါတယ်။ အဲ့ဒီမေးခွန်းကို ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး၊ ဦးခွန်သိန်းမောင်က ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်များအနက် ဒေသစရိတ်ခံစားခွင့် ရှိတဲ့မြို့နယ်များသတ်မှတ်နိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်ခဲ့ ရပါတယ်။ သို့ပါ၍ နမ့်ဆန်မြို့နယ်ကို ဒေသစရိတ်ခံစားခွင့် ရှိသည့်မြို့နယ်အဆင့် သတ်မှတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်ဆောင်ရွက် တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ၎င်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့

ဆောလျင်စွာ တင်ပြဆောင်ရွက်ပေးနိုင်ပါရန် ဆိုတဲ့စာကို ပြည်နယ်ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံစာတစ်စောင် ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ သို့သော် ယနေ့အထိ နမ့်ဆန်မြို့နယ်ရှိဝန်ထမ်းများ ဒေသစရိတ်ခံစားနိုင်ခြင်း မရှိသေးပါ။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့နမ့်ဆန်မြို့နယ်ဟာ တောင်ပေါ်ကုန်းတွင်းမြို့လေးတစ်မြို့ ဖြစ်ပါတယ်။လက်ဘက် တစ်ခုတည်းကိုသာ အားထားပြီး စီးပွားရှာစားတဲ့ အတွက် အခုဆိုရင် လက်ဘက်စျေးနှုန်းထိုးကျနေလို့ စီးပွားရေးလွန်စွာကျဆင်းပြီး လူငယ်လူရွယ်များစွာ တဖက်နိုင်ငံသို့ ပြောင်းရွှေ့အလုပ်သွားလုပ်နေရပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး မိုးတွင်းအခါမှာ ကျေးရွာမှ ဝန်ထမ်းများဟာ ဘွတ်ဖိနပ်စီးပြီး ဒေသအခေါ် ဘကဗ ဖိနပ်စီးပြီး ရွှံ့ထဲ ဗွက်ထဲ မှာ ခဲယဉ်းစွာ သွားလာနေရပါတယ်။ ငြိမ်းချမ်းရေးမရရှိသေးတဲ့အတွက် တိုက်ပွဲကြီးငယ်များစွာ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေလို့ ဝန်ထမ်းများရဲ့ဘဝလုံခြုံမှုဟာ ကင်းမဲ့နေပါတယ်။ ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကို အလူးအလဲ ခံစားနေရပြီး လစာနဲ့မလုံလောက်လို့ ပါလာတဲ့ ရွှေတိုရွှေစတွေ ထုတ်ရောင်းပြီး ဝမ်းစာရေးကို ဖြေရှင်းရတဲ့အတွက် နမ့်ဆန်မြို့ကို ရွှေထွက်တဲ့ မြို့လို့တင်စားခံခဲ့ရပါတယ်။ ပါလာတဲ့ရွှေတွေထွက်သွားတာကို ပြောခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းများရဲ့ဘဝကို ကိုယ်ချင်းစာနာသောအားဖြင့် နမ့်ဆန်မြို့နယ်ရှိ ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့် ပြုပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်လွှတ်တော်သို့ ဆောလျင်စွာ တင်ပြပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ထပ်မံဖြည့်စွက်၍ ဒေသစရိတ်ခံစားခွင့်ရှိသော မြို့နယ်၊ မြို့နယ်ခွဲများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၅. ၂. ၂၀၁၃ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၂၈၆/၂၀၁၃ ဖြင့် သတ်မှတ်ခြင်းတွင် ရှမ်းပြည်နယ်၌ (၂၁)မြို့နယ်၊ မြို့နယ်ခွဲ(၁၃)ခု၊ စုစုပေါင်း (၃၄)မြို့နယ်အား ခွင့်ပြုပေးခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြေညာစာဖြင့် ထုတ်ပြန်ပေးခဲ့သော်လည်း ဒေသစရိတ်ခံစားခွင့်ပြုသော မြို့နယ်၊ မြို့နယ်ခွဲများတွင် နမ့်ဆန်မြို့နယ် ပါဝင်လာခဲ့ခြင်းမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်၏ နမ့်ဆန်မြို့နယ်ရှိ ဝန်ထမ်းများအား ဒေသစရိတ်လစာ(၂)ဆ ခံစားခွင့်ပြုပေးနိုင်ရေး မေးခွန်းနဲ့ပက်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ စိစစ်စေပြီး ရှမ်းပြည်နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း ၂၅-၉-၂၀၁၃ ရက်စွဲပါ စာအမှတ် ၂/၇၆-၁၊၃၅၉/ရေး၁ဖြင့် ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)သို့လည်း ထပ်မံတင်ပြခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နမ့်ဆန်မြို့နယ်အား အမှန်တကယ်ဝေးလံခေါင်သီပြီး သွားလာရေးခက်ခဲခြင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျသဖြင့် လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ပေးသင့်ကြောင်းနှင့် နမ့်ဆန်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၅-၉-၂၀၁၃ ရက်စွဲပါ စာအမှတ်၊၂ /၇၆-၁(၃၅၉)/ရေး ၁ ဖြင့်တင်ပြခဲ့ပြီးဖြစ်သည့် မိုးနဲမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ နမ္မတူမြို့နယ်၊ အင်တောမြို့နယ်ခွဲ၊ မန်ဟီးရိုးမြို့နယ်ခွဲ၊ တာမိုးညဲမြို့နယ်ခွဲ ၊မိုင်းလုံမြို့နယ်ခွဲ၊ မိုင်းမော့မြို့နယ်ခွဲ ၊ ကျိုင်းလတ်မြို့နယ်ခွဲများအားလည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထပ်မံ၍တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

D/real(wide) (8

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့ ဦးအောင်ထွဏ်းက ဒုတိယမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။လာမယ့်ဘဏ္ဍာရေးနှစ်များတွင် ကျေးလက်လုပ်ငန်းများကို ဒေသဦးစီးအဖွဲ့အား တိုက်ရိုက်စီမံခန့်ခွဲပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသည်ဆိုသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ်ပေးထားတဲ့ ကျေးလက်လုပ်ငန်းများနဲ့ လွန်ခဲ့တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ခွဲဝေချမှတ်ပေးထားသော ကျေးလက်လမ်းတံတား၊ စသည်လုပ်ငန်းများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုက်ရိုက်စီမံခန့်ခွဲခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ စီမံခန့်ခွဲမှုပေးခဲ့လို့လည်း လုပ်ငန်းများ လျင်မြန်စွာ ပြီးမြောက်ခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်ယခုနှစ်ဖြစ်သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချမှတ်ပေးထားတဲ့ လုပ်ငန်းတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ တိုက်ရိုက်စီမံခန့်ခွဲမှုမပေးပဲ ပြည်နယ်အစိုးရကသာ စီမံခန့်ခွဲကိုင်တွယ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

ယခုလိုဆောင်ရွက်တဲ့နေရာမှာ တင်ဒါအောင်မြင်တဲ့ တချို့ကုမ္ပဏီနဲ့ ဒေသခံတွေနဲ့ အံဝင်ဂွင်ကျမှု မရှိတာကို၊

D/real(wide) (9

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး၊ ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ နမ့်ဆန်မြို့နယ်ရှိဝန်ထမ်းများအား ဒေသစရိတ်လစာ (၂)ဆခံစားခွင့်ပြုပေးနိုင်ရေးကိစ္စသိလိုပါသည်နဲ့ ပတ်သတ်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ် အတွင်းရှိ ဝေးလံပြီးသွားလာရခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နမ့်ဆန်မြို့နယ် အပါအဝင် မြို့နယ်/မြို့နယ်ခွဲများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၁၊ ၁၀၊ ၂၀၁၂ ရက်စွဲပါ စာအမှတ်၊ စစင၀/၁-၂၂၆ (အစည်းအဝေး)/အစရ(ရှမ်း) ဖြင့်အဆိုပြု တင်ပြပေးခဲ့ပါတယ်။ ဒေသစရိတ်လစာ(၂)ဆ ခွဲဝေချထားပေး နိုင်ရေးနှင့် ပတ်သတ်၍ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာန ချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်နေပါကြောင်းနှင့် မြို့နယ် အသီးသီး၏ ဒေသစရိတ်နှုန်းထား သတ်မှတ်ထားရှိခြင်းတို့ကို စိစစ်ပြီး ဒေသစရိတ်ခံစားခွင့်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၁၅၊ ၃၊ ၂၀၁၂ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၁၀၁/၂၀၁၂ ဖြင့် ဒေသစရိတ်ခံစားခွင့်ရှိသည့် လူမှုရေးခက်ခဲသော သတ်မှတ်သည့် မြို့နယ်များတွင် ရှမ်းပြည်နယ်အတွင်း မြို့နယ်(၁၈)မြို့နယ်၊ မြို့နယ်ခွဲ(၁၁)ခု၊ စုစုပေါင်း(၂၉)မြို့ ပါဝင်လာပါတယ်။

နောက်တချို့လုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာပြီးတော့ လုပ်ငန်းအရည်အသွေး ပြည့်ဝမှုမရှိတာကို တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့လည်း ကိုယ့်ဒေသအတွက် တင်ဒါခေါ်တာတောင် ဒေသဦးစီးအဖွဲ့ကို တင်ဒါရွေးချယ်ရေးကော်မတီဝင် အဖြစ်တောင် မသတ်မှတ်ပဲ တင်ဒါဖွင့်ပွဲအတွက် ဥက္ကဋ္ဌမှ ကိုယ်စားလှယ်အဖြစ် တက်ရောက်လေ့လာရန်သာ ဖိတ်ကြားထားတာကို တွေ့ရှိရပါတယ်။ တင်ဒါရွေးချယ်ရေးအဖွဲ့မှာ ဒေသဦးစီးအဖွဲ့ ဘာမျှပြောဆိုအရေးဆိုပိုင်ခွင့် မရှိဘူးဆိုတဲ့ သဘောဖြစ်ပါတယ်။ ကိုယ့်ဒေသအခြေအနေကို ကိုယ်သာ အသိဆုံးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်လုပ်ငန်းဆောင်ရွက်ဖို့ ပလောင်အုပ်ချုပ်ခွင့်ရ ဒေသမှာ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီ (၅)ခုရှိပါတယ်။ အဲ့ဒီထဲမှာ Asia High Tech ကုမ္ပဏီဆိုရင် မန်တုံမြို့မှာ တင်ဒါအောင်မြင်ခဲ့တဲ့ ကျောက်ချောလမ်း (၁၅)မိုင်ကို အစီရင်ခံတဲ့အချိန်ထိ ကျောက်တစ်လုံးတစ်စိမ့် လာချခြင်းမရှိတာကို တွေ့ရပါတယ်။ လာရောက်ကြည့်ရှုခြင်းမရှိသလို ကျောက်စုပုံတာတို့၊ မြေညှိတာတို့၊ စက်ယန္တရား၊ လူအင်အားပို့တာတို့ လုံးဝမရှိသေးပါဘူး။

အလားတူ နမ့်ဆန်မြို့နယ်မှာ ဖြည့်စွက်ရန်ပုံငွေအဖြစ် ခွင့်ပြုခဲ့တဲ့ နမ့်ဆန်၊ ဟိုလတ်၊ ဟူးမန်း ကျောက်ချောလမ်း(၃)မိုင်ကို တင်ဒါအောင်မြင်ခဲ့တဲ့ ဇွဲရောင်ခြည် ကုမ္ပဏီလည်း အခုချိန်ထိ ကျောက်တစ်လုံးမျှ လာချခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ ဤလသည် ၂၀၁၃-၂၀၁၄ ဘတ်ဂျက်နှစ်ကုန်သောလဖြစ်ပါသည်။ ထိုကုမ္ပဏီများနှင့် မည်သို့ဆက်လုပ်ရမည်၊ ဘယ်သူ့မှာ တာဝန်ရှိသည်ဆိုတာ ဒေသဦးစီးအဖွဲ့မှာ လုံးဝမသိရှိရ ပါဘူး။ ရေသွယ်ရေးလုပ်ငန်း တင်ဒါအောင်မြင်ခဲ့တဲ့ မဟူရာမြေ ကုမ္ပဏီဆိုရင်လည်း လာရောက်တိုင်းထွာသော အဆင့်သာရှိသေးသည်။

ပြုပေးစေလိုပါတယ်။ Decentralization ဆိုတဲ့ ဗဟိုအုပ်ချုပ်မှုဖြေလျော့တဲ့ အနေနဲ့ ပြည်ထောင်စုအစိုးရမှ ပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့် ပိုပေးထားတယ် ဆိုပေမယ့် ဒေသဦးစီးမှ ရရှိပြီးဖြစ်တဲ့ လုပ်ပိုင်ခွင့်ကို နိုက်ပြီးပေးတာမျိုး မဖြစ်စေသင့်ပါဘူး။ ဒါကြောင့် နောင်လာမယ့်ဘဏ္ဍာရေးနှစ်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ချမှတ်ပေးတဲ့ ကျေးလက်လုပ်ငန်းများကို လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ထံသို့ တိုက်ရိုက်စီမံခန့်ခွဲမှုပြုပေးနိုင်ခြင်း ရှိ/မရှိ သိလို၍ ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ မေးခွန်းကိုမေးမြန်းတဲ့ နေရာမှာ စည်းကမ်းချက်လေးတွေ ရှိပါတယ်။ သက်ဆိုင်တဲ့ အပိုင်းတွေကိုပဲ မေးမြန်းပေးဖို့ပန်ကြားလိုပါတယ်။ ဆက်လက်ပြီးတော့ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌနှင့်လွတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ လာမယ့်ဘဏ္ဍာရေးနှစ်များတွင် ကျေးလက်လုပ်ငန်းများကို

D/real(wide) (9

ဘာလုပ်ငန်းမှ စတင်ခြင်းမရှိသေးပါဘူး။ ဒေသဦးစီးအဖွဲ့ဟာ ဘာနဲ့ အလားသဏ္ဌာန်တူလဲ ဆိုရင် ကိုယ့်ခြံမှာ ဘယ်ကလာလို့ ဘယ်သူတွေလာစိုက်သွားတယ်၊ ဘာလုပ်သွားတယ် ဆိုတာ မသိရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ကိုယ့်ဒေသအတွက် ဘာတွေခွင့်ပြုချက် ရထားတယ်၊ ဘယ်ကုမ္ပဏီက ဘာတွေဆောင်ရွက်ရမည် ဆိုတာ လည်း လုံးဝမသိရပါဘူး။ ပြည်နယ်အစိုးရကလည်း အကြောင်း ကြားခြင်း မရှိသလို၊ ကုမ္ပဏီတွေကလည်း လာရောက်ပြီးတော့မှ တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ အကူအညီ တောင်းခံခြင်း မရှိခဲ့ပါဘူး။ မနေနိုင်၍သာ လိုက်မေးလို့သိရသော အခြေအနေ ဖြစ်ပါတယ်။ ကုမ္ပဏီတွေ လုပ်ငန်းအခက်အခဲဖြစ်ပြီး ဒေသခံများနှင့် ပြဿနာတက်မှသာ ဒေသဦးစီးအဖွဲ့ကို လာရောက်ပြီး အပူကပ် ကြတာပဲ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေနဲ့ ကုမ္ပဏီတွေနဲ့ ဘာကတိကဝတ် တွေလုပ်ထားပြီး၊ ဘယ်လိုစာချုပ်တွေ ချုပ်ထားတယ်ဆိုတာလည်း မသိရှိရသလို ဘယ်စံချိန်စံနှုန်းနဲ့ လုပ်ရမလည်းဆိုတာလည်း ဒေသဦးစီးအဖွဲ့မှ လုံးဝမသိရှိရပါဘူး။ ဒေသမှာ ဆောင်ရွက်သည့် ကိစ္စဖြစ်၍သာ ကောင်းစေချင်လို့သာ မနေနိုင်လို့သာ ကြီးကြပ် ပေးရတဲ့ အနေအထားပဲဖြစ်ပါတယ်။ တစ်လုံးတစ်စိမ့် ဘာမှ မသိရပါဘူး။ ဘာစံချိန်စံညွှန်းနဲ့ ကြီးကြပ်ရမယ်ဆိုတာလည်း မသိရ ပါဘူး။ ကုမ္ပဏီနဲ့ စာချုပ်ပါအတိုင်း သတ်မှတ်ရက်မှာမပြီးရင် သွင်းထားတဲ့ Deposite အာမခံငွေတွေ ဆုံးရှုံးလည်း၊ သူတို့ အတွက် ထိုင်ငွေကြေးလောက်တော့ မမှုပါဘူး။ လုပ်ငန်းမပြီးလို့ Black List ကြေညာခံရလည်း နောက်နာမည်တစ်မျိုးနဲ့ ကုမ္ပဏီနာမည် ပြောင်းပြီး လုပ်ရုံပဲရှိပါတယ်။ ဘာမျှနစ်နာခြင်းမရှိပါဘူး။ နစ်နာရမှာက အင်မတန်ရခဲလှတဲ့ အခွင့်အရေးကို ဒေသခံတွေ ဆုံးရှုံးနစ်နာတာပဲ ဖြစ်ပါတယ်။ ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးခွင့်တော့

လုပ်ငန်းအဆင်ပြေ ချောမွေ့စေရေးအတွက် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့သို့ တိုက်ရိုက်စီမံခန့်ခွဲမှု ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါတယ်၊ မေးခွန်းနဲ့ ပတ်သတ်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ဘဏ္ဍာငွေမှ ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်း ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ကတ္တရာလမ်း (၅၅)မိုင်၊ ကျောက်ခင်းလမ်း(၁၀၄)မိုင်၊ မြေသားလမ်း(၂၇၄)မိုင်(၂)ဖာလုံ၊ သစ်သားတံတား(၅၅၀၀)ပေ၊ ရေပြွန်(၃၈၅၀)ပေ၊ ရေရရှိရေး တွင်းတိမ်(၃၉)တွင်း၊ တွင်းနက်(၃)တွင်း၊ လက်တူးတွင်(၄၄)တွင်း၊ မြေသားရေကန်(၂၄)ကန်၊ စိမ့်စမ်းရေထွက်လုပ်ငန်း(၈၉)ခု၊ ယင်လုံအိမ်သာ(၅၀၀)၊ နေရောင်ခြည်စွမ်းအင်(၂၈၉၀)ခု၊ ရေအား လျှပ်စစ်(၅၄)ခု၊ ကျေးလက်အိမ်ယာ(၁၀၈)လုံး၊ အလုပ်အကိုင် အခွင့်အလမ်းများတွင် ကျေးရွာ(၁၂)ရွာသို့ အကောင်အထည်ဖော် ဆောင်ရွက်ရန် မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ၃၁.၈.၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁/၂၀၀(ည)/နပတ/၂၀၀၀/၁၈၅၂ နဲ့ လုပ်ငန်း လွှဲပြောင်း အပ်နှံပေးခဲ့ပြီး၊ ခွင့်ပြုရန်ပုံငွေများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ငွေထုတ်စာရင်းအမှတ် MD-02467 မှ ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန တောင်ကြီးမြို့၏ ငွေထုတ်စာရင်းအမှတ် MD-011957 သို့ ငွေကျပ်(၁၁၆၃၁၁၄၇၀၀၀-) ရှမ်းပြည်နယ် ရုံးခွဲ (လားရှိုး) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တောင်ကြီးမြို့၏ ငွေထုတ်စာရင်းအမှတ်၊ (MD-011967)သို့ ငွေကျပ်(၃၅၃၁၆၇၆၀၀-)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်ရုံးခွဲ (ကျိုင်းတုံ)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

D/real(wide) (9

ငွေထုတ်စာရင်းအမှတ် (MD-012443)သို့ ငွေကျပ် (၁၉၆၆၁၂၀၀၀၀-)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်တစ်ခုလုံး အနေဖြင့် ငွေကျပ် (၁၇၁၂၈၉၄၃၀၀၀-)လွှဲပြောင်းအပ်နှံခဲ့သဖြင့် မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေထုတ်စာရင်းဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ပွင့်လင်းမြင်သာမှုရှိအောင် နေ့စဉ်သတင်းစာများတွင် ထည့်သွင်းကြေညာပြီး၊ အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပါတယ်။ တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့၊ စိစစ်တင်ပြမှုအရ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီအောင် ဆောင်ရွက်နိုင်သောကုမ္ပဏီများကို ရွေးချယ်ပြီး၊ ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းအပ်နှံစာချုပ်၊ ချုပ်ဆိုလုပ်ငန်းဆောင်ရွက်စေလျက်ရှိပါတယ်။ ဒေသများတွင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ စိစစ်အတည်ပြုထားသော ခန့်မှန်းခြေ စာရင်းများအပေါ် လုပ်ငန်းဆောင်ရွက်မှုများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို သက်ဆိုင်ရာ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ စာရင်းစစ်ဆေးခံယူရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကျေးလက်လုပ်ငန်းများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ တိုက်ရိုက်စီမံခန့်ခွဲခွင့် ပေးနိုင်ခြင်းရှိ/မရှိမှာ ပြည်ထောင်စု ဘဏ္ဍာငွေမှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်သဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ လုပ်ငန်းအပ်နှံမှုအပေါ်တွင် မူတည်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုပေးထားတဲ့ ရည်ရွယ်ချက်မှာလည်း ထိုအတိုင်း ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက် ရည်မှန်းချက်များ ပြည့်မီအောင်မြင်အောင် အလုပ်မှုဆောင် ကော်မတီဝင်များအနေနဲ့ မနားမနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ကျေးလက်တောရွာထိကွင်းဆင်းပြီး နယ်မြေမအေးချမ်းသော နမ်ဆန်မြို့မှာတောင် ဒေသခံများကြားကို ရောက်အောင်သွားကာ ဒေသခံပြည်သူများနဲ့ တွေ့ဆုံပြီး ပညာပေးဟောပြောခြင်းများ အခါမလပ်ဆောင်ရွက်နေကြပါတယ်။ လမ်းတွေ၊ တံတားတွေ ခဏခဏဆင်းကြည့်လို့တောင် အချို့လုပ်သားပြည်သူတွေက အလုပ်မှုဆောင်အဖွဲ့တွေကို လမ်းဗိုလ်လို့ တောင်ထင်နေပါတယ်။ ဒီလိုသွားလာတဲ့အခါမှာ အလုပ်အမှုဆောင်ကော်မတီဝင်များအတွက် မော်တော်ယာဉ်၊ လောင်စာဆီ၊ ယာဉ်ပြင်ဆင်စရိတ်၊ ဖုန်းအခမဲ့ပြောဆိုခြင်းဆိုတဲ့ ခံစားခွင့်လုံးဝမရှိပါဘူး။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အလုပ်အမှုဆောင်ကော်မတီများ၏ အဆောင်အယောင်ဥပဒေမှာလည်း အလုပ် အမှုဆောင် ကော်မတီဝင်များ အတွက် ချီးမြှင့်ငွေတစ်ခုတည်းကလွဲလို့ အခြားဘာမှ ခံစားခွင့်ပေးထားတာမရှိပါဘူး။ ဖော်ပြခဲ့တဲ့အသုံးစရိတ်များ အားလုံးကို ချီးမြှင့်ငွေ(၃၅၀၀၀၀)ကနေပဲ ကျခံသုံးစွဲရတာဖြစ်ပါတယ်။ ထို့အပြင် မိသားစုအတွက် စားစရိတ်၊ ကလေးကျောင်းနေစရိတ်တွေလည်း ထိုချီးမြှင့်ငွေကပဲ ခြုံးခြုံခွေတာသုံးနေရပါတယ်။ နမ့်ဆန်မြို့ဝန်ထမ်းတွေရဲ့စကားအရ လစာထုတ်ကုန်ပြီဟု ဆိုလိုခြင်းမှာ လစာထုတ်ပြီးတာမှ အကြွေးဆပ်လို့ကုန်ပြီလို့ ဆိုလိုတာဖြစ်ပါတယ်။ ဒါကြောင့်အလုပ်အမှုဆောင်ကော်မတီဝင်များအတွက် နိုင်ငံတော်သမ္မတက သနားလို့ပေးထားတဲ့ Myanmar Double Cup မရှိသုံး

D/real(wide) (9

မော်တော်ယာဉ် တစ်စီးအတွက် လိုအပ်တဲ့ လောင်စာဆီ၊ ပြင်ဆင်စရိတ်၊ စက်ဆီချောဆီစရိတ်များကို ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်မှ ကျခံသုံးစွဲနိုင်ခြင်း ရှိ/မရှိ ရှင်းလင်းစွာသိလို၍ မေးမြန်းခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်လာပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်(၁)၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ဒေသဦးစီးအဖွဲ့၊ အလုပ်အမှုဆောင်ကော်မတီများအတွက် အဆောင်အယောင် ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ် ဆိုတဲ့မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဦးအောင်ကျော်ညွန့်မှ ရှမ်းပြည်နယ်အဖွဲ့ရဲ့ ကိုယ်စားဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ဖြေကြားတဲ့အခါမှာလည်း အပိုဒ်(၃)ပိုဒ်နဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အပိုဒ်(၁)အနေနဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်မှု ဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းနှင့် စာရင်းအင်းဦးစီးဌာနမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ခွဲဝေပေးထားသော မော်တော်ယာဉ် (၁၂၃)စီးအနက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ မော်တော်ယာဉ်(၉)စီး ခွဲဝေပေးခဲ့ပြီးဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့ ဦးအောင်ထွဏ်းက တတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တတိယမေးခွန်းဖြစ်တဲ့ ဒေသဦးစီးအဖွဲ့အလုပ်အမှုဆောင်ကော်မတီဝင်များအတွက် အဆောင်အယောင် ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၅၆)အရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုပြီး ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးအဖွဲ့ဥပဒေပုဒ်မ(၁၈)တွင် ဦးစီးအဖွဲ့ဥက္ကဋ္ဌသည် ဦးစီးအဖွဲ့၏အလုပ်မှုဆောင်ကော်မတီနှင့် ညှိနှိုင်းပြီး ဦးစီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ဦးစီးအဖွဲ့၏အလုပ်အမှုဆောင် ကော်မတီဝင်များအား စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍများ အသီးသီးတွင် တာဝန်ခွဲဝေ ပေးအပ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါတယ်။ လုပ်သားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလုပ်မှုဆောင်ကော်မတီဝင်များက ထိထိရောက်ရောက် ဆောင်ရွက်ရန်တာဝန်ရှိသည်ဟု ဆိုလိုတာဖြစ်ပါတယ်လူတစ်ဦးချင်းရဲ့ လူမှုစီးပွားဘဝ တိုးတက်ပါမှ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ပါမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ဒါမှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ဒေသဦးစီးအဖွဲ့ရဲ့ ရည်မှန်းချက်ကလည်း ထိုအတိုင်းပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ

D/real(wide) (9

အပိုဒ်(၂)အရ၊ ၂၀၁၁ ခုနှစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ချီးမြင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအခန်း (၅)၊ အပိုဒ်(၁၄)အရ ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ဖြင့် အလုပ်အမှုဆောင်ကော်မတီအနေနဲ့ ဥပဒေပါ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်ဟု ပါရှိသဖြင့် စရိတ်ချီးမြှင့်ငွေဖြင့် လစဉ်ခံစားစေလျက် ချီးမြှင့်ခဲ့ပါသည်။

အပိုဒ်(၃)အရ၊ သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအခန်း(၄)၊ အပိုဒ်(၁၃)၊ အခန်း(၅)၊ အပိုဒ်(၁၄)၊ အပိုဒ်(၁၅)တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်များအတွက် ချီးမြှင့်ငွေမှ အပ သတ်မှတ်ချက်မရှိသဖြင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ မော်တော်ယာဉ်များအတွက် လောင်စာဆီ၊ မော်တော်ယာဉ်ပြင်ဆင်စရိတ်၊ စက်ဆီ၊ ချောဆီများကို ရှမ်းပြည်နယ်အစိုးရ ဘဏ္ဍာငွေစာရင်းမှာ လောလောဆယ် အခြေအနေတွင် ကျခံသုံးစွဲပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ခွဲဝေပေးထားသည့် မော်တော်ယာဉ်များအတွက်လည်း သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဦးစီးဥက္ကဋ္ဌများ၏ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ယခုချိန်ထိတိုင်အောင် စတင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်း သိရှိရတဲ့အတွက် အခြေအနေအား ဖြေကြားပေးနိုင်ရန်အတွက် မျှော်လင့်တောင့်တလျက်ရှိတဲ့ လင်းခေးမြို့နယ်၊ ဟိုမိန်းဒေသရှိ လူထုများကိုယ်စားမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ စုမွန်ကောင်းတောင်းအပ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းလွင် မေးမြန်းထားတဲ့ဟိုမိန်းဒေသအတွက် မိုဘိုင်းတယ်လီဖုန်းလိုင်း တပ်ဆင်ဆောင်ရွက်မှုလုပ်ငန်းကို ဘဏ္ဍာနှစ်ကုန်ခါနီးအချိန်ထိ စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သတ်လို့ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး အောင်သူက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဟိုမိန်းမြို့နယ်ခွဲ၌ မိုဘိုင်းစခန်းအား ၂၀၁၄ ခုနှစ်အတွင်း ပြည်နယ်အစိုးရက အတည်ပြုပြီးဖြစ်သော ပထမဦးစားပေး စခန်း(၁၀)ခုတွင် ပါဝင်ပြီး၊ တည်ဆောက်ရေး၊ တပ်ဆင်ရေး၊ တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ ဦးစားပေးစခန်းများ တည်ဆောက်ရန် တင်ဒါအောင်မြင်ခဲ့ပြီး ဖြစ်သော East Boy Co;Ltd မှ ၂၀၁၄ ခုနှစ် အတွင်းအပြီး

D/real(wide) (9

တည်ဆောက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ စက်တပ်ဆင်ခြင်းနဲ့ အဝေးဆက်သွယ်မှု ရရှိစေရေးတို့အား မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ နုံးချုပ်မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တဆက်တည်း ဆက်လက်တင်ပြလိုတာကတော့ ယခုမေးမြန်းထားတဲ့ ဟိုမိန်းဒေသတယ်လီဖုန်း အပါအဝင် မနေ့က ဖြေကြားခဲ့သော မိုဘိုင်းတယ်လီဖုန်း စခန်းများဟာ ပြည်ထောင်စုဘတ်ဂျက်မှာ ပါဝင်ပြီးတော့မှ ပြည်ထောင်စုဘတ်ဂျက်က ပြန်လည်စိစစ်နေရခြင်းနှင့်အတူ တင်ဒါခေါ်ယူမှု နောက်ကျခြင်းတို့ကြောင့် အဆောက်အဦးအား သတ်မှတ်စံချိန်စံညွှန်းအမီ တည်ဆောက်နိုင်ရေးအတွက် တင်ဒါအောင်မြင်ခဲ့တဲ့ ကုမ္ပဏီကို အချိန်ပေးပြီးတော့မှ မေလကုန်အပြီး တည်ဆောက်ပေးရန်နှင့် ဩဂုတ်လကုန်အပြီး စက်တပ်ဆင်နိုင်ရေး ညှိနှိုင်းထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့ ဦးစိုင်းလွင်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။
မင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယ မေးခွန်းအနေနဲ့ လင်းခေးမြို့၊ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းအား၊ အောင်မြင်ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မယ့်အခြေအနေနဲ့ ပတ်သတ်ပြီးတော့ မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။
လေးစားရပါတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းလွင် အနေနဲ့ ပထမမေးခွန်းကတော့ လင်းခေးမြို့နယ်၊ ဟိုမိန်းဒေသမှာ မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ဆောင်ရွက်ပေးမဲ့ အစီအစဉ်နဲ့ ပတ်သတ်ပြီးတော့ မေးတဲ့မေးခွန်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်မှာ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ကိုယ်စား အစိုးရအဖွဲ့ကော်မတီ Delivery Unit ဖြစ်တဲ့ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ အဖွဲ့ဟာလွိုင်လင်မြို့အထိ ကွင်းဆင်းပြီးတော့မှ လွိုင်လင်ခရိုင်နဲ့ လင်းခေးခရိုင်ဒေသရှိ လိုအပ်ချက်များ၊ တောင်းဆိုချက်များကို ချက်ချင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် အတွက် မြို့နယ်များမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေး ကော်မတီများနဲ့ တွေ့ဆုံခဲ့ပါတယ်။ ထိုတွေ့ဆုံပွဲမှာ လင်းခေးမြို့နယ် အနေနဲ့ ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သတ်ပြီး၊ လင်းခေးမြို့နယ်၊ ဟိုမိန်းဒေသအတွက် မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ခွင့် ဆောင်ရွက်ပေးပါရန် ထည့်သွင်းတင်ပြခဲ့တာရှိပါတယ်။ ထိုတင်ပြချက်အပေါ် ဟိုမိန်းဒေသအတွက် မိုဘိုင်းတယ်လီဖုန်းတပ်ဆင်ပေးခြင်းလုပ်ငန်းဟာ ယခုဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာနှစ်မှာ ဆောင်ရွက်ရန် လျာထားသော လုပ်ငန်းမှာပါဝင်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိသူမှ ပြန်လည်ရှင်းလင်းပြောကြားခဲ့တာကိုလည်း မှတ်သားမိပါတယ်။ ဒါပေမယ့် ဟိုမိန်းဒေသအတွက် မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ဆောင်ရွက်မှုကို ဘဏ္ဍာရေးနှစ်ကုန်ခါနီးတိုင်အောင်၊

D/real(wide) (9

ခဲ့ပါတယ်။ ရေတင်ခဲ့အခါမှာလည်း ရေတင်ပိုက်(၂)ခုကို အသုံးပြုပါတယ်။ ရေတင်ပိုက်နှစ်ခုနဲ့ တစ်ပြိုင်တည်းရေတင်တဲ့ အခါမှာ ပင်မ မြောင်းကြီးကိုရေလျှံသည်အထိဖြစ်ပြီးတော့မှ၊ ရေတင်ပိုက်တစ်ခုတည်းနဲ့ ရေတင်ခဲ့အခါကျတော့ ရေကနည်းပြီး အောက်ပိုင်းကျတဲ့ နေရာများထိ မရောက်တာကိုလည်း တွေ့ရပါတယ်။ ရေပေးဝေနိုင်ခဲ့တယ်ဆိုတဲ့ (၃)နှစ်တာ ကာလအတွင်း ပထမရေလျှောင်ကန်နဲ့ နီးစပ်ရာ (၂)ဖာလုံခန့် နေရာထိသာ စိုက်ပျိုးမြေတွေကို ရေပေးနိုင်ခဲ့တာကို ဒေသခံတစ်ဦးအနေနဲ့ မျက်မြင်ကိုယ်တွေ့ရှိခဲ့ပါတယ်။ အရှည်ပေ(၄၈၀၀၀)ရှိတဲ့ ပင်မမြောင်းလက်တံကြီး တစ်ခုလုံးကို ရေတစ်ခါမှ မရောက်ခဲ့ဖူးပါ။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်စီမံကိန်းလုပ်ငန်းတစ်ခုဟာ Technician လို့ခေါ်တဲ့ ကျွမ်းကျင်ပညာရှင်များရဲ့ ကြိုတင်တွက်ဆ ကွင်းဆင်းစိစစ်ချက် အပေါ်ဆောင်ရွက်တာဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။ အထက်ပါ တင်ပြခဲ့တဲ့အချက်များအရ လင်းခေးမြို့နယ်၊ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းကြီးဟာ (၁၀)စုနှစ် တစ်ခုလောက် ကြာမြင့်ခဲ့ပေမယ့် ယနေ့ထိ ထိရောက်အောင်မြင်သော ရေပေးဝေရေး လုပ်ငန်းကြီး ဖြစ်မလာနိုင်သေးတာဟာ တစ်နေရာမှာ လွဲချော်မှုရှိနေတယ်လို့ ရိုးသားစွာ ယူဆမိပါတယ်။ ယနေ့ အခြေအနေကို ဒေသခံလူထုများကလည်း သိရှိလိုတဲ့အတွက် ၎င်းတို့ရဲ့ ဆန္ဒနှင့်အညီ မေးမြန်းချင်တဲ့မေးခွန်းကတော့

(၁) မူလစီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့တဲ့ ကုန်ကျစရိတ်များအပြင်၊ နောက်ထပ် ထပ်မံဆောင်ရွက် ကုန်ကျမည့် လျာထားချက်များ ဆောင်ရွက်ပြီးစီးပြီးပါက ရည်မှန်းချက် အတိုင်း ပြည့်မီအောင် ရေပေးဝေခြင်းလုပ်ငန်းကို

လင်းခေးခရိုင်၊ လင်းခေးမြို့နယ်မှာ လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်ကစပြီးတော့မှ ဒါးဆိပ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းနဲ့ ပတ်သတ်ပြီးတော့မှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ ကျင်းပခဲ့တဲ့ ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးမှာသော်လည်းကောင်း၊ မေးမြန်းခဲ့ဖူးတဲ့ မေးခွန်းဖြစ်ပြီး၊ ယခု ၂၀၁၄ မှာ တတိယအကြိမ်မြောက်မေးမြန်းတဲ့ မေးခွန်းလည်း ဖြစ်ပါတယ်။ ပထမအကြိမ် မေးမြန်းစဉ်ကတော့ ၂၀၁၁ ခုနှစ်မှာ ဆောင်ရွက်ပြီးစီးခဲ့တဲ့ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းကြီးဟာ (၃)နှစ်တာ ရေပေးဝေခဲ့ပြီး ရပ်ဆိုင်းခဲ့တာကြောင့် ၂၀၁၂ ခုနှစ် စိုက်ပျိုးရာသီအမီ ရေပေးဝေနိုင်မယ့် အခြေအနေ ရှိ/မရှိ မေးမြန်းခဲ့တာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးကတော့ စီမံကိန်းလုပ်ငန်းနဲ့ပတ်သတ်ပြီး၊ ဒီဇယ်အင်ဂျင်စက်နဲ့ ရေပေးဝေရာမှာ ကုန်ကျစရိတ်များပြီး အကျိုးဖြစ်ထွန်းမှု နည်းပါးလွန်းတာကြောင့် လျှပ်စစ်ဖြင့်ရေတင်ခြင်းလုပ်ငန်းကို ပြောင်းလဲဆောင်ရွက်ရန်၊ စက်မှုနဲ့ လုပ်ငန်းပိုင်း(၆၄၄)သိန်းနဲ့ မြို့ပြလုပ်ငန်းဖြစ်တဲ့ လက်သန်မြောင်း(၁)ခု၊ ပင်မမြောင်း(၂)ခု၊ ကျပ်သိန်း(၂၅၀)၊ စုစုပေါင်းကျပ်(၈၉၄)သိန်း၊ ကုန်ကျမှာ ဖြစ်ပြီးတော့မှ ၂၀၁၁-၁၂ ခုနှစ် ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်မှာ ဖြစ်တဲ့အကြောင်း ၂၀၁၂ ခုနှစ် စိုက်ပျိုးရာသီမှာ ရေပေးဝေနိုင်မှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့တာ ရှိပါတယ်။ ဒါပေမယ့် ဖြေကြားခဲ့သလို ရေပေးဝေနိုင်ခြင်း မရှိတဲ့အတွက် ဒုတိယအကြိမ် မေးခွန်းအဖြစ် ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းကြီးအား ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်၊ ဆောင်ရွက်ပြီးသည့် လုပ်ငန်းများအား ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှု အခြေအနေနဲ့ လျှပ်စစ်နဲ့

D/real(wide) (9

အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကိုလည်းကောင်း၊

(၂) Technicians လို့ခေါ်တဲ့ ကျွမ်းကျင်ပညာရှင်များရဲ့ ကြိုတင်တွက်ဆ စိစစ်ချက်များအရ ဆောင်ရွက်ပြီးစီးခဲ့ပါသော်လည်း (၁၀)စုနှစ်တစ်ခုခန့် ကြာမြင့်အောင် စီမံကိန်းလုပ်ငန်းတစ်ခုအား မည်သည့်အတွက်ကြောင့် ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်း မရှိသည်ကိုလည်းကောင်း၊

(၃) ခေတ်စနစ်နဲ့အညီ လုပ်ငန်းများအား ဆောင်ရွက်မှုအပေါ် တာဝန်ယူမှု အနေအထား မည်သို့ရှိသည်ကိုလည်းကောင်း

သိရှိလိုပါကြောင်းကို ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တဆင့် တင်ပြမေးမြန်းလိုက်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် မေးမြန်းထားတဲ့ လင်းခေးမြို့နယ်၊ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းအား အောင်မြင်ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုပါသည်ဆိုသည့်

မြို့ပြလုပ်ငန်းများ ဆောင်ရွက်ပြီးစိုက်ပျိုးရေ ပေးဝေနိုင်မယ့် အခြေအနေများကို ထပ်မံမေးမြန်းခဲ့ရာမှာ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဖြင့် အသေးစားပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁-၁၂ မှာ PS-1, PS-2 ကြားလက်သံမြောင်း ပြုပြင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိမှာ ဒီဇယ်အင်ဂျင်စက်မှ လျှပ်စစ်ပြောင်းလဲတပ်ဆင်ပြီး ဖြစ်တဲ့အတွက် PS-2 နဲ့ PS-3 ကြား၊ PS-3 နဲ့ Ps-4 ကြားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် လာမယ့် ၂၀၁၄-၁၅ ရန်ပုံငွေကျပ် (၁၂၄၃၊ ၈၄)သိန်း၊ တင်ပြတောင်းခံ ထားကြောင်း တင်ပြထားတဲ့အပြင် လျှပ်စစ်ပိုင်းဆိုင်ရာနဲ့ပတ်သတ်ပြီးတော့ Control Cable များကို ရေအရင်းအမြစ်ဦးစီးဌာန ရုံးချုပ်က ပစ္စည်းပံ့ပိုးထုတ်ယူခွင့် ရရှိပြီးဖြစ်လို့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ဓာတ်အားစမ်းသပ်ခြင်း၊ မော်တာမောင်းနှင်ခြင်းများ ဆောင်ရွက်ပြီး၊ ရေမြောင်းများ၊ ရေပေးမြောင်းများ ကြံ့ခိုင်မှု အနေအထားအရ ၂၀၁၃-၂၀၁၄ နွေရာသီသီးနှံ စိုက်ပျိုးရေ ပေးဝေရေးကို ဆောင်ရွက်သွားမယ့် အကြောင်း ကိုလည်း ဖြေကြားခဲ့ပါတယ်။ သို့ပေမယ့် ယနေ့ထိ ဖြေကြားချက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးဘူးလို့ ဆိုချင်ပါတယ်။

လေးစားရပါတဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတတိယ အကြိမ်မြောက်မေးခွန်းကို မမေးခင်မှာ ယခင်က ရေပေးဝေမှု အခြေအနေကို အနည်းငယ်တင်ပြလိုပါတယ်။ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းကြီးဟာ၊ စီမံကိန်း စတင်ဆောင်ရွက်ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ်ကတည်းကစပြီး ယနေ့ထိရေပေးဝေခြင်းလုပ်ငန်းကို ဟုတ်တိပတ်တိ ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ မူလက ဒီဇယ်အင်ဂျင်စက်နဲ့ ရေတင်ပေးရာမှာ စိုက်ပျိုးရာသီတစ်ခုလုံးကို ရေမပေးနိုင်ခဲ့သလို ရေပေးတဲ့ရက်တွေမှာ နာရီပိုင်းလောက်သာ ရေတင်ပေးနိုင်

D/real(wide) (9

မေးခွန်းနဲ့ ပတ်သတ်ပြီး ကျွန်တော်ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူမှ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းအနေဖြင့် လုပ်ငန်းဆောင်ရွက်ပြီးခဲ့ပြီ PS-1 တစ်ခုတည်းသာ ရေပေးဝေခဲ့ပြီး၊ ကျန်ရေတင်အဆင့်များမှာ ရေပေးဝေနိုင်ခဲ့ခြင်း မရှိသေးပါ။ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ အနေဖြင့်လည်း PS-1 ကိုသာ ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကျန်ရေတင်အဆင့်များအား ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းတွင် လျှပ်စစ်ပြောင်းလဲတပ်ဆင်ခြင်းအား ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်ပြီး စိုက်ပျိုးရေပေးဝေရန် စီမံဆောင်ရွက်ခဲ့သော်လည်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းနဲ့ ပတ်သတ်ပြီး၊ Control Cable များလိုအပ်ချက်ရှိနေပါသဖြင့် ရေအရင်းအမြစ် ဦးစီးဌာန(ရုံးချုပ်)မှ ပံ့ပိုးပေးသော ပစ္စည်းများ ထုတ်ယူရရှိ၍ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ဓာတ်အား စမ်းသပ်ခြင်း၊ မော်တာမောင်းနှင်ခြင်းများ ဆောင်ရွက်ပြီး၊ ရေပေးမြောင်းများကြံ့ခိုင်မှု အနေအထားအရ ၂၀၁၃-၂၀၁၄ နွေစပါးသီးနှံ စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့ပါတယ်။

လင်းခေးဓာတ်အားခွဲရုံနဲ့ တပ်ဆင်ထားသော (33.11KV)2MVA ထရန်စဖော်မာ၌ ဓာတ်အားသစ်စမ်းသပ်မှုအား ၂၁.၁၁.၂၀၁၃ ရက်နေ့တွင် ဆောင်ရွက်ခဲ့ရာ ထရန်စဖော်မာ ဓာတ်အားလက်ခံမှု ကောင်းမွန် ပါတယ်။ သို့ရာတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် တည်ဆောက်ပြီးစီးပြီး ဖြစ်သော (11KV) ဓာတ်အားလိုင်း(၃)မိုင်၊ (33,11KV)2MVA ထရန်စဖော်မာ တစ်လုံး၊ ၁၁/၀.၄KV၊ (၃၁၅)တစ်လုံး၊ (၅၀၀)တစ်လုံး၊ (၁၂၅၀)

ပြည်နယ်ရန်ပုံငွေလျာထားမှုရှိသဖြင့် PS-2 PS-3 PS-3 PS-4 အကြားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)၊ တို့လည်း လုပ်ငန်းများလွယ်ကူလျင်မြန်စွာ ပြီးစီးရေးအတွက် Backfore တစ်စီးတောင်းခံထားရှိပါတယ်။

လက်ရှိအခြေအနေအရ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ EI စစ်ဆေးပြီးပါက PS-1 PS-2 ကြားရှိစိုက်ပျိုးမြေများကိုသာ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး၊ PS-2 PS-3 ကြား PS-3 PS-4 ကြား ပင်မရေမြောင်းနှင့်လက်တံမြောင်းများအား ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေခွင့်ပြုရေး လုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ရေပေးဝေနိုင်မည်ဖြစ်ပါတယ်။ Technicians လို့ခေါ်တဲ့ ကျွမ်းကျင် ပညာရှင်များ ကြိုတင် တွက်ဆစီစစ်ချက်အရ ဆောင်ရွက်ခဲ့သောလုပ်ငန်းဖြစ်သော်လည်း၊ ဆယ်စုနှစ်တစ်ခု ကြာမြင့်အောင် စီမံကိန်းလုပ်ငန်းတစ်ခုအား မည်သည့်အတွက်ကြောင့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိဟူသော မေးမြန်းချက်နှင့်ပတ်သတ်၍ ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းသည် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ စိုက်ပျိုးရေပေးဝေခြင်းကို ရေတင်အဆင့်(၁)မှသာ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ရေပေးဝေနိုင်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ မှစ၍ ဒီဇယ်ရေတင်ဖြစ်သည့်အတွက် ကုန်ကျစရိတ်များပြားသဖြင့် ရေပေးဝေရန်ခွင့်ပြုခဲ့ခြင်းမရှိပါ။

ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းသည် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းပြင်မြင့် ဖြစ်သည့်အတွက် ချောင်းရိုးများ ပေါများသောကြောင့် ပင်မမြောင်း၊ လက်တံမြောင်းများ တည်ဆောက်နိုင်ရန်၊ ရေဆိုးထုတ်များ တည်ဆောက်ခဲ့ရပါသည်။ ပင်မမြောင်းများ၊ မြေကြီးလုပ်ငန်းများဆောင်ရွက်ရာတွင်

D/real(wide) (9

ရေတင်အဆင့်အလိုက် ဖို့မြေဘောင်များကို မြင့်မားစွာ တည်ဆောက်ခဲ့ရပါသည်။ သို့ရာတွင် နှစ်စဉ် ပြုပြင် ထိန်းသိမ်းစရိတ် ရရှိခြင်းမရှိ၍ ကာလကြာရှည်ပြုပြင်မှု မပြုနိုင်သဖြင့် တောင်ကျရေတိုက်စားခြင်း၊ အမှိုက်ပိတ်ဆို့ခြင်းများကြောင့် ပျက်စီးမှုများပြားခဲ့ရပါတယ်။ ယခုအချိန်မှသာ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ခေတ်စနစ်နဲ့အညီ လုပ်ငန်းဆောင်ရွက်မှုအပေါ် တာဝန်ခံမှုအနေဖြင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ ရှမ်းပြည်နယ်တောင်ကြီးခရိုင်ရုံးမှ လုပ်ငန်းဆောင်ရွက်ခဲ့သူ ဝန်ထမ်းများသည် ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းကြီး တစ်ခုလုံး၊ စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့ ဦးစိုင်းလွင်က တတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့ တတိယ မေးခွန်းကတော့ မြို့ကွက်သစ်များ တိုးချဲ့နေရာချထားခြင်းနဲ့ ပတ်သတ်တဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူများရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေး၊ အရေး(၃)ပါးမှာ နေရေးအတွက်ဘေးကင်းလုံခြုံ စိတ်ချရတဲ့ အိမ်ရာများနဲ့ မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျော့ချရေး လုပ်ငန်းစဉ်

KVA တစ်လုံး၊ ထရန်စဖော်မာ (၃)လုံးတို့အတွက် မတည်စရိတ်ငွေကျပ် (၂၅၉၈၄၀၀)အား ပေးသွင်းရန်ကျန်ရှိနေပါသောကြောင့် ပေးသွင်းပြီးမှသာ PS-1,PS-2 နှင့် PS-3 သို့မဟုတ်အားပို့လွှတ်ပေးမည်ဖြစ်ကြောင်း၊ ထို့သို့မဟုတ်အားပို့လွှတ်ရာတွင်လည်း EI စစ်ဆေးပြီးမှသာ ပို့လွှတ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ EI စစ်ဆေးရန်ကိစ္စသာ ကျန်ရှိနေပြီး၊ သွားရောက်ဆောင်ရွက်လျက်ရှိပါတယ်။ ပင်မမြောင်းနှင့် လက်တံမြောင်းများသည် မြေသားမြောင်းများဖြစ်သည့် အတွက် ပြိုကျခြင်း၊ ရေတိုက်စားခြင်းများကြောင့် များစွာယိုယွင်းပျက်စီးလျက်ရှိပါတယ်။ ယခု လျှပ်စစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရေတင်အဆင့်အလိုက် ရေပေးဝေနိုင်ရန်အတွက် နှစ်စဉ်ပြင်ဆင်ခြင်းလုပ်ငန်းများ ပြုလုပ်သွားရန်လိုအပ်ပါတယ်။ လာမယ့်မိုးရာသီသီးနှံရေပေးဝေ ရာသီအမီ ကိုလည်း ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ရေတင်အဆင့်အလိုက်ပြုပြင်ခြင်း၊ ပေးဝေခြင်းများကို ဆောင်ရွက်သွားပါမှာ ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းအား နှစ်အလိုက် စီစဉ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားပြီး၊ ပင်မမြောင်း၊ လက်တံမြောင်း၊ ရေပေးအဆောက်အဦးများ ကောင်းမွန်သွားပါက ရေပေးဝေရာတွင် ရေယူရေလွှင့် ဆုံးရှုံးမှု လျော့နည်းသွားပြီး စိုက်ကွက်များလည်း၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဆောင်နိုင်မည် ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ် PS-1နှင့်PS-2 ကြား ပင်မမြောင်းနှင့် လက်တံမြောင်းပြုပြင်ခြင်းကို ကျပ်သိန်း(၂၅၀)ဖြင့်ဆောင်ရွက်ခဲ့ရပြီး၊ ထိုရန်ပုံငွေမှာလည်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)မှ လျာထားချက်မပါရှိပဲ၊ လိုအပ်ချက်အရ စိစစ်ချမှတ် ပေးသောငွေဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်ခဲ့ရသဖြင့် ကျန်ရေတင်အဆင့်များအား ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်

D/real(wide) (1

(၈)ရပ်ကို အထောက်အပံ့ ကောင်းဖြစ်စေမယ့် မြို့ပြဖွံ့ဖြိုးရေး မူဝါဒများနဲ့ မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေးတို့ကို ရှုမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသန္တရစီမံကိန်းမှာ ထည့်သွင်းရေးဆွဲဆောင်ရွက်ခဲ့တာကို မှတ်သား သိရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်း အချို့သော မြို့နယ်ဒေသများမှာ မြို့ပြစီမံကိန်းများအရ၊ ခွင့်ပြုချက်ရယူပြီး၊ တောင်းခံဆောင်ရွက်နေသကဲ့သို့၊ အချို့သော မြို့နယ်ဒေသများမှာလည်း တရားဝင် ကြိုတင် တင်ပြခြင်းမရှိပဲ သက်ဆိုင်ရာဒေသအာဏာပိုင်အစီအစဉ်များနဲ့ လုပ်ကိုင်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။

ယခင် အစိုးရလက်ထက်မြေကွက်များ တိုးချဲ့ဖော်ထုတ်ချထားပေးမှုနဲ့ ပတ်သတ်ပြီးတော့လည်း၊ လက်ရှိမြို့ကွက်ဖော်ထုတ်နေရာချထားပေးမှုများမှာ သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စီမံခန့်ခွဲရေးကော်မတီများ၊ အထောက်အကူပြုကော်မတီများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများစတဲ့ အုပ်ချုပ်ရေးနဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များသာ ရရှိပြီးတော့ ကျန်အမှန်တကယ်လိုအပ်တဲ့ အိုးမဲ့အိမ်မဲ့ဖြစ်တဲ့ ရပ်ကွက်ကျေးရွာအုပ်စုနေ ပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများ၊ အောက်ခြေဝန်ထမ်းများ အများစုက ခံစားခွင့် မရှိကြကြောင်း၊ ဆိုတဲ့ကိစ္စကို လူထုအသံတွေနဲ့ ကြားသိနေခဲ့ရပါတယ်။ကျွန်တော့်ရဲ့ တင်ပြ မေးမြန်းချက်ဟာ ရှမ်းပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံဆိုလိုခြင်း ဖြစ်ပါကြောင်းနှင့် လက်ရှိမြို့နယ်များမှာ မြေယာဖော်ထုတ် ချမှတ်ဆောင်ရွက်နေတဲ့အခါများမှာ ရှမ်းပြည်နယ်အစိုးရ၏ စီမံကိန်းရည်မှန်းချက်များပါ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေးဦးတည်ရည်မှန်းချက်များနှင့်အညီ ကိုက်ညီဆီလျော်ခြင်း ရှိ/မရှိ၊ သုံးသပ်ပေးနိုင်ပါရန်နဲ့ အောက်ပါအချက်များကို ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

မေးမြန်းထားတဲ့ အကြောင်းအရာကတော့ မြို့ကွက်သစ်များ တိုးချဲ့ဖော်ထုတ်၊ နေရာချထားမှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) ပြည်သူ့ဟိုပြုသော ဖွံ့ဖြိုးတိုးတက်ရေးအဖြစ် ဆောင်ရွက်ရမည့် အနေအထားတွင် လက်ရှိကာလ မြို့မြေကွက်များ ဖော်ထုတ်ချထားပေးသည့် အစီအစဉ်များသည် အမှန်တကယ်လိုအပ်နေသော ပြည်သူလူထုများ အများစုရရှိရေးနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်နိုင်ရေးတို့အတွက် ကြပ်မတ် ညွှန်ကြားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊

(ခ) ခွင့်ပြုချထား ပေးပြီးသောကိစ္စရပ်များအတွက် မည်သို့မည်ပုံ ခွဲဝေချထားခဲ့သည်နှင့် အမှန်တကယ်လိုအပ်သူများ ရရှိခြင်း ရှိ/မရှိ ကိုစိစစ်ဆောင်ရွက်ခြင်း ရှိ/မရှိ။

စသည့် မေးခွန်းကို ကျွန်တော် ရှင်းလင်းဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့ပြစနစ်စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ် မြို့ပြစနစ် စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းကာ ဆောင်ရွက်လျက် ရှိနေပါတယ်။

၁။	ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့	နာယက
၂။	စည်ပင်သာယာရေးဝန်ကြီး	ဥက္ကဋ္ဌ
၃။	ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး	အဖွဲ့ဝင်

D/real(wide) (1

(က) ပြည်သူကို ဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်အနေအထားမှာ လက်ရှိကာလ မြို့ကွက်များဖော်ထုတ်ချထားပေးတဲ့ အစီအစဉ်မှာ အမှန်တကယ်လိုအပ်နေသူ၊ ပြည်သူများ အများစု ရရှိရေးနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်နိုင်ရေး တို့အတွက် ကြပ်မတ်ညွှန်ကြား ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိ၊

(ခ) ခွင့်ပြုပေးထားပြီးသော ကိစ္စရပ်များအတွက် မည်သို့ မည်ပုံ ခွဲဝေချထားခဲ့သည်နှင့် အမှန်တကယ် လိုအပ် သူများ ရရှိခြင်း ရှိ/မရှိကို၊ စိစစ်ဆောင်ရွက်ပေးနိုင်ရန် ရှိ/မရှိ။

ကို သိရှိလိုပါကြောင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးထံမှ တဆင့် မေးခွန်းတင်ပြမေးမြန်း လိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနဲ့ တလုံးတဝ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းလွင်၏ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး၊ ဦးစိုင်းလှဝင်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၄။	ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး	အဖွဲ့ဝင်
၅။	ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး	အဖွဲ့ဝင်
၆။	ပြည်နယ်ဥပဒေချုပ်	အဖွဲ့ဝင်
၇။	ညွှန်ကြားရေးမှူး ပြည်နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာန	
၈။	ညွှန်ကြားရေးမှူး ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန	အဖွဲ့ဝင်
၉။	ဒုတိယအင်ဂျင်နီယာချုပ် ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း	အဖွဲ့ဝင်
၁၀။	ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်မြေစာရင်းဦးစီးဌာန	အဖွဲ့ဝင်
၁၁။	ဒုတိယညွှန်ကြားရေးမှူး ပြည်တွင်းအခွန်များဦးစီးဌာန	အဖွဲ့ဝင်
၁၂။	ဒုတိယညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး	အတွင်းရေးမှူး

ဆိုပြီးတော့ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။

တိုးတက်လာသော လူဦးရေအရ မြို့ရွာ တိုးချဲ့ရန် လိုအပ်လာပါက၊ မြို့ပြစနစ်စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများ ရေးဆွဲစေပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြု ချက်ဖြင့် ဆောင်ရွက်ရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုးတက်လာသော လူဦးရေများအတွက် မြေကွက် ဖော်ထုတ်ချထားခြင်းထက် ပြည်သူများသင့်တင့်သော စျေးနှုန်းများဖြင့် သင့်တင့်စွာနေထိုင်နိုင်ရေးအတွက် တန်ဖိုးမျှ

D/real(wide) (1

အိမ်ရာများ၊ တည်ဆောက်ပေးရန် ဆောင်ရွက်လျက်ရှိပါတယ်။ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ချယ်ရီမြိုင် အိမ်ရာနဲ့ ထင်းရှူးမြိုင်အိမ်ရာ၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၌ တန်ဖိုးမျှအိမ်ရာ၊ မူဆယ်မြို့၌ ကမ်းနားလမ်းအိမ်ရာစီမံကိန်းများကို သတင်းစာ၌ တင်ဒါခေါ်ယူ ဆောင်ရွက်လျက် ရှိနေပါတယ်။ မူဆယ်မြို့၊ ကမ်းနားလမ်းအိမ်ရာ စီမံကိန်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ရှမ်းပြည်နယ်ဒေသ၊ ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနဲ့ New Star Light ကုမ္ပဏီလိမိတက်နဲ့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ကျန်အိမ်ရာလုပ်ငန်းများအတွက် အဆိုပြုကုမ္ပဏီများနဲ့ သဘောတူလက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

လင်းခေးမြို့အား၊ လင်းခေးခရိုင်(၁) တိုးချဲ့ဖွဲ့စည်းမှုအရ၊ ခရိုင်အဆင့် ရုံးဌာနများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ခြင်း၊ တိုးတက်လာမည့် မြို့ပြအိမ်ရာများကို ခွင့်ပြုချထားရန် လိုအပ်ခြင်းအတွက် လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စိစစ်တင်ပြချက်အပေါ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ရှမ်းပြည်နယ်ကောင်စီက သဘောတူခဲ့ပြီး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၃. ၆. ၂၀၀၈ ရက်စွဲပါစာအမှတ် ၄/၃၅-၄/ဦး-၆ ဖြင့် လင်းခေးမြို့နှင့် တစ်ဆက်တည်းရှိတဲ့ ပုံးထွန်အုပ်စုမှ ယာမြေ(၂၂၃ ဒဿမ ဝ၄)ဧကအား မြို့မြေအဖြစ်ဆက်လက် အသုံးပြုရန်အတွက် လယ်ယာမြေ ဥပဒေ ပုဒ်မ (၃၀)(ခ)အရ၊ ပြင်ဆင်လျှောက်ထား ခွင့်ပြုရန် တင်ပြလာမှုအပေါ် ပြည်နယ်မြေစာရင်းဦးစီးဌာနအား မြေရာဇဝင် စိစစ်တင်ပြရန်၊ အကြောင်းကြားခဲ့သဖြင့် မြေရာဇဝင်စိစစ်ဆဲ ဖြစ်ပါတယ်။

ဆင်းရဲမှုလျော့ချရေးနှင့် အလုပ်အကိုင်ရရှိရေး အတွက်လည်းကောင်း၊ ဒေသခံမြေမဲ့၊ ယာမဲ့များကို နေရာ

မိဘပြည်သူများမှ တင်ပြလာပါတယ်။ ထို့ကြောင့် မောက်မယ်မြို့နယ်ရှိ၊ ငွေတိုက်ခွဲအား မြို့နယ်ဘဏ်ခွဲအဖြစ် တိုးမြှင့်ချထားပေးနိုင်ပါရန်နှင့် မည်သည့်အချိန်တွင် စတင်ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ မိဘပြည်သူများကိုယ်စား လွှတ်တော်မှတဆင့် မေးမြန်းတင်ပြအပ်ပါသည် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုးထိုက်ရဲ့ မောက်မယ်မြို့နယ်ရှိ၊ ငွေတိုက်ခွဲအား မြို့နယ်ဘဏ်ခွဲအဖြစ်တိုးမြှင့်ချထားပေးနိုင်ရန်နဲ့ မည်သည့်အချိန် စတင်ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်းပြီး ကျွန်တော် အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး၊ ဦးခွန်သိန်းမောင်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ ငွေတိုက်ခွဲရဲ့ လက်ရှိငွေကြေးလုပ်ငန်းနဲ့ ပတ်သတ်ပြီး ရရှိထားတဲ့ အချက်အလက်များကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

(က) မောက်မယ်မြို့နယ်မှာ ဌာနဆိုင်ရာရုံး (၂၃)ခု၊ တပ်ရင်း(၁)ရင်း၊ ငွေစာရင်းဖွင့်လှစ်ထားမှု စုစုပေါင်း(၄၀)ရှိပါတယ်။

(ခ) ဝန်ထမ်းများလစာထုတ်ယူမှု၊ ဝန်ထမ်းဦးရေ (၅၃၈)ဦး ရှိပြီး၊ တစ်လအတွင်း လစာထုတ်ယူမှု ပမာဏ(၁၇၅)သန်း ရှိပါတယ်။

D/real(wide) (1

(၈) ပင်စင်စားဦးရေမြို့ပြ (၄၁)ဦး၊ ကာကွယ်ရေး (၄၇)ဦး၊ နိုင်ငံရေး (၂၂)ဦး၊ စုစုပေါင်း (၁၁၀)ဦး ရှိပြီး၊ လစဉ် ထုတ်ယူမှုပမာဏ (၃ ဒဿမ ၂)သန်းရှိကြောင်း တင်ပြအပ်ပါတယ်။

(ဃ) ငွေစုဘဏ် စာရင်းဦးရေ (၄၀၇)ဦးရှိပြီး၊ လစဉ် ငွေသွင်းမှု (၂၅)သန်း၊ ငွေထုတ်မှုသန်း (၂၀) ရှိကြောင်း တင်ပြအပ်ပါတယ်။

(င) ဗဟိုဘဏ်ငွေကြေးလက်ကျန် ထားရှိခွင့် ကျပ်သန်း (၁၀၀) ဖြစ်ပြီးတော့၊ လင်းခေးမြို့နယ် ဘဏ်ခွဲ၏ စာရင်းထိန်းသိမ်းမှုအောက်မှာ ငွေတိုက်ခွဲအဖြစ် ထားရှိပါတယ်။

လက်ရှိမောက်မယ်မြို့နယ်ရဲ့ ငွေကြေးလည်ပတ်မှု အခြေအနေအရ ငွေတိုက်ခွဲအဆင့်ဖြင့် လုပ်ငန်းနိုင်နင်းမှုရှိသဖြင့် မြို့နယ်ဘဏ်ခွဲအဆင့် တိုးမြင့်ပေးထားခြင်း မရှိသေးပါ။ အော်တိုတယ်လီဖုန်း တပ်ဆင်နိုင်ခြင်း မရှိသေးသဖြင့် Fax ဖြင့် ငွေလွှဲပို့နိုင်ခြင်းလည်း မရှိသေးပါ။ သို့ပါသော်လည်း ငွေတိုက်ခွဲမှ မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနနဲ့ ညှိနှိုင်း၍ စီစဉ်ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်က မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ပဏာမ ဆုတောင်းမေတ္တာ

ချထားနိုင်ရေးအတွက်လည်းကောင်း၊ မြို့နယ်အလိုက်ဒေသခံမြေမဲ့၊ ယာမဲ့များစာရင်းကောက်ခံပြီး (၃၁၊ ၃၊ ၂၀၁၄)ရက်နေ့ အရောက်ပြုစုတင်ပြရန်၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီ၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများသို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ မြို့နယ်အလိုက် မြေနေရာရရှိပါက ဒေသအလိုက် မြေနေရာချထားခြင်း၊ စိုက်ပျိုးလုပ်ကိုင်ရန်အတွက် စိုက်ပျိုးမြေများခွဲဝေပေးခြင်းများ စနစ်တကျ ဆောင်ရွက် သွားစေမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးထိုက်က မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုးထိုက်၊ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းစိုးထိုက်ဖြစ်ပါတယ်။ မောက်မယ် မြို့နယ်ရှိ ငွေတိုက်ခွဲအား မြို့နယ်ဘဏ်ခွဲအဆင့် တိုးမြှင့်ချထား ပေးနိုင်ပါရန် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မောက်မယ်မြို့နယ်သည်၊ လင်းခေးခရိုင်အတွင်းတွင် ပါရှိပြီး၊ နယ်စပ်ဒေသရှိ လမ်းဆုံးမြို့နယ် ဖြစ်ပါတယ်။ မြို့နယ်ရှိပြည်သူများ ခရီးသွားလာရာတွင် မော်တော်ယာဉ်များ အခက်အခဲရှိပြီး၊ စျေးတစ်ပတ်လျှင် ကားထွက်ရက်တစ်ရက်သာ ရှိပါတယ်။ ပြည်သူများ၊ ဝန်ထမ်းများ ငွေလွှဲ၊ ငွေထုတ်ယူကြရာတွင် ငွေတိုက်ခွဲသာ ရှိသဖြင့် အဆင်ပြေချောမွေ့ခြင်း မရှိပါ။ မိုးနဲ၊ လင်းခေး၊ မိုင်းပန် မြို့နယ်များနည်းတူ၊ မြို့နယ်ဘဏ်ခွဲအဖြစ် ရှိပါကအဆင်ပြေပါမည်ဟု

D/real(wide) (1

ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒ(၁)မှ ဦးစိုင်းမိုးကြည် ဖြစ်ပါတယ်။ မိုင်းပန်မြို့မှ လုပ်သားပြည်သူများ၊ တာချီလိတ်ကို လယ်ယာထွက်ကုန်ပစ္စည်းများကို မိုင်ပေါင်း(၁၉၀) ဖြင့် သွားရောက် ရောင်းဝယ်ဖောက်ကားလျက် ရှိပါတယ်။ လွန်ခဲ့သော(၇)နှစ်ကျော်က ပိတ်ထားတဲ့ BB1 ထိုင်း-မြန်မာ နယ်စပ်အမှတ်(၁) ကုန်သွယ်ရေးစခန်း၊ ပြန်လည်ဖွင့်ပေးမည်ဆိုလျင် မိုင်ပေါင်း(၇၅)မိုင်ခန့် သက်သာသွားနိုင်ပါတယ်။ ထို့အတွက်ကြောင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ တိုင်းရင်းသားလုပ်သား ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျော့ချရေးအစီအစဉ်ဖြင့် သော်လည်းကောင်း၊ လာမယ့် ၂၀၁၅ ခု FT(Free Trade) (၁၀)နိုင်ငံလက်မှတ်ထိုးထားသော လွတ်လပ်စွာ ကုန်သွယ်ရေး အနေနှင့် လက်ဦးမှုရယူသောအနေနှင့်သော်လည်းကောင်း၊ ထိုင်း-မြန်မာ နယ်ခြားအမှတ်(၁)အား တရားဝင်နယ်စပ် ကုန်သွယ်ရေး စခန်း ပြန်လည်ဖွင့်ပေးရန် ရှိ/မရှိ၊ ပြည်သူကိုယ်စား လေးစားစွာဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော် ဒုဥက္ကဋ္ဌကြီးနှင့်တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာတင်ပြ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်အမှတ်(၁)၊ မိုင်းပန်မြို့နယ်၊ လွတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းမိုးကြည်မေးမြန်းတဲ့ မိုင်းတုံမြို့နယ်၊ ပုံပါကျင် မြို့နယ်ခွဲမှ (၇)မိုင်ကွာဝေးသော မြန်မာ-ထိုင်း၊ နယ်ခြားမှတ်တိုင်အမှတ်(၁)အား၊ တရားဝင်နယ်စပ် ရောင်းဝယ်ရေးစခန်း၊ ပြန်လည်ဖွင့်လှစ်ပေးရန် ရှိ/မရှိ သိရှိလို

(ဆ) နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်မည့် နယ်စပ်ဒေသတွင် (၂)နိုင်ငံ နယ်နမိတ် တိုင်းတာရေး ကိစ္စ ရှင်းလင်းပြီးဖြစ်ခြင်း၊

သို့ဖြစ်ပါ၍ မြန်မာ-ထိုင်း၊ နယ်ခြားမှတ်တိုင် အမှတ်(၁)အား၊ တရားဝင် နယ်စပ်ရောင်းဝယ်ရေး စခန်းအား ပြန်လည်ဖွင့်လှစ်ပေးရန်ကိစ္စအား လတ်တလောတွင် နိုင်ငံတော်၏ ညွှန်ကြားချက်မရရှိသေး၍ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်မှုမရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွတ်တော်ဒုတိယဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ်လွတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွတ်တော် ကိုယ်စားလှယ်၊ ဦးမြင့်စိုးနိုင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရပ်စောက်မြို့နယ်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ထားရှိပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်အတွင်း၊ စိုက်ပျိုးရေး

D/real(wide) (1

လုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများအား နိုင်ငံတော်အစိုးရမှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘက္ထာရေးနှစ်အတွင်းမှာ မိုးစပါးချေးငွေအဖြစ် စပါးစိုက်ဧက (၂၆၃၆၄)ဧကနဲ့ ရောင်းစရိတ်က(၃၉၁၆၉)ဧက အတွက် အစုအဖွဲ့ပေါင်း (၁၂၆၃)ဖွဲ့၊ တောင်သူဦးရေ(၉၈၆၇)ဦးအား ငွေကျပ်သိန်းပေါင်း (၃၄၁၉၇ ဒဿမ ၈၀)သိန်းအားလည်းကောင်း၊ ဆောင်းသီးနှံချေးငွေအဖြစ် စိုက်ဧက(၁၅၀၆၂)ဧက၊ အစုအဖွဲ့ပေါင်း (၃၀၇)ဖွဲ့၊ လူဦးရေ(၁၉၆၂)ဦးအား၊ ကျပ်သိန်းပေါင်း (၃၀၁၂ ဒဿမ ၄၀)သိန်းအားလည်းကောင်း၊ စုစုပေါင်း ကျပ်ငွေသိန်းပေါင်း(၃၇၂၁၀ ဒဿမ ၂)သိန်းအား ထုတ်ချေးပေးခဲ့ပါတယ်။ အထက်ပါချေးငွေများ ရရှိမှုဆိုရာတွင် ယခုအချိန်၌ညောင်ရွှေမြို့ပေါ်ရှိ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ဆက်လုပ်ကိုင်လျက် ရှိပါတယ်။

ရပ်စောက်မြို့နယ်မှာ စိုက်ပျိုးနိုင်တဲ့ ဧကစုစုပေါင်း (၈၈၃၆၁)ဧက ရှိပြီးတော့မှ လက်ရှိစိုက်ပျိုးနိုင်တဲ့ ဧရိယာကျယ်ဝန်းခြင်း၊ မြို့နယ်အတွက်စိုက်ပျိုးစရိတ်ချေးငွေ၊ ချေးယူလျက်ရှိသောတောင်သူဦးရေမှာ (၃၄၀၁၅၃)ဦးရှိ၍ များပြားခြင်း၊ တောင်သူများညောင်ရွှေမြို့ပေါ်ရှိ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ဆက်ရာမှာ အချို့ဝေးလံသောဒေသများမှာရှိတဲ့ တောင်သူတွေဟာ မိုင်ပေါင်း(၁၀၀)ကျော် ဝေးကွာခြင်း တို့ကြောင့် ရပ်စောက်မြို့နယ်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ထားရှိပေးနိုင်ခြင်းရှိ/မရှိနဲ့၊ ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးသွားမည်၊ မရှိသေးပါကလည်း အမြန်ဆုံးထားရှိပေးနိုင်အောင် ရှမ်းပြည်နယ်အစိုးရနဲ့ တာဝန်ရှိပုဂ္ဂလိများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် မေးခွန်းမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပါသည် ဆိုတဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ဦးအောင်ကျော်ညွန့်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

နယ်စပ်ဒေသ တိုင်းရင်းသားလုပ်သားပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသများတွင် ကုန်သွယ်ရေးဇုန်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ နယ်စပ်စျေးများကို ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်သည့် နေရာများတွင် ဖွင့်လှစ်ပေး နိုင်ရေးအားနိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် (၂)နိုင်ငံနယ်စပ်၊ ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးရာတွင် အောက်ပါအခြေခံအချက်များကို ထည့်သွင်းစဉ်းစားရန် လိုကြောင်း ညွှန်ကြားထားပါသည်-

(က) နှစ်နိုင်ငံချစ်ကြည်ရင်းနှီးခြင်း၊
(ခ) ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း၊
(ဂ) လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်း၊
(ဃ) နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်းအစီအစဉ်နှင့် ဘဏ်လုပ်ငန်း အစီအစဉ်များ ညှိနှိုင်း သဘောတူညီမှုဖြင့် ယင်းအခြေခံအဆောက်အဦးများ ထူထောင်ပေးနိုင်မှုရှိခြင်း၊
(င) ဒေသတွင်း စားသုံးမှုဖူလုံသည့်အပြင်၊ ပိုလျှံမှုရှိပြီး ပြည်တွင်းပြည်ပ စျေးကွက်များသို့ ရောင်းချနိုင်မည့် ကုန်စည်များရှိခြင်းနှင့် စျေးကွက်ဖွံ့ဖြိုးမှုရှိခြင်း၊
(စ) အခြားပြည်နယ်များ တိုင်းဒေသကြီးများနှင့်လည်း ချိတ်ဆက်၍ ကုန်စည်များကို တရားဝင် နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ပြီး၊ တိုက်ရိုက်(သို့မဟုတ်) တဆင့်ခံကုန်သွယ် ရောင်းချမှု ပြုလုပ်နိုင်သည့် အခြေအနေရှိခြင်း၊

D/real(wide) (1

အဆမတန်မြင့်မားစွာ ကုန်ကျမှုရှိနေပါသဖြင့် ငွေကြေးမတတ်နိုင်သော အချို့ မြို့၊ ရပ်ကွက်၊ ကျေးရွာများ လျှပ်စစ်မီးကို သုံးစွဲခွင့် မရရှိကြပါ။ မိဘပြည်သူများသည် ဌာနမှ လျှပ်စစ်ဓာတ်အားကို ကုန်ကျစရိတ် သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိနိုင်ရန်၊ ပြည်သူလူထု၏ မနိုင်ဝန်ကို ဖြေလျော့ပေးနိုင်ရန် အစိုးရမှ ကုန်ကျစရိတ်များကို မည်သို့မျှဝေပုံပိုးပေးမှု အစီအစဉ်ရှိ/မရှိ ကို သိရှိလို၍ မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး၊ မင်္ဂလာအပေါင်းနဲ့ ခပ်ကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ဦးစိုင်းထွန်းရင်ဖြစ်ပါတယ်။ နမ့်ခန်းမြို့နယ်၊ မဲဆန္ဒနယ်မြေအမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းတင်ဦးရဲ့ မိဘပြည်သူများသည် ဌာနမှ ဓာတ်အားကို ကုန်ကျစရိတ်သက်သာစွာနဲ့ သုံးစွဲခွင့်ရရှိနိုင်ရန် ပြည်သူလူထု၏ မနိုင်ဝန်ကို ဖြေလျော့ပေးခြင်းအားဖြင့် အစိုးရမှ ကုန်ကျစရိတ်များကို မည်သို့မျှဝေပုံပိုးပေးမည့် အစီအစဉ်ရှိသည်ကို သိရှိလိုပါသည် ဆိုတဲ့မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်၊ ဦးမြင့်စိုးနိုင် မေးမြန်းထားတဲ့ တောင်သူများ ညောင်ရွှေမြို့ရှိ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ဆက်ရာတွင် ခရီးဝေးကွာခြင်းကြောင့် ရပ်စောက်မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ ထားရှိပေးနိုင်ခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသည် မေးခွန်းနှင့်ပတ်သတ်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူမှ ဖြေကြားပေးမှာဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရပ်စောက်မြို့နယ်အတွင်းရှိ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရေးနဲ့ ပြန်လည်ကောက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ညောင်ရွှေမြို့နယ်ဘဏ်ဝန်ထမ်းများက ရပ်စောက်မြို့သို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရပ်စောက်မြို့နယ်မှ တောင်သူများအနေဖြင့် ညောင်ရွှေမြို့နယ်သို့ သွားရောက် ရရှိမှုမရှိသေးကြောင်း သိရပါသည်။ ဝန်ထမ်းများ ခန့်ထားခြင်း၊ ရုံးဆောက်လုပ်(သို့မဟုတ်) ငှားရမ်းခြင်း မရှိနိုင်သေးသည့်အတွက်၊ လောလောဆယ် အနေဖြင့် ရပ်စောက် မြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ထားရှိပေးနိုင်ခြင်း မရှိသေးကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

D/real(wide) (1

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝလုံလောက်စွာ ရရှိရေးအတွက် အခြေခံလိုအပ်ချက် ဖြစ်သော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

4i ft jyi fau s½Gr sn," mw f m,&½B&;t w G f66KV ဓာတ်အားလိုင်းများ 33KV ဓာတ်အားလိုင်းများ 66/11KV ခွဲရုံများ၊ 33/11KV ခွဲရုံများအားသင့်တော်သော နေရာများတွင် တိုးချဲ့တည်ဆောက်လျက်ရှိပြီး၊ ထပ်မံတည်ဆောက်ခြင်း လုပ်ငန်းများ ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးရွာများအတွက် 11KV ဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ 11/.4KV ထရန်စဖော်မာ တည်ဆောက်ခြင်းနှင့် 400V ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းများကို မိမိတို့ကျေးရွာ၏ ကုန်ကျစရိတ်အဖြစ် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ကြရပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် 33/11KV ဓာတ်အားခွဲရုံနှင့် 33KV ဓာတ်အားလိုင်းများသာ တည်ဆောက်ပေးလျက်ရှိပါတယ်။ ကျေးရွာများအား မဟာ ဓာတ်အားလိုင်းမှ ဓာတ်အားရယူလိုပါက ကုန်ကျစရိတ်များကို နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ကုန်ကျ စရိတ်များ အခက်အခဲများရှိပါက သက်သာသော အတိုးနှုန်းဖြင့် ငွေချေးပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဒုဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မေးမဲ့ မေးခွန်းကတော့ လျှပ်စစ်မဟာဓာတ်အားလိုင်း ဖြတ်သန်း သွားသော လမ်းကြောတွေ၊ လျှပ်စစ်မီးမရရှိသေးသော မြို့၊ကျေးရွာ၊ ရုပ်ကွက်များ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် အသစ် တည်ဆောက်ခြင်းလုပ်ငန်း၌ အစိုးရမှ မြို့၊ ရုပ်ကွက်၊ ကျေးရွာ မီးလင်းရေးကော်မတီများသို့ ထိုက်သင့်သော ပံ့ပိုးပေးမှု အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌကြီး ခင်ဗျား။ ရေအားလျှပ်စစ်မှာ ဓာတ်အားလိုင်းဖြတ်သန်းသော လမ်းကြောတွင် လျှပ်စစ်မီးမရရှိသေးသော မြို့ရုပ်ကွက်ကျေးရွာ များသည် လျှပ်စစ်ဓာတ်အား အသုံးပြုလိုပါက ဌာနမှ သတ်မှတ် ထားသော စံချိန်စံညွှန်းမီ ဓာတ်အားလိုင်း၊ဓာတ်အားခွဲရုံများ၊ တည်ဆောက်အသုံးပြုရန် လိုအပ်နေပါတယ်။ အရည်အသွေး ပြည့်မီသော ဓာတ်အာလိုင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ပါက ကုန်ကျစရိတ်များကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည် ဆိုလျှင် ကုန်ကျစရိတ်များသည်

D/real(wide) (1

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းတင်ဦးက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး၊ နမ့်ခန်းမြိုနယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ ရပ်ကွက်နယ်နမိတ်များ ဖွဲ့စည်းရာတွင် မည်ကဲ့သို့သော စံနှုန်းများဖြင့် မူလရှိရင်းစွဲ ဒေသများ၏ ရှမ်းရိုးရာအမည်နာမများဖြင့် တည်ရှိခဲ့ပြီးသော ရပ်ကွက်များဖြင့် ဖွဲ့စည်းခွင့်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နမ့်ခမ်းမြို့၊ မြို့ပေါ်ရပ်ကွက်များကို ၂၀၁၂-၁၃ ခုနှစ်တွင် (၁၄)ရက်ကွက်ဖြင့် ပြန်လည်ဖွဲ့စည်းရာတွင် မြို့ပေါ်တည်ရှိလျက်ရှိသော (၁၆)ရက်ကွက်၊ မြို့နှင့်ကပ်လျက်ရှိသော ကျေးရွာပေါင်း(၇)ရွာနှင့် တိုးချဲ့ပြီး၊ အချို့သောရပ်ကွက်များတွင် ရှမ်းရိုးရာအမည်နာမ များဖြင့် တည်ရှိခဲ့ပြီးသော ရပ်ကွက်များအား၊ (၂)ရပ်ကွက်(သို့မဟုတ်) (၃)ရပ်ကွက် ပေါင်းစပ်ပြီး၊ ရပ်ကွက်(၁) ရပ်ကွက်အဖြစ် အမှတ်စဉ်ရပ်ကွက်များဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ဤကဲ့သို့ ဖွဲ့စည်းခဲ့ခြင်းကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး (၁)ဦးသည် ရပ်ကွက်(၂)ရပ်ကွက်(သို့မဟုတ်) (၃)ရပ်ကွက်အထိ စီမံအုပ်ချုပ်ခဲ့ရပါတယ်။ သို့သော် ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် မိမိ၏နယ်မြေတစ်ခုတည်း၌သာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ပြီး၊ အခြားနယ်မြေများကို စီမံခန့်ခွဲရာတွင် အခက်အခဲပေါင်း

နမ့်ခမ်းမြို့တွင် ၂၀၁၃ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန၊ အမည်ပေါက်စာရင်းအရ ရပ်ကွက်(၄)ခု၊ ကျေးရွာအုပ်စု(၄၄)အုပ်စု၊ ကျေးရွာ(၁၈၆)ရွာတို့ ဖွဲ့စည်းထားပြီး၊ မြို့ပေါ်(၄)ရပ်ကွက်တွင် အိမ်ခြေ(၃၉၇၅)၊ အိမ်ထောင်စု(၃၈၉၄)၊ လူဦးရေ(၂၂၈၃၅)ဦး၊ တည်ရှိပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့ရဲ့ (၁၉. ၁၁. ၂၀၀၉) ရက်စွဲပါ စာအမှတ် ၁/၁-၃/ဦး၃(၈၈၃)ဖြင့် မြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းမှု အခြေအနေကို အဆိုပြုတင်ပြရန် အကြောင်းကြားချက်အရ (၁၂. ၁၂. ၂၀၀၉)ရက်နေ့ (၀၉. ၀၀)နာရီအချိန်တွင် နမ့်ခမ်းမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရုံးခန်း၌ကျင်းပပြုလုပ်သော မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ ပြင်ဆင်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးတွင် မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာသူများ၊ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ မြို့နယ်နမိတ်နှင့် ထိစပ်သည့် ကျေးရွာ(၇)ရွာကို မြို့နယ်နယ်နမိတ်အတွင်းထည့်သွင်းပြီး၊ လက်ရှိမြို့ပေါ်(၄)ရပ်ကွက်ကို၊ ရပ်ကွက်(၁၄)ရပ်ကွက် အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေးကို သက်ဆိုင်ရာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်၏ အဘောထားရယူပြီး၊ လုပ်ထုံးလုပ်နည်းနှင့် အညီအမှုတွဲတည်ဆောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြခဲ့ပါသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၈. ၁. ၂၀၁၁)ရက်စွဲပါစာအမှတ်၊ ၂၀၀/၂၃-၂၅၇/ဦး ၁ ဖြင့် နမ့်ခမ်းမြို့ကို ရပ်ကွက်(၁၄)ခု၊ ကျေးရွာအုပ်စု(၄၃)အုပ်စု၊ ကျေးရွာ(၁၇၄)ရွာတို့ဖြင့် ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။

D/real(wide) (1

နမ့် ခမ်းမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု နယ်နမိတ်များဖွဲ့စည်းရာတွင် နယ်မြေဒေသ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စသည့်အခြေအနေများ အပေါ် မူတည်ပြီး၊ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ရပ်ကွက်အမည်များကို သခ်ၤဂဏန်းဖြင့် အမှတ်စဉ်တပ်၍ သတ်မှတ်ခြင်းမှာ နမ့်ခမ်းမြို့ရှိ၊ မြို့မိမြို့ဖများ၊ အစည်းအဝေးတက်ရောက်လာကြသူများမှ လက်ရှိနယ်မြေများ အမည်အတိုင်း အမည်ပေးပါက နယ်မြေတစ်ခုထက်ပိုသည့် ရပ်ကွက်များအနေဖြင့် အခက်အခဲများရှိလာနိုင်ခြင်းကြောင့် ရပ်ကွက်များကို သခ်ၤဂဏန်းဖြင့်သာ သတ်မှတ်သင့်ကြောင်း ဆွေးနွေးအကြံပြုချက်အရ သတ်မှတ်ခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဦးစိုင်းတင်ဦးက တတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်ရဲ့ တတိယမေးခွန်းကတော့ နားပန်ကျေးရွာအား စယ်ဟိုင်းကျေးရွာ အုပ်စုဝင်အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

မြောက်များစွာ ကြုံတွေ့ခဲ့ရပြီး၊ မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့် ရပ်ကွက်တွင်း စည်းလုံးညီညွတ်မှု ပျက်ပြားပြီး၊ မတည်ငြိမ်မှု များကြောင့် ပြည်သူများ စိတ်ဆင်းရဲခဲ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုဥက္ကဋ္ဌကြီး ခင်ဗျား။ ရပ်ကွက်များကို အမှတ်စဉ်များဖြင့် အမည်ပေးပြီး ဖွဲ့စည်းခဲ့သောကြောင့် မူလရှိရင်းစွဲ ရှမ်းအမည်နာမများ၊ ပျောက်ကွယ် သွားနိုင်ပြီး၊ ရိုးရာဓလေ့များအား ထိန်းသိမ်းနိုင်ရန် အခွင့်အရေး ဆုံးရှုံးနိုင်စေပါတယ်။ သို့ဖြစ်ပါ၍ ရပ်ကွက်များဖွဲ့စည်းရာတွင် မည်ကဲ့သို့သော အိမ်ထောင်စုအမည်၊ ဦးရေ၊ စံနှုန်းဖြင့် ဖွဲ့စည်းပြီး၊ မူလရှိရင်းစွဲ ဒေသအလိုက် ရှမ်းအမည်နာမများဖြင့် တည်ရှိခဲ့ပြီး ဖြစ်သောရပ်ကွက်များဖြင့်၊ ရပ်ကွက်ဖွဲ့စည်းခွင့်ရှိ/မရှိ သိရှိနိုင်ရန် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းတင်ဦးရဲ့ ရပ်ကွက်နယ်နိမိတ်များ ဖွဲ့စည်းရာတွင် မည်ကဲ့သို့သော စံနှုန်းများဖြင့် ဖွဲ့စည်းပြီး မူလရှိရင်းစွဲဒေသ၏ ရှမ်းရိုးရာအမည်နာမများဖြင့် တည်ရှိခဲ့ပြီးဖြစ်သော ရပ်ကွက်များဖြင့် ဖွဲ့စည်းခွင့်ရှိ/မရှိ သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့်ပတ်သတ်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

D/real(wide) (1

လေးစားအပ်ပါသော လွှတ်တော် ဒုဥက္ကဋ္ဌခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ နားပန်ကျေးရွာသည်၊ ခေါင်းဝိုင်းကျေးရွာအုပ်စုအတွင်းပါဝင်ပြီး၊ ခေါင်းဝိုင်းကျေးရွာနှင့် (၄)မိုင်ကွာဝေးပြီး၊ တောင်တက်ခရီးကြမ်းဖြင့် သွားရပါတယ်။ ခရီးအလှမ်းဝေးပြီး တောင်တက်ခရီးကြမ်းဖြစ်သောကြောင့် ရုံးလုပ်ငန်းကိစ္စများနှင့် လူမှုရေးကိစ္စများ ကူးလူးဆက်ဆံရာတွင် ခက်ခဲလှပါတယ်။ လွှတ်တော်ဒုဥက္ကဋ္ဌကြီးခင်ဗျား။ နားပန်ကျေးရွာသည်၊ ကုန်းစာကျေးရွာ၊ စယ်ဟိုင်းကျေးရွာ၊ နမ့်ခမ်းမြို့နယ်နှင့် (၂)ဖာလုံလောက်သာ ကွာဝေးပြီး၊ လူမှုရေး၊ သာရေး၊ နာရေးကိစ္စများတွင် ကုန်းစာကျေးရွာကို မှီခိုအားထားနေရလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နားပန်ကျေးရွာအား၊ စယ်ဟိုင်းကျေးရွာ အုပ်စုဝင်အဖြစ်၊ ပြောင်းလဲသတ်မှတ်ရန် ကျေးရွာပြည်သူလူထုက တင်ပြလာပါသဖြင့် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိနိုင်ရန် မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းတင်ဦးရဲ့ နားပန်ကျေးရွာအား၊ စယ်ဟိုင်းကျေးရွာ အုပ်စုဝင်အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် ပတ်သတ်၍

ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကောင်းဝိုင်းကျေးရွာအုပ်စုအတွင်းရှိ နားပန်းကျေးရွာအား စယ်ဟိုင်းကျေးရွာအုပ်စုအတွင်းသို့ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုပါက သက်ဆိုင်ရာနယ်မြေဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး စသည့်အခက်အခဲများကို ဖော်ပြ၍ သက်ဆိုင်ရာကျေးရွာ လူထု၏ သဘောထားဆန္ဒကိုရယူပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၏ သဘောထား၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အဆင့်ဆင့်မှ တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒုတိယဥက္ကဋ္ဌ။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသောင်းရွှေက မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးသောင်းရွှေ၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးသောင်းရွှေဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ ကလောမြို့နယ်၊ ရွှေမင်းဖုန်းကျေးရွာအုပ်စုတွင် အာရှကမ္ဘာမြေ အကြီးစားစက်မှုနှင့် အကြီးစားသတ္တုတူးဖော်ရေးကော်မတီသည် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း၊ ရွှေသတ္တု သန့်စင်ခြင်းလုပ်ငန်းများကို (၇. ၁၁. ၂၀၁၁)

D/real(wide) (1

ခုနှစ်မှ စ၍ပြည်ထောင်စု အစိုးရ၏ ခွင့်ပြုချက်ဖြင့် လေလံဆွဲလုပ်ကိုင်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရနှင့် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုရာတွင် စတင်လုပ်ကိုင်ခဲ့သည်မှ (၅)နှစ်အတွင်း၊ ရွှေသတ္တု(၂ ဒသမ ၂၀၅၈)တန် ပေးသွင်းရန် သဘောတူညီခဲ့ကြပါသည်။ ပိဿာချိန်အားဖြင့် (၁၃၀၀)ခန့်ဟု တွက်ချက်တွေ့ရှိရပါသည်။ ကုမ္ပဏီစတင်လုပ်ကိုင်ခဲ့သည်မှာ (၂)နှစ်ကျော်ခဲ့သည်ဖြစ်ပါသည်။ (၂)နှစ်ကျော်ကာလအတွက် ပေးသွင်းရမည့် ရွှေပိဿာချိန်မှာ (၆၀၀)ပိဿာခန့် ဟုဒေသခံများမှ တွက်ချက်သိရှိကြပါသည်။ သို့သော်ကုမ္ပဏီမှ အမှန်တကယ် ပေးသွင်းထားသည်မှာ (၁၀)ပိဿာခန့်ဟု သိရှိရပါသည်။ စာချုပ်ပါအချက်အလက်များနှင့် များစွာကွဲလွဲနေပါသည်။

ဒေသခံများမှ မသမာမှုတစ်ခုဟု ယူဆနေကြပါသည်။ ဒေသခံများအား အမျိုးသားလွှတ်တော်အထိ ခေါ်ယူဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း ထူးခြားမှုမရှိဟု သိရှိခဲ့ရပါသည်။ ဒေသခံများသည် ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုအတွက် အကျိုးရှိမည်ဆိုလျှင် မိမိတို့ကျေနပ်ကြောင်း၊ ကုမ္ပဏီတစ်ခု၏ အကျိုးသာရှိပြီး ဒေသခံများလည်းအကျိုးမရှိ၊ ရှမ်းပြည်နယ်အတွက်လည်း အကျိုးမရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးမရှိ ဖြစ်ခဲ့လျှင်၊ မိမိတို့မကျေနပ်နိုင်ပါကြောင်း တင်ပြလာပါသည်။ ရွှေပေးသွင်းထားမှုကို ထောက်ခြုခြင်းအားဖြင့် စာချုပ်ပါအချက်အလက်များနှင့် များစွာ ကွဲလွဲနေသည်ကိုလည်း သိရှိရပါသည်။ ဒေသခံများသိရှိလိုသော မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အာရှကမ္ဘာမြေကုမ္ပဏီသည် (၅)နှစ်သက်တမ်းအတွက် ရွှေစင် (၂၀၂၊ ၅၁)တန် ဖြင့်လုပ်ကိုင်ခဲ့ပြီး၊ ယခုလုပ်ကိုင်ခဲ့သည့် (၂)နှစ်ကာလအတွက် ရွှေစင်မည်မျှ ပေးသွင်းထားသည်ကို ဒေသခံများမှ

ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်မှာ လက်ရှိ(၁၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၄၃)အုပ်စုနှင့် ကျေးရွာ(၁၇၄)ရွာဖြင့် ဖွဲ့စည်းထားပါတယ်။ ကောင်းဝိုင်းကျေးရွာအုပ်စုအတွင်း ကောင်းဝိုင်းကျေးရွာ၊ လွယ်လောင်(လွယ်)ကျေးရွာ၊ နားပန်းကျေးရွာ၊ တွန်ကန်းကျေးရွာ၊ စံလောင်းကျေးရွာ၊ လွယ်လောင်(လီရှော)ကျေးရွာ၊ လွယ်လောင် (တရုတ်)ကျေးရွာ၊ လွယ်လောင်(ပန်းဆေး)ကျေးရွာ စုစုပေါင်း(၈)ရွာနဲ့ အိမ်ခြေ(၄၀၁)၊ အိမ်ထောင်စု(၄၂၉)နှင့် လူဦးရေ(၂၂၀၂)ဦးရှိပါတယ်။ နားပန်ကျေးရွာတွင် အိမ်ခြေ(၁၄)၊ အိမ်ထောင်စု(၁၅)နှင့် လူဦးရေ(၆၉)ဦးရှိပါတယ်။ နားပန်ကျေးရွာသည် ရှေးယခင် ကတည်းက ကောင်းဝိုင်းကျေးရွာအုပ်စုနယ်နမိတ်အတွင်း ပါဝင်သော ကျေးရွာဖြစ်ပါသည်။ နားပန်ကျေးရွာသည် ကောင်းဝိုင်းကျေးရွာနှင့် (၂. ၃၇)မိုင်ကွာဝေးပြီး မြေသားလမ်း ဖောက်လုပ်ထားရှိပါသည်။ နွေရာသီတွင် သွားလာရေးအဆင်ပြေသော်လည်း၊ မိုးရာသီတွင် သွားလာရေးခက်ခဲပါတယ်။ စယ်ဟိုင်းကျေးရွာနှင့် (၀. ၅၆)မိုင်ခန့်သာ ကွာဝေး၍ ရာသီမရွေးသွားလာနိုင်ပါသည်။

နားပန်ကျေးရွာအား၊ စယ်ဟိုင်းကျေးရွာအုပ်စုအတွင်းသို့ ပြောင်းလဲသတ်မှတ်ပေးပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၅၄ အရ သက်ဆိုင်ရာပြည်နယ်(သို့မဟုတ်)ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအတွင်း၌ ရှိသော ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့/မြို့နယ် (သို့မဟုတ်) ခရိုင်နယ်နမိတ်များ၊ ပြင်ဆင်ရန်ဖွဲ့စည်းရန်(သို့မဟုတ်) အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်ပေးရမည်ဟု

D/real(wide) (1

မဲဆန္ဒနယ်အမှတ်(၁)၊ လွတ်တော်ကိုယ်စားလှယ်၊ ဦးသောင်းရွှေရဲ့ မေးမြန်းချက်ကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ သစ်တောသတ္တုဝန်ကြီး၊ ဦးစိုင်းအိုက်ပေါင်းမှ ဖြေကြားပေးသွားမည်ဖြစ်ပါသည်။

လွတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ မေးမြန်းလာတဲ့ ရွှေမင်းဖုန်းကျေးရွာအုပ်စုအတွင်း ရွှေသတ္တုတူးဖော်၊ သန့်စင်လုပ်ငန်းများ လုပ်ကိုင်နေသော အာရှကမ္ဘာမြေစက်မှုနှင့် အကြီးစားသတ္တုတူးဖော်ရေး လုပ်ငန်း ကုမ္ပဏီနဲ့ စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ဖြေကြားပေး သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း (ကလောမြို့နယ်)၊ ရွှေမင်းဖုန်းဒေသရှိ ယခင်အိုင်ဗင်ဟိုးကုမ္ပဏီမှ သတ္တုစမ်းသပ် တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ခဲ့သည့် ကန့်သတ်ဧရိယာအား အကြီးစားရွှေလုပ်ကွက်(D)အဖြစ် သတ်မှတ်၍ အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီအား (၃၊ ၁၂၊ ၂၀၁၁) ရက်နေ့မှ စပြီး(၅)နှစ် သက်တမ်းအတွက် ပုတ်ပြတ်စနစ်ဖြင့် ရွှေစင် (၂၊ ၂၀၅၈) မက်ထရစ်တန် နိုင်ငံတော်သို့ ပေးသွင်းရန် ဖော်ပြလျက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူစာချုပ် ချုပ်ဆို၍ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ပြုခဲ့ပါသည်။

ရွှေမင်းဖုန်းဒေသ၊ ရွှေလုပ်ကွက်(D)အတွင်း အဓိကရွှေထွက်ရှိရာ ဇုန်(၃)ခုရှိပြီး၊ ၄င်းတို့မှာ ကျားပါးစပ်ဇုန်၊ ရွှေတောင်ကြားဇုန်နဲ့ လွန်းထိုးတောင်ဇုန်တို့ ဖြစ်ကြပါတယ်။ ကျားပါးစပ်ဇုန်နေရာအား ကုမ္ပဏီအစီအစဉ်ဖြင့် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ရွှေတောင်ကြားဇုန်နဲ့ လွန်းထိုးတောင်ဇုန် တို့တွင် ဒေသခံနဲ့ အခြားဖက်စပ်လုပ်ငန်းများ ပြုန်းထုတ်လုပ်မှုအပေါ် ခွဲဝေသောစနစ်ဖြင့် ရွှေပါဝင်နှုန်းအပေါ်

တရားဝင်သိရှိလိုပါသည်။

(၂) အာရှကမ္ဘာမြေကုမ္ပဏီသည် နှစ်ဖက်သဘောတူစာချုပ်ကို ပြည်ထောင်စုအစိုးရနှင့် ချုပ်ဆိုထားသည့် ယခုလုပ်ကိုင်နေမှုများမှာ လုပ်ထုံးလုပ်နည်းနှင့် ညီ/မညီ၊ နှစ်ဖက်သဘောတူကြိုတင်စာချုပ်ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ ပြန်လည်ဖြေကြားပေးပါရန်၊

(၃) အာရှကမ္ဘာမြေကုမ္ပဏီသည် (၅)နှစ်သက်တမ်းအတွက် ရွှေစင်(၂၊ ၂၀၅၈)တန်၊ တစ်ရက်လျှင် ရွှေစင်(၁)ပိဿာခန့်၊ တစ်လလျှင် ရွှေစင်(၂၅)ပိဿာခန့်၊ နိုင်ငံတော်သို့ပေးသွင်းရပါမည်။ ယခုကြားသိရသည်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အာရှကမ္ဘာမြေကုမ္ပဏီတို့သည် တစ်လလျှင် (၆)ပိဿာခန့်သာ သွင်းရတော့မည်ဟု စာချုပ်အသစ် ထပ်မံချုပ်ဆိုထားသည်ကို သိရှိရပါသည်။ မူရင်းနှစ်ဖက်သဘောတူ စာချုပ်အပြင် ထပ်မံ၍ စာချုပ်အသစ် ချုပ်ဆို၍ ရ/မရကိုလည်း ပြန်လည်ဖြေကြားပေးပါရန်၊

(၄) ယခင်လုပ်ကိုင်နေသော ဒေသခံများအား တစ်ရက်လျှင်နိုင်ငံတော်သို့ ရွှေစင်(၁)ပိဿာ ပေးသွင်းရမည်ဟု ပြောဆိုပြီး၊ ဒေသခံများအား ဖမ်းဆီး အရေးယူခြင်း၊ တရားစွဲခြင်းများ ရှိခဲ့ပါသည်။ အာရှကမ္ဘာမြေကုမ္ပဏီသည် နိုင်ငံခြားသားကုမ္ပဏီများနှင့် တွဲဖက်၍ စက်ယန္တရားကြီးများဖြင့် လုပ်ကိုင်ခဲ့ပါသည်။ လုပ်ကိုင်ခဲ့သောကာလကို စမ်းသပ်ကာလဟု

D/real(wide) (1

မူတည်၍ ဗြုန်းအချိုး သတ်မှတ်ခွဲဝေရယူဆောင်ရွက်ပါသည်။ အကြီးစားသတ္တု တူးဖော်ရေးလုပ်ငန်းဖြစ်၍ လုပ်ထုံးလုပ်နည်းနှင့် အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသား ပညာရှင်များ ငှားရမ်းအသုံးပြု ဆောင်ရွက်လျက်ရှိပြီး၊ ပြည်တွင်းမှ ကျွမ်းကျင်သတ္တုတွင်း အင်ဂျင်နီယာများ၊ သတ္တုဗေဒ အင်ဂျင်နီယာ များနှင့် ဘူမိဗေဒပညာရှင်များ ကိုလည်း လုံလောက်စွာခန့်ထား ဆောင်ရွက်လျက် ရှိပါတယ်။ သတ္တုတူးဖော်ရာတွင် လိုအပ်သော ယမ်းနှင့် ဆက်စပ်သုံးပစ္စည်းများကို ပေးသွင်းအပ်နှံ ရမည့်ရွှေစင် ပမာဏများပြားသဖြင့် ရွှေပါဝင်နှုန်း ကောင်းမွန်သော ဗြုန်းများရရှိရေး အထူးဦးစားပေး ဆောင်ရွက်လျက်ရှိပြီး 100tons/ day Ball Mill (၃)လုံးဖြင့် စက်ရုံ(၂)ရုံခွဲ၍ လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေသတ္တုအကြီးစား ထုတ်လုပ်ရန်အတွက် ထူထောင်မှု ကာလ လုံလောက်မှု မရှိ၍လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ သတ္တုတွင်းတစ်ခု ထူထောင်ရာတွင် ခေတ်မီနည်းပညာနဲ့ အရင်း အနှီးကြီးမားစွာ ထည့်ဝင်ရန် လိုအပ်ပါသဖြင့် ပြည်ပမှ နိုင်ငံတကာ နည်းပညာများနှင့် အကူအညီများ ဖိတ်ခေါ်ပြီး ရေရှည် လုပ်ကိုင်သော သတ္တုတွင်းတစ်ခု ဖြစ်ပေါ်စေရေးအတွက် လည်းကောင်း၊ ခွင့်ပြုသက်တမ်းကာလ တိုးမြှင့်ပေးပါရန် အာရှ ကမ္ဘာမြေ စက်မှုလုပ်ငန်းနဲ့ သတ္တုတူးဖော်ရေးကုမ္ပဏီမှ နိုင်ငံတော် သမ္မတရုံးသို့ တင်ပြခဲ့ရာ ခွင့်ပြုသက်တမ်းအား မြန်မာ့ သတ္တုတွင်း နည်းဥပဒေအပိုဒ်(၂၅-စ)နှင့် အညီ ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတရုံးမှ လမ်းညွှန်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်ချက်အရ စာချုပ်သက်တမ်းအား (၅)နှစ်အစား(၈)နှစ်သို့ ပြောင်းလဲသတ်မှတ်ပြီး ပုတ်ပြတ်စနစ်ဖြင့် လည်းကောင်း၊ နောက်ထပ်သက်တမ်း(၁၇)နှစ်အား ထုတ်လုပ်မှုအပေါ်

သတ်မှတ်ပေးခြင်းအား၊ နှစ်ဖက်သဘောတူစာချုပ်ပါ အချက်များနှင့် ကိုက်ညီခြင်း ရှိ/မရှိကို ပြန်လည် ဖြကြားပေးပါရန်၊

(၅) အာရှကမ္ဘာမြေကုမ္ပဏီအနေဖြင့် နှစ်ဖက်သဘောတူ ကြိုတင်စာချုပ်ပါ အချက်အလက်များ အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိပါက မြန်မာနိုင်ငံသား ချင်း အတူတူ၊ တန်းတူညီတူ အခွင့်အရေးပေး၍ ဒေသခံပြည်သူတို့အား တရားဝင်လုပ်ကိုင်ခွင့် ပေးနိုင်ခြင်းရှိ/မရှိကို ပြန်လည်ဖြေကြားပေးပါရန်၊

(၆) အာရှကမ္ဘာမြေကုမ္ပဏီသည် ဤကဲ့သို့ မမှန်မကန် လုပ်ကိုင်နေမှုများအား ရှုမ်းပြည်နယ် အစိုးရအဖွဲ့မှ သိရှိခြင်း ရှိ/မရှိကို ပြန်လည်ဖြေကြားပေးပါရန်၊

ဒေသခံများသိရှိလိုသော အထက်ပါမေးခွန်းများကို ကျွန်တော်၏ မဲဆန္ဒနယ်ပြည်သူများမှ တဆင့် မေးမြန်းလာပါသည်။ ဒေသခံများသိရှိလိုသော အချက်များအား ပြန်လည်ဖြေကြားပေးစေ လိုပါသည်။ မေးခွန်းများ၏ အဖြေများအား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တဆင့် မေးမြန်းတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြ ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ကလောမြို့နယ်၊

D/real(wide) (1

(ဂ) လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်မှု

- ကလောမှ တောင်ပဲ့ကျေးရွာအထိ လမ်းပြုပြင်ရန် လစဉ် ၅၀၀၀၀၀၀/-

(စ) လူမှုရေးဆောင်ရွက်မှု

- (၂၄-၄-၂၀၁၃)ရက်နေ့ တောင်ကြီးမြို့ရှိ စာကြည့်တိုက် ရန်ပုံငွေထည့်ဝင်ခြင်း ၅၀၀၀၀၀၀/-

အထက်ပါအတိုင်း ဆောင်ရွက်သွားကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစောလုံက ပထမမေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဤခန်းမအတွင်း၌ ရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ၊ ကိုယ်စိတ်နှလုံးရွှင်ပြုံးကြပါစေ၊ ကိုယ်စိတ်နှစ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးရပါတယ်။ ကျွန်တော်ကတော့ မိုးနဲ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းအမှတ်(၁)ကတော့ ရှမ်းပြည်နယ်သည် နယ်မြေဒေသကျယ်ဝန်းပြီးတော့ တိုင်းရင်းသား လူမျိုးနွယ်စုပေါင်းများစွာ နေထိုင်ကြပါတယ်။ ၎င်းအပြင်သွေးရောသွေးနှောကပြားလူမျိုးများလည်း ပူးတွဲနေထိုင်လျက်ရှိပါတယ်။ ထိုမျိုးနွယ်စုများသည် မိမိတို့၏ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာ၊ ဘာသာစာပေစကား စသည်များကွဲပြားခြားနားမှု ရှိပါသော်လည်း

ခွဲဝေခံစားသည့် စနစ်ဖြင့်လည်းကောင်း၊ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ရန်(၂၆. ၁၁. ၂၀၁၃) ရက်နေ့မှ စ၍ စာချုပ် ပြင်ဆင်ချုပ်ဆို ဆောင်ရွက်ခဲ့ပါသည်။ အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီ၊ ရွှေမင်းဖုန်း၊ ရွှေလုပ်ကွက်(D)မှ နိုင်ငံတော်သို့ (၁၀. ၃. ၂၀၁၄) ရက်နေ့အထိ ရွှေစင်(၃၆. ၇၂) ပိဿာ ပေးသွင်းထားပြီး ဖြစ်ပါတယ်။

အာရှကမ္ဘာမြေစက်မှုနဲ့ သတ္တုတူးဖော်ရေးကုမ္ပဏီမှ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိမှု၊ လူမှုရေး စသည်တို့အတွက် အောက်ပါအတိုင်းဆောင်ရွက်ပေးပါကြောင်း တင်ပြအပ်ပါတယ်-

(က) ပညာရေးထောက်ပံ့မှု

- တောင်ပဲ့ကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ ရွာသစ်ရွာနှင့် ရွာမရွာရှိ မူလတန်းစာသင်ကျောင်းများရှိ မူလတန်းပြဆရာမ(၇)ဦးအတွက် (၁)လ(၁)ဦးလျှင် (၅၀၀၀၀)ကျပ်နှုန်းနှင့် အလယ်တန်းပြဆရာမတစ်ဦး အတွက်(၁)လ(၇၀၀၀၀)ကျပ်နှုန်း၊ ကျပ် ၄၂၀၀၀၀/-
- ကုမ္ပဏီလုပ်ကွက်အတွင်း တွဲဖက်မူလတန်းကျောင်းရှိ ကျောင်းအုပ်ဆရာမ(၁)ဦးအတွက် (၁)လ(၆၀၀၀၀)နှင့် မူလတန်းပြဆရာမ(၄)ဦး အတွက်(၁)ဦးလျှင်(၁)လ(၅၀၀၀၀) ကျပ် ၂၆၀၀၀၀/-
- (၂၇. ၇. ၂၀၁၃)ရက်နေ့တွင်ကျင်းပသော တောင်ကြီးမြို့ ပညာရည်ချွန်ဆုပေးပွဲအတွက် လျှုဒါန်းငွေ ၁၀၀၀၀၀၀၀/-

D/real(wide) (1

တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြပြီးတော့ ဤပြည့်ထောင်စုနယ်မြေကြီးမှာ ဥမကွဲ သိုက်မပျက် လက်တွဲနေထိုင်လာခဲ့ကြတာ ရာသက်လုံး ဆုံးကမ္ဘာတိုင် မမုန်းနိုင်အောင် ဆောင်ရွက်သင့်သည်မှာ လူမျိုးအားလုံး၊ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးရေး ဖွဲ့စည်းထားနိုင်ပါလျှင် အဆင်ပြေကောင်းမွန်မည်ဟု ယူဆရပါသည်။ ၎င်းအဖွဲ့အစည်းသည် ပြည်နယ်အတွင်း မျှော်လင့်မထားသည့် ဘာသာရေး၊ လူမှုရေးကိစ္စရပ်များ အကြောင်းအမျိုးကြောင့်ပေါ် ပေါက်လာပါက ပြည်နယ်အစိုးရနှင့်အတူ လက်တွဲအထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ပါ၍ ၎င်းအဖွဲ့ကြီးကို သင့်တော်မည့်ပုဂ္ဂိုလ်ကြီးများဖြင့် ဖွဲ့စည်းထားရှိရန် အစီအစဉ်ရှိ/မရှိ သိလိုပါသည်။ ဖွဲ့စည်းရန်ရှိပါက မည်သည့်ပုဂ္ဂိုလ်များဖြင့် မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ မရှိပါက မည်သည့်အကြောင်းကြောင့် ဆိုသည်ကို သိလိုပါသည်။ အားလုံးကိုကျေးဇူးတင်ပါသည်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောလုံရဲ့ ရှမ်းပြည်နယ်သည် နယ်မြေဒေသကျယ်ဝန်းပြီး၊ တိုင်းရင်းသားလူမျိုးနွယ်စု ပေါင်းများစွာ နေထိုင်လျက်ရှိသည့်

(ခ) ကျန်းမာရေးထောက်ပံ့မှု
- (၁)လအတွင်းဆေးပစ္စည်းဝယ်ယူခြင်း ၁၅၀၀၀၀/-
- ဆေးမျူးအတွက်(၁)လ(၄၀၀၀၀၀)နှုန်းနှင့် ဒုဆေးမျူးအတွက်(၁)လ (၁၀၀၀၀၀)နှုန်း၊ ၅၀၀၀၀၀/- (၁)လအတွက် စုစုပေါင်း ၆၅၀၀၀၀/-

(ဂ) အလုပ်အကိုင်ရရှိရေးဆောင်ရွက်မှု
- ဒေသခံဝန်ထမ်း ၂၀၀ဦးအတွက်လစာ (၁)လ (၂၀၀ဦး×၈၀၀၀၀/-) ၁၆၀၀၀၀၀၀/-
- ဒေသခံဝန်ထမ်း ၂၀၀ဦးအတွက် စားစရိတ် ပေးငွေ (၁)လ (၂၀၀ဦး×၄၀၀၀/-) ၈၀၀၀၀၀/-
- ဒေသခံနေ့စား/ပုတ်ပြတ်ဝန်ထမ်း ၂၀၀ ဦး အတွက်လစာ(၁)လစာ(၂၀၀ဦး× (၁)ရက် ၅၀၀/-နှုန်း×၃၀ရက်) ၃၀၀၀၀၀၀/- (၁)လ အတွက်စုစုပေါင်း ၅၄၀၀၀၀၀/-

(ဃ) ဘာသာရေးဆောင်ရွက်မှု
- တောင်ပဲ့ကျေးရွာရှိ ဘုရား(၅)ဆူ ဘုရားအားကြွေပြားကပ်လှူဒါန်းငွေ ၄၀၀၀၀၀/-
- တောင်ပဲ့ကျေးရွာရှိ ဘုရား(၅)ဆူ ဘုရားအနီး(၂)ထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းငွေ ၁၁၀၀၀၀၀/- စုစုပေါင်း ၁၅၀၀၀၀၀/-

D/real(wide) (1

အတွက် လူမျိုးအားလုံး ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးရေး အဖွဲ့ကြီး၊ ဖွဲ့စည်းထားနိုင်လျှင် အဆင်ပြေကောင်းမွန်မည်ဟု ယူဆမိကြောင်း၊ ၄င်းအဖွဲ့ကြီးကို သင့်တော်မည့် ပုဂ္ဂလိကြီးများဖြင့် ဖွဲ့စည်းထားရှိရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့် ပုဂ္ဂိုလ်များဖြင့်၊ မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ မရှိပါက မည်သည့် အကြောင်းများကြောင့် မဖွဲ့စည်းနိုင်ခြင်းကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုကို အစိုးရမဟုတ်သော အသင်းအဖွဲ့အနေဖြင့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာဝင်များထဲမှ အများကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင် အဖွဲ့ခွဲများကို ဖွဲ့စည်းပေးနိုင်ရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုမှ ရှမ်းပြည်နယ်အတွင်း ပြည်နယ်အဆင့် အဖွဲ့ခွဲဖွဲ့စည်းရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြပြီးဖြစ်ရာ များမကြာမီ ရှမ်းပြည်နယ်အတွင်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ခွဲကို ပီပီပြင်ပြင် ဖွဲ့စည်းနိုင်မည် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ပြည်နယ်အဆင့် ခရိုင်နှင့် မြို့နယ်အဆင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ခွဲများကို ပီပီပြင်ပြင် ဖွဲ့စည်းနိုင်ရေးအတွက် ခွင့်ပြုချက်ရရှိပါက ဘာသာကြီး(၄)ရပ်အတွင်းရှိ အများကြည်ညို လေးစားကြသည့် ပုဂ္ဂိုလ်ကိုယ်စားလှယ်များကို စနစ်တကျ ရွေးချယ်နိုင်ရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဗဟိုနှင့် ကွင်းဆင်းညှိနှိုင်းပေါင်းစပ်၍ ရွေးချယ်တာဝန်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ချက်တွင် ရှမ်းဘာသာဖြင့် အနီးစပ်ဆုံးဖြစ်အောင် ပြင်ဆင်ရန်ရှိ/မရှိနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ (၅၄)အရ၊ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် (သို့မဟုတ်) ခရိုင်နယ်နမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် (သို့မဟုတ်) အမည်ပြောင်းလဲရန်ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမည် ဖြစ်ပါသည်ဟု ပါရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့၏အမည်များကို အဓိပ္ပာယ်ကွဲလွဲမှု နည်းပါးအောင် မြန်မာဘာသာဖြင့် ရေးသား သတ်မှတ်ချက်တွင် ရှမ်းဘာသာဖြင့် အနီးစပ်ဆုံးဖြစ်အောင် ပြင်ဆင်လိုသည့် မြို့များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့မှ ဒေသခံများ၏ သဘောထား ဆန္ဒရယူပြီး၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့်၏သဘောထား လုပ်ထုံးလုပ်နည်းနှင့် အညီ အမှုတွဲဖွင့်လှစ်၍ မြို့နယ်၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဆင့်ဆင့်မှ ထောက်ခံတင်ပြလာပါက ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက စိစစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးရန်တင်ပြထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ အမည်စာရင်းပေးသွင်းထားတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မရှိပါ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၇)။ ဤဥပဒေကြမ်း လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့ သက်ဆိုင်ရာ ဝန်ကြီးမှ ရှင်းလင်း ဆွေးနွေးတင်သွင်း ပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးအောင်ကျော်ညွှန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး၊ တတိယနေ့ကို တက်ရောက်လာပါသော လွှတ်တော်ဒုဥက္ကဋ္ဌကြီးနှင့်

D/real(wide) (1

ဒုတိယဥက္ကဋ္ဌ။ ဦးစိုင်းစောလုံက ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းရှိ မြို့၏အမည်များကို အဓိပ္ပာယ်ကွဲလွဲမှုနည်းပါးအောင် မြန်မာ ဘာသာလို ရေးသား သတ်မှတ်ချက်တွင် ရှမ်းဘာသာဖြင့် အနီးစပ်ဆုံးဖြစ်အောင် ပြင်ဆင်ရန် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ပိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းစောလုံရဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့၏အမည်များကို အဓိပ္ပာယ်ကွဲလွဲမှုနည်းပါးအောင် မြန်မာဘာသာလို ရေးသားသတ်မှတ်ချက်တွင် ရှမ်းဘာသာဖြင့် အနီးစပ်ဆုံးဖြစ်အောင် ပြင်ဆင်ရန် ရှိ/မရှိ သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် ပတ်သတ်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့၏အမည်များကို အဓိပ္ပာယ်ကွဲလွဲမှုနည်းပါးအောင် မြန်မာဘာသာဖြင့် ရေးသား သတ်မှတ်

၂၃၈

ရှမ်းပြည်နယ်
ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး တတိယနေ့မွတ်တမ်း
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၁)ရက်
၂၀၁၄ ခုနှစ်၊ မတ်လ(၂၆)ရက်
(ဗုဒ္ဓဟူးနေ့)
(နေ့လည်ပိုင်း)

အခမ်းအနားမျူး။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့ (နေ့လည်ပိုင်း) အစီအစဉ်အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်
ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ(မူကြမ်း)အား
လွှတ်တော်သို့ တင်သွင်းခြင်း။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ တင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

၂၃၇

တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဦးအောင်ကျော်ညွှန့် ဖြစ်ပါတယ်။ (၂၄-၃-၂၀၁၄) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ နဝမပုံမှန်အစည်းအဝေး ပထမနေ့ တနင်္လာနေ့ နေ့လည်ပိုင်း အစီအစဉ်(၁၂)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၁၅ ခုနှစ် ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား၊ ပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ယနေ့ (၂၆-၃-၂၀၁၄) ပထမအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်၊ နဝမပုံမှန်အစည်းအဝေး၊ တတိယနေ့၊ ဗုဒ္ဓဟူးနေ့တွင် အဆိုပြုတင်ပြခဲ့သော ၂၀၁၄-၁၅ ခုနှစ် ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ဥပဒေအဖြစ် ပြဋ္ဌာန်းအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဤဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်)

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ် အစိုးရ၏ ပထမအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်၊ နဝမပုံမှန် အစည်းအဝေးပထမနေ့မှာ တင်သွင်းခဲ့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

D/real(wide) (1

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဇယားနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်း၊ အပိုဒ်(၇) လူမှုရေးကဏ္ဍအား၊ အပိုဒ်ခွဲ(က) ကုန်တင်ကုန်ချလုပ်ငန်းနဲ့ ပတ်သတ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းမည့် ရှမ်းပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ ကျွန်တော် ဒေါက်တာမျိုးထွန်းမှ တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ(မူကြမ်း) စာအုပ်အား လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်သဖြင့် အကျဉ်းချုံးပြီးသာ တင်ပြသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် ကုန်တင်ကုန်ချ ဥပဒေ(မူကြမ်း)မှ အခန်း(၁၁)ခန်း၊ ပုဒ်မ(၃၉)ခု ပါရှိမှာဖြစ်ပါတယ်။

အခန်း(၁) အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပါတယ်။ ပုဒ်မ(၁) ဤဥပဒေကို ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်း ဥပဒေဟု ခေါ်တွက်စေရမည်။ ပုဒ်မ(၂) ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) ပြည်နယ်ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုလိုသည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့ဆိုသည်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) ဝန်ကြီးချုပ်ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

D/real(wide) (1

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁ နာရီ၊ မိနစ် ၃၀ရပ်နားပါမယ်။

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်း အစီအစဉ်ကို (၁၃း၃၀)အချိန်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

(ဃ) ဝန်ကြီးဌာနဆိုသည်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့က အလုပ်သမားရေးရာကဏ္ဍကို တာဝန်ခံရသည့် ဝန်ကြီးဌာနကို ဆိုသည်။

(င) ဝန်ကြီးဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်။

(စ) ကုန်တင်ကုန်ချ လုပ်ငန်းဆိုသည်မှာ ရှမ်းပြည်နယ်အတွင်းရှိ အများပြည်သူနဲ့ ဆိုင်သောလေဆိပ်၊ သဘော်ဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့် စျေးကြီးစသည့် နေရာများတွင် ဥပဒေနှင့် အညီဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချ အလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း၊ အစီ၊ အထပ် ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဆ) ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ပြည်နယ်အစိုးရအဖွဲ့က ဥပဒေနဲ့ အညီဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(ဇ) မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် ကုန်တင်ကုန်ချ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီမှ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

အခန်း(၂)မှာတော့ ပုဒ်မ(၂)ခုပါရှိမှာ ဖြစ်ပါတယ်။ အခန်း(၂) ကုန်တင်ကုန်ချကော်မတီများ၊ ရုံးများ၊ ရုံးခွဲများဖွဲ့စည်းခြင်း တင်ပြထားပါတယ်။ ပုဒ်မ(၃)မှာတော့ ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီကို ဖွဲ့စည်းထားမှာ ဖြစ်ပါတယ်။ ပုဒ်မ(၄)ကတော့ မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားမှာ ဖြစ်ပါတယ်။ အခန်း(၂)မှာ ပုဒ်မ(၃၊ ၄၊ ၅၊ ၆၊ ၇) စုစုပေါင်းပုဒ်မ(၅)ခု ပါရှိမှာ ဖြစ်ပါတယ်။

အခန်း(၃) ကုန်တင်ကုန်ချကော်မတီများရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များ ပါရှိပါတယ်။ ပုဒ်မ(၈)မှာ ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီ၏ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၉)မှာ မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ဖော်ပြထားပါတယ်။

အခန်း(၄) ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနဲ့ ပြန်လည်ရုပ်သိမ်းခြင်း အခန်းဖြစ်ပါတယ်။ ပုဒ်မ(၁၀)၊ ပုဒ်မ(၁၁)၊ ပုဒ်မ(၁၂)၊ ပုဒ်မ(၁၃)၊ ပုဒ်မ(၁၄) စုစုပေါင်း ပုဒ်မ(၅)ခု ပါရှိမှာဖြစ်ပါတယ်။

အခန်း(၅) ကုန်တင်ကုန်ချ ကော်မတီရုံးများကို ဖျက်သိမ်းခြင်း အခန်းဖြစ်ပါတယ်။ ပုဒ်မ(၁၅)၊ ပုဒ်မ(၁၆)၊ ပုဒ်မ(၁၇)၊ ပုဒ်မ(၁၈)၊ ပုဒ်မ(၁၉) စုစုပေါင်းပုဒ်မ(၅)ခု ပါရှိပါသည်။

အခန်း(၆) သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း အခန်းဖြစ်ပါတယ်။ ပုဒ်မ(၂၀) တစ်ခုပါရှိပါတယ်။

အခန်း(၇) လုပ်သားအင်အားဖွဲ့စည်းခြင်းနဲ့ ကြီးကြပ်ကွပ်ကဲခြင်းအခန်း ဖြစ်ပါတယ်။ ပုဒ်မ(၂၁)၊ ပုဒ်မ(၂၂)၊ ပုဒ်မ(၂)ခု ပါရှိမှာ ဖြစ်ပါတယ်။

D/real(wide) (1

အခန်း(၈) လုပ်ငန်းခွင်ဘေးအန္တရယ် ကင်းရှင်းရေးအခန်း ပုဒ်မ(၂၃) လုပ်သားများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်သမား တစ်ဦး၏ အင်အားကို မထိခိုက်စေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၁၂၁)ပေါင်ထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၃၃.၆)ပိဿာထက် မကျော်လွန်စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်း ဖြစ်ပါက (၅၅)ကီလို ထက်မကျော်လွန်စေရ။ ဆိုပြီးပါရှိပါတယ်။ ပုဒ်မ(၂၄)၊ ပုဒ်မ(၂၅)၊ စုစုပေါင်းပုဒ်မ (၃)ခုပါရှိပါတယ်။

အခန်း(၉) လုပ်ငန်းခွင်စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်း အခန်းဖြစ်ပါတယ်။ ပုဒ်မ(၂၆)၊ ပုဒ်မ(၂၇)၊ ပုဒ်မ(၂၈)၊ ပုဒ်မ(၂၉)၊ စုစုပေါင်းပုဒ်မ(၄)ခု ပါရှိမှာဖြစ်ပါတယ်။

အခန်း(၁၀) ပြစ်မှုနဲ့ ပြစ်ဒဏ်များ၊

ပုဒ်မ(၃၀) ပြည်နယ်ကုန်တင်ကုန်ချကော်မတီက သတ်မှတ် ပေးထားသော လုပ်ငန်းနယ်မြေ တစ်ခုတွင် ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်သူအား အနည်းဆုံးထောင်ဒဏ် တစ်လမှ အများဆုံးခြောက်လ အထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့် အပြင် ကျပ်ငွေ (၃)သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

(စျ) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီ ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေ တစ်ခုအတွင်းရှိ မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချ လုပ်ငန်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲအုပ်ချုပ်ရန် အလို့ငှာ မြို့နယ်ကုန်တင်ကုန်ချ ကော်မတီက ဤဥပဒေနှင့် အညီ ဖွဲ့စည်းထားသော ကော်မတီကိုဆိုသည်။

(ည) ကော်မတီဆိုသည်မှာ-

(၁) ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး၊

(၂) မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံး၊

(၃) ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ကော်မတီ ရုံးခွဲများကို ဆိုသည်။

(ဋ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ရန် လုပ်သား မှတ်ပုံတင်ရရှိပြီးသော မှတ်ပုံတင် အလုပ်သမားကို ဆိုသည်။

(ဌ) သက်သာချောင်ချိရေးရန်ပုံငွေဆိုသည်မှာ မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ သက်သာ ချောင်ချိရေးအတွက် ၄င်းတို့၏ နေ့စဉ်လုပ်ခ ဝင်ငွေများထဲမှ နည်းဥပဒေနှင့်အညီ စုဆောင်း ထားသည့် ရန်ပုံငွေကို ဆိုသည်။

(ဍ) ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေ အရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

D/real(wide) (1

ပုဒ်မ(၃၉) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဆို၍ စုစုပေါင်း အခန်း(၁၁)ခန်း၊ ပုဒ်မ(၃၉)ခု ပါရှိကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၃၆)၊ ပုဒ်မခွဲ(က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါသည်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်ပြီးကျင်းပမည့် အနီးကပ်ဆုံး ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ပါမည်။ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့် အချက်များကို လွှတ်တော်ရုံးသို့ (၃၀.၄.၂၀၁၄) ရက်နေ့ အရောက်ပေးပို့ကြပါရန် အသိပေးပြောကြားပါသည်။

ပုဒ်မ(၃၁) မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်း ခံရမည့် အပြင် ကျပ်ငွေ (၅)သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားခငွေများအား ဘဏ္ဍာရေးစည်းမျဉ်းနှင့် အညီ ခွဲဝေပေးရန် ပျက်ကွက်ခြင်း၊

(ခ) မှတ်ပုံတင်ဝင် ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေး ရန်ပုံငွေနှင့် စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို သက်သာချောင်ချိရေး ရန်ပုံငွေ ထုတ်ပေးရန် ပျက်ကွက်ခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်း၊

ပုဒ်မ(၃၂) မည်သူမဆို ပြည်နယ်ကုန်တင်ကုန်ချကော်မတီဝင် တစ်ဦးဦးကဖြစ်စေ၊ ၎င်း၏တာဝန်ပေးအပ်ခံရသူကဖြစ်စေ၊ ကုန်တင်ကုန်ချလုပ်ငန်းနှင့် စပ်လျဉ်း၍ တာဝန်အရ စစ်ဆေးဆောင်ရွက်မှုကို တားဆီးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အနှိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း ပြုလျှင် အနည်းဆုံးထောင်ဒဏ် တစ်လမှ အများဆုံးထောင်ဒဏ် ခြောက်လအထိ ချမှတ်ခြင်း ခံရမည်ဆိုပြီးပုဒ်မ(၃)ခု ပါရှိမှာဖြစ်ပါတယ်။

အခန်း(၁၁) အထွေထွေအခန်း ဖြစ်ပါတယ်။

ပုဒ်မ(၃၃) ဤဥပဒေပုဒ်မ(၃၁)နှင့် ပုဒ်မ(၃၂)အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

D/real(wide) (1

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ
သစ်တောကဏ္ဍလုပ်ငန်းဆောင်ရွက်မှုအား
လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။ အားလုံးမင်္ဂလာပါ၊ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ သစ်တောသတ္တုဝန်ကြီး၊ ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရကိုယ်စား သစ်တောသတ္တုလုပ်ငန်းကို လွှတ်တော်ကို တင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ့သစ်တောမူဝါဒနှင့်အညီ နှစ်ရှည်နှစ်တို စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး၊ သစ်တောပြုစုထိန်းသိမ်းမှု လုပ်ငန်းများနဲ့ သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုကို ဟန်ချက်ညီအောင် ထိန်းညှိဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများအတွက် သစ်တောများ ရေရှည်တည်တံ့ရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရေး၊ သစ်တောစိုက်ခင်းများ အောင်မြင်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပုဒ်မ(၃၄) ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

ပုဒ်မ(၃၅) ယခင် မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီနှုံးများသည် ဤဥပဒေအရ ဖွဲ့စည်းသည့် ကော်မတီများထံ လုပ်ငန်းနှင့် လုပ်ပိုင်ခွင့် အရပ်ရပ်ကို ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ် စေရမည်။

ပုဒ်မ(၃၆) ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ရမည်။

ပုဒ်မ(၃၇) ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့် ပုဂ္ဂိုလ်(သို့မဟုတ်) အဖွဲ့အစည်းကို မဆို ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူသာလျှင် တရားစွဲဆိုခွင့် ရှိသည်။

ပုဒ်မ(၃၈) ၁၉၅၉ ခုနှစ် အလုပ်သမားများအလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959)နှင့် ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ခုနှစ်တွင် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ၂၀၀၇ ခုနှစ်တွင် ထုတ်ပြန်သည့် အလုပ်သမားဝန်ကြီးဌာန ငွေစာရင်းဆိုင်ရာ လက်စွဲစာစောင်တို့သည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

D/real(wide) (1

ရှမ်းပြည်နယ်မှာ သစ်တောဖုံးလွှမ်းမှုက(၅၁.၈ရာခိုင်နှုန်း) ဖြစ်ပါတယ်။ သစ်တောနယ်မြေ ကြီးဝိုင်း၊ ကြီးပြင်ကာကွယ်တော အနေနဲ့ကျတော့ ရှမ်းပြည်နယ်ဧရိယာရဲ့ (၂၂.၁၇)ရာခိုင်နှုန်း ဖုံးလွှမ်းကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်မှာ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းမှာ သစ်တောစိုက်ခင်း ဧရိယာ၊ စီးပွားဖြစ်စိုက်ခင်း ဧကပေါင်း၊ ရှမ်းပြည်နယ်ချုပ်အနေနဲ့ ဧကပေါင်း(၁၃၀၀) ဖြစ်ပါတယ်။ တောင်ကြီးဒေသမှာ ဧကပေါင်း(၇၀၀)၊ ကျိုင်းတုံမှာ (၁၅၀)ဧက၊ လားရှိုးဒေသမှာ(၄၅၀)ဒေသ၊ စုစုပေါင်း ဧကပေါင်း (၁၃၀)စိုက်ပျိုးထားပါတယ်။ တောင်ကြီးတွင် အရေးပါဆုံးဖြစ်သော ရေထိန်းသိမ်းခန်း သစ်တောဧရိယာသည် တောင်ကြီးတစ်မြို့လုံးကို ရေပေးနေတဲ့ရေကန်ဖြစ်သောကြောင့် ရေဝင်ရေလွှဲစိုက်ခင်း (၂၅)ဧက ဆောင်ရွက်ထားပါတယ်။ တောင်လေးလုံး တွင် ထင်းရှူးစိုက်ခင်းဧက(၁၀၀) စိုက်ပျိုးထားပါတယ်။ အောင်ပန်းရေဝေ ရေလွှဲစိုက်ခင်းဟာလည်း ကလောမြို့နယ်နဲ့ အောင်ပန်းမြို့နယ် အတွက် အရေးကြီးသော စိုက်ခင်းဖြစ်ပါတယ်။ သစ်တောများ စိမ်းလန်းစေရန် ရေသောက်မြစ်ဧရိယာများကိုလည်း ရေရရှိရေး လုပ်ဆောင်လျက်ရှိပါတယ်။ ထိုနေရာတွင် စုစုပေါင်းဧက (၁၀၅) ဧက အောင်မြင်ဖြစ်ထွန်းနေပါတယ်။

ရှမ်း(အရှေ့)ဘက်မှာလည်း စီးပွားရေးထင်းရှူးစိုက်ခင်း များကို ကျိုင်းတုံနှင့် မိုင်းဖြတ်တွင် ဧက(၅၀)စီ စိုက်ပျိုးထားပါတယ်။ လားရှိုးမြို့သည် မြို့ကြီးဖြစ်သောကြောင့်၊ လားရှိုးမြို့ရှိ လွယ်မျူး ကြိုးဝိုင်းဟာလည်း ရေသောက်မြစ်ဧရိယာများ၊ ရေကန်ကြီးများ များစွာရှိပါတယ်။ ထိုရေကန်များ အမြဲရေရှိရန်၊ သစ်တော၊ သစ်ပင်များ စိမ်းလန်းစိုပြေစေရန် အရေးကြီးပါတယ်။ ထို့ကြောင့် လွယ်မျူးကြိုးဝိုင်းကို လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ တန့်ယန်း မြို့နယ်၊ ခိုယောင်း တောမှာ စီးပွားရေးထင်းရှူးစိုက်ခင်းများ

ထားကြောင်း တင်ပြအပ်ပါတယ်။ လာမယ့် ၂၀၁၄-၁၅ မိုးရာသီတွင် အပင်ပေါင်း(၁၁)သိန်း ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ပြီးခဲ့သော မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲတော်များ ရှမ်းပြည်နယ်အနှံ့ ကျင်းပခဲ့ပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်အားပေး စိုက်ပျိုးခဲ့ပါတယ်။ ပင်းတယမြို့နယ်၊ ပွေးလှတွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော် သွားရောက်ပြုလုပ်ခဲ့ ပါတယ်။ ကလောမြို့နယ်၊ အောင်ပန်းမြို့နယ်များတွင်လည်း သစ်ပင်များ ထပ်မံစိုက်ပျိုးခဲ့ပါတယ်။ သစ်ပင်စိုက်ပျိုးရာသီဖြစ်သော မိုးရာသီတွင် ရှမ်းပြည်နယ်(အရှေ့၊ မြောက်၊ တောင်) အကုန်လုံး ပြည်နယ်အနှံ့ သစ်ပင်များစိုက်ပျိုးခဲ့ပါတယ်။ လားရှိုးမြို့နယ်၊ ပြည်ထောင်စုကန်သာယာ၊ လွယ်မူးကြိုးဝိုင်းနားမှ အပင်များကို မြောက်ပိုင်းတိုင်းမျူးနှင့်အတူ သွားရောက်သစ်ပင်စိုက်ပျိုးခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ နှစ်ရှည်သီးပင် စားပင်များနဲ့ မယ်ဇလီပင်စိုက်ပျိုးဖို့အတွက် ပြီးခဲ့သောနှစ်တွင် အပင်ပေါင်း (၅)သိန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှစ်ရှည်သီးပင်စားပင် ထောပတ်၊ ဒညင်း၊ သရက် အပင်များ (၁၂၅၀၀၀)ပင်နှင့်မယ်ဇလီပင် (၃၇၅၀၀၀) စုစုပေါင်းအပင်ပေါင်း(၅)သိန်း၊ စိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများလည်း ထူထောင်နေပါတယ်။ ရှမ်းပြည်နယ်ပေါင်းချုပ်အနေနဲ့ ကျေးရွာ ပေါင်း (၂၄၅)ရွာ၊ ဧကပေါင်း(၆၃၆၁၁)ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ရွာငံမြို့နယ်တွင် သစ်တောစိုက်ခင်း(၇၅)ဧက စိုက်ပျိုးထားရှိပါတယ်။ ပုဂ္ဂလိကသစ်တော စိုက်ခင်းများကို လားရှိုးဒေသတွင်ဧက(၁၀၀)၊ ကျိုင်းတုံဘက်တွင်ဧက(၅၀) ဖြစ်ပါတယ်။

D/real(wide) (1

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အင်းလေးကန်စိမ်းလန်းစိုပြေရေး ဟာလည်း ရှမ်းပြည်နယ်အတွက် အင်မတန်မှ အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံရဲ့ အမွေအနှစ်ဖြစ်သလို အာဆီယံဒေသရဲ့ အမွေအနှစ်လည်းဖြစ်ပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ရေး အတွက် သဘာဝပတ်ဝန်းကျန် ထိန်းသိမ်းရေး လုပ်ငန်းများကို လုပ်ငန်းဇယားများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ရေဝင်ရေလွှဲတွင် ရေရှည်တည်တံ့ရေးအတွက် သစ်ပင်များကိုလည်း စိုက်ပျိုးထားရှိပါတယ်။ နှူန်းထိန်းတမံကိုလည်း ဆောက်လုပ်နေကြောင်း တင်ပြအပ်ပါတယ်။ အင်းလေးကန်ဒေသ Trust Fund ကိစ္စနဲ့ပတ်သတ်ပြီးတော့ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မတည်ငွေသိန်း(၁၅၀)၊ အင်းလေးကန်ဇုန်ဝင်ခွင့် လေလံတင်ရရှိတဲ့ငွေရဲ့ ၅၀ ရာခိုင်နှုန်း၊ သိန်းပေါင်း(၁၅၀)၊ အင်းလေးဒေသမှာရှိတဲ့ ဟိုတယ်(၁၄)လုံးမှ ထည့်ဝင်လှူဒါန်းငွေ (၉၄၆)သိန်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်တိုးရငွေ (၃၂)သိန်းနဲ့ စုစုပေါင်း သိန်းပေါင်း (၄၂၇၈)သိန်းနဲ့ လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ နှူန်းထိန်းတမံများ ဆောက်လုပ်ပါတယ်။ သစ်တောလည်း နှူန်းထိန်းတမံများ လုပ်ပါတယ်။ ညောင်ရွှေမြို့တွင် ရှိသော လူမှုကိစ္စအဝဝတွင်၊ လေဆိပ်၊ တံတား၊ နိုင်ငံခြားသားများ လာရောက်တဲ့ သန့်စင်ခန်းတွေ အဆင့်မြင့် သန့်စင်ခန်းများ၊ ဆိပ်ခံတံတားများ၊ ဗေဒါများ ဖယ်ရန်လုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ လုပ်ငန်းလုပ်ကိုင်သောငွေပေါင်း သိန်းပေါင်း ဘဏ်လက်ကျန်ငွေပေါင်းက သိန်းပေါင်း(၂၃၈၅၉၇၀၃)ကျပ် ကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။

စိုက်ပျိုးထားပါတယ်။ ကျောက်မဲမြို့နယ်၊ တောင်ခြေကြိုးဝိုင်းမှာ စီးပွားရေးကျွန်းစိုက်ခင်းများ တည်ထောင်ထားပါတယ်။ မြောက်ပိုင်းခရိုင်၊ အထူးသဖြင့် ကျောက်မဲခရိုင် သီပေါ၊ ကျောက်မဲ၊ နောင်ချိုဒေသများသည် ကျွန်းစိုက်ပျိုးရန်သင့်လျော်သော ဒေသများဖြစ်ပြီး ကျွန်းပင်များလည်း ဖြစ်ထွန်းအောင်မြင် နေပါတယ်။ ၂၀၁၄-၁၅ ခုနှစ် တည်ထောင်မည့် စိုက်ခင်းများအတွက် ပျိုးပင်များကိုလည်း ပျိုးထောင်ထားရှိပါတယ်။ ၂၀၁၄-၁၅ ခုနှစ်မှာ ဧကပေါင်း(၈၀၀)စိုက်ပျိုးရန် ရှိပါတယ်။ တောင်ကြီးဒေသတွင် ဧက(၄၅၀)၊ ကျိုင်းတုံတွင် ဧက(၁၀၀)၊ လားရှိုးဒေသတွင် (၂၅၀)၊ စုစုပေါင်း ရှမ်းပြည်နယ်အနေနဲ့ ဧက(၈၀၀) စိုက်ပျိုးတည်ထောင်သွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သစ်ပင်သစ်တောဖြစ်ထွန်းရန်အတွက် တစ်အိမ်ထောင်ကို ကျွန်း(၃)ပင်၊ တစ်အိမ်ထောင်ကို သစ်မာ(၂၀)၊ သစ်မာစိုက်ခင်း(၁) ဧကစီ ထူထောင် ထားကြောင်း တင်ပြအပ်ပါတယ်။ ပြီးခဲ့သော ၂၀၁၃-၂၀၁၄ မှာ လူထုဖြန့် ပျိုးပင်အနေနဲ့ ရှမ်းပြည်နယ် ဦးစီးဌာနအနေနဲ့ အပင်ပေါင်း(၁၆)သိန်း၊ ၁သန်းနဲ့ ၆သိန်း ဖြန့်ဖြူးစိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ တောင်ကြီးဒေသတွင် (၈)သိန်း၊ ကျိုင်းတုံတွင် အပင်ပေါင်း(၄)သိန်း၊ လားရှိုးတွင် အပင်ပေါင်း(၄)သိန်း၊ ရှမ်းပြည်နယ်ပေါင်းချုပ်အနေနဲ့ (၁၆)သိန်းဖြန့်ဖြူးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃ ခုနှစ် မိုးရာသီတွင် လမ်းဘေးဝဲယာ ကျွန်းစိုက်ခင်းများကိုလည်း စိုက်ပျိုးခဲ့ပါတယ်။ ရှမ်း(အရှေ့)ဒေသ၊ တာချီလိတ်ဒေသ၊ မိုင်းဆတ်ဒေသ၊ မိုင်းဖြတ်ဒေသများတွင်လည်း ကျွန်းပင်များ စိုက်ပျိုးထားရှိပါတယ်။ ရွာငံ၊ ကျေးသီး၊ ရပ်စောက်ဒေသများတွင်လည်းစိုက်ပျိုးထားရှိပါတယ်။ ၂၀၁၃-၂၀၁၄ မှာ ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ရွာလျှင်(၁)ဧက စိုက်ပျိုးထားရှိပါတယ်။ နယ်စပ်ဒေသဖြစ်တဲ့ မူဆယ်၊ နမ့်ခန်းမှာလည်း စိုက်ပျိုး

D/real(wide) (1

အမည်ပေါက်သလို၊ အမည်မပေါက်သေးသော ရွာများလည်း ရှိပါတယ်။ စုစုပေါင်း ပယ်ဖျက်ပြီးတာကတော့ (၄၆၈)ရွာ၊ (၃၀၂၆၀ ဒဿမ ၂၈)ဧကဖြစ်ပါတယ်။ ရှမ်းပြည်နယ် ပေါင်းချုပ်အနေနဲ့ မူလရှိတဲ့ရွာနဲ့ ထပ်တိုးသောရွာများဖြစ်တဲ့အတွက်(၄၈၄)ရွာ၊ ဧကအားဖြင့်(၃၀၅၁၆ ဒဿမ ၈၈)ဧက ဖြစ်ပါတယ်။ အိမ်ခြေ (၅၀)အောက် ရွာများလည်း ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တောထဲမှာ ကျူးကျော်နေထိုင်မှုများလည်း ရှိပါတယ်။ သစ်တောကြိုးပိုင်းမှ ပယ်ဖျက်ပေးရမယ့်ရွာပေါင်း (၅၄)ရွာ၊ ဧကပေါင်း (၉၇၈၇ ဒဿမ ၅၈)ဧက ဖြစ်ပါတယ်။

မြန်မာ့သစ်လုပ်ငန်းမှ သစ်များတင်ပို့မှုအကြောင်းကို တင်ပြအပ်ပါတယ်။ ရှမ်း(အရှေ့)တွင် '၀' အထူးဒေသ၊ တင်နှင်းရီကုမ္ပဏီ၊ ကျွန်းများ၊ သစ်မာများကို ထုတ်ယူဆောင်ရွက်လျက်ရှိပါတယ်။ တောင်ကြီးဒေသနဲ့ လွိုင်လင်ဒေသမှာ ၂၀၁၃-၂၀၁၄ မှာကျွန်း (၄၀၃၁၁)တန်နဲ့ သစ်မာ(၂၈၉၄၇)တန် ထုတ်လုပ်ခဲ့ပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင် သစ်တောတွင် သစ်ပင်ခုတ်၍ ကွက်လပ်ဖြစ်သွားသောနေရာများတွင် Enrichment Planting ဆိုပြီးတော့ အစားထိုးစိုက်ပျိုးရပါတယ်။ သစ်လုပ်ငန်းမှ နိုင်ငံခြားကို သစ်များတင်ပို့သောအခါမှာ နိုင်ငံခြားငွေ ရရှိပါတယ်။ ကုမ္ပဏီ(၃)ခုမှ သစ်များတင်ပို့သောအခါ ရရှိသောငွေမှာ ဒေါ်လာ (၂၇၉၂၉၁၇ ဒဿမ ၃၅)ရရှိခဲ့ပါတယ်။ တနည်းအားဖြင့် ဒေါ်လာ(၂၇)သန်းကျော် ရရှိခြင်းဖြစ်ပါတယ်။

လွှတ်တော်ဒုဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီးတော့ သတ္တုလုပ်ငန်း ကိစ္စကို တင်ပြပါမယ်။ ရှမ်းပြည်နယ်(အရှေ့)ပိုင်းတွင် ကျောက်မီးသွေးအကြီးစားကုမ္ပဏီ (၁)ခု ရှိပါတယ်။ သတ္တုများ၊ မဂ္ဂနိအသေးစားကုမ္ပဏီ(၁၀)ခု ရှိပါတယ်။ ကျောက်မီးသွေးအသေးစားကုမ္ပဏီ(၁)ခုသာ ရှိပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်အတွက် အခွန်ရရှိဖို့အတွက် ဆောင်ရွက်ရသောအပိုင်းများကို တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် အနေနဲ့ ဝင်ငွေရရှိမှုအပိုင်းတွင် ပြည်နယ်အတွက် လျာထားသော အခွန်မှာ သိန်းပေါင်း(၂၄၁၈၈၆၀၀၀) ကျော်ဖြစ်ပြီးတော့ လွန်ခဲ့သော (၂)လကုန်ထိ၊ ရှမ်းပြည်နယ်အတွက် ရရှိသော အခွန်တော်ငွေပေါင်းမှာ သိန်းပေါင်း (၂၂၂၅၀၀၀) ကျော်ရရှိပြီး ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၉၁. ၉၆)ရာခိုင်နှုန်း ရရှိပြီး ဖြစ်ပါတယ်။ မတ်လတစ်လ ကျန်ရှိသေးသောကြောင့် ရာနှုန်းပြည့် ကောက်ခံသွားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စု ဘဏ္ဍာငွေမှာ ပိုမိုရရှိနေကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စုဘဏ္ဍာငွေ အနေနဲ့ ရာခိုင်နှုန်းအားဖြင့် (၁၂၄. ၃၆) ရာခိုင်နှုန်းရရှိပြီး ဖြစ်တဲ့အတွက်ကြောင့် ကျန်ရှိသောမတ်လ နှင့်ပေါင်းပါက ပိုမိုရရှိသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာနှစ်ခုလုံးကိုပေါင်းသောအခါ ရာခိုင်နှုန်းအားဖြင့် ဖေဖော်ဝါရီလကုန်ထိ (၁၁၅. ၃၆) ရာခိုင်နှုန်းရရှိပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ GDP တိုးတက်မှုရာခိုင်နှုန်းအားဖြင့် (၁၃၅. ၁၂)ရာခိုင်နှုန်း ရရှိပြီးကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဟာ တရားမဝင်သစ်ကြောင့်လည်း ဖြစ်ပေါ်နေပါတယ်။ ဌာနအနေနဲ့ တရားမဝင်သစ်များကို ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် ဖမ်းဆီးနေကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့အစိုးရ တက်လာပြီးနောက် ပထမတစ်နှစ် ၂၀၁၁-၁၂ မှာ သစ်တန်ပေါင်း(၄၇၉၀. ၃၄၁၇)တန် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ၂၀၁၂-၁၃ မှာ (၇၆၈၉. ၉၇၄၇)တန် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ယခုနှစ်တွင် ဖေဖော်ဝါရီလကုန်ထိ

D/real(wide) (1

အသေးစားကုမ္ပဏီနဲ့ ဧကပေါင်း(၇၈၉ ဒဿမ ၅)ဧက၊ ခဲမဖြူ၊ အဖြိုက်နက်ကကုမ္ပဏီ၊ အသေးစားကုမ္ပဏီ(၄)ခု ရှိပါတယ်။ ခွင့်ပြုသောဧကက(၁၄၆ ဒဿမ ၄၅)ဧက၊ ခနောက်စိမ်းက အသေးစားကုမ္ပဏီ(၁)ခု ၊ (၄၉ ဒဿမ ၅)ဧက ရှိပါတယ်။ ရွှေကတော့ ကုမ္ပဏီပေါင်း(၇)ခု ၊ ခွင့်ပြုသောဧကပေါင်း (၂၈၀)ဧက ဖြစ်ပါတယ်။ ရှမ်း(အရှေ့)၊ မိုင်းပြင်းတွင် ရွှေထွက်ပါတယ်။ မက်မန်းတွင် ခနောက်စိမ်း၊ ခဲ၊ သတ္တု၊ မိုင်းဆတ်တွင် ကျောက်မီးသွေး၊ ခဲမဖြူ၊ အဖြိုက်နက်၊ မိုင်းတုံတွင် ခဲမဖြူ၊ သတ္တု၊ ခနောက်စိမ်း၊ တာချီလိတ်တွင် ရွှေ၊ မဂ္ဂနိ၊ သံသတ္တု၊ အထူးသတ္တုများ ထွက်ပါတယ်။ မိုင်းယောင်းတွင် သံသတ္တု၊ ခဲ၊ မိုင်းယုတွင် ရွှေထွက်ပါတယ်။ ရှမ်း(တောင်)တွင် အကြီးစားကုမ္ပဏီပေါင်း(၁၁)ခု၊ အသေးစား ကုမ္ပဏီက(၄၄)ခု၊ စုစုပေါင်းခွင့်ပြုထားသော ဧကပေါင်းက (၄၀၄၀ ဒဿမ ၉၉)ဧက ဖြစ်ပါတယ်။ ရှမ်း(တောင်)တွင် ထွက်သောသတ္တုများမှာ ကျောက်မီးသွေး၊ ထုံးကျောက်၊ သွပ်၊ ဘရိုက်တီး၊ ဂေါ်ဒန်၊ ခဲ၊ သတ္တု၊ ရွှေ၊ ခဲနဲ့ရောရာ ခဲသွပ်၊ ဒိုလိုမိုက်၊ ခနောက်စိမ်း၊ ကြေးနဲ့ရောရာသတ္တုများ ထွက်ရှိပါတယ်။ ရပ်စောက်တွင် ခဲ၊ ရွာငံတွင် ကျောက်မီးသွေး၊ ခဲ၊ သွပ်ရောရာ၊ သံ၊ သတ္တု၊ ခဲနဲ့ရောရာ၊ ပင်းတယတွင် ခနောက်စိမ်း၊ ကြေးနီ၊ ခဲသတ္တု၊ တောင်ကြီးတွင် ခဲ၊ သွပ်၊ ခနောက်စိမ်း များထွက်ရှိပါတယ်။ ကလောတွင် ရွှေ၊ ခဲ၊ သတ္တု၊ သတ္တုရှိုင်း၊ အဖြိုက်နက်၊ ကျောက်မီးသွေး၊ ဒိုလိုမိုက်၊ ခဲကာဗွန်၊ ခဲနဲ့ရောရာ ထုံးကျောက်များစွာထွက်ရှိပါတယ်။ နောင်တရားတွင် ကျောက်မီးသွေး ထွက်ပါတယ်။ ပင်လောင်းတွင် ကျောက်မီးသွေး၊ ရွှေ၊ ထုံးကျောက် ထွက်ပါတယ်။ ဖယ်ခုံတွင် ခနောက်စိမ်းထွက်ပါတယ်။ လဲချားတွင် ကျောက်မီးသွေး ထွက်ပါတယ်။ ပင်လုံတွင် ခဲနဲ့ရောရာ ခဲသတ္တုရိုင်း၊ ကျောက်မီးသွေး ထွက်ပါတယ်။ မိုင်းပွန်တွင် သွပ် ထွက်ပါတယ်။

D/real(wide) (1

သစ်တန်ပေါင်း (၁၀၀၈၂၉. ၄၀၅၂)တန် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အကယ်၍ မတ်လကုန်ထိဆိုလျှင် ခန့်မှန်းခြေသစ်တန်ပေါင်း (၁၂၀၀၀)ကျော် ဖမ်းဆီးနိုင်မည် ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ မိုးမိတ်နှင့် မဘိမ်း ဒေသသည် ဖမ်းဆီးရရှိမှု အများဆုံးဖြစ်ပါတယ်။ ယင်းတို့ကိုနဲ့ ထင်းရူး များကို ရှမ်းအရှေ့တွင်အများဆုံး ဖမ်းဆီးရရှိပါတယ်။ ကာစတန်ကား၊ ပါကျဲရိုးကားများကို လူစီးခုံများကို ဖြတ်၍ သစ်များခိုးတင်လာသည်ကိုတွေ့ရပါတယ်။ ထိုကားများသည် အများအားဖြင့် Without ကားများဖြစ်ပါတယ်။ ကွန်တိန်နာကား များနှင့် သစ်အတိုအစများကိုလည်း ခိုး၍တင်ဆောင်လာပါတယ်။ လားရှိုးမြောက်ပိုင်းတွင် အများဆုံးဖမ်းဆီးရမိခြင်းဖြစ်ပါတယ်။ တမလန်းနဲ့ ပိတောက်ကို မိုးမိတ်ဒေသ၊ ဖောင်းကတော ကြိုးဝိုင်းတွင် ခိုးယူနေသည်ကို ဖမ်းဆီးရမိပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ သက်တမ်းတတိယနှစ်တွင် သစ်များပိုမို၍ ဖမ်းဆီးနိုင်ခဲ့ပါတယ်။ လွတ်တော်ကိုယ်စားလှယ်များလည်း ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ တရားမဝင်သစ်ခိုးထုတ်သော အကြောင်းများကို သိရှိပါက သတင်းပေးပါရန် ကြံုတုန်းမေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောထဲမှာ ပြည်ထဲရေး အမည်ပေါက် ကျူးကျော်ရွာများနဲ့ ပြည်ထဲရေးအမည်မပေါက်တဲ့ ရွာများမှာ သစ်တောကြိုးဝိုင်းမှ ပယ်ဖျက်ပေးနေပါတယ်။ အိမ်ခြေ(၅၀)နဲ့ အထက်ရွာပေါင်းက (၃၅၀)ရွာ ဖြစ်ပြီးတော့ သစ်တောကြိုးဝိုင်းမှ ပယ်ဖျက်ပေးသောဧကပေါင်းက (၄၃၆၆၇ ဒဿမ ၃၃) ဧကဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ အလားတူ ပြည်ထဲရေး အမည်မပေါက်သေးတဲ့ ရွာများမှာ(၃၅)ရွာ၊ အိမ်ခြေ(၅၀)နှင့်အထက် ဖြစ်ပါတယ်။ ဧကပေါင်း (၂၈၈၉. ၈၁)ဧက ဖြစ်ပါတယ်။ ပြည်ထဲရေး

နမ့်ဆန်တွင် ကျောက်မီးသွေး၊ ဟိုပုံးတွင် ခဲ၊ သတ္တု၊ မဂ္ဂနိ၊ ခနောက်စိမ်း၊ ကျောက်တလုံးတွင် ခနောက်စိမ်း၊ လင်းခေးတွင် ဂေါ်ဒန်၊ မောက်မယ်တွင် ဂေါ်ဒန်၊ ကျောက်မီးသွေး၊ ဆီဆိုင်တွင် ခဲ၊ သတ္တု ထွက်ပါတယ်။

ရှမ်း(မြောက်)တွင်လည်း သတ္တု(၁၁)မျိုးထွက်ပြီး အကြီးစားကုမ္ပဏီ(၁၅)ခု ရှိပါတယ်။ အသေးစားကုမ္ပဏီ (၃၅)ခု ရှိပါတယ်။ ခွင့်ပြုတဲ့ဧကပေါင်းက (၁၆၁၄, ၇)ဧက ဖြစ်ပါတယ်။ မဘိမ်းမြို့နယ်တွင် သွပ်၊ ကျောက်မီးသွေး၊ ကြေးနီ၊ ခဲ၊ ကျောက်မျက်ရွေ၊ မန်တုံတွင် ခနောက်စိမ်း၊ ခဲ၊ သတ္တု၊ သံသတ္တုရိုင်း၊ မိုးမိတ်တွင် ရွှေ ထွက်ရှိပါတယ်။ မိုးမိတ်တွင် တရားမဝင် ရွှေများခိုးထုတ်ယူနေသည်မှာ နိုင်ငံတော်ကိုဘာမျှအကျိုးမပြုကြောင်း၊ ထို့ကြောင့် မိုးမိတ်မြို့ကို ရတနာမြေမှ ပယ်ဖျက်၍ ရွှေကိုသာအဓိကခွင့်ပြုသင့်ကြောင်း သတ္တုတွင်းဝန်ကြီးသို့ တင်ပြခဲ့ပါတယ်။

နမ့်ဆန်နှင့် မန်တုံတွင် ခဲနဲ့ရောရာ၊ ကျောက်မဲတွင် သံကျွတ်အောက်ဆိုက်၊ ကျောက်မီးသွေး၊ ရွှေ၊ ကြေးနီထွက်ပါတယ်။ နောင်ချိုတွင်ခဲ၊ သွပ်၊ သီပေါမှာ ဂေါ်ဒန်၊ ကျောက်မီးသွေး၊ နမ္မတူမှာ ခဲရောရာ၊ မိုင်းရယ်မှာ ခနောက်စိမ်း၊ တန့်ယန်းမှာ ကျောက်မီးသွေး၊ သွပ်၊ သတ္တုရိုင်း၊ လားရှိုးတွင် ဂေါ်ဒန်၊ ကျောက်မီးသွေး၊ ကြေးနီ၊ သိန္နီမှာ ကျောက်မီးသွေး၊ ဟိုပန်မှာ ခဲ၊ သတ္တု၊ ကွမ်းလုံတွင် ခဲ၊ သတ္တု၊ လောက်ကိုင်းမှာ ကြေးနီနဲ့ ခဲ၊ ကွတ်ခိုင်မှာ သလင်းကျောက်၊ ရွှေ၊ ကုန်းကြမ်းမှာ ကြေးနီနဲ့ ရောရာ၊ မူဆည် ခဲနဲ့ရောရာ၊ ခဲ၊ သွပ်၊ နမ့်ခမ်းမှာ သလင်းကျောက်နဲ့ အဖြိုက်နက် ထွက်ရှိကြပါတယ်။ ရှမ်းပြည်နယ်တွင် နိုင်ငံတကာတွင် အင်မတန်ရှားပါးသော RE ခေါ်တဲ့ Red Earth ဖြစ်ပါတယ်။ မည်သည့်ကုမ္ပဏီမှ လုပ်ကိုင်ခြင်းမရှိသေးပါဘူး။ Red Earth ဆိုတာ ရှားပါးမြေကြီးဖြစ်ပြီး သတ္တုမာတ် (၁၆-၁၇)မျိုးခန့် ပါရှိပါတယ်။ တရုတ်ပြည်မှ

D/real(wide) (1

လေးစားအပ်ပါသော လွှတ်တော်ဒုဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူဝါဒနှင့်အညီ ပြည်သူအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျာ။

ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့ သောကြာနေ့ နံနက် (၁၀း၀၀)နာရီအချိန်တွင် ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီ ခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်
ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှတ်တမ်း
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက်
၂၀၁၄ ခုနှစ်၊ မတ်လ(၂၈)ရက်
(သောကြာနေ့)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးမြင့်အောင်၊ အုပ်ချုပ်ရေးမှူး ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပ ပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဂျပန်ကို တင်ပို့နေပါတယ်။ အီလက်ထရောနစ် ပစ္စည်းများသည် Red Earth Element မရလျှင်၊ ကွန်ပျူတာတို့ High Tech တို့ မဖြစ်ပါဘူး။ ထိုပစ္စည်းသည် ရှမ်းပြည်နယ်တွင် ရှိပါတယ်။ နောင်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များ သတ္တုများလုပ်ကိုင်လို လျှင် ကုမ္ပဏီထောင်၍ လုပ်ကိုင်ကြစေလိုကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရက သတ္တုလုပ်ငန်းလုပ်ရာတွင် Fair & Square အားလုံးလုပ်ကိုင် စားသောက်နိုင်အောင် ဒေသခံကုမ္ပဏီတွေ လုပ်ကိုင်စားနိုင်အောင် ကုမ္ပဏီတစ်ခုကို အသေးစားလုပ်ကွက် (၅)ခုသာ ပေးပါတယ်။ အကြီးစားကို ဧက(၁၀၀၀)ထက်ပို မပေးပါဘူး။ တိုင်းရင်းသားညီအစ်ကိုများ အားလုံးကို ညီညီမျှမျှ လုပ်ကိုင်စေပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေးရန်ပုံငွေ တည်ထောင်ထားခြင်းကို တင်ပြပါမယ်။ လွှတ်တော်ဒုဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်သည် တိုင်ဒေသကြီးနှင့် ပြည်နယ်များတွင် သတ္တုနှင့် လုပ်ပိုင်ခွင့်က ဘာမျှမရှိပါဘူး။ အခြေခံဥပဒေဇယား(၂)ကို ပြန်ကြည့်မည်ဆိုရင် လုပ်ပိုင်ခွင့်မှာ ရတနာသိုက်တစ်မျိုးတည်းသာ ရှိပါတယ်။ ဂျပန်ခေတ်ကမြုပ်ထားသော ရတနာများကို ရှမ်းပြည်နယ်က တူးရမဲ့ သဘောမှာ ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း သတ္တုလုပ်ငန်းလုပ်ကိုင်ပါက သဘာဝပတ်ဝန်းကျင်ကို အနည်းနှင့် အများထိခိုက်နိုင်တဲ့ အတွက်ကြောင့် ထိုက်သင့်တဲ့ ရန်ပုံငွေကောက်ရန် ဆုံးဖြတ်အတည်ပြုထားတာ ရှိပါတယ်။ (၃)နှစ်အတွင်းမှာ ဆင်းရဲမှုလျော့ချရေးအတွက် ကောက်ခံနိုင်တဲ့ရန်ပုံငွေမှာ သိန်းပေါင်း (၂၄၆၈ ဒဿမ ၆၈)သိန်း ကောက်ခံရရှိပြီး ဖြစ်ပါတယ်။ သတ္တုမှ ရရှိသောရန်ပုံငွေကို ဝန်ကြီးများနှင့် တိုင်းရင်းသားဝန်ကြီးများသို့ ဆင်းရဲမှုလျော့ချရေးအတွက် ချေးငွေများ ထုတ်ပေးလျက်ရှိပါတယ်။

D/real(wide) (1

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်]

အခမ်းအနားမှူး။ _အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၂) ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၆ ဒသမ ၄၃)ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၄)၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

နေ့ဦးစာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညွှန့်ဝင်းဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အကြောင်းအမျိုးမျိုးနဲ့ မတက်ရောက်နိုင်သည့် ပြည်နယ်လွှတ်တော်ကိုယ်စာလှယ် စုစုပေါင်း (၃)ဦးသည် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုကို ခွင့်ယူသူအားလုံး၏ ကိုယ်စား တင်ပြတောင်းခံအပ်ပါသည်။

(၁) ဦးစိုင်းအိုက်ပေါင်း၊ သိန္နီ(၂)၊ နေပြည်တော် အစည်းအဝေးသို့ တက်ရောက်နေပါသဖြင့် ခွင့် (၁)ရက်၊

(၂) ဦးကျော်မြင့် (ခ) ဦးဝင်းမောင်၊ နမ့်ခမ်း(၂)၊ နေပြည်တော်အစည်းအဝေးသို့ တက်ရောက်နေပါသဖြင့် ခွင့် (၁)ရက်၊

(၃) ဦးထူးကို ကို၊ ပင်းတယ(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်၊

စုစုပေါင်း (၃)ဦး ရှိကြောင်းတင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်)

D/real(wide) (1

ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၃) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ) အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးညွန့်ဝင်းမိုင်းဖြတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊စိတ္တသုခ နှစ်ဖြာသောအကျိုးနှင့် ပြည့်စုံကြပါစေကြောင်း

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့် ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ၊ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူ ပါသည်)

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

D/real(wide) (1

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၄)ဦးက မေးမြန်းထားတဲ့မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမှတ်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်ဝကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းမှတ် ဖြစ်ပါတယ်။ ပြည်နယ်ရဲ့အကျိုး၊ အများရဲ့အကျိုးအတွက်ရှေးရှုပြီးတော့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတဆင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်ထောင်စုမော်တော်ယာဉ်လမ်းမကြီးဖြစ်တဲ့ နောင်ချိုနဲ့ကျောက်မဲ

ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်-

(က) ကိုးရီးယားသမ္မတနိုင်ငံ Dongbu Engineering Co.Ltd မှ ပဏာမ ဖြစ်မြောက်နိုင်စွမ်း လေ့လာချက်ကို ၎င်းတို့အစီအစဉ်ဖြင့် ကုန်ကျစရိတ်ခံ၍ (၁၉-၃-၂၀၁၃)ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စတင်ဆောင်ရွက်ခြင်း။

(ခ) Dongbu Engineering Co.Ltd မှ (၁၆-၁၂-၂၀၁၃)ရက်နေ့မှာ ပဏာမ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု အစီရင်ခံစာကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြခြင်း။

(ဂ) ပဏာမ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု အစီအစဉ်အရ လမ်းကြောင်း (၃)ခု ရွေးချယ်ခြင်း။

ထို့အပြင် မြန်မာနိုင်ငံမှ UMG Co.Ltd နှင့် အင်ဒိုနီးရှားနိုင်ငံ Wika ကုမ္ပဏီ ပူးပေါင်း၍ အဆိုပါ ရွေးချယ်ထားသည့် လမ်းကြောင်း (၃)ခုမှ တံတားဆောက်လုပ်ရန် လမ်းကြောင်း (၁)ခုကို ရွေးချယ်နိုင်ခဲ့ပါတယ်။ ရွေးချယ်ထားသည့် လမ်းကြောင်းမှာ (စ၁/၇)မှ (စ၇/၂)ကို ဆက်သွယ်မည့် တံတားအရှည် (၂၁၅၀)မီတာကို ပဏာမရွေးချယ်ခဲ့ပြီး BOT စနစ်ဖြင့် ဆောက်လုပ်ရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနထံ တင်ပြထားပြီး ဖြစ်ပါတယ်။ ယင်းကုမ္ပဏီအနေဖြင့် ပဏာမ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအစီရင်ခံစာကို ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ယင်းအစီရင်ခံစာ ပြီးစီးပါက ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် အစီရင်ခံစာကို အသေးစိတ် စိစစ်လေ့လာပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ BOT စနစ်ဖြင့် တံတားသစ်

D/real(wide) (1

တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းခမ်းမှတ်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယ မေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်း၏ ရည်ရွယ်ချက်မှာ အိမ်ရာပိုင်ဆိုင်မှု မရှိသေးတဲ့ ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများ၊ အငြိမ်းစားများအတွက် ရှေ့ရေး၊ နောင်ရေရှည် အတွက် စဉ်းစားပြီး အများအကျိုးအတွက် မေးမြန်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အိမ်ရာပိုင်ဆိုင်မှု မရှိသေးသော ပြည်သူများ၊ ဝန်ထမ်းများ၊ အငြိမ်းစားများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး အရစ်ကျဖြင့် ရောင်းချပေးမည့် အစီအစဉ် ရှိ/မရှိ ဆိုသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းမှတ်မေးမြန်းတဲ့

ကြားမှာရှိတဲ့ ဂုတ်တွင်းနေရာမှာ မကြာခဏ ယာဉ်ကြောပိတ်ဆို့နေပြီးတော့ ကုန်သွယ် စီးဆင်းမှု၊ သွားလာမှု နှောင့်နှေးကြန့်ကြာနေမှု၊ မကြာခဏရင်ဆိုင်ကြုံတွေ့နေရပါ၍ ယင်းအခက်အခဲ များကို သက်ဆိုင်ရာမှမည်ကဲ့သို့ စီမံချက်များဖြင့်ဖြေရှင်းဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းခမ်းမှတ် မေးမြန်းတဲ့ မေးခွန်းနဲ့ပက်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ ကျွန်တော်စိုင်းနော်ခမ်း ဖြေကြားပေးပါမယ်။

မေးခွန်းနှင့် ပတ်သက်ပြီး ဂုတ်တွင်းတံတားတည်ရှိသည့် နေရာသည် ပြည်ထောင်စု ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ စီမံခန့်ခွဲ ပိုင်ခွင့်ရှိတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ဂုတ်တွင်း တံတားသည် နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်ကြား တည်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အဓိကကုန်သွယ်မှုလမ်းကြောင်းဖြစ်ပြီး အာဆီယံလမ်းမကြီး အမှတ် (၁၄) AX 14 ဖြစ်ပါတယ်။ လက်ရှိလမ်းသည် ဇောက်နက်ခြင်း အကွေ့များကျဉ်းမြောင်းခြင်း၊ အကွေ့ (၂၀)ရှိခြင်းကြောင့် တစ်နာရီ ၁၅ ကီလိုမီတာနှင့် ယာဉ်များ တန်းစီမောင်းနှင်နေရပါတယ်။ သို့ဖြစ်ပါ၍ လျင်မြန်စွာနှင့် လုံခြုံ ချောမွေ့စွာ သွားလာနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်

D/real(wide) (1

မေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဖြေကြားပေးပါမယ်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်အတွင်းမှာရှိနေတဲ့ အိမ်ယာပိုင်ဆိုင်မှု မရှိသေးတဲ့ ပြည်သူများ၊ ဝန်ထမ်းများ၊ လုပ်သက်နှစ်(၃၀)အထက်ဝန်ထမ်းများကို ပထမဦးစားပေး၊ လုပ်သက်နှစ်(၂၀)အထက်ကို ဒုတိယဦးစားပေးဆိုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အိမ်ရာစီမံကိန်းများကို စတင်အကောင်အထည်ဖော်နေပါတယ်။ PPP စနစ်ဖြင့် ဆောက်လုပ်ပြီး အရစ်ကျဖြင့် အိမ်ရာများကို ရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

တောင်ကြီးမြို့၊ အေးသာယာကားကြီးကွင်း အနောက်ဘက်တွင် (ပြည်သူ့အိမ်ရာစီမံကိန်း)အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် (၁၇-၁၂-၂၀၁၃)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပြီး ဖြစ်ပါတယ်။ တင်ဒါတင်သွင်းတဲ့ ကုမ္ပဏီများမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရုံး၌ (၈-၃-၂၀၁၄) ရက်နေ့တွင် ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကို လာရောက်ရှင်းလင်းတင်ပြပြီး ဖြစ်ပါသဖြင့် စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ၄င်းအိမ်ရာတွင် ၄ ခန်းတွဲ ၄ ထပ်၊ ပေ ၄၀ × ၆၀ ရှိ တန်ဖိုးသင့်အိမ်ရာ၊ ပေ ၄၀ × ၈၀ တန်ဖိုးမျှအိမ်ရာတို့ဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက အရစ်ကျစနစ်ဖြင့် ရောင်းချပေးရန် စီမံဆောင်ရွက်လျက် ရှိပါတယ်။

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ မြေဧရိယာ (၁၁၃ ဒသမ ၇၁) ဧက တိုးချဲ့မြေတွက်တွင် (ထင်းရှူးမြိုင်တိုးချဲ့ ကွက်သစ်အဆင့်မြင့် အိမ်ရာ)အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လားရှိုးခရိုင် မြို့ပြစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီမှ (၃၁-၃-၂၀၁၄)ရက်နေ့ နောက်ဆုံးထား၍

ဥက္ကဋ္ဌကြီးခင်ဗျား။ စမ်းသပ်ကာလကို အကြောင်းပြုပြီး နိုင်ငံတော်အခွန်အခကောက်ခံရရှိခြင်း မရှိသည့်အပြင် ဒေသခံပြည်သူများအတွက် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် မရှိသေးကြောင်းကိုလည်း သိရှိရပါတယ်။ ဒေသအကျိုးခံစားခွင့်ဟူ၍ လုံးဝမရှိတာကိုလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ KBZ Power Mining Co.Ltd မှ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်သယ်နေမှုအပေါ် ရှမ်းပြည်နယ်ဒေသ ဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး အောက်ပါအတိုင်းသိရှိလိုပါတယ်-

(က) စမ်းသပ်ကာလအဖြစ် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်သယ်ဆောင်နေမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စု အစိုးရဝန်ကြီးဌာနသို့ တရားဝင်လျှောက်ထားခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း ရှိ/မရှိ၊ ထိုသို့ထုတ်လုပ်သယ်ဆောင်နေမှုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သိရှိပြီး တရားဝင်ခွင့်ပြုထားခြင်း ရှိ/မရှိ၊

(ခ) ထုတ်လုပ်ပြီးသည့်အတိုင်းအတာအရ ထုတ်လုပ်သည့် ပမာဏကို စိစစ်၍ ရှမ်းပြည်နယ်၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးစာရင်းတွင် ထည့်သွင်းတွက်ချက်နိုင်ခြင်း ရှိ/မရှိနှင့် ရှမ်းပြည်နယ်အစိုးရမှ သတ်မှတ်ထားသည့် အခွန်၊ ရန်ပုံငွေများ ကောက်ခံရရှိခြင်း ရှိ/မရှိ၊

(ဂ) စမ်းသပ်ကာလအား မည်သည့် အချိန်ထိ ဆက်လက် ခွင့်ပြုမည်ကိုလည်းကောင်း၊

(ဃ) ကျောက်မီးသွေး ထုတ်လုပ်နိုင်မည့် ကာလမှာ (၂)နှစ် သို့မဟုတ် (၃)နှစ်တာကာလအထိသာ ရှိမည်ဆိုပါက စမ်းသပ်ကာလဖြင့်သာ စီမံကိန်း

D/real(wide) (1

ပြီးဆုံးသွားနိုင်သည် ဖြစ်သဖြင့် နိုင်ငံတော်နှင့် ပြည်နယ်မှ ရသင့်ရထိုက်သော အခွန်ငွေများ နစ်နာဆုံးရှုံးမှု မရှိရအောင် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကိုလည်းကောင်း၊

(ဇ) ကျောက်မီးသွေးများအား (၂၂)ဘီးတပ်ယာဉ်များဖြင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းမတစ်လျှောက် သယ်ယူသဖြင့် ဒေသသတ်မှတ်ချက်အရ လမ်းတံတား ခံနိုင်ဝန်အပေါ် မူတည်ပြီး အဆိုပါယာဉ်များ ဖြတ်သန်းသွားလာခြင်းကို ကန့်သတ်ပေးထားခြင်း ရှိ/မရှိနှင့် ဖြတ်သန်းသွားလာခွင့်အား သတ်မှတ် ပေးထားခြင်း ရှိ/မရှိ။

စသည့်အချက်များအား ရှမ်းပြည်နယ်ဒေသခံပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံမှ တစ်ဆင့် တင်ပြမေးမြန်းလိုက်ရပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ တာဝန်ပေးမှုအရ သစ်တော/သတ္တုဝန်ကြီးကိုယ်စား ကျွန်တော် ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးမှာ ဖြစ်ပါတယ်။

D/real(wide) (1

တင်ဒါအဆိုပြုလွှာတင်သွင်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူထားပါတယ်။ ထပ်မံ၍ အိမ်ရာလိုအပ်ချက်များ ရှိလာပါက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ စီမံကိန်းများရေးဆွဲ၍ မူဝါဒများ ချမှတ်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော် ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ KBZ Power Mining Co.Ltd မှ ကျောက်မီးသွေးထုတ်လုပ်သယ်နေခြင်းနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စုနယ်မြေအတွင်း KBZ Power Mining Co.Ltd မှ ကျောက်မီးသွေးထုတ်လုပ် သယ်ဆောင်နေသည့်လုပ်ငန်းကို ဆောင်ရွက်နေခဲ့တာ (၁)နှစ်ကျော်ခန့် ရှိနေကြောင်း လေ့လာ တွေ့ရှိရပါတယ်။ စမ်းသပ်ကာလအဖြစ် တူးဖော်ထုတ်လုပ်သယ်ဆောင် နေကြောင်းလည်း သိရှိရပါတယ်။ နေ့စဉ်နီးပါး (၂၂)ဘီးတပ်ယာဉ်ဖြင့် (၁)ရက်ကို (၅/၆)စီးခန့်ဖြင့် သယ်ယူနေသည်မှာ (၁)နှစ်ကျော်ခန့် ရှိနေပြီဖြစ်သည့်အတွက် ကုမ္ပဏီတစ်ခုအနေဖြင့် တစ်နှစ်တာအတွင်း တန်ချိန်ပေါင်း (၇၀၀၀၀)ဝန်းကျင်ခန့် ထုတ်ယူပြီးတဲ့ အနေအထားရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

(၁) နောင်လျန့်ဆည် ရေတားတမံ တည်ဆောက်ပေးရေး။

(၂) ဖိုက်တင်းဆည် ရေထိန်းနေရာအား ပြန်လည်ဖာထေး ပြုပြင်ပေးရန်

စတဲ့အချက်(၂)ချက်ဖြစ်ပါတယ်။

နောင်လျန့်ဆည် ရေတားတမံ တည်ဆောက်ပေးရေး။ မိုင်းခတ်မြို့ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဖာလန့် ရွာအနီးရှိ နောင်လျန့်ဆည် တဖက်ရပ်ရေတားတမံသည် ဖာလန့် အရှေ့ဘက်ကွင်း၊ တာရှောက်ကွင်း၊ ကျိုင်းပစ်ကွင်း၊ ကိုးမူကွင်းရှိ လယ်ကေ(၂၂၀)ခန့် အား မိုးစပါး၊ နွေစပါးအတွက်အမှန်လိုအပ်သော တဖက်ရပ်ရေတားတမံ ဖြစ်ပါတယ်။ နောင်လျန့်ဆည် ရေတားတမံ တည်ဆောက်ပေးရေးရန်အတွက် (၁၆-၈-၂၀၁၁)ရက်နေ့ ပြည်နယ်လွှတ်တော်အစည်းအဝေးတွင်လည်းကောင်း၊ (၁၅-၂-၂၀၁၂) ရက်နေ့ ပြည်နယ်လွှတ်တော် အစည်းအဝေးတွင်လည်းကောင်း၊ (၂၃-၈-၂၀၁၃)ရက်နေ့ ပြည်နယ်လွှတ်တော် အစည်းအဝေးတွင်လည်းကောင်း (၃)ကြိမ်တိုင်တိုင် တင်ပြပြီးဖြစ်ပါသော်လည်း ယနေ့အထိ တိကျတဲ့ အဖြေမရရှိခဲ့ပါ။ တောင်သူလယ်သမားများအတွက် အမှန်လိုအပ်နေသော နောင်လျန့်ဆည်တဖက်ရပ်ရေတားတမံ အမြန်တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင်လည်း မည်သည့်အချိန်တွင် အမှန်တကယ် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။

ဖိုက်တင်းဆည်သည်လည်း မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု နောင်ဖူရွာအနီးတွင်ရှိပြီး ၂၀၁၃ခုနှစ်က ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တဖက်ရပ်ဆည် ရေတားတမံ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းဖိုက်တင်းဆည်မှ ဘေးဖွေရွာ၊ ဝေကျရွာ၊ ဝမ်ခုတ်ရွာနှင့် လယ်မြေကေ(၁၅၀)ခန့်အား မိုးစပါး၊ နွေစပါး

လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး KBZ Power Mining Co.Ltd အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ လွိုင်ယဲကျေးရွာအုပ်စု အတွင်း၌ (၄၉. ၅) ဧကစီ ကျယ်ဝန်းသော ကျောက်မီးသွေးလုပ်ကွက် (၃) ကွက်အား သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်မှ (၃၀-၃-၂၀၁၁) ရက်နေ့တွင် ဓာတ်သတ္တုကျောက်မီးသွေး စမ်းသပ်တိုင်းတာရန် (၁)နှစ် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။ လုပ်ကွက်(၃)ကွက်အတွက် ခွင့်ပြုမိန့်ကြေး ကျပ် (၆၀၀၀/-)၊ ပုံသေမြေဌားခကြေး ကျပ် (၆၀၄၄၄)၊ အဆိုပြုငွေ ကျပ်(၉၆၅၂၅)ကျပ် စုစုပေါင်း (၁၆၂၉၆၉) ကျပ်အား သတ္တုတွင်းဝန်ကြီးဌာနသို့ ပေးသွင်းရပါသည်။ ၄င်းနောက် သက်တမ်းတိုး(၆)လအား (၃၀-၃-၂၀၁၂)မှ (၂၉-၉-၂၀၁၂) ရက်နေ့ထိ ထပ်မံ ခွင့်ပြုမိန့်ပေးခဲ့ပါသည်။ စမ်းသပ်တိုင်းတာကာလတွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေများအပိုဒ် ၅၀(စ)အရ ဓာတ်ခွဲစမ်းသပ်ရန်နှင့် အရည်အသွေးစစ်ဆေးရန်သာ ခွင့်ပြုပါသည်။ ပြောင်းရွှေ့ခြင်း၊ သယ်ယူရောင်းရခြင်းများ ပြုလုပ်ခွင့်မရှိပါ။ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်မှ စမ်းသပ်တိုင်းတာခွင့်ပြုမိန့် ပေးခဲ့သည့်အချိန်သည်။ ယခင်အစိုးရလက်ထက်ကာလဖြစ်သဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်ရန်ပုံငွေမျှ ကောက်ခံခြင်း မရှိပါ။ ကမ္ဘောဇစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်မှ ၄င်းတို့ဆောင်ရွက်လျက်ရှိသော ဘိလပ်မြေစက်ရုံနှင့် ကျောက်မီးသွေးလုပ်ကွက်နေရာသည် (၇၂)မိုင်ကွာဝေးခြင်းကြောင့် စမ်းသပ်တိုင်းတာခွင့်ပြုမိန့်ကို (၂၉--၈-၂၀၁၃)ရက်နေ့မှာ ပြန်လည်အပ်နှံခဲ့သဖြင့် သတ္တုတွင်းဝန်ကြီးဌာန နေပြည်တော်မှ (၇-၂-၂၀၁၄)ရက်နေ့တွင် ဖျက်သိမ်းကြောင်း ကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ သတ္တုတွင်းဥပဒေအရ

D/real(wide) (1

စိုက်ပျိုးရန် အထူး အားထားရသော ဆည်ဖြစ်ပါတယ်။ ယခုအခါ ၎င်းဆည်ရေတားတမံ၏ အောက်ဖက်ပိုင်းသည် ရေတိုက်စားပြီး အလျား(၄၀)ပေ၊ အနံ(၅)ပေ၊ အမြင့်(၆)ပေ ရေထွက်ပေါက် ဖြစ်လျက်ရှိရာ ဒေသခံတောင်သူမှ ပြုပြင်ခဲ့ရာ နှစ်ကြိမ်ရှိပြီ ဖြစ်သော်လည်း နည်းပညာနှင့် ငွေကြေးအခက်အခဲကြောင့် ၎င်းအပေါက်ကြီးကို ရေလုံအောင် ပိတ်ဆို့၊ ဖာတေးနိုင်ခြင်းမရှိခဲ့ပါ။ ၂၃-၈-၂၀၁၃ ရက်နေ့ ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခုနှစ် မပြုပြင်နိုင်ပါက မိုးရေကြီးပြီး အားလုံးကျိုးပျက်သွားပါက ငွေကြေးမြောက်များစွာ ကုန်ကျမည် ဖြစ်သည့်အတွက် လယ်သမားများလည်း လယ်ရေအတွက် အခက်တွေ့နိုင်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းဖိုက်တင်းဆည် မိုးရာသီ အမီ ပြုပြင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ၊ ရှိ သိရှိလိုပါသည်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ မေးခွန်း (၂)ခုလုံးကို ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ လေးစား အပ်ပါသောရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးယာကုပ်မေးမြန်းတဲ့မေးခွန်း(၂)ခုကို ကျွန်တော်ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မိုင်းခတ်မြို့နယ်ဝမ်ခုတ်ကျေးရွာအုပ်စုရှိ နောင်လျန့်ဆည်တဖက်ရပ် ရေတားတမံအား အမြန်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ရှိပါက မည်သည့်အချိန်တွင် အမှန်တကယ် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုသည့်မေးခွန်းနှင့်

ကျောက်မီးသွေး စမ်းသပ်တိုင်းတာခွင့်ပြုမိန့်အား (၁)နှစ်ခွင့်ပြုနိုင်ပြီး သက်တမ်းတိုးအနေဖြင့် ၁နှစ်စီ(၂)ကြိမ် ခွင့်ပြုနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျောက်မီးသွေးစမ်းသပ်တိုင်းတာခြင်း ကာလအား စုစုပေါင်း (၃)နှစ် ခွင့်ပြုနိုင်ကြောင်း ဖြေကြားအပ်ပါသည်။ မေးမြန်းချက် (၈)ဖြစ်သည့် ၂၂ ဘီးတပ်ယာဉ်များ ကန့်သတ်ချက်နှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနဲ့သက်ဆိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုလမ်းမပေါ်မှာ သွားလာနေတဲ့ယာဉ်များ၊ ပြည်နယ်ကနေစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ယာဉ်များ ၂၂ ဘီးတွဲကားတွေဟာ ယာဉ်အပေါင်း ကုန်တန်ချိန် ၄၂ တန်နဲ့ခွင့်ပြုလျက်ရှိကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးယာကုပ်က မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါ စေကြောင်း ပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယာကုပ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူတို့ရဲ့လိုအပ်ချက်၊ ပြည်သူတို့ရဲ့ဆန္ဒကို တင်ပြ၍ မေးခွန်းများ မေးမြန်းခြင်း ဖြစ်ပါတယ်။ အဲ့ဒီမေးမြန်းလိုတဲ့အချက်ကတော့

D/real(wide) (1

ပတ်သတ်ပြီး နောင်လျှန့်ရေလွှဲဆည်ဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်အုပ်စု ဖာလိုင်းကျေးရွာ အရှေ့ဖက်ရှိ နမ့်ခတ်ချောင်းပေါ်တွင်ဒေသခံများမှ ကိုယ့်အား ကိုယ်ကိုး တည်ဆောက်ခဲ့တဲ့ ချောင်းပိတ်သစ်ရိုက်ဆည်ဖြစ်ပါတယ်။ ရေဆင်းဧရိယာ(၂၈)စတုရန်းမိုင် ရှိပြီး တည်ဆောက်ပြီး နှစ်ကာလ ကြာမြင့်၍ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများအားအခိုင်အမာ ပြန်လည် တည်ဆောက်ပေးရန်လိုအပ်တာဖြစ်ပါတယ်။ ဆည် တည်ဆောက်ပေးပြီးပါက လယ်မြေ (၂၂၀)ဧကခန့် မိုးစပါး၊ နွေစပါးကောင်းမွန်စွာ စိုက်ပျိုးနိုင်ကြောင်းတွေ့ရှိ ရပါတယ်။ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဖာလိုင်းရွာအနီးရှိ နောင်လျှန့်ရေလွှဲဆည် တည်ဆောက်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေ ကျပ် (၇၁ ဒဿမ ၈၀)သန်းလိုအပ်မည်ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဖာလိုင်းကျေးရွာ အရှေ့ဖက်ပေ ၁၅၀ခန့်အကွာ နမ့်ခတ်ချောင်းပေါ်တွင် နောင်လျှန့် ရေလွှဲဆည်တစ်ခု တည်ဆောက်ပေးနိုင်ရန် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာ ရေးနှစ်တွင် ရန်ပုံငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားမည်ဖြစ် ကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးဒုတိယမေးခွန်းဖြစ်သည့် မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ နောင်ဖူးရွာအနီးရှိ ဖိုက်တင်းဆည်အား မိုးရာသီအမီပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သတ်၍ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု နောင်ဖူးရွာအနီး ဖိုက်တင်း ဆည်သည် လက်ရှိ နောင်လျှန့်သစ်ရိုက်ဆည်၏ အောက်ဖက်ပေ (၅၀၀၀)ခန့်အကွာတွင် တည်ရှိပြီး ၂၀၀၂ ခုနှစ်က ဒေသဖွံ့ဖြိုးရေး ဆည်အဖြစ် တည်ဆောက် ခဲ့သောဆည်ဖြစ်ပါတယ်။ အလျား (၅၇)ပေ၊ အနံ(၉ ဒဿမ ၆)ပေ၊ အမြင့်(၇ ဒဿမ ၃) ပေရှိ ကျောက်ဖြည့် (၁အချိုး၃) C/R Masonary ရေလွှဲဆည်

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော် သက်တမ်း(၃)နှစ်ကျော်ကာလမှာ ပုံမှန်အစည်းအဝေး (၈)ကြိမ်၊ ယခုကျင်းပဆဲမပါ။ အထူးအစည်းအဝေး(၃)ကြိမ် စုစုပေါင်း(၁၁)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ယခုထိ လွှတ်တော် ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး အပါအဝင် တောင်ကြီးဟိုတယ်က အထူးနှုန်းဖြင့် လွှတ်တော်က စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ သာမန်အားဖြင့် ကြည့်လျှင် အစစအရာရာ အဆင်ပြေနေမည်ဖြစ်ကြောင်း ယူဆနိုင်စရာ ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေးတက်ရောက်စဉ်ကာလမှာသာ နယ်ပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ်များ ရင်းရင်းနှီးနှီးဆုံဆည်း နိုင်ခြင်း တစ်ဦးနှင့်တစ်ဦး တစ်နယ်နှင့်တစ်နယ် အတွေ့အကြုံများ ပြည်သူလူထု၏ လိုအပ်ချက်များ အကျိုးပြုလုပ်ငန်းများတိုင်ပင် ညှိနှိုင်းနိုင်ခြင်း၊ ဖလှယ်နိုင်ခြင်း ဆွေးနွေးခြင်းများ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား လွှတ်တော် ကိုယ်စားလှယ်များ ဒီထက်ပိုမို၍ တိုင်ပင်ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး တစ်နေရာတည်း စုစုစည်းစည်း တည်းခိုးနိုင်ရန် ဧည့်ရိပ်သာ၊ လွှတ်တော်မှ ဖွဲ့စည်းတာဝန် ပေးအပ်သော သက်ဆိုင်ရာကော်မတီများ၊ ဆွေးနွေးတိုင်ပင် ညှိနှိုင်းရန်အတွက် ခန်းမဆောင်၊ အတော်အသင့်ကျယ်ဝန်းသော ဧည့်ခန်းမတစ်ခု လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ တချို့သော လွှတ်တော်ကိုယ်စားလှယ်များက ယာဉ်မောင်းနှင့် ပြုစုစောင့်ရှောက်ရန် လိုက်ပါလာသူများမှ အလွယ်တကူ

D/real(wide) (1

တည်းခိုနိုင်ရေး၊ သင့်တင့်သော ဈေးနှုန်းဖြင့် စီစဉ်ပေးသင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ တည်ခိုရန်ဧည့်ရိပ်သာ ပေါ်ပေါက်လာပါက လွှတ်တော်စည်းဝေးစဉ်ကာလများတွင် လွှတ်တော်ကိုယ်စားလှယ်များအတွက် သီးသန့်ထား၍ အစည်းအဝေးမရှိသည့် ကာလများ၌ လွှတ်တော်ကိုယ်စားလှယ်များ အခြားအကြောင်းကြောင့်ဖြစ်စေ၊ တာဝန်ဖြင့်ဖြစ်စေ၊ တောင်ကြီးရောက်လျှင် အလွယ်တကူတည်းခိုနိုင်ခြင်း၊ နိုင်ငံဝန်ထမ်းများအတွက် သင့်တင့်သောဈေးနှုန်းများဖြင့် တည်းခိုခွင့်ပြုလျှင် ဝန်ထမ်းများအတွက် ဈေးနှုန်း သက်သာပြီး အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်မှာဖြစ်ပါတယ်။ ဧည့်ရိပ်သာဝန်ဆောင်မှု လုပ်ငန်းအဝဝတွင်ဝန်ထမ်းများ ခန့်ထားရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်နယ်လွှတ်တော် သက်တမ်း (၃)နှစ်ကျော်ကာလတစ်လျှောက်တွင် အစည်းအဝေးကျင်းပခဲ့သည်မှာ ပုံမှန်အစည်းအဝေး (၈)ကြိမ်၊ အထူးအစည်းအဝေး (၃)ကြိမ် စုစုပေါင်း (၁၁)ကြိမ် ဖြစ်ပါတယ်။ (၅)နှစ်သက်တမ်းကုန်သည်အထိ ခန့်မှန်းကြည့်လျှင် အစည်းအဝေးများအကြိမ် (၂၀)ခန့် ကျင်းပရမှာဖြစ်ပါတယ်။ နောက်သက်တမ်းအကြိမ်ပေါင်းများစွာလည်း ပြည်နယ်ကိုယ်စားလှယ်တော်ကြီးများနှင့် ရှမ်းပြည်နယ်မြို့တော် ဖြစ်သော တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော် ခန်းမ၌သာ အစည်းအဝေးပေါင်း မြောက်များစွာ ကျင်းပရဦးမည်သာ ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရေး ရှမ်းပြည်နယ်လွှတ်တော်ဧည့်ရိပ်သာ တည်ဆောက်ရန်အစီအစဉ် ရှိမရှိ၊ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် စတင်

၄ ပေ အကျယ် ရေထွက်ပေါက် ၂ ခုဖြင့် တည်ဆောက် ထားကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ရေလွှဲဆည်အောက်ဖက် ရေတိုက်စားမှုကြောင့် ဆည်အောက်ကြမ်းခင်း ပျက်စီးနေမှုကို တွေ့ရပါတယ်။ ဖိုက်တင်းဆည်ပြန်လည်ပြုပြင်ပေးနိုင်ရန် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၅၁)သန်း ဖြစ်ပြီး အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ် ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အစည်းအဝေးကို တက်ရောက်နေကြသော ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ရှိသေဂါရဝ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ဟိုပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေဖြစ်ပါတယ်။ အခမ်းအနားအစီအစဉ်မှာ လွှတ်တော် ကိုယ်စားလှယ်များနှင့် လိုက်ပါလာသူများအား ယခုတည်းခိုခွင့်ရှိသည့် တောင်ကြီးဟိုတယ်တွင် သင့်တင့်သော ဈေးနှုန်းဖြင့်တည်းခိုခွင့်ပြုနိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်လို့ ဖော်ပြထားသော်လည်း ကျွန်တော်ပေးပို့ထားတဲ့ မေးခွန်းကတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားအဆင်ပြေချောမွေ့စွာတည်ခိုနိုင်ရေး ရှမ်းပြည်နယ် လွှတ်တော်ဧည့်ရိပ်သာ ဆောက်လုပ်ရန်အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် စတင်အကောင်အထည် ဖော်မည်ကို သိရှိလိုပါကြောင်း မေးခွန်းဖြစ်ပါတယ်။

D/real(wide) (1

အကောင်အထည်ဖော်မည်ကို သိရှိလိုပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ မေးခွန်းအနေအထားအရ အပိုင်း(၂)ပိုင်းတွေ့ရှိရပါတယ်။ ပထမပိုင်းကို ပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပြီး ဒုတိယပိုင်းကိုတော့ လွှတ်တော်က ဖြေကြားဖို့ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဦးစွာ ဖြေကြားဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေမေးမြန်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်နှင့် လိုက်ပါလာသူများအား ယခု တည်းခိုခွင့်ရှိသည့် တောင်ကြီးဟိုတယ်တွင် သင့်တင့်သော စျေးနှုန်းဖြင့် တည်းခိုခွင့် ပြုနိုင်ရေးမည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည် ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် တောင်ကြီးဟိုတယ် ငှားရမ်းခြင်း သဘောတူစာချုပ်ပါ အထွေထွေသဘောတူညီချက် အပိုဒ် ၁၁ (ဂ)တွင် လွှတ်တော်ကိုယ်စားလှယ်များ တောင်ကြီးဟိုတယ်သို့ လာရောက်တည်းခိုနေထိုင်လိုသည့်အခါ နေထိုင်စားသောက်မှုစရိတ်များကို ထက်ဝက်နှုန်းထား သို့မဟုတ် အစိုးရ

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေ မေးမြန်းထားသည့်

- လွှတ်တော်ကိုယ်စားလှယ်များအားလုံး တစ်နေရာတည်း စုစုစည်းစည်းတည်းခိုနိုင်ရန် "ဧည့်ရိပ်သာ"
- လွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးအပ်သော သက်ဆိုင်ရာကော်မတီများ ဆွေးနွေးတိုင်ပင်ညှိနှိုင်းရန်အတွက် "ခန်းမဆောင်"
- အတော်အသင့်ကျယ်ဝန်းသော "ဧည့်ခန်းမ"

လို အပ်လျက် ရှိ ကြောင်းသည် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် အမှန်တကယ်လိုအပ်တဲ့ လိုအပ်ချက်များ ဖြစ်ပါတယ်။ အကောင်အထည်ဖော်သင့်တဲ့ အစီအစဉ်များပင် ဖြစ်ပါတယ်။

သို့သော် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် လွှတ်တော်ရုံးဖွဲ့စည်းပုံအတည်ပြုရေး စီစဉ်ဆောင်ရွက်နေခြင်း၊ လွှတ်တော်ရုံးဖွဲ့စည်းပုံအတည်ပြုပြီးလျှင် ရောက်ရှိလာမည့် ရုံးဝန်ထမ်းများအတွက် လက်ရှိလွှတ်တော်၏ ရုံးခန်းအနေအထား လုံလောက်မှု မရှိနိုင်ခြင်း၊ ဝန်ထမ်းများနေထိုင်ရေးအတွက် အိမ်ရာများ စီစဉ်ရန် ရှိနေသည့်အပြင် ယခုလက်ရှိ ပြည်နယ် လွှတ်တော်၏ မြေဧရိယာသည် အဆောက်အဦးများ တိုးချဲ့ ဆောက်လုပ်ရန်အတွက် ကျဉ်းမြောင်းနေပြီး နေရာ အခက်အခဲ ရှိနေခြင်းတို့ကြောင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ဧည့်ရိပ်သာ ဆောက်လုပ်ရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

D/real(wide) (1

အဖွဲ့မှ သတ်မှတ်ခွင့်ပြုထားသည့် နှုန်းထားဖြင့် ဆောင်ရွက်ပေးရန် ငှားရမ်းသူမှ သဘောတူပါသည်ဟု ဖော်ပြထားသောကြောင့် လွတ်တော်ကိုယ်စားလှယ်များအား သင့်တင့်သော နှုန်းထားဖြင့် တည်းခိုခွင့်ပြုလျက် ရှိပါတယ်။ တောင်ကြီးဟိုတယ်သည် ပုဂ္ဂလိကမှ ငှားရမ်းဖွင့်လှစ်ထားသော ဟိုတယ်တစ်ခုဖြစ်ပါသဖြင့် လွတ်တော်ကိုယ်စားလှယ်များနှင့် လိုက်ပါလာသူများအား ယခုတည်းခိုခွင့်ရှိသည့် တောင်ကြီးဟိုတယ်တွင် သင့်တင့်သော ဈေးနှုန်းဖြင့် တည်းခိုခွင့်ပြုနိုင်ရေးအတွက် လောလောဆယ်တွင် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွတ်တော်အဆောက်အဦးဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ဒုတိယဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းခမ်းမှတ်၊ လွတ်တော်ဒုတိယဥက္ကဋ္ဌ။ လေးစားရပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုအပ်ပါတယ်။ လွတ်တော်ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးစိုင်းခမ်းမှတ်မှ ပထမအကြိမ် ရှမ်းပြည်နယ်လွတ်တော် နဝမပုံမှန်အစည်းအဝေးမှာ မေးမြန်းထားသည့် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဖေ၏ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များခင်ဗျား "ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ အဆင်ပြေ ချောမွေ့စွာ တည်းခိုနိုင်ရေး၊ ရှမ်းပြည်နယ်လွတ်တော်ဧည့်ရိပ်သာဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည် ဖော်မည်ကို သိရှိလိုပါကြောင်း" ဆိုတဲ့ ကြယ်ပွင့်ပြ မေးခွန်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဆွေးနွေးရန် ကိုယ်စားလှယ် အမည်စာရင်း ပေးသွင်းလာခြင်း မရှိပါ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွတ်တော်၏ အတည်ပြုချက် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အစည်းအဝေးဒုတိယနေ့ (၂၅-၃-၂၀၁၄)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်

D/real(wide) (1

ဥက္ကဋ္ဌ။ ခွင့်ပြုပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မဂ်လာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ပြည့်ထောင်စုအစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ သန်း(၁၀၀၀)ထောက်ပံ့ထားပါတယ်။ ၄င်းထောက်ပံ့မှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ရှမ်းပြည်နယ်အတွင်းမှာ ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ စ၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သော အဖွဲ့အစည်းများသည် ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမှာဖြစ်ပြီး သုံးငွေများကိုလည်း ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင်အတွင်းမှာ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူသုံးစွဲလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးရန်ပုံငွေကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရငွေအဖြစ် ထောက်ပံ့ပေးခဲ့ပြီး ရှမ်းပြည်နယ်အစိုးရမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။

အမည်စာရင်းပေးသွင်းထားသော လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ရန်အတွက် လွှတ်တော်ကို တင်ပြဖို့ ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အားလုံး မဂ်လာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် (၂၅-၃-၂၀၁၄)ရက် (အင်္ဂါနေ့)မှာ ကျွန်တော် ဘဏ္ဍာရေးဝန်ကြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဥပဒေနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှလည်း ဆွေးနွေးရန်မရှိတော့ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ဥပဒေအဖြစ် ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

D/real(wide) (1

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ရငွေအနေဖြင့် သာမန်နှင့် ငွေလုံးငွေရင်းစုစုပေါင်းရငွေ ကျပ်သန်းပေါင်း (၈၀၃၁၉ ဒဿမ ၃၁၅)၊ အသုံးစရိတ်အနေဖြင့် သာမန်နှင့် ငွေလုံးငွေရင်း စုစုပေါင်း ကျပ်သန်းပေါင်း (၁၇၄၇၂၀ ဒဿမ ၉၆၆) ဖြစ်ပါတယ်။ ဒါကြောင့် သာမန်လိုငွေသည် ကျပ်သန်းပေါင်း (၄၀၈၉၃ ဒဿမ ၀၃၅)၊ ငွေလုံးငွေရင်းလိုငွေသည် ကျပ်သန်းပေါင်း (၅၅၅၀၈ ဒဿမ ၆၅၁)ဖြစ်ပြီး စုစုပေါင်း လိုငွေသည် ကျပ်သန်းပေါင်း (၉၄၄၀၁ ဒဿမ ၆၅၁)သန်း ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် ရငွေ အနေဖြင့် သာမန်ရငွေ ကျပ်သန်းပေါင်း (၃၅၁၀ ဒဿမ ၉၂၀)သန်းဖြစ်ပါတယ်။ အသုံးစရိတ်အနေဖြင့် သာမန်နှင့် ငွေလုံးငွေရင်းစုစုပေါင်း ကျပ်သန်းပေါင်း (၅၁၀၃ ဒဿမ ၀၆၂)ဖြစ်ပါတယ်။ သာမန်တွင် ပိုငွေ ကျပ်သန်းပေါင်း (၃၃ ဒဿမ ၉၅၁)သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းတွင် လိုငွေ ကျပ်သန်းပေါင်း (၁၆၂၆ ဒဿမ ၀၉၃)ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ငွေစာရင်းအရ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရငွေမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ်သန်း (၁၀၀၀)ရရှိထားပါတယ်။ ၎င်းထောက်ပံ့ငွေ ရငွေအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သာမန်အသုံးစရိတ်မှ ထုတ်ယူ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် Other

D/real(wide) (1

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေး ဝန်ကြီးက တင်သွင်းခဲ့သည့် **၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူပါ့မယ်။ **၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**ကို အတည်ပြုရန် လွှတ်တော်က **(သဘောတူပါသလားခင်ဗျား) (၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ တင်သွင်းခဲ့သော **၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**ကို လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး ထောက်ပံ့ငွေကျပ် သန်း (၁၀၀၀)အား ပြည်နယ်အတွင်း ထောက်ပံ့ပြီးစီးမှု အခြေအနေများကို ရှမ်းပြည်နယ်လွှတ်တော်တွင် အစီရင်ခံတင်ပြခွင့် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျာ။

Account (OA A/C) သို့ လွှဲပြောင်းပေးသွင်းရပါတယ်။ ၄င်း OA A/C မှ ကျပ်သန်း (၁၀၀၀)အား ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းစဉ် (၈)ရပ်အတွက် ပြန်လည်အသုံးပြုခြင်း ဖြစ်ပါတယ်။

ကျပ်သန်း(၁၀၀၀)သုံးစွဲမှုတွင် မြို့နယ်အားလုံး စုံလင်အောင် ထောက်ပံ့နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော်လည်း အချို့မြို့နယ်များတွင် ထောက်ပံ့ပေးမှု နည်းပါးသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပိုမိုထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးမှုကို ထောက်ပံ့ရာတွင် ဆိုင်ကယ်စီမံချက် ရင်္ဂမြလည်း ထပ်မံထောက်ပံ့ ပေးခဲ့ပါတယ်။ ပြည်တွင်းအခွန်ဦးစီးဌာနမှ ရရှိတဲ့ ဝင်ငွေခွန်၏ ၂၅ ရာခိုင်နှုန်းနှင့် အကောက်ခွန်ဦးစီးဌာနမှ ရရှိတဲ့ အကောက်ခွန်ဝင်ငွေ ၂၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းခဲ့ပါတယ်။ ပေးသွင်းငွေ ကျပ်သန်းပေါင်း (၁၅၆၁၇၈၃၀၀၀)ကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးတွင် သုံးနိုင်ရန် ထောက်ပံ့ပေးခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေးအတွက် ပြည်ထောင်စုမှ ထောက်ပံ့သော ဘဏ္ဍာရန်ပုံငွေ ကျပ်သန်း (၁၀၀၀)နှင့် ဆိုင်ကယ်စီမံချက်မျ ရရှိငွေ ကျပ်သန်းပေါင်း (၁၅၀၀)ကျော်အား သုံးစွဲရာတွင် ပြည်နယ်စာရင်းစစ်ရုံးမှ စာရင်းစစ်ဆေးမည် ဖြစ်တဲ့အတွက် စာရင်းစစ်ဆေးမှု ခံယူနိုင်ရန် လုပ်ငန်းများဆောင်ရွက်ရာတွင် မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျဆောင်ရွက်ပေးသွားရန် လိုအပ်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ဒေသတွင် နောင်လာမည့်နှစ်များတွင်

ရှမ်းပြည်နယ်အတွင်းမှာ ရှိတဲ့ အခြေခံပညာကျောင်းများတွင် စုစုပေါင်း ကျောင်းသူ/သား ပေါင်း (၇၇၁၇၅၀)ဦး ပညာသင်ကြားခဲ့ပါတယ်။ ကျောင်းများဖွင့်လှစ်နိုင်မှုအခြေအနေမှာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ အထကကျောင်း (၁၇၂)ကျောင်းအပါအဝင်၊ စုစုပေါင်းကျောင်းပေါင်း (၅၂၁၆)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုး ရရှိမှုစာရင်းအနေဖြင့် အထက (၂၆)ကျောင်း အပါအဝင် စုစုပေါင်း (၈၃၇)ကျောင်းရရှိတဲ့အတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းအဆင့် ကျောင်းပေါင်း (၂၈၈)ကျောင်းအပါအဝင် စုစုပေါင်း (၅၃၉၉)ကျောင်း ဖွင့်လှစ်သင်ကြား နိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရှမ်းပြည်နယ်မှ ကျောင်းအဆင့်တိုးအနေဖြင့် အထက (၃၁)ကျောင်းအပါအဝင် စုစုပေါင်း ကျောင်းပေါင်း (၆၂၈)ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် တင်ပြထားပါတယ်။

ကိုယ့်အားကိုယ်ကိုးကျောင်းများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ရှမ်းပြည်နယ်တစ်ခုလုံးမှာ ရှိတဲ့ ဆရာခွင့်ပြုအင်အားမှာ (၂၉၁၇၅)ဦး၊ ခန့်ထားအင်အားမှာ (၂၅၉၆၉)ဦး ရှိတဲ့အတွက် ရှမ်းပြည်နယ်တစ်ခုလုံးတွင် လစ်လပ်အင်အားမှာ (၃၂၀၆)ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်(၂) အခြေခံပညာဦးစီးဌာနရဲ့ (၁၂-၇-၂၀၁၃)ရက်နေ့ဖြင့် ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး (ရုံးခွဲ) မှာ နေ့စား(လပေး) ခန့်ထားသည့်အင်အားမှာ စုစုပေါင်း (၅၄၄၆)ဖြစ်ပါတယ်။ တောင်ကြီးဒေသတွင် (၂၂၈၁)ဦး၊ လားရှိုးဒေသတွင် (၂၆၇၆)ဦး၊ ကျိုင်းတုံဒေသတွင် (၄၈၉)ဦး ခန့်ထားနိုင်ခဲ့ပါတယ်။ ဆရာနှင့် ကျောင်းသားအင်အားအချိုးအရ ရှမ်းပြည်နယ်ချုပ်အနေဖြင့် မူလတန်းအဆင့် (၁း၂၉)၊ အလယ်တန်းအဆင့် (၁း၄၀)၊

D/real(wide) (1

ထပ်မံဆောင်ရွက်ရမည် ဖြစ်သည့်အတွက် ဘဏ္ဍာငွေများကို စနစ်တကျဆောင်ရွက်ပေးသွားရန် ကျွန်တော့်အနေဖြင့် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးအစီရင်စာကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၈ (ခ)အရ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ လူမှုရေးကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လူမှုရေးကဏ္ဍဆိုင်ရာ အချက်အလက်များ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ချက်များနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်မှ ပံ့ပိုးပေးမှုများကို တင်ပြသွားမှာဖြစ်ပါတယ်။ တင်ပြချက်အစီရင်ခံစာနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များထံ CD ခွေ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပထမဦးစွာ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်

အထက်တန်းအဆင့် (၁၊၂၁) ရှိတဲ့အတွက် ရှမ်းပြည်နယ်တစ်ခုလုံးတွင် အလယ်တန်းအဆင့်မှ လွဲ၍ ကျန်အဆင့်များတွင် ဆရာ၊ ကျောင်းသား အချိုးအင်အား ကောင်းမွန်တယ်လို့ ဖော်ပြနိုင်မှာ ဖြစ်ပါတယ်။ သို့ရာတွင် နယ်များသို့ ကွင်းဆင်းရာတွင် ဘာသာပြဆရာများ လိုအပ်မှုရှိကြောင်း တွေ့ရှိရတဲ့အတွက် ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီး လာမည့်စာသင်နှစ်တွင် အတတ်နိုင်ဆုံး ဘာသာပြဆရာများပြည့်အောင် ခန့်ထားပေးနိုင်ရေး တင်ပြထားပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးဘွဲ့ (၅)နှစ်သင်တန်းကို (၄၄)ယောက် တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အဆောက်အဦးရန်ပုံငွေ ရရှိမှုမှာ ကျောင်းပေါင်း (၂၆၉)ကျောင်း ဆောက်လုပ်ရန် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ငွေလုံးငွေရင်းစုစုပေါင်း (၆၉၈၆ ဒဿမ ၂)သန်း ရရှိခဲ့ပါတယ်။ နတလမှ နီပွန်ဖောင်ဒေးရှင်း၊ စေတနာနဲ့ စုစုပေါင်း ကျောင်းပေါင်း (၂၀)ဆောက်လုပ်တဲ့အတွက် ၂၀၁၄-၂၀၁၅ စာသင်နှစ်မှာ ကျောင်းပေါင်း (၅၄၇)ကျောင်း ဆောက်လုပ်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းတင်ပြထားသည့်ကျောင်းမှာ (၁၉၀)ကျောင်းဖြစ်ပြီး ရန်ပုံငွေမှာ (စ၁၈၉ ဒဿမ ၁)သန်း တင်ပြတောင်းခံထားပါတယ်။ အခမဲ့ မူလတန်းပညာရေးစနစ်ဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ စုစုပေါင်း ဗလာစာအုပ်ဒါဇင်ပေါင်း (၂၄၉၅၀၀)အတွက် ခွင့်ပြုရန်ပုံငွေ (၄၉၉)သန်း ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ စာအုပ်ဒါဇင်ပေါင်း (၂၆၃၈၂၀)အတွက် ခွင့်ပြုရန်ပုံငွေ (၅၂၇ ဒဿမ ၆၄)သန်း ဖြစ်ပါတယ်။ ကျောင်းသားတစ်ဦးကို (၁၀၀၀/-)ဖြင့် ထောက်ပံ့ရာတွင် (၅၂၇ ဒဿမ ၁၉)သန်း

D/real(wide) (1

ဖြစ်ပါတယ်။ ငွေ (၂)ခု ကွာခြားရခြင်းမှာ စာအုပ်ကို ကျောင်းအပ်နှံ ချိန်တွင် တစ်ဆက်တည်း ထောက်ပံ့ပေးပြီး၊ ငွေကို (၁)လကြာပြီးမှ ထောက်ပံ့ခြင်းဖြစ်ပါတယ်။ ကျောင်းသားစာရင်းငြိမ်သွားသည့် အချိန်မှ ထုတ်ပေးသည့်အတွက် စာရင်းကွာခြင်း ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ရှမ်းပြည်နယ် တစ်ခုလုံး တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအား (၆)ဘာသာဂုဏ်ထူးရှင် ၂၇ ဦးကို (၄၀၀၀၀၀/-)၊ (၅)ဘာသာ ဂုဏ်ထူးရှင် (၅၆)ဦးကို (၂၀၀၀၀၀/-)၊ (၄)ဘာသာဂုဏ်ထူးရှင် (၉၅)ဦးကို (၁၀၀၀၀၀/-)၊ (၃)ဘာသာဂုဏ်ထူးရှင် (၁၄၈)ဦးကို (၄၀၀၀၀/-) ၊ (၂)ဘာသာဂုဏ်ထူးရှင် (၂၆၁)ဦးကို (၂၀၀၀၀/-)၊ (၁)ဘာသာဂုဏ်ထူးရှင် (၅၄)ဦးကို (၁၀၀၀၀/-)ဖြင့် စုစုပေါင်း (၆၅၈ ဒဿမ ၅၄)သိန်း ချီးမြှင့်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာ သင်နှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေးကဏ္ဍတွင် စုစုပေါင်း သိန်းပေါင်း (၁၅၃၀၂၉၇၀၀)၊ ကွန်ပျူတာ (၉၇)စုံ၊ စာရေး စားပွဲခုံ (၂၅၀)စုံ၊ ဆန် (၃၀၀)အိတ် လှူဒါန်းထောက်ပံ့ ပေးနိုင်ခဲ့ ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျန်းမာရေးကဏ္ဍ ဆိုင်ရာများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် ခုတင်(၂၀၀)ဆံ့ဆေးရုံ(၅)ရုံ အပါအဝင် စုစုပေါင်း ဆေးရုံ(၁၅၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၁၈၀)၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၈၀၁)ခု၊ ဒေသန္တရကျေးလက်ကျန်းမာရေးဌာန (၃)ခု၊ ကျောင်း ကျန်းမာရေးဌာန (၆)ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန (၅၂)ခု၊ နယ်စပ်ဆေးပေးခန်း (၄၄)ခုနှင့် ရှမ်းပြည်နယ်အတွင်း မှီတင်း နေထိုင်တဲ့ မိဘပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို

သဘာဝဘေးအတွက် (၁၃၂၆၆၇၀၅)ကျပ် ထောက်ပံ့ပေးနိုင်ခဲ့ ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လူမှုရေးကဏ္ဍတစ်ခုလုံးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် (၃၆၄၇၂၀၅၅၀)ကျပ် ထောက်ပံ့ပေးနိုင်သည့်အပြင် ကွန်ပျူတာ (၉၇)စုံ၊ ဆန် (၃၀၀)အိတ်၊ စာရေးစားပွဲ (၂၅၀)စုံ၊ ဆင်းကတ် (၂၅၀)ခု၊ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှစ၍ သားသတ်လုပ်ငန်း စျေးပြိုင်လေလံစနစ် ဖျက်သိမ်းပြီး အသားထုတ်လုပ် ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ဆောင်ရွက်မည့် အစီအစဉ်အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှစ၍ သားသတ်လုပ်ငန်း စျေးပြိုင်လေလံစနစ် ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ဆောင်ရွက်မည့် အစီအစဉ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်း တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ခပ်သိမ်းပါစေလို့ ဂါရဝရှေ့ထား နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

D/real(wide) (1

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီရဲ့ လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ သားသတ်လုပ်ငန်း စျေးပြိုင်လေလံစနစ်ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မှတ်တမ်းများကို ကြိုတင်ဖြန့်ဝေပြီးဖြစ်တဲ့အတွက် အရေးကြီးတဲ့ အချက်များကိုသာ တင်ပြသွားမှာ ဖြစ်ပါတယ်။

သားသတ်လုပ်ငန်း စျေးပြိုင်လေလံစနစ် ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ် (သားသတ်လုပ်ငန်း ဆောင်ရွက်ခွင့် + ထုတ်လုပ်ပြီးအသားပြည်သူသို့ ဖြန့်ဖြူးရောင်းချခွင့်)သို့ စနစ်ပြောင်းလဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ

(၁) ပြည်သူလူထုနှင့် လွတ်တော်ကိုယ်စားလှယ်များမှ သားသတ်လုပ်ငန်းကို လေလံစနစ်မဟုတ်ပဲ လွတ်လပ်စွာ မွေးမြူထုတ်လုပ်ရောင်းချခွင့် တောင်းဆိုလာသဖြင့် ပြည်သူ့ဆန္ဒအတိုင်း ဖော်ဆောင်ပေးရန်။

(၂) နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးအဆင့်များ နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်နှင့် ပြည်ထောင်စုအစိုးရ၏ မူပိုင်းဆိုင်ရာများ လိုက်နာဆောင်ရွက်ရန်။

(၃) သားသတ်လေလံလိုင်စင်စီစနစ်သည် လေလံအောင်နိုင်သူ (၁)ဦးတည်းမှ အသားထုတ်လုပ်ရောင်းချခွင့် ရရှိသဖြင့် စျေးကွက်ကို (၁)ဦးတည်း လွှမ်းမိုးချုပ်ကိုင်ခြင်းကြောင့် မွေးမြူ ထုတ်လုပ်သူများ၏ နစ်နာမှုကို ဖြေလျှော့ပေးနိုင်ရန်။

ဆောင်ရွက်ပေးနေပါတယ်။ ယခုနှစ်တွင် ကျေးလက်ကျန်းမာရေး ဌာန (၄၃)ခု အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ကျန်းမာရေးဝန်ထမ်းအင်အားစာရင်းမှာ ဆရာဝန်အနေဖြင့် ခွင့်ပြုအင်အား (၁၀၉၅)ဦး၊ ခန့်ထားအင်အား (၅၇၀)ဦး၊ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် (၅၂၅)ဦး လစ်လပ်နေပါတယ်။ သွားဆရာဝန်အနေဖြင့် ခွင့်ပြု (၈၃)ဦးမှာ ခန့်ထား (၄၄)ဦးဖြစ်ပြီး (၃၉)ဦး လစ်လပ်လျက် ရှိပါတယ်။ သူနာပြုအနေဖြင့် (၁၈၀၂)ဦး၊ ကျန်းမာရေးမှူး (၁၉၄)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ (၁၈၉)ဦး၊ သားဖွားဆရာမ (၁၁၃၂)ဦး တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦ ငွေလုံးငွေရင်းရရှိမှုမှာ တောင်ကြီးဒေသတွင် လွိုင်လင် ကုတင်(၂၀၀)ဆံ့ တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းအပါအဝင် ကျပ်သန်းပေါင်း (၄၃၈)သန်း ရရှိပါတယ်။ လားရှိုးဒေသတွင် လုပ်ငန်း (၈)ခုအတွက် (၆၁၀ ဒဿမ ၇၃)သန်း ရရှိပြီး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း တင်ပြအပ်ပါတယ်။ ကျိုင်းတုံဒေသတွင် စုစုပေါင်းလုပ်ငန်း(၁၃)ခုအတွက် ရန်ပုံငွေ (၈၂၇ ဒဿမ ၉၅)သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးကဏ္ဍပံ့ပိုးခဲ့မှုမှာ (၂၈၁၆၅၀၀)နှင့် ဆန်အိတ် (၁၁၀)အိတ် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အားကစားကဏ္ဍဆိုင်ရာများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အားကစားကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးမှုမှာ (၂၁၂၂၇၁၀၀)ကျပ် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ယဉ်ကျေးမှုကဏ္ဍအနေဖြင့် (၃၀၃၃၁၃၀၀)ကျပ် ထောက်ပံ့ပေးနိုင် ခဲ့ပါတယ်။ လူမှုရေးကဏ္ဍနှင့်

D/real(wide) (1

(၄) စည်ပင်သို့ လေလံကြေးငွေပေးသွင်းရခြင်း မြင့်မားမှုကြောင့် ပြည်သူများစားသုံးရန် အသားဈေးနှုန်း ကြီးမြင့်ခြင်းဖြစ်မှုအား ချေပျက်စေရန်။

(၅) ရောဂါကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်သော အသားများကို စည်ပင်သာယာရေးဈေးများ၌ ချိုသာသောဈေးနှုန်းဖြင့် ပြည်သူလူထုမှ ဝယ်ယူစားသုံးနိုင်ရန်။

(၆) အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ် (သားသတ်လုပ်ငန်းဆောင်ရွက်ခွင့်+ အသားထုတ်လုပ်ပြီး ရောင်းချခွင့်)ကို ဆောင်ရွက်ခြင်းအားဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ သားသတ်လုပ်ငန်းအားစနစ်တကျ ကြီးကြပ် ဆောင်ရွက်စေနိုင်ရန်။

တို့ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ သားသတ်လုပ်ငန်းအပေါ် သဘောထားမှတ်ချက်မှာ

(၁) (၉-၁၁-၂၀၁၃)ရက်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန သားသတ်လိုင်စင်စီဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များအရ နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သားသတ်လိုင်စင်စနစ်အား ဖျက်သိမ်းပြီးနောက် သင့်တော်သည့်စနစ် ၁ ခု ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူသူများ

(၃) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားမှတ်ချက် အကြောင်းကြားလာမှုအရရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သားသတ်လိုင်စင်စီများနှင့် ဆွေးနွေးရာတွင် ပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပါ စုပေါင်းဆွေးနွေး အဖြေရှာကြရန် လမ်းညွှန်မှု ပြုထားခဲ့ပါသည်။

အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ် (သားသတ်လုပ်ငန်းဆောင်ရွက်ခွင့် + ထုတ်လုပ်ပြီး အသား ပြည်သူသို့ ဖြန့်ဖြူးရောင်းချခွင့်)အကြမ်းဖျဉ်းစီမံချက်မှာ-

(၁) အမဲ၊ ဝက်၊ ဆိတ်အသားထုတ်လုပ်ရောင်းချလိုသူသည် စည်ပင်တွင် အာမခံငွေတင်၍ အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ် ရယူရမည်။ (အာမခံစပေါ်ငွေအား ကော်မတီ ၃ ရပ်ပူးပေါင်းသတ်မှတ်ရန်)

(၂) စည်ပင်မှ သတ်မှတ်ထားသည့် သားသတ်ရုံတွင်သာ သတ်မှတ်ထားသော စည်းကမ်း (Bye-Laws)နှင့်အညီ သားသတ်လုပ်ငန်း ဆောင်ရွက်ရမည်။ (ထွေအုပ်၊ ရဲ၊ တိကု၊ ကျန်းမာရေးဌာနများမှ စာရွက်စာတမ်းများ ပါရှိရမည်။

(၃) သားသတ်ကောင်ရေအတိုင်း စည်ပင်မှ ခေါင်းခွန်ကောက်ခံရမည်။ (ခေါင်းခွန်အား ကော်မတီ ၃ ရပ် ပူးပေါင်းသတ်မှတ်ရန်)

D/real(wide) (1

(၄) သားသတ်ရုံမှ ထုတ်လုပ်ပြီး အသားများကို ရောင်းချရန်နေရာသို့ သတ်မှတ်သော အသားသယ်ယာဉ်ဖြင့် လုံခြုံစွာ သယ်ဆောင်ရမည်။

(၅) အသားများကို စည်ပင်မှ သတ်မှတ်စျေးများအတွင်းသာ ရောင်းချရမည်။

(၆) အသားရောင်းဆိုင်ခုံခ စည်ပင်မှ ကောက်ခံရမည်။ (အသားရောင်းဆိုင်ခုံခအား ကော်မတီ ၃ ရပ် မှ ပူးပေါင်းသတ်မှတ်ရန်)

(၇) ပြည်သူအပေါ် အမြင့်ဆုံးရောင်းချနိုင်သည့် အသားရောင်းစျေးနှုန်းကို စည်းကမ်းသတ်မှတ်ပြီး ယင်းစျေးနှုန်း၏ အောက်တွင်သာ အသားထုတ်လုပ်ရောင်းချသူများကို အပြိုင်စျေးလျှော့ရောင်းချစေရမည်။ (အမြင့်ဆုံး အသားရောင်းစျေးနှုန်းကို ကော်မတီ ၃ ရပ် ပူးပေါင်းသတ်မှတ်ရန်)

(၈) သတ်မှတ်ထားသည့် စည်းကမ်း၊ လုပ်နည်း၊ စျေးနှုန်းများ ဖောက်ဖျက်ပါက ဥပဒေ၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူမည်။

(၉) တရားမဝင် သားသတ်ကုန်ကြမ်းနှင့် အသားသယ်ဆောင်ခြင်း၊ တရားမဝင်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းများအား စည်ပင+ ဌာနဆိုင်ရာ+ အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ် ကိုင်ဆောင်သူတို့ ပူးပေါင်း၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

အကျိုးအမြတ် ခံစားရရှိနိုင်ရန်နှင့် စားသုံးသူများသည်လည်း သက်သာသော စျေးနှုန်းဖြင့် စားသုံးနိုင်မည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါသည်။

(၂) ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ယင်းတင်ပြမှုအပေါ် အောက်ပါအတိုင်း သဘောထား မှတ်ချက်ပြုပါသည်-

(က) သားသတ်လိုင်စင်စီစနစ် ဖျက်သိမ်းပြီး "သင့်လျော်သောစနစ်" ဆောင်ရွက်ရန် ဆုံးဖြတ်သော်လည်း ၎င်းစနစ်ကို ပီပြင်စွာ ဆွေးနွေးရန် လိုအပ်ပါသည်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ် စည်ပင်သာယာရေး ဥပဒေရေးဆွဲရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း မွေးမြူ၊ ကုန်ထုတ်၊ ဖြတ်သန်း၊ သယ်ဆောင်ရာတွင် ဆန့်ကျင်ဘက် သဘောဆောင်သော အခြေအနေမျိုး မဖြစ်ရန် လိုအပ်ပါသည်။

(ဂ) နေပြည်တော်ရုံးအမှတ် (၁၈)သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းဦးဆောင်ပြီး ယခင်နှစ်က ပြုလုပ်ခဲ့သည့် သားသတ်လုပ်ငန်းအစည်းအဝေးတွင် တင်ပြချက်များအရ အများစုသည် ဝင်ငွေရရှိရေးအတွက် လိုင်စင်စီကို ထားရှိလိုကြောင်း တွေ့ရပါသည်။

D/real(wide) (1

(၁၀) သားသတ်ရန်တိရစ္ဆာန်များ နယ်မြေကျော်လွန်သယ်ဆောင်ခွင့်နှင့် ပတ်သက်၍ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ စိစစ်တင်ပြချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုဆောင်ရွက်သွားမည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း မကြာမီလာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ သားသတ်လုပ်ငန်းနှင့် ပတ်သက်ပြီး မြို့နယ်အသီးသီးတွင် စတင်သက်ဝင်လှုပ်ရှားဆောင်ရွက်ရမည့် အနေအထား ရှိပါတယ်။ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် သက်ဆိုင်ရာကော်မတီ (၃)ရပ်ဖြင့် လုပ်ဆောင်သွားမည့် သားသတ်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပြီး ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းရင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစီရင်ခံစာကို လွှတ်တော်သို့ တင်ပြမှာဖြစ်တဲ့အတွက် ကော်မတီဝင်(၁)ဦးကို ဖိတ်ခေါ်ပါတယ်။

(၄) ဒေါ်နန်းကိန်ခမ်း၊ မိုင်းယန်းမဲဆန္ဒနယ် (၁) အဖွဲ့ဝင်
(၅) ဦးခွန်အောင်နိုင်ဦး၊ အတွင်းရေးမှူး
ပင်လောင်းမဲဆန္ဒနယ်(၂)
တို့ဖြစ်ပါတယ်။

ထိုသို့ ခန့်အပ်တာဝန်ပေးခဲ့ရာတွင် လုပ်ဆောင်ရမည့် တာဝန်သတ်မှတ်ချက်များနှင့် လုပ်ပိုင်ခွင့်များကို တင်ပြပေးပါမယ်။

ကော်မတီသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ လည်းကောင်း ၊ ပြည်နယ်လွှတ်တော်တွင် ဖြေကြားပြီးသော မေးခွန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည်။

ကော်မတီသည် အောက်ပါအချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြရမည် -

(က) ပြည်နယ်အစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးကြောင်း၊

(ခ) အဆိုပါအာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များကို ပြည်နယ်အစိုးရက ဆောင်ရွက်ပြီးလျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိနှင့် မူလ သတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ၊

အပိုဒ်ခွဲများပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

D/real(wide) (1

ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ အင်းတိုင်းရင်းသားကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ပြည်နယ်လွှတ်တော်ရဲ့ လုပ်ထုံးလုပ်နည်း ဆိုင်ရာဥပဒေပုဒ်မ ၆၆ အရ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့် ကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များကို ဝေငှထားတဲ့ အကြောင်းကြားစာ (၂)ခုကို ပေါင်းစပ်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ တင်ပြချက်တွင် အပိုင်း(၃)ပိုင်း ရှိပါတယ်။ ပထမပိုင်း နိဒါန်းတွင် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီသည် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၆ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြ၍ လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်ဆိုသည့် အတိုင်း လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် တင်ပြရခြင်း ဖြစ်ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ရှမ်းပြည်နယ်လွှတ်တော်၊ တောင်ကြီးမြို့ရဲ့ (၁၂-၉-၂၀၁၃) ရက်စွဲပါစာအမှတ် (၁၂/၂-၁/လွှတ်တော်(ရှမ်း)အရ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၅)ဦးကို တာဝန်ပေးအပ်ထား ပါတယ်။ တာဝန်ပေးအပ်ထားသည့် ကိုယ်စားလှယ်များမှာ

(၁) ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဥက္ကဋ္ဌ
(၂) ဦးစိုင်းလိတ်၊ နမ့်စန်မဲဆန္ဒနယ်(၁) အဖွဲ့ဝင်
(၃) ဦးစိုင်းစံဖေ၊ မိုင်းရယ်မဲဆန္ဒနယ် (၁) အဖွဲ့ဝင်

သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီတစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်း တွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်း ကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည် ဟု ပါရှိပါတယ်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ

ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၆၄ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့် နှင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။

D/real(wide) (1

လွတ်တော်ကိုယ်စားလှယ်များထံတွင် ဖြန့်ဝေထားသည့် တင်ပြစာတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုတင်သွင်းခြင်း တို့မှ ကတိဖြစ်ခဲ့သည့် မေးခွန်းများဆောင်ရွက်ခြင်းမပြုနိုင်ခြင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို တင်ပြပေးရန် အကြောင်းကြားထားပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွတ်တော် (၃)နှစ်တာကာလ အတွင်း ကြယ်ပွင့်ပြမေးခွန်းရရှိမှု (၃၆၆)စောင်ဖြစ်ပြီး ရရှိတဲ့ မေးခွန်းထဲတွင် လုပ်ထုံးလုပ်နည်းနှင့်မညီတဲ့အတွက် မေးခွန်း(၁၈)ခု ကို ပယ်လိုက်ခြင်းကြောင့် (၃၄၈)စောင် ကျန်ပါတယ်။ (၃၄၈) စောင်တွင် မေးခွန်းပေါင်း (၂၉၉)ခုကို ဖြေဆိုခဲ့ပြီး (၁၉)ခု ကျန်ရှိ နေကြောင်း တွေ့ရှိရပါတယ်။

ထို့အတူ ကြယ်ပွင့်မပြမေးခွန်း (၁၄၂)စောင် ရရှိခဲ့ရာတွင် လုပ်ထုံးလုပ်နည်းနှင့်မညီသော မေးခွန်း(၂)ခုကို ပယ်ခဲ့ပြီး အသားတင်မေးခွန်း (၁၄၀)ရှိတဲ့အနက် (၁၃၆)ခု ဖြေဆိုပြီး မေးခွန်း (၄)ခု ကျန်ရှိနေပါတယ်။ အဆိုတင်သွင်းခြင်း (၃၂)ခုရှိခဲ့ပြီး မေးခွန်းအဖြစ်ပြောင်းလဲခြင်း (၂)ခု၊ ပြန်လည်ရုတ်သိမ်းခြင်း (၅)စောင်၊ အတည်ပြုခြင်း (၁၅)စောင်၊ မှတ်တမ်းတင်ခြင်း (၁၁)စောင်ရှိတဲ့အတွက် အဆိုပြုခြင်းကို ရှမ်းပြည်နယ်လွတ်တော်မှ လျာနှုန်းပြည့် လုပ်ဆောင်ပြီးကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ ကြယ်ပွင့်ပြ/မပြမေးခွန်းများ၊ အဆိုများ တင်သွင်းခြင်းတို့တွင် အချို့ကိစ္စရပ်များကို ရှမ်းပြည်နယ်အစိုးရမှ တခါတည်း အပြီးအပြတ် ဆောင်ရွက် ပေးခဲ့သော်လည်း အချို့ကိစ္စရပ်များမှာ ဘဏ္ဍာငွေ မရရှိသေးခြင်း၊ အချိန်ကာလပြည့်မီခြင်း မရှိသရွေ့ လုပ်ဆောင်သည့် လုပ်ငန်းများကို ကော်မတီမှ မှတ်တမ်းတင်ထားပြီး သတ်မှတ်သည့် အချိန်၊ သတ်မှတ်သည့် ဘဏ္ဍာရေးကာလမှာ လုပ်ဆောင်နိုင်ရန် ရှမ်းပြည်နယ်အစိုးရကို လွတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် တင်ပြပြီး အချိန်မီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(ခ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့် ရှိသည်။

ဟူ၍ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ပေးအပ်ထားပြီးဖြစ်ပါတယ်။ (၄-၁၁-၂၀၁၃)ရက်နေ့တွင် **အာမခံချက်များ ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ ဘတ်ဂျက်စိစစ်ရေးကော်မတီ၊ တိုင်ကြားစာစိစစ်ရေးကော်မတီ (၁၅)ဦးတို့မှ** ရှမ်းပြည်နယ်လွတ်တော် ဒုတိယဥက္ကဋ္ဌ၏ လမ်းညွှန်မှုကို ခံယူခဲ့ပါတယ်။ ယင်းနေ့မှာပင် လုပ်ငန်းကော်မတီများသည် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွတ်တော်နှင့် ပြည်သူ့လွတ်တော်(၂)ရပ်၏ စာရင်းပုံစံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်း)တွင် တာဝန်များ ခွဲဝေထားပါတယ်။ တာဝန်ခွဲဝေမှုများ ကိုလည်း ပြည်နယ်လွတ်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။

(၂၄-၃-၂၀၁၄)ရက်နေ့တွင် ကော်မတီအစည်းအဝေးပြုလုပ်ပြီး ပထမအကြိမ် ပြည်နယ် လွတ်တော် ကာလအတွင်း ကြယ်ပွင့်ပြ/မပြ မေးခွန်းများ၊ အဆိုများကို ရယူပြီး ၎င်းကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်း၊ အဆိုမှတ်တမ်းများကို ကတိ၊ အာမခံချက် ဖြစ် မဖြစ် စိစစ်ရန် ကော်မတီဝင် (၅)ဦးမှ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် လွတ်တော်သို့ ပေးပို့လာသည့် လွတ်တော်ကိုယ်စားလှယ် (၂)ဦး၏ တင်ပြချက်များရှိပါတယ်။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကြည်ဝင်း၏ (၂၉-၁-၂၀၁၄)ရက်စွဲပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ပေးရန် တင်ပြခြင်းကိစ္စနှင့်

D/real(wide) (1

အချို့လုပ်ငန်းများသည် အချိန်ကာလကျော်လွန်ပြီး မလုပ်ဆောင်ပေးနိုင်တဲ့ကိစ္စရပ်များကိုလည်း တွေ့ရှိရပါတယ်။ ယင်းကိစ္စများကို ကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားပါမယ်။ အချို့ကိစ္စများမှာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းထားတဲ့ လွှတ်တော်ကိစ္စရပ်များကို ကွင်းဆင်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒပြည့်မီအောင် ပူးပေါင်းပြီး ဆောင်ရွက်သွားပါမယ်။ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရ၏ လုပ်ငန်းအောင်မြင်ရေးကို အဓိကထားပြီး ပူးပေါင်းဆောင်ရွက် ပေးသွားမည်ဆိုသည့် အကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မတီသည် စိတ်စေတနာ ရှိသော်လည်း ဆောင်ရွက်ရာတွင် အချိန်ကာလနှင့် ကော်မတီဝင်များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ (တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကွဲပြားနေသည့်အတွက် စုစည်းရန်ခက်သည့်အခြေအနေများကြောင့် လွှတ်တော် ကိုယ်စားလှယ်များကို အရှေ့ပိုင်းတွင် ဒေါ်နန်းကိန်ခမ်း၊ တောင်ပိုင်းမြို့နယ်များတွင် ဦးဝင်းမြင့်၊ ဦးခွန်အောင်နိုင်ဦး၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တွင် ဦးစိုင်းလိတ်၊ မြောက်ပိုင်းတွင် ဦးစိုင်းစံဖေတို့ကို အသီးသီးတာဝန်ပေးထားပါတယ်။

အာမခံချက်များ၊ တတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ လွှတ်တော်ကာလ သက်တမ်းအတွင်းတွင် ရှမ်းပြည်နယ်အစိုးရ၏ လုပ်ဆောင်မှုအားလုံးကို ဂုဏ်ရောင်ပြောင်အောင် ပွတ်တိုက် ဆောင်ရွက်ပေးမယ့် အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မိမိတို့ မေးမြန်းထားတဲ့ မေးခွန်းများ၊ အဆိုများကို ကတိကဝတ်များဖြစ်ပြီး ဆောင်ရွက်နိုင်ခြင်း မရှိသေးပါက ကော်မတီကို တင်ပြပေးပါရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့

မိုးနဲမဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး၏ (၂၂-၃-၂၀၁၄) ရက်စွဲပါစာဖြင့် GSM မိုဘိုင်းဖုန်းတပ်ဆင်ရေးကိစ္စ ပဲဖြစ်ပါတယ်။

ယင်းကိစ္စ(၂)ခုကို ဆောင်ရွက်ရာတွင် အစည်းအဝေးပထမနေ့ (၂၄-၃-၂၀၁၄)ရက်နေ့မှာ ဦးစိုင်းမောင်ကြီး၊ မိုးနဲမဲဆန္ဒနယ်အမှတ်(၂) မေးမြန်းတဲ့ မေးခွန်းကို ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ သြဂုတ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဆိုသည့်အတွက် အဖြေရရှိပြီဖြစ်သောကြောင့် ဆက်လက်မစိစစ်တော့ပဲ လွှတ်တော်ကိုယ်စားလှယ်၏တင်ပြချက်အတိုင်း သတ်မှတ်အချိန်အတွင်း ရရှိအောင် ရှမ်းပြည်နယ်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကြည်ဝင်း၏ တင်ပြချက်ကို (၂၄-၃-၂၀၁၄)ရက်နေ့မှာပဲ ကော်မတီဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဆွေးနွေးချက်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

အပိုင်း(၃)အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ စီစဉ်ပေးမှုအရ ကော်မတီမှ ဦးဝင်းမြင့်နှင့် ဦးခွန်အောင်နိုင်ဦးတို့က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားကို တာဝန်ပေးတဲ့အတွက် တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် (၂-၁-၂၀၁၄)မှာ ပြုလုပ်ခဲ့တဲ့ Capacity Building ဆွေးနွေးပွဲကိုလည်း ကော်မတီဝင် (၅)ဦးမှ တက်ရောက်ခဲ့ပြီး ဖြစ်ပါတယ်။ (၂၆-၃-၂၀၁၄)ရက်နေ့ ညနေ (၄)နာရီမှာ လွှတ်တော်၏ ဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေး ရန်ပုံငွေများကို သုတေသနပြုလာရောက်လေ့လာသည့် အဖွဲ့နှင့် ဆွေးနွေးပွဲကို ကော်မတီဥက္ကဋ္ဌအနေဖြင့် တက်ရောက်ခဲ့ပါတယ်။

D/real(wide) (1

ကိစ္စရပ်များကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ကော်မတီမှ တိကျမှန်ကန်စွာ၊ လေးနက်တည်ကြည်စွာ ဆောင်ရွက်ပေးသွားပါမယ်။ ကျွန်တော်တို့ ကော်မတီများဟာ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြတဲ့အညီ လွှတ်တော်တွင် ခံယူထားသည့် ကတိသစ္စာများနှင့်အညီ နိုင်ငံတော်အကျိုး၊ လွှတ်တော်ရဲ့ အကျိုးများကို အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ပေးအပ်တဲ့ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးကြီးဟာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးရဲ့ မေးခွန်းပေါင်း (၄၆)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆို(၁)ခုနှင့် ဥပဒေကြမ်း(၅)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အစီရင်ခံစာအနေနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီး (၆)ဦးတို့က မိမိတို့တာဝန်ယူဆောင်ရွက်နေရတဲ့ ဌာနများနှင့် စပ်လျဉ်းပြီး လွှတ်တော်ကို အစီရင်ခံနိုင်ခဲ့သလို

လွှတ်တော်သက်တမ်း(၃)နှစ်ကျော်ပြီဖြစ်တဲ့အတွက် ယခင် Mind Set ကို အခြေခံပြီး စဉ်းစားပါက အသွင်ကူးပြောင်းရာမှာ အရှိန်အဟုန်ဟာ မျှော်မှန်းသလောက်မရရှိနိုင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ အလျဉ်းသင့်လို့ MPUဖွဲ့စည်းဆောင်ရွက်ခြင်းကိစ္စကို အနည်းငယ်တင်ပြလိုပါတယ်။ MPUဖွဲ့စည်းခြင်းကိစ္စကို ယခုမှ ထွင်ထားခြင်းမဟုတ်ပဲ ရှေးယခင် ၁၉၄၈-၁၉၆၂ ခုနှစ်ကြား ပါလီမန်ဒီမိုကရေစီ ကျင့်သုံးသည့် ကာလကတည်းက ဖွဲ့စည်းဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ MPU အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ဆောင်ရွက်ချက်များကို ကြည့်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက လိုက်ပါဆောင်ရွက်ခဲ့ကြခြင်းဟာ ပကတိ အမှန်တရားပဲ ဖြစ်ပါတယ်။ တနည်းအားဖြင့် ပြောရရင် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို လွှတ်တော်အဆင့်ဆင့်က All Inclusive ဖြစ်အောင် စီစဉ်ထားတာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဥပဒေပြုရေးတာဝန်ယူထားသည့် လွှတ်တော်နှင့် အုပ်ချုပ်ရေးတာဝန်ယူထားသည့် အစိုးရအဖွဲ့နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များကို ပေးပို့တဲ့ သဝဏ်လွှာပါအချက်အချို့ကို ကောက်နှုတ်ဖော်ပြလိုပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော အာဏာခွဲဝေမှုအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် သက်ဆိုင်ရာဒေသအတွင်း ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို လွှတ်တော်အတွင်း ဆွေးနွေးတင်ပြခြင်း၊ အတည်ပြု ဆုံးဖြတ်ချက်ရယူခြင်းတို့ကို ဆောင်ရွက်ရာတွင် လွှတ်တော်အစည်းအဝေးများ၌ လွှတ်တော်

D/real(wide) (1

ကိုယ်စားလှယ်များအပြင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများလည်း တက်ရောက်ပါသည်။

လွှတ်တော်တွင် ဆွေးနွေးတင်ပြချက်များအရ လည်းကောင်း၊ အခြားအခြေအနေတစ်ရပ်ရပ်အရ ပေါ်ပေါက်လာ၍လည်းကောင်း သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) လွှတ်တော်အစည်းအဝေးများမှ ဆွေးနွေးဆုံးဖြတ်ချက်များ၊ တိုက်တွန်းချက်များ၊ အကြံပြုချက် များကို လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်ထံပေးပို့ရန်၊

(ခ) ဝန်ကြီးချုပ်သည် အင်အားနှင့် ဘဏ္ဍာရေးအခြေအနေအရ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ရန်နှင့် ပြည်ထောင်စုအစိုးရ၏ အကူအညီဖြင့် သာ ဆောင်ရွက်နိုင်မည့် ကိစ္စဖြစ်ပါက နိုင်ငံတော် သမ္မတထံ တင်ပြ၍ လမ်းညွှန်မှု ခံယူရန်၊

(ဂ) လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးချက်များ အရလည်းကောင်း၊ အခြေအနေတစ်ရပ်ရပ်အရလည်းကောင်း နိုင်ငံတော်သမ္မတထံ တင်ပြသင့်သော အခြားကိစ္စရပ်များ ပေါ်ပေါက်လာပါက လွှတ်တော်ဥက္ကဋ္ဌက သဝဏ်လွှာပေးပို့တင်ပြရန်။

ဟု ဖော်ပြထားတာကို ကောက်နှုတ်တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်၊ အုပ်ချုပ်ရေးနှင့်

D/real(wide) (1

ဖွဲ့စည်းထားတဲ့ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကလည်း အစီရင်ခံစာကို တင်ပြနိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၄ခုနှစ်ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဝန်ကြီးဌာနနှင့် ပတ်သက်သည့် ဥပဒေကြမ်း(၃)ခုကိုတော့ လာမည့်အစည်းအဝေးမှာ ဆက်လက်ပြီး ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသော အချက်များကို ရေးသားပြီး ဧပြီလကုန် နောက်ဆုံးထား၍ ပြည်နယ်လွှတ်တော်ရုံးသို့ ပေးပို့ကြပါရန် ထပ်လောင်းဖော်ပြလိုပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လွှတ်တော်ဥက္ကဋ္ဌများက MPU အစည်းအဝေးမှာ တင်ပြဆွေးနွေးခြင်း၊ အမြင်ဖလှယ်ခြင်းများ ပြုလုပ်ကြပါတယ်။ လွှတ်တော်စတင်ဖွဲ့စည်းတဲ့ ၂၀၁၀-၂၀၁၂ ကာလတွေမှာ လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းရာမှာ တာဝန်ရှိတဲ့ ပြည်နယ်/တိုင်းအဆင့်အဖွဲ့အစည်းဝင်များရဲ့ ဖြေကြားချက်များကို ခြုံငုံကြည့်တဲ့အခါမှာ ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးကို ဆက်လက်တင်ပြပေးပါမည်ဆိုသည့်အဖြေ၊ ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီး ဆောင်ရွက်ပေးပါမည်ဆိုသည့်အဖြေဟာ အပ်ကြောင်းထပ်ခဲ့ပေမယ့် ယခုအခါမှာတော့ လက်တွေ့အမှန်တကယ် ဆောင်ရွက်နိုင်တဲ့ ဖြေကြားချက်မျိုး အတော်အသင့် ရရှိနေပြီဖြစ်တယ်လို့ သုံးသပ်ရရှိပါတယ်။

ဆုံးဖြတ်ခြင်းအမှတ် ၅၉-၁/၂၀၁၄။ **၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်(၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေးတတိယနေ့၌ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၆၀-၁/၂၀၁၄။ **၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်(၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်သည်။

တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန်ထိန်းကျောင်းရေး တာဝန်များကို ဆက်လက်ကြိုးပမ်း ထမ်းရွက်ရဦးမှာ ဖြစ်ပါတယ်။ ရှေ့ဆက်သွားရာတွင် အခက်အခဲများ ကြုံတွေ့ရဦးမှာလည်း ဖြစ်ပါတယ်။ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့ ပြုလုပ်ချင်တဲ့ ကိစ္စများကို ဥပဒေပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ အပြန်အလှန်ထိန်းကျောင်းရာမှာ အပြုသဘောဆောင်ပြီး အားလုံးက ပါဝင်ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နောင်ကျင်းပမည့် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ထပ်မံတွေ့ဆုံကြပါစို့လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

အခမ်းအနားမျူး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

D/real(wide) (1

ကန့်သတ်
၃၁၄
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

နဝမပုံမှန်အစည်းအဝေး

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ် ၅စ-၁/၂၀၁၄။ **"ရှမ်းပြည်နယ် လွှတ်တော်ရုံး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ် (မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန်" အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်လွှတ်တော်ရုံး အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ် လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံအသစ်(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးရန်" အဆိုအား** လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်
၃၁၆
မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ် ၆၁-၁/၂၀၁၄။ **ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၆၂-၁/၂၀၁၄။ **ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော် သို့ပြောကြားသည့် မိန့်ခွန်းအားမှတ်တမ်း တင်ခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်

D/real(wide) (1

ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၆၃-၁/၂၀၁၄။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၆၄-၁/၂၀၁၄။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်

လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

အမှတ် ၃၁-၁/၂၀၁၄။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ဆိုင်ရာ အစီရင်ခံစာအား လွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းဆိုင်ရာအစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အမှတ် ၃၂-၁/၂၀၁၄။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအား လွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအား** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

D/real(wide) (1

အမှတ် ၃၃-၁/၂၀၁၄။ **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်းဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန်အစည်းအဝေးတတိယနေ့၌ **ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်းများ ဆောင်ရွက်မှုအား** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အမှတ် ၃၄-၁/၂၀၁၄။ **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးကဏ္ဍလုပ်ငန်းဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ **ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ လူမှုရေးကဏ္ဍလုပ်ငန်းများ ဆောင်ရွက်မှုအား** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၆၅-၁/၂၀၁၄။ **ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန် အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

D/real(wide) (1

အမှတ် ၃၅-၁/၂၀၁၄။ **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် မှစ၍ သားသတ်လုပ်ငန်း စျေးပြိုင်လေလံစနစ်ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်အား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် မှစ၍ သားသတ်လုပ်ငန်း စျေးပြိုင်လေလံစနစ်ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်အား** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

D/real(wide) (1

ဥပဒေထုတ်ပြန်ခြင်း

ဥပဒေအမှတ် ၁-၁/၂၀၁၄။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်(၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေးတတိယနေ့၌ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာ ရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား အတည်ပြုချက် ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေ အမှတ်(၁/၂၀၁၄)အဖြစ် (၂၆-၃-၂၀၁၄)ရက်နေ့တွင် ထုတ်ပြန်သည်။

ဥပဒေအမှတ် ၂-၁/၂၀၁၄။ ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေ အမှတ်(၂/၂၀၁၄)အဖြစ် (၂၈-၃-၂၀၁၄)ရက်နေ့တွင် ထုတ်ပြန်သည်။

D/real(wide) (1